# المعارف



၂

# အလ်မအာရစ်ဖ်

လမြတ်ရမဇွါန်အထူးထုတ်

dsgn

MADE IN ITALY

PEDROLLO®

WATER PUMPS



Myers®

INTERNATIONAL



MADE IN U.S.A

EBARA

MADE IN ITALY / JAPAN





JET

MADE IN ITALY



MADE IN AUSTRALIA

DRESSER

Mono Pumps

အိမ်သုံး၊ စက်ရုံသုံး၊ ဟိုတယ်နှင့် အခြားစီးပွားရေးလုပ်ငန်းကြီးများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းလုပ်ငန်းကြီးများတွင်
အသုံးပြုနိုင်သောရေစုပ်စက်မျိုးစုံကို (၁)နှစ်အာမခံဖြင့် အောက်ပါအရောင်းပြခန်းများတွင် ရောင်းချပေးနေပါသည်။

ဆင်တူယိုးမှားအတုအပသတိပြုဝယ်ယူကြပါ၊

# Uni Trade (M) Ltd.

**Sales / Service / Parts Centre (Yangon)**

- 232, Anawrahta Road, Pabedan Township, Yangon. Tel : 95-1-254814, 253198
- Bldg No. (1), Room (1,2), Botataung Pagoda Road, Pazundaung Township, Yangon. Tel : 95-1-296778, 293143, 293145

**Sales / Service / Parts Centre (Mandalay)**

- 208, 83rd Street, (Bet. 26th & 27th Street), Mandalay, Myanmar. Tel : 95-2-32431, 28066

- **Head Office (Yangon):** 26 Pyay Road, 7Miles, Mayangone Township, Yangon, Myanmar.
Tel : 95-1-666177, 666178 , 661481 Fax : 95-1-663524 E-mail : UAMUTM@mptmail.net.mm

# အလ်မအာရစ်မ်

## အဖွလာမှုံတာစောင်

**ဂုဏ်ထူးဆောင် နာယကဆရာတော်ကြီးများ**

(၁) ဟဇရသ် မော်လာနာ မုဖ်သီ အဗ္ဗဒုလ်ဟကီးမ်(ပျော်ဘွယ်)
(၂) ဟဇရသ် မော်လာနာ မုဖ်သီ ကာရီ မုဟမ္မဒ်ယူစွဖ် (အဆ်အဒီ)
(၃) မော်လာနာ မုဖ်သီ နူးရ်မုဟမ္မဒ် (မဇ္ဇာဟေရီ)

**စာတည်းအဖွဲ့**

(၁) မော်လာနာ မုဖ်သီ မုဟမ္မဒ်ဂျမီးလ် (မဇ္ဇာဟေရီ)
(၂) မော်လာနာ ယအ်ကူးဗ် နူးရ်မုဟမ္မဒ်ဟဘီးဘ် (B.A.,R.A(Final).,RL I)
(၃) မော်လာနာ မုဖ်သီ ဟုဇိုင်ဖဟ် (ကာစိမီ-ဒေယိုဗန်)
(၄) မော်လာနာ ကာရီ မုဟမ္မဒ် အာရစ်ဖ်(မဒနီ-တခြမ်းပုံ့ဗလီ)

**အတိုင်ပင်ခံ မြန်မာစာ စာတည်း**

(၁) ဦးခင်မောင်ဌေး (B.Com)
(၂) ဦးမောင်မောင်ကြီး၊ ဝိဇ္ဇာ(မြန်မာစာ)

**စီစဉ်သူ**

(၁) မော်လာနာ မုဟမ္မဒ် အာရစ်ဖ် (မဒနီ-တခြမ်းပုံ့ဗလီ)
(၂) ဟာဂျီ မုဟမ္မဒ် အလီ (စီးပွားရေးတက္ကသိုလ်)

အလ်မအာရစ်ဖ်
ရမဒွါန်လ၊ဟစ်ဂျရီ၁၄၂၄ခု၊
المعارف

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကုရ်အာန်ကျမ်းတော်မြတ်<br>မော်လာနာ နူးရ်မိုဟမ္မဒ်(ကမ္ဘာ့အလင်း) | ၂ |
| ၂။ | ဟဒီးသ်တော်(ဟဒီးသ်ကျမ်း)<br>ဟာဖေရှသ် မော်လာနာ ကာရီ ယူစွဖ် (အဆ်အဒီ) | ၆ |
| ၃။ | တမန်တော်မြတ် ﷺ ၏ စာစီတွားမှု<br>ဟာဖေရှသ် မော်လာနာ ရှမ်စွတ်ဒိုဟာ (မဇ္ဇာဟေရီ) | ၈ |
| ၄။ | အသိဉာဏ်တံလင်းရောင်ခြည်–သောင်းဗဟ်<br>မုဖ်သီ နူးရ်မုဟမ္မဒ် (မဇ္ဇာဟေရီ) | ၁၁ |
| ၅။ | သို့ယာမ်သယ်ပုန်း<br>မော်လာနာ ဟာဖိဇ် အဗ္ဗဒွလ်ကာဒိရ် (မဟ်မူဒီ) | ၁၅ |
| ၆။ | အိဒ္ဒုလ်ဖိသ်ရ်နေ့၏ ထူးမြတ်မှုနှင့် အကျိုးကျေးဇူးများ<br>မုဖ်သီ ယူနွတ်စ် (ခလောက်ကွန်ဒိုင်–မဇ္ဇာဟေရီ) | ၁၆ |
| ၇။ | အမျိုးသမီးများကိုလွတ်လပ်ခွင့်ပေးမှုနောက်ကွယ်မှဖြစ်ရပ်ဆိုးများ<br>မုဖ်သီ ဂျမီးလ်အဟ်မဒ် (မဇ္ဇာဟေရီ) | ၂၀ |
| ၈။ | ဥပုသ်သီလစောင့်ထိန်းသူများအတွက်အထူးဆုလာဘ်<br>မုဖ်သီ အင်မ်ရာန်ခါးန် (မဇ္ဇာဟေရီ) | ၂၆ |
| ၉။ | လူတန်းစားခွဲခြားမှုနှင့်မာန်မာန<br>မော်လာနာ ကာရီ မုဟမ္မဒ် အာရစ်ဖ် (မဒနီ–တခြမ်းပွဲဇလီ) | ၂၉ |
| ၁၀။ | အလ်မအာရစ်ဖ်–ကဗျာပန်းခင်း<br>ပန်းသစ်မွှေး | ၃၂ |
| ၁၁။ | ရမဒွါန်–ဓမ္မသတ်ရေးရာ<br>မုဖ်သီ နူးရ်မုဟမ္မဒ် (မဇ္ဇာဟေရီ) | ၃၃ |
| ၁၂။ | ကူးသန်းရောင်းဝယ်မှု<br>မော်လာနာ အိဗ်ရာဟီးမ် (ရေနီ) | ၃၇ |
| ၁၃။ | လမြတ်ရမဒွါန်<br>မော်လာနာ အွစွမာန်းဂနီ (မဟ်မူဒီ) | ၄၂ |
| ၁၄။ | ဓမ္မဒူတကာယိဒ်ထိပ်ဝေးရှုင်းနှင့်တွေ့ဆုံမေးမြန်းခြင်း<br>မုဖ်သီ ဂျလာလွဒ္ဒီးန် (နဒဝီ) | ၅၀ |

# ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | – ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | – ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | – ဒို့အရေး |

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


| | |
|---|---|
| **စီစဉ်သူ** | ■ မော်လာနာ အာရစ်ဖ် (မဒနီ-တခြမ်းပဲ့ဗလီ)၊ ဟာဂျီ မုဟမ္မဒ် အလီ (စီးပွားရေးတက္ကသိုလ်) |
| **အတွင်းဖလင်** | ■ အောင်တင်အေးနှင့်သမီးများ |
| **ဖလင်(ကာလာ)** | ■ Royal Art |
| **စာစီနှင့်ဒီဇိုင်း** | ■ ဒါဂူး‌ဒ်၊ နိုင်ကိုကိုမင်း။ |
| **ဖြန့်ချိရေး** | ■ ချိုဘရားသားကုမ္ပဏီလီမိတက်<br>မော်လာနာ အာရစ်ဖ် (တခြမ်းပဲ့ဗလီ) |

المعارف

အလ်မအာရစ်ဖ်
ရမဒါန်လ၊ဟစ်ဂျရီ၁၄၂၄ခု၊

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | ဟာဒီးဆ်နှင့်လမ်းစဉ် (သဘောတာဝင်[illegible])<br>မုဖ်သီ အဟ်မဒ် (ဟာရူကီ) | ၅၅ |
| ၁၆။ | ကလေးတို့အတွက် [illegible]<br>မော်လာနာ ယအ်ကူးဗ်နူးရ်မုဟာမ္မဒ်ဟာဘီးဗ် | ၅၈ |
| ၁၇။ | [illegible]<br>မော်လာနာ ဟာဖိဇ် မုဟာမ္မဒ် ဆွာလေ (ဘိုဒီ) | ၆၇ |
| ၁၈။ | အစ္စလာမ်နှင့်သိပ္ပံ<br>အလီဖှာရူးကဲ် (ဗိုလ်တထောင်) | ၆၉ |
| ၁၉။ | [illegible]<br>မုဖ်သီ အစ္စမာအီလ် (သထုံ-မဇ္ဇာဟေရီ) | ၇၁ |
| ၂၀။ | [illegible]နှင့်အရေးကြီးပုံအကြောင်း<br>မုဖ်သီ အဗ္ဗဒွရ်ရဟီးမ် (မြစ်ငယ်) | ၇၄ |
| ၂၁။ | အသိဉာဏ်၏ကောင်းဆိုးမှု<br>မော်လာနာ ရဟ်မတ္တုလ္လာဟ် (အဓိဓီ) | ၇၈ |
| ၂၂။ | ယတီမ်မဲ့ကလေးများနှင့်သက်ဆိုင်ရေး<br>မော်လာနာ ဟာဖိဇ် အီဒ်ရီးစ် (ရွာဟောင်းဗလီ-ဘီလူးကျွန်း) | ၈၁ |
| ၂၃။ | ညီမလေးမှာ အစာအိမ်ရှိသေးတာလား<br>Dr. K Zaw | ၈၃ |
| ၂၄။ | [illegible]<br>ဟာဖိဇ် မုဟာမ္မဒ် ရှကီးလ် (မြေနီကုန်း) | ၈၇ |
| ၂၅။ | [illegible]<br>မော်လာနာ အိုက်ယူးဗ် (မြေနီကုန်း) | ၉၁ |
| ၂၆။ | မိုးရေစက်များအတွင်းရှိ အလ္လာဟ်အရှင်မြတ်၏သက်သေသာဓကများ<br>ဟာဂျီယူသွစ်မောင်သား (B.E., CIVIL) | ၉၄ |
| ၂၇။ | [illegible] . . . [illegible]<br>မုဟာမ္မဒ်တာဝ် | ၉၈ |
| ၂၈။ | [illegible]<br>မော်လာနာ အဗ္ဗဒုရ်အလီ (မိုးယင်ကျေးလီ) | ၁၀၂ |


DSGN: BHANMYEY

အတွဲ(၁)၊ အမှတ် (၂)
ရမဒ္ဒါန်လ၊ ၁၄၂၄ ခု။

# အယ်ဒီတာ့ အာဘော်

မည်သည့်ဘာသာတရားမဆို တရားတော်၏ သွန်သင်ညွှန်ကြားချက်များမှာ မွန်မြတ်သည် ချည်းသာဖြစ်၏။ သို့ပါသော် ထိုထိုသောတရားတော်များ၏ ညွှန်ကြားချက်များကို ဖတ်ရှုရုံမျှနှင့်သော်ကား အကျိုးထူးခံစားရမည် မဟုတ်ပါ။ ဖတ်ရှုပြီးနောက် သို့မဟုတ် ကြားနာပြီးနောက် ဦးနှောက်တွင်းဝယ် သံမှိုစွဲဘိအလား မှတ်သားထားရိကာ ယင်းသို့ မှတ်သားထားရှိချက်များအရလည်း တိတိကျကျ လိုက်နာကျင့်သုံးနိုင်မှသာလျှင် ထိုထိုသောတရားတော် အဆီအနှစ်၏ မွန်မြတ်သည့်အရသာကို ကျပ်ပြည့်ခံစားရကာ လောကီ၊ လောကုတ္တရာနှစ်ဖြာလုံးဝယ် တကယ့်အကျိုးကျေးဇူးများ ဖြစ်ထွန်းနိုင်ခွင့် ရှိလေသည်။

ဤစာစောင်တွင် ဖော်ပြထားသော ကျမ်းမြတ်ကုရ်အာန်သည်လည်းကောင်း၊ ထိုကျမ်းမြတ်နှင့် ဆက်နွယ်နေသော ကျင့်ကြံလိုက်နာရမည့် အစွယ်အပွားများဖြစ်သည့် အဆုံးအမများတို့သည်လည်းကောင်း ကျွန်ုပ်တို့၏ သာသနာ မွေးမြူရေးသက်တမ်းအတွက် အရေးပါနိုင်သည်ကား သံသယဖြစ်ဖွယ်ရာ လုံးဝမရှိပေ။

သို့တစေလည်း အထက်ကဆိုခဲ့သည့်နည်းတူ ဝတ်ကျေတန်းကျေ ဖတ်ရုံနှင့်ကား အကျိုးကျေးဇူး တစ်စုံတစ်ရာ ရမည်ဟု မထင်ပါ။

သကြားသည်ချို၏။ သို့သော် (သကြားသည်ချို၏)ဟူသောစာပိုဒ်ကို ဖတ်ရုံမျှနှင့်လည်း မချို၊ သကြားကို လက်တွင်ဆုပ်ထားရုံမျှနှင့်လည်း မချိုနိုင်သေး။ ထိုသကြားကို လက်တွေ့စားသုံးမှသာလျှင် ချိုနိုင်ပေမည်။

ထိုနည်းတူစွာ အရာအရာတွင် လက်တွေ့မကျင့်သုံးနိုင်သမျှ အကျိုးမထင်နိုင်သည်မှာ သဘာဝဓမ္မအတိုင်းပင်။

# ကုရ်အာန်ကျမ်းတော်မြတ်

## ၂

မော်လာနာ နူးရ်မုဟမ္မဒ် (ကမ္ဘာ့အလင်း)

မော်လာနာ ယအ်ကူးဗ်နူးရ်မုဟမ္မဒ်ဟာဘီးဘ်က မူရင်းစာမူ ကျေးဇူးပြုပါသည်။

ကမ္ဘာ့အလင်းစာစောင်
မှ
ပြန်လည်ဖော်ပြပါသည်။

'အဖွင့်ကဏ္ဍတော်'(ဝါ) စူရာ ဖွာတေဟာကို အလ္လာဟ်အရှင်မြတ်အား ချီးကျူးမှုဖြင့် အစပြုလေသည်။

(အလ်ဟမ်းဒို့ လေလ္လာဟေ့)

အဓိပ္ပာယ်၊ ချီးကျူးခြင်းအပေါင်းနှင့်ထောပနာပြုခြင်းအဖြာဖြာတို့သည်ကား အလ္လာဟ်အရှင်မြတ်အတွက်သာတည်း။

မှတ်သားရန်မှာ။ (ဤကဏ္ဍတော်သည်၊ အလ္လာဟ်အရှင်မြတ်က မိမိ၏ 'ဗန္ဒာ' များအား မိမိကို ၊ ချီးကျူးစေခြင်းများဖြင့် အစပြု၍ မိမိထံတော်မှ တောင်းဆိုရမည့် အချက်အလက်များကို ကိုယ်တော်တိုင် သွန်သင်ပြသတော်မူသောကဏ္ဍတော် ဖြစ်လေသည်။

(ရဗ်ဘိလ်အာလမီန်း)

အဓိပ္ပာယ်။ ထိုအရှင်ကား ကမ္ဘာခပ်သိမ်းတို့ကို စောင့်ရှောက်မွေးမြူတော်မူသော အရှင်ဖြစ်၏။

ဤဂုဏ်ထူးဝိသေသတို့ကို ဖတ်ရှုကြားနာရသောအခါ၊ မိမိအပေါ်၌ အတိုင်းမသိ ကျေးဇူးတော်ရှင်ဖြစ်ကြောင်း၊ မိမိအား (မရှိရာမှ) (ရှိရာ) သို့ ဖန်ဆင်းတော်မူရုံမျှမက၊ မိမိသည် ထိုအရှင်၏ ကျွေးမွေးစောင့်ရှောက်မှုများအပေါ်၌ တည်နေကြောင်း၊ မိမိသာမကသေး၊ မိမိ မှီတင်း နေထိုင်သော ဤကမ္ဘာလောက ကြီးတွင် ရှိရှိ သမျှ ပုပ္ပစ္စဝေနေယျ၊(သက်ရှိသက်မဲ့)အပေါင်းတို့သည်လည်း၊ ထိုအရှင်၏ကျေးဇူးတော်အစုံဂုဏ်တော်အပေါင်းကို ခိုလှုံနေကြရကြောင်း။

သတ္တဝါခပ်သိမ်းတို့သည် ထိုအရှင်၏ အလိုတော် နှင့် ဖြစ်ပေါ်လာရပြီး ထိုအရှင်၏ ကျွေးမွေးစောင့်ရှောက်ခြင်းဖြင့်သာလျှင် အသက်ရှင်လျက် 'တည်ရှိ' နေကြရကြောင်းတို့ကိုလက်တွေ့ ထင်မြင်လာနိုင်ရုံမျှမကသေး၊ မိမိသည် မိမိကဲ့သို့ ဖန်ဆင်းခြင်းခံရသောဝေနေယျတို့နှင့် ရင်းနှီးလာကာ ဆက်ဆံမှုများ၊ ထောက်ထားညှာတာမှုများ၊ ချစ်ခင်ကြင်နာမှု များစသည့် စိတ်ဓါတ် တို့သည်လည်း သဘာဝအလျောက် ပေါ်ပေါက်လာစေလေတော့သည်။

(အရ်ရဟ်မာနစ်ရဟီမ်း)

အဓိပ္ပာယ် ။ "ထိုအရှင်သည် မဟာ ဂရုဏာတော်အပေါင်းနှင့် ပြည့်ဖြိုးကြွယ်ဝတော် မူသောအရှင်ဖြစ်၏။ သို့ဖြင့် နှုတ်မှ ရွတ်ဖတ်သရဇ္ဈာယ်သည်နှင့် တပြိုက်နက် မိမိအား မွေးမြူ ဖန်ဆင်းတော်မူသော အရှင်သည် ဖန်ဆင်းတော်မူရုံမကသေး၊မိမိအပေါ်ဝယ်ကရုဏာတော် သက်ရောက်တော်မူသောအရှင်လည်း ဖြစ်ပါပေသည် တကား.. ဟု အမှတ်ရပြန်လေသည်။ ဤလောကကြီးအား အဘက်ဘက်မှ ကြည့်လေသော် ထိုအရှင်၏ မဟာကရုဏာတော်ကား တိုင်းဆရေတွက်၍ မကုန်ဆုံးနိုင်အောင် တွေ့မြင်ရမည်သာ ဖြစ်လေသည်။

မိမိကိုယ်မိမိခေါင်းငုံ့ကြည့်လေဦး "စွမ်းနိုင်ခြင်း လုံးဝကင်းမဲ့သော" ဤခန္ဓာကိုယ်၏ အစိတ်အပိုင်းများသည် မိမိအရှင်သခင်၏ အမိန့်တော်ကို ဖီဆန်လျက် အမျိုးမျိုးသော ပြစ်မှုဒုစရိုက်တို့ကို ကျူးလွန်နေကြကုန်၏။ သို့ကျူးလွန်နေကြသော်ငြားလည်း ထိုမဟာ ကရုဏာတော်ရှင် အလ္လာဟ်အရှင်မြတ်၏ သနားကြင်နာမှုများကား လျော့

နည်း၍ မသွားအရှင်သည် မိမိအား စောင့်ရှောက်တော်မူလျက်သာ ရှိတော်မူနေသည်ကို မျက်ဝါးထင်ထင် တွေ့ရှိနိုင်၏။ မိမိသာလျှင် နေ့ရာညပါ၊ မိမိအား မွေးမြူဖန်ဆင်းတော်မူသော အရှင်၏ အမိန့်တော်မြတ်များကို ဖီဆန်ဖောက်ဖျက်ခြင်း ဒုစရိုက် ရေယဉ်ကျောတွင် မေ့မောမြောပါလျက် ရှိနေလေသည်။

ယင်းသို့ အမိန့်တော်မြတ်များကို ဖီဆန်နေခြင်းအားဖြင့် အရှင်မြတ်သည် အမျိုးမျိုးသော ဒုက္ခများကို ပေးတော်မူနိုင်ပါလျက်၊ ဒုက္ခမပေးရုံမကသေး အရှင်မြတ်သည် မိမိ ပေးကမ်းထားသော စည်းစိမ်ချမ်းသာများကိုပင် ရုတ်သိမ်းတော်မူခြင်း မပြုဘဲ၊ အမျိုးမျိုးသောစည်းစိမ်တို့ကို ခံစားမြိခံစားစေတော်မူလေသည်။

(ဤနေရာ၌ 'စည်းစိမ်'မည်သည်မှာ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာခြင်းကိုသာ စည်းစိမ်ဟု မယူဆအပ်ချေ။ ကျွန်ုပ်တို့ နေ့ရော ညပါ၊ စက္ကန့်ပိုင်းနှင့်အမျှ မရပ်မနားဘဲ ရှူရှိုက် နေရသော'လေ'၊ သောက်သုံးရသော 'ရေ'၊သုံးစွဲအပ်သော 'မီး'မှအစ၊ စက္ခုအာရုံ သောတအာရုံအစရှိသည့် အာရုံငါးပါးနှင့်တကွ အသက်ရှင်နေသည်နှင့်အမျှ လူတစ်ဦး အနေနှင့် လိုအပ်သမျှသည် ''စည်းစိမ်''(ဝါ) နေ့အ်မသ်တော်များ ဖြစ်ပေသည်။)

သို့ဖြင့် အကြင်ဗန္ဒာတစ်ဦးသည် အရှင်မြတ်၏အမိန့်တော်ကို ဖီဆန်ငြားသော်လည်း အရာခပ်သိမ်းကို စွမ်းဆောင်တော်မူပါလျက်နှင့် အလ္လာဟ်အရှင်မြတ်မှာ မဟာကရုဏာတော်ရှင် ဖြစ်တော်မူသည့်အလျောက် ထိုဖီဆန်သူဗန္ဒာအား မိမိပေးကမ်းထားတော်မူ ပြီးဖြစ်သည့် 'စည်းစိမ်' နေ့အ်မသ်တော်များကိုမူကား ရုပ်သိမ်းတော်မူခြင်းမရှိပေဟူသောအကြောင်းမှာ ဤတွင်ထင်ရှားလေပြီ။

(မာလေ့ကေ့ယောင်မစ်ဒ္ဒီးန်)

အမိပ္ပာယ် ။ ထိုအရှင်သည် 'အကောင်းနှင့် အဆိုး'တို့ကို 'အစားပေးရမည့် နေ့'(ဝါ) တနည်းကား၊ ကမ္ဘာ့တရား စီရင်ဆုံးဖြတ်တော်မူရမည့် နေ့ကို စိုးပိုင်တော်မူသော အရှင် ဖြစ်လေသည်။

ဤအက္ခရာများကို နှုတ်လျှာမှ ရွတ်ဖတ်သရဇ္ဈာယ်မိသည်နှင့်တပြိုင်တည်း အလ္လာဟ်အရှင်မြတ်အား မြတ်နိုးခြင်းနှင့်ယှဉ်သော ရိုသေလေးစားခြင်း(ဝါ) 'ချစ်ကြောက် ရိုသေစိတ်' သည် သဘာဝအလျောက် ပေါ်ပေါက်လာလေတော့သည်။

တနေ့ဝယ် ကမ္ဘာပျက်ပြီးနောက် ရောက်လာအံ့သော'ကိယာမသ်' ခေါ် ကမ္ဘာ့တရား စီရင်မည့် နေ့ကို တရေးရေးတွေးတောပြီး 'ကြောက်ရွံ့ စိုးရိမ်ခြင်း'သည် စိတ်အာရုံတွင် ပေါ်ပေါက်လာလေသည်။ ယင်းသို့ 'ကြောက်စိတ်' ဝင်လာလျှင်ပင် မိမိတွင်'ကုသိုလ်ကောင်းမှု' ကား၊ မည်ရွေ့မည်မျှ ရှိသည်၊ အကုသိုလ်ဒုစရိုက်ကား မည်ရွေ့မည်မျှ ရှိသည် စသည်ဖြင့် နှိုင်းယှဉ်ကာ ချိန်ဆ မိလေတော့သည်။ ထိုအခါ ကောင်းမှုကုသိုလ် အတွက် စံစားရမည့် 'သုခ'သည် ကောင်းရာ သုဂတိ၊ အကုသိုလ်အတွက် ခံစားရမည့် ဒုက္ခသည် အပါယ်ငရဲတို့ပင် ဖြစ်ပါတကား...... ဟူ၍ လည်း စဉ်းစားတွေဝေမိလေတော့သည်။

ထိုအရှင်သည် အကောင်းနှင့် အဆိုးတို့ကို
"အစားပေးရမည့်နေ့" တစ်နည်းကား
ကမ္ဘာ့တရားစီရင် ဆုံးဖြတ်တော်မူရမည့်နေ့ကို
စိုးပိုင်တော်မူသောအရှင် ဖြစ်လေသည်။

ဤသို့ တွေဝေရင်းကပင် တခဏချင်း မိမိကိုယ်တိုင် ထိုစာရင်းရှင်းရမည့် (ကမ္ဘာ့တရားခွင်သို့ ရောက်ရှိနေလေပြီ၊ ဟု စိတ်တွင်းမှ ယူဆကာ မိမိပြုခဲ့သော 'ကုသိုလ်' နှင့် 'အကုသိုလ်'များကို စိတ်ချိန်ခွင်တွင် တင်ဆက်မိသည်နှင့် တစ်ပြိုင်နက် ကျူးလွန်ခဲ့မိသော (အကုသိုလ်) မကောင်းမှုများကား တောင်ကြီးတစ်တောင်၏ ပမာဏမျှ မျက်မှောက်သို့ ရုတ်တရက် ရောက်ရှိလာလေတော့သည်။

ထိုအခါ တစ်ပါးတည်းသော အလ္လာဟ် အရှင်၏ မဟာကရုဏာတော်ရိပ်သာလျှင် ခိုကိုးရာရိပ်သာ ဟု အောက်မေ့လျက် မိမိ ပြုခဲ့သမျှသော အကုသိုလ်ဒုစရိုက်များအတွက် အာပတ်ဖြေမိလေသည်။ မကောင်းမှုများ ဘက်သို့ ယိမ်းယိုင်နေသော စိတ်ဓါတ်ကိုလည်း ကောင်းမှုများဘက်သို့ လှည့်လာစေရုံမျှမက တသက်ပတ်လုံး ကုသိုလ်ကောင်းမှုများကိုသာ ပြုပါတော့မည်ဟု သန္နိဋ္ဌာန်လည်း ချမိလေတော့သည်။ မိမိကိုယ်ကိုလည်း အလ္လာဟ် အရှင်မြတ်အားပုံ၍အပ်နှံကာ ရိုကျိုးနှိမ့်ချသော စိတ်အာရုံဖြင့်....။

**မော်လာနာ နူးရ်မုဟမ္မဒ် (ကမ္ဘာ့အလင်း)**

## ကလောင်သစ်ဖိတ်ခေါ်ခြင်း

အလ်မအာရစ်ဖ် အစ္စလာမ်ဘာသာရေးစာစောင် စာတည်းအဖွဲ့မှ ကလောင်သစ် မိတ်ဆက်ကဏ္ဍကိုဖွင့်လှစ်ထားပြီး၊ စာပေတတ်ကျွမ်းသူပညာရှင်များနှင့် စာပေဝါသနာပါသူ အမျိုးသား၊ အမျိုးသမီးများကို ဖိတ်ခေါ်လျက် ရှိပါသည်။

မြန်မာပြည်သား တိုင်းရင်းသားမွတ်စလင်မ်များ ရှိသင့်ရှိထိုက်သော သာသနာ့ဗဟုသုတများ တိုးပွားလာစေရန်၊ အသိဉာဏ် ကြွယ်ဝလာစေရန်၊ စစ်မှန်သော စာပေပညာရှင်များ ပေါ်ထွက်လာစေရန်၊ အလ္လာဟ်အရှင်မြတ်၏ အမိန့်နှင့် တမန်တော်မြတ် ﷺ၏လမ်းစဉ်များကို လိုက်နာကျင့်ကြံ၊ ဆောက်တည်နိုင်ကြရန် အထူးရည်ရွယ်၍ နိုင်ငံရေး၊ အခြားဘာသာရေး၊ လူ့အဖွဲ့အစည်းများအား ပယောဂမဆောင်သော မွတ်စလင်မ်ပီသမှုကို ရှေ့ရှုပြီး ပြုစုထုတ်ဝေခဲ့ပြီးသော စာပဒေသာများမှ အဆီအနှစ်များကို ရှာဖွေတင်ပြ ကောက်နုတ်၍သော်လည်းကောင်း၊ အင်္ဂလိပ်၊ အရဗီနှင့် အူရဒူ စာစောင်များမှ မြန်မာပြန်ဆို၍သော်လည်းကောင်း၊ ပညာပေးဆောင်းပါးများ ပင်ကိုယ်စွမ်းရည်ဖြင့် ရေးသား၍သော်လည်းကောင်း ပေးပို့ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ထိုပေးပို့သောစာမူများကို စာတည်းအဖွဲ့မှ စိစစ်ဆေးရွေးချယ်၍ အဓိပ္ပာယ်ပေါ်လွင်သော၊ ယဉ်ကျေးသိမ်မွေ့သော၊ စာပေဟန်ရှိသော၊ ကျစ်လစ်သော စာလုံးများပါသည့် စာမူများကို ရွေးချယ်ပြီး လစဉ် အလ်မအာရစ်ဖ် စာဖတ်ပရိသတ်များ အကျိုးရှိစေရန် ရည်ရွယ်၍ ထည့်သွင်းဖော်ပြသွားပါမည်။

စာမူပေးပို့ရာတွင်...

(၁) လျှောက်လွှာစာရွက် (၄)မျက်နှာထက် ပိုမရေးရန်၊
(၂) လျှောက်လွှာစာရွက် တစ်ဖက်တွင်သာ ရေးသားရန်၊
(၃) စာကြောင်းများကို ချဲ၍ ရေးသားရန်၊
(၄) ကောက်နုတ်ချက်၊ ဘာသာပြန်ဆိုချက်များအတွက် မည်သည့်ကျမ်း၊ မည်သည့်စာစောင်များမှ ကောက်နုတ်ဖော်ပြသည်ကို ထည့်သွင်းပေးရန်
အကြံပြု မေတ္တာရပ်ခံအပ်ပါသည်။

စာတည်း (အလ်မအာရစ်ဖ်)

မော်လာနာ မုဖ်သီ ကာရီ မုဟမ္မဒ် ယူစွဖ် (အဆ်အဒီ)

عبدا اللّٰہ بن عمر و عن النبی ﷺ قال المسلم من
سلم المسلمون من لسانه ويده والمهاجر من
هجر مانهی اللّٰہ عنه

အဗ်ဒွလ္လာဟ်အစ်ဗ်နုအုမရ် ﷺ သခင်က ဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူ၏။ စစ်မှန်သော မွတ်စလင်မ်မှာ ထိုပုဂ္ဂိုလ်ပင်ဖြစ်ပေသည်။ ၎င်း၏နှုတ်ဖြင့်သော်လည်းကောင်း၊ လက်ဖြင့်သော်လည်းကောင်း၊ အခြားသူ တစ်ဦးတစ်ယောက်အနေဖြင့် ငြိမ်းချမ်းစေရမည်။ ၎င်းပြင်စစ်မှန်သော (မုဟာဂျိရ်) ခွဲခွာပြောင်းရွှေ့သူမှာလည်း ထိုသူပင်ဖြစ်ပေ၏။ ၎င်းသည် အလ္လာဟ်အရှင်မြတ်၏ တားမြစ်ထားမှုများကို ရှောင်ကြဉ်သူပင်ဖြစ်လေသည်။

# ရှင်းလင်းချက်

ဤဟဒီးဆ်၌ အကြောင်းအရာနှစ်ရပ်ကို သိထားရန် လိုအပ်ပေသည်။

၁။ ၎င်း၏နှုတ်လျှာဖြင့် **من لسانه** ဟု ဆို၍ ၎င်း၏ စကားဖြင့် **من كلامه** ဟု အဘယ်ကြောင့် မဆိုခဲ့သနည်း။

၂။ **لسان**(နှုတ်လျှာ)ကို **يد**(လက်)၏ အရှေ့၌ အဘယ်ကြောင့် ဦးစားပေးတင်ပြခဲ့သနည်း။

အမှန်မှာ လက်ဖြင့်ဒုက္ခပေးခြင်းသည် နှုတ်လျှာဖြင့် ဒုက္ခပေးခြင်းထက် အဆပေါင်းများစွာ ပို၍ ပြင်းထန်သည်။ နှုတ်လျှာဖြင့် အများဆုံး ဆဲဆိုနိုင်သည်။ လက်ဖြင့် တစ်ဦးတစ်ယောက်အား သေသည်အထိ ဆောင်ရွက်နိုင်သည်။

ပထမမေးခွန်း၏အဖြေ

ဤသည် တမန်တော်မြတ်၏မြင့်မားလှသည့် ပြောဆိုမှုအရည်အသွေးတစ်ရပ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စကားပြောဆိုခြင်းမပါဘဲ တစ်ခါတစ်ရံ လျှာထုတ်ပြ၍ တစ်ဦးတစ်ယောက်အား ဒုက္ခပေးခြင်းမျိုး ရှိတတ်ပေသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ က(**من كلامه**) ဟု မိန့်ခဲ့ခြင်းမရှိဘဲ (**من لسانه**) ဟု မိန့်ခဲ့ခြင်းဖြစ်သည်။

ဒုတိယမေးခွန်း၏ အဖြေ

နှုတ်ဖြင့် ဒုက္ခပေးခြင်းသည် လက်ဖြင့် ဒုက္ခပေးခြင်းထက်သာ ပို၍ ပြင်းထန်သည်။ လက်ဖြင့် ဒုက္ခပေးလျှင် တခဏသာနေပြီး နှုတ်အပြောအဆိုဖြင့် ဒုက္ခပေးလျှင် ကာလကြာမြင့်စွာ စိတ်၌စွဲကပ်နေတတ်သည်။ ထို့ကြောင့်ပင် တမန်တော်မြတ်က နှုတ်လျှာဖြင့် ဒုက္ခပေးသည့်အကြောင်းကို အလျင်တင်ပြခဲ့ခြင်းဖြစ်သည်။

**والمهاجرمن هجرمانهى اللّٰه عنه**

ဟိဂျ်ရသ် သာသနာ့အတွက် ခရီးထွက်ခြင်းနှင့် စပ်လျဥ်း၍ အောက်ပါအချက်များကို သိထားရန် လိုအပ်ပေသည်။

၁။ အီမာန်ထိန်းသိမ်းရန်အတွက် မွေးရပ်နယ်မြေကို စွန့်လွှတ် ရွှေ့ပြောင်းသွားခြင်းသည် ဟိဂျ်ရသ်ဖြစ်သည်။

၂။ အရှင်မြတ်တားမြစ်ထားသည့် အရာများကို ရှောင်ကြဉ်ခြင်းသည်လည်း ဟိဂျ်ရသ်ဖြစ်သည်။

၃။ အီမာန်ထိန်းသိမ်းရန်အတွက် ဟိဂျ်ရသ်ခရီးထွက်ခြင်း တစ်ခုတည်းဖြင့် ပြီးစီးသည် မဟုတ်။ မကောင်းမှုများမှ ရှောင်ကြဉ်ရန်လည်း အရေးကြီးပေသည်။ ယင်းသည်ပင် အကြီးမားဆုံးသော ဟိဂျ်ရသ် ဖြစ်သည်။

မော်လာနာ မုဖ်သီ ကာရီ
မုဟမ္မဒ် ယူစွဖ် (အဆ်အဒီ)

ယနေ့ ကျွန်ုပ်တို့သည် လောကီရေး၌သာ လျှောက်လှမ်းတတ်ကြ၏။ သို့မဟုတ် သာသနာရေးပေါ်၌သာ လျှောက်လှမ်းတတ်ကြ၏။ သို့သော် ဒီန်းသာသနာ့ အလင်းရောင်ဖြင့် လောကီလမ်းတွင် မလျှောက်လှမ်းတတ်ကြပေ။

ဝမ်းနည်းဖွယ် ကောင်းလှသည်မှာ ယနေ့ ကျွန်ုပ်တို့ အနက်မှ မြောက်မြားစွာသော သူတို့၏ လူ့ဘဝ သက်တမ်းသည် တမန်တော်မြတ်၏နည်းစနစ်မှ လုံးဝ ကင်းကွာနေကြောင်း တွေ့မြင်ရပေမည်။ အမှန်စင်စစ် ဤသူများသည် အလွန်သနားစဖွယ် ကောင်းလှသူများပင် ဖြစ်ချေသတည်း။ သို့သော် တမန်တော့်နည်းစနစ်များအပေါ် လိုက်နာကျင့်သုံးနေသူအချို့တွင်လည်း အိဗာဒသ် ခဝပ်ကိုးကွယ်မှုဆိုင်ရာ ကိစ္စရပ်များအထိသာ တမန်တော့်လမ်းစဉ်အတိုင်း လိုက်နာဆောင်ရွက်နိုင်ကြပေ၏။ ထို့ထက်မပိုနိုင်ချေ။ အကယ်၍သာ တမန်တော်မြတ် ﷺ ၏ အမိန့်နာခံခြင်း နယ်နိမိတ်အား ဤမျှထိကျဉ်းမြောင်းလိုက်ပါက လူသားဘဝ၏ အလွန်ကြီးမားသော အစိတ်အပိုင်းသည် တမန်တော်မြတ် ﷺ ၏နည်းစနစ်မှ ဝေးကွာနေလိမ့်မည်ဖြစ်၏။ ဤအတွက်ကြောင့်ပင် ဖိကဟ်ပညာရှင်များက လူသားဗီဇအရ ပြုကျင့်ဆောင်ရွက်ခဲ့သည့် တမန်တော်မြတ် ﷺ ၏ကိစ္စရပ်များကိုပင် စွန္နသ်ဟူ သောအဆင့်၌ ပြဋ္ဌာန်းထားလေ၏။

# တမန်တော်မြတ်၏ စာရိတ္တမွန်

မော်လာနာ
ရှမ်စွတ်ဒိုဟာ
(မင်္ဂါဟေရီ)

ထို့ကြောင့်သာ တမန်တော်မြတ် ﷺ ၏ နဗီသက်တမ်း၌ မိန့်ကြားပြသခဲ့သည့် သာသနာ့ရေးရာ ဆောင်ရွက်ချက်များအား ရှရီအသ်ဆိုင်ရာကျမ်းများတွင် သာသနာ့အမိန့်ပညတ်များအဖြစ် တွေ့မြင်နိုင်သကဲ့သို့အခြားတစ်ဖက်တွင် တမန်တော်မြတ် ﷺ ၏ လူ့ဘဝသက်တမ်း၏ ဗီဇတစ်ခုချင်းအား တမန်တော်မြတ် ﷺ ၏ ထေရပ္ပတ္တိကျမ်းများတွင် တွေ့မြင်နိုင်ပေသည်။

ထိုတမန်တော်မြတ်၏စာရိတ္တပိုင်းဆိုင်ရာ အစုစုသည် ဆွဟာဗဟ်များထံမှ သာဗိအီးန်သခင်ကြီးများထံသို့လည်းကောင်း၊ ထိုမှတစ်ဆင့် သာသနာ့ပညာရှင်အာလင်မ်ကြီးများထံသို့လည်းကောင်း၊ ထိုမှ တစ်ဆင့် ကျွန်ုပ်တို့ထံ ဆင့်ကဲ ဆင့်ကဲရောက် ရှိလာခြင်းမှာလည်း တမန်တော့်ဘဝ ပုံရိပ်များအတိုင်း ဘာသာရေး၊ သာသနာရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ ပေါင်းသင်းဆက်ဆံရေး အစရှိသည့် လူ့ဘဝ၏အရေးကိစ္စအားလုံးအား ပုံတူကူးယူချယ်သရန်ပင်ဖြစ်သည်။

ဤသည်များအား ကြားနာ၍သော်လည်းကောင်း၊ ဖတ်ရှု၍သော်လည်းကောင်း ပြီးသွား

သည်မဟုတ်ဘဲ လက်တွေ့ လိုက်နာကျင့်ဆောင်ကာ မိမိ၏ဆောင်ရွက်ချက်အားလုံးအား တမန်တော့်ပုံသွင်းရန်သာဖြစ်၏။ တမန်တော်မြတ် ﷺ စားမှု၊ သောက်မှု၊ ပြောဆိုဆက်ဆံမှု၊ သွားမှု၊ လာမှု အစုစုအား သာဝကကြီးများ ပုံတူကူးယူရန်အတွက်ပင် လောကီရေး၏ ကြီးမားလှသော အကျိုးအမြတ်ကိုပင် စွန့်ပယ်ကာ အမြဲအစဉ် တမန်တော့်ထိုင်ဝိုင်းတွင် ဝန်းရံလျက်ရှိခဲ့၏။

အဘယ်ကြောင့်ဆိုသော် "ဆွဟာဗဟ်" ကြီးများက ဤသို့နားလည်ခံယူထားသည်...

ကျွန်ုပ်တို့၏ အမလ်အိဗာဒသ်ကိစ္စရပ်များသည် အလ္လာဟ်အရှင်မြတ်၏ အလိုကျဖြစ်ပြီး ကျန်ကိစ္စရပ်များသည်လည်း အဘယ်ကြောင့် အလ္လာဟ့်အလိုကျမဖြစ်ရမည်နည်း။ တမန်တော်မြတ် မနှစ်မြို့သည့် ကိစ္စရပ်များအား ကျွန်ုပ်တို့ နှစ်သက်ရမည်လော၊ သို့မဟုတ် တမန်တော်မြတ် နှစ်မြို့သည့်ကိစ္စရပ်များအား ကျွန်ုပ်တို့ ရွံ့မုန်းရမည်လော။ ဤသို့ဆိုပါက တမန်တော့်လမ်းစဉ်အတိုင်း ဖဝါးခြေထပ် လိုက်နာဆောင်ရွက်သူများဟု အဘယ်သို့ ပြောဆိုနိုင်ပါအံ့နည်း။

သို့သော် ဝမ်းနည်းကြေကွဲဖွယ်ကောင်းလှသည်မှာ ယနေ့ကျွန်ုပ်တို့၏ အခြေအနေမှာ ဖော်ပြပါဆွဟာဗဟ်များ၏ အခြေအနေနှင့် လုံးဝပင် ဆန့်ကျင်လျက်ရှိနေပေ၏။

စာရေးသူကိုယ်တိုင် ဤသို့ တွေ့ကြုံကြားနာခဲ့ရပါသည်။

"စားသောက်ပြီးနောက် လက်ချောင်းကလေးများအား စုပ်သပ်ခြင်းသည် အမှန်ပင် စွန္နသ် ဖြစ်ပါ၏၊ သို့သော် ကျွန်ုပ်၏စိတ်တွင် ဤကိစ္စကို နှစ်မြို့ဖွယ်မရှိ"

"ကြမ်းပြင်ပေါ်တွင် အဝတ်ခင်းစားသောက်ခြင်းသည် စွန္နသ်ဖြစ်၏။ သို့သော် ယင်းကဲ့သို့ စားသောက်မှုဖြင့် ကျွန်ုပ်တို့ အာသာမပြေပါ။"

"စားသောက်ပြီးနောက် လက်ကို ဆေးကြောပြီး လက်ကို ဦးခေါင်းနှင့်မျက်နှာပေါ်သို့ပွတ်သတ်ခြင်းသည် စွန္နသ်ဖြစ်၏။ သို့သော် ဤသို့ပြုလုပ်ရန်မှာ ကျွန်ုပ်တို့အတွက်ခက်ခဲပေ၏"

ယင်းကဲ့သို့ စိတ်၏အလိုလိုက်ပြီး မိမိကိုယ်မိမိ စွန္နသ်တော်နှင့် ဝေးကွာစွာနေခြင်းသည် တမန်တော်မြတ် ﷺ အား ချစ်ကြည်မြတ်နိုး လေးစားခြင်းမဟုတ်။ တမန်တော်မြတ် ﷺ အား ချစ်ကြည်မြတ်နိုးခြင်းကို ပုံရိပ်မှန် မဖော်တတ်ခြင်း၏ လက္ခဏာပင်ဖြစ်သည်။ ဤသည်မှာ အီမာန်အားအင် အလွန်လျော့နည်းနေသည့် အမှတ်သင်္ကေတလည်း မည်၏။ ဆွဟာဗဟ်များ၏ သန့်စင်သောနှလုံးသားများတွင် တမန်တော်မြတ် ﷺ ၏အချစ်ကိန်းအောင်းသည်နှင့်အမျှ တမန်တော် ﷺ ၏ ကြိုက်နှစ်သက်မှုများသည် ယင်းတို့၏ ကြိုက်နှစ်သက်မှုများ အဖြစ်လည်းကောင်း၊ တမန်တော်မြတ် ﷺ ၏မနှစ်မြို့မှုများသည် ယင်းတို့၏မနှစ်မြို့မှုများ အဖြစ်လည်းကောင်း ထပ်တူထပ်မျှ ဖြစ်လာခဲ့၏။ ထိုဆွဟာဗဟ်ကြီးများအား တစ်စုံတစ်ရာသော အရာဖြင့် အလွန်ရွံ့မုန်းသွားစေရန်အတွက် 'တမန်တော်မြတ် ﷺ ရွံ့မုန်းသည်' ဟူသော စကားရပ်တစ်ခုတည်းဖြင့် လုံလောက်ခဲ့ပေ၏။ ထို့အတူ တစ်စုံတစ်ရာအား အလွန် နှစ်သက်သွားစေလိုပါလျှင် 'တမန်တော်မြတ် ﷺ အလွန် နှစ်သက်သည်' ဟူသော စကားရပ်တစ်ခုတည်းဖြင့် လုံလောက်ပေ၏။

ဤသည် စစ်မှန်သည့်အချစ်၊ ဤသည်စစ်မှန်သည့် အချစ်၏ကျေးကျွန်...။

တစ်ဖန် တမန်တော်မြတ် ﷺ၏ အကျင့်အမူပိုင်းဆိုင်ရာများတွင်လည်း နှစ်မျိုးနှစ်စားရှိပေသည်။

ပထမအမျိုးအစားမှာ... ထိုအကျင့်အမူအတိုင်းလိုက်နာဆောင်ရွက်ခြင်းဖြင့် ကုသိုလ်အကျိုးဆဝါးဗ်ရရှိပြီး၊ မလိုက်နာခြင်းအပေါ် အပြစ်ငရဲမထိုက်ပေ။ ကုသိုလ်မရယူနိုင်ခြင်းသာ ဖြစ်ပေမည်။

ဥပမာဆိုရသော် တမန်တော်မြတ် ﷺ သည် အစဉ်လက်ယာဘက်သို့စောင်းကာ အိပ်စက်အနားယူတော်မူ၏။ ထို့ကြောင့် အကြင်သူသည် တမန်တော်မြတ်၏နည်းစနစ်အတိုင်း လိုက်နာဆောင်ရွက်လိုသည့် ဆန္ဒဖြင့် ထိုသို့အိပ်စက်အနားယူခဲ့ပါလျှင် ယင်းအိပ်စက်အနားယူမှုအပေါ် အကျိုးကုသိုလ်ရရှိလိမ့်မည်ဖြစ်၏။ အကယ်၍ လက်ဝဲဘက်သို့ စောင်းအိပ်ပါလျှင် တမန်တော့်နည်းစနစ်အပေါ်လိုက်နာခြင်း၏ အကျိုးကုသိုလ်မှ ဆုံးရှုံးမည်သာဖြစ်၏။ သို့သော် အပြစ်ထိုက်မည်မဟုတ်ပေ။

ဒုတိယအမျိုးအစားမှာ... ထိုအကျင့်အမူအတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် ကုသိုလ်အကျိုးဆဝါးဗ်ရရှိပြီး၊ မလိုက်နာခြင်းဖြင့် ကုသိုလ်မှာ ဝေးကွာရသည့်အပြင် အပြစ်ငရဲလည်းထိုက်ပေ၏။

ဥပမာဆိုရသော် တမန်တော်မြတ် ﷺ သည် ဘောင်းဘီရှည်တော့မဝတ်ဖူးခဲ့ချေ။ သို့သော် လုံကွင်းဝတ်ဆင်သည့်အခါ ခြေမျက်စိဖော်ကာဝတ်ဆင်ခဲ့၏။ သို့ပါ၍ တစ်ဦးတစ်ယောက်သောသူက လုံကွင်း သို့မဟုတ် ဘောင်းဘီရှည်အား ခြေမျက်စိအောက်ထိ ဝတ်ဆင်လေသော် ဆဝါးဗ်ကုသိုလ်မရသည့်အပြင် အပြစ်ငရဲထိုက်မည်သာဖြစ်၏။ ဤသည်နှင့် ပတ်သတ်၍ ပြင်းထန်သည့်အပြစ်များထိုက်မည်ဖြစ်ကြောင်းလည်း လာရှိပေ၏။

ကျမ်းချက်တစ်ရပ်တွင်လာရှိသည်မှာ... "ကိယာမသ်နေ့တွင် ခြေမျက်စိအောက်သို့ရောက်သော အဝတ်စမှပင် စတင်၍ ကိုယ်ခန္ဓာအနှံ့မီးတောက်လောင်စေလိမ့်မည်" ဟူ၍ဖြစ်၏။ အခြား ဆင့်ပြန်ချက် တစ်ရပ်တွင်လာရှိသည်မှာ... ကိယာမသ်နေ့တွင် ထိုသူအား အလ္လာဟ်အရှင်မြတ် ရှုတော်မူမည်မဟုတ်" ဟူ၍ဖြစ်၏။

"အလ်အိယားဇုဗစ်လ္လာဟ်" ခြေမျက်စိအောက်သို့ချ၍ ဝတ်ဆင်ခြင်းအပေါ် ဤမျှကြီးမားသောအပြစ်ဒဏ်သင့်နိုင်ပါလျှင် ယနေ့ ကျွန်ုပ်တို့၏ အခြေအနေအရပ်ရပ်ပေါ်၌ အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ် ﷺ၏ အမျက်ဒေါသအဘယ်မျှကြီးမားနိုင်မည်ကို စဉ်းစားသင့်လှပေပြီ။ ဝမ်းနည်းဖွယ်ကောင်းလှသည်မှာ... ကျွန်ုပ်တို့အနက် အနောက်တိုင်းသားတို့၏ အကျင့်စရိုက်များကို အထင်ကြီး၍ သူတို့၏အကျင့်စရိုက်၊ အလေ့အထသည်သာ ယဉ်ကျေးမှုမှန်သရုပ်မှန်ဟု ယူဆထားသူများသည် အနောက်တိုင်းသားများကဲ့သို့ ဝတ်ဆင်ခြင်းအား ဂုဏ်ယူဖွယ်ရာဟု သတ်မှတ်ထားလေ၏။

အို..အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးတို့အား အရှင်မြတ်၏ အချစ်တော် တမန်တော်မြတ် ﷺ၏ စံနမူနာကိုယူ၍ ဖဝါးခြေထပ်လိုက်နာ နိုင်စွမ်းချီးမြှင့်ပေးသနားတော်မူပါစေ... အာမီးန်

●

**မော်လာနာရှမ်စွတ်ဒိုဟာ (မဇ္ဈာဟေရီ)**

## မုဖ်သီနူးရ်မိုဟမ္မဒ်(မဇ္ဇာဟေရီ)

## အသိဉာဏ်၏လင်းရောင်ခြည်

# သောင်ဇပဟ်

အလ္လာဟ်အရှင်မြတ်သည် လူသား၏ အတွင်း၌ အကျင့်စာရိတ္တဆိုးများကို ထည့်သွင်းထားသကဲ့သို့ လူသားတို့အား လမ်းမှန်ပြသည့် အသိဉာဏ်ကိုလည်း ဖန်ဆင်းတော်မူထား၏။ အသိဉာဏ်သည် အလင်းရောင်ပေးသည့် မီးအိမ်ကြီးသဖွယ်ဖြစ်၏။ အသိဉာဏ်၏ အလင်းရောင်သည်လည်း လူ အတွင်း၌ ရှိနေခဲ့ပြီး အသက်လေးဆယ်ပြည့်သည့်အခါ၌ လင်းရောင်ခြည်သည် အထွတ်အထိပ်သို့ ရောက်၏။ လူသည် လူလားမြောက်အရွယ် ရောက်သည်နှင့် အကျင့်စာရိတ္တဆိုးများက ထွက်ပေါ်လာရန် ကြိုးစားကြတော့၏။ ထိုအခါ အသိဉာဏ်၏ လင်းရောင်ခြည်များက အကျင့်စာရိတ္တဆိုးများကြောင့် မှောင်အတိကျနေသည့် နှလုံးသားအတွင်း အီမာန်ယုံကြည်မှုနှင့် အမှားအမှန်တို့ကို ပိုင်းခြားစိတ်ဖြာနိုင်စွမ်းတို့ကို ထည့်ပေး၏။ ထိုအခါ နှလုံးသားအတွင်း အမှောင်ကျနေရာမှ အလင်းရောင်များဖြာထွက်လာ၏။ တင်စားရမည်ဆိုသော် လူ့စိတ်နှလုံးသည် အသိဉာဏ်၏ အလင်းရောင်နှင့် အကျင့်စာရိတ္တဆိုး၏ အမှောင်တို့ တိုက်ပွဲနေရာဖြစ်တော့၏။

ယင်းသို့တိုက်ပွဲဆင်နွှဲရာ၌ အလ္လာဟ်အရှင်မြတ်၏ ဘက်တော်သားဖြစ်သော အသိဉာဏ်က စာရိတ္တဆိုးများကို အောင်နိုင်ကာ လူ့နှလုံးသားများအပေါ် စိုးမိုးအုပ်ချုပ်ရန် ရည်ရွယ်၏။ ရှိုင်သွာန်လည်း အသိဉာဏ်ကို အောင်နိုင်ပြီး နှလုံးသားအား စိုးမိုးအုပ်ချုပ်ရန် ကြိုးပမ်း၏။ ဤသို့ တိုက်ပွဲဆင်နွှဲကြရင်း ရှိုင်သွာန်မိစ္ဆာကောင်၏ ဘက်တော်သားများဖြစ်သော အကျင့်စာရိတ္တဆိုးများက အလ္လာဟ်အရှင်မြတ်၏ ဘက်တော်သားအသိဉာဏ်အပေါ် အောင်နိုင်သွားပါက အကျင့်စာရိတ္တဆိုးတို့က လူ့နှလုံးသားအပေါ် စိုးမိုးတော့၏။ အကယ်၍ အလ္လာဟ်အရှင်မြတ်၏ ဘက်တော်သား အသိဉာဏ်က အကျင့်စာရိတ္တဆိုးတို့ကို အောင်နိုင်ပါက လူ၏နှလုံးသားကို လမ်းမှန်ပြလျက် လူ၏ အခြေအနေအရပ်ရပ်သည် ကောင်းမွန်ရာဘက်သို့ ဦးတည်ပြီး လူ၏ သဘာဝစိတ်ဓာတ်သည်လည်း လုံးဝ ကောင်းမွန်လာတော့၏။

## သောင်ဗဟ်ဟူသည် အသိဉာဏ်လင်းရောင်ခြည်ဖြစ်ခြင်း

အထက်တွင် ဖော်ပြပြီး ဖြစ်သည့်အတိုင်း လူသား၏ နှလုံးသားကို စိုးမိုးအုပ်ချုပ်ရန် အသိဉာဏ်၏ လင်းရောင်ခြည်နှင့် အကျင့်စာရိတ္တဆိုးတို့၏ တိုက်ပွဲသည် လူ၏သဘာဝတွင် ရှိနေပြီး ဖြစ်၏။ သောင်ဗဟ်ဟူသည်မှာ အသိဉာဏ်၏ လင်းရောင်ခြည် တစ်မျိုးဖြစ်သဖြင့် လူတိုင်းသည် သောင်ဗဟ်လက်နက်ကို မဆွဲကိုင်ဘဲ တိုက်ပွဲ၌ အောင်မြင်မှုမရနိုင်ချေ။ သောင်ဗဟ်လက်နက်သည် ရှိုင်သွာန်နှင့်တိရစ္ဆာန်တို့၏ အကျင့်စာရိတ္တဆိုးများကို တွန်းလှန်ကာ လူသားအား ရှရီအသ်တရားတော်၏ နွေးထွေးသော ရင်ခွင်တွင်းသို့ ပို့ပေး၏။ ထို့ပြင် သောင်ဗဟ် သည် လောကုတ္တရာ၏ထာဝရအောင်မြင်မှု၊ ထာဝရလွတ်ငြိမ်းချမ်းသာမှုကိုပါရစေသောလက်နက်ကောင်းတစ်ခုဖြစ်၏။

## အပြစ်နှင့်မကင်းသောလူသား

လူသည် အပြစ်နှင့် မကင်းနိုင်သည့်အတွက် မည်သည့် အချိန်မှ သောင်ဗဟ် အမှားဝန်ခံခြင်းကို စွန့်လွှတ်၍ မရနိုင်ပေ။ အကြောင်းမှာ လူသည် မည်သည့် အခြေအနေမည်သည့် အဆင့်အတန်းတွင် ရှိနေစေကာမူ ခန္ဓာကိုယ်အစိတ်အပိုင်းများဖြင့် သော်လည်းကောင်း၊ စိတ်နှလုံးမှသော်လည်းကောင်း ဂုနာဟ်အကုသိုလ်တစ်ခုခုကို ကျူးလွန်တတ်သောကြောင့်ဖြစ်၏။ လူသည် ခန္ဓာကိုယ်အစိတ်အပိုင်း တစ်ခုခုဖြင့် အကုသိုလ်တစ်ခုခုကို ကျူးလွန်က ကျူးလွန်မည်။ သို့မဟုတ် နှလုံးသားအတွင်း၌ အကျင့်စာရိတ္တဆိုးတစ်ခုခု စွဲကပ်နေကလည်း နေမည်။ ထို့ကြောင့်လူသားသည် သောင်ဗဟ်ကို မည်သည့်အခါမျှ စွန့်လွှတ်၍ မရနိုင်ပေ။

## အပြစ်အပေါင်းမှကင်းစင်သူလည်း သောင်ဗဟ်ပြုရန်လိုခြင်း

လူတစ်ဦးသည် အမှန်တကယ် အပြစ်ဒုစရိုက်အပေါင်းမှ ကင်းစင်သူဖြစ်ပြီး ဖရစ်ရှ်သဟ်ကောင်းကင်တမန်ကဲ့သို့ အပြစ်ကင်းစင်သူ (ပြုပြင်ရန်အမှားလုံးဝမရှိသူ) ဖြစ်ပါကလည်း တစ်ချိန်ချိန်၌ အလ္လာဟ်အရှင်မြတ်အား မေ့လျော့မိမည်မှာ မုချဖြစ်၏။ ဤအချိန်မျိုးနှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်က မိန့်တော်မူသည်မှာ-

> သင်တို့ မိမိအား မွေးမြူဖန်ဆင်းတော်မူ သောအရှင်သခင်အား မေ့လျော့သွားသည့်အခါတိုင်း ချက်ချင်းပြန်လည်၍ အလ္လာဟ်အရှင်မြတ်အား သတိရတသပါ

ဟူ၍ ဖြစ်၏။

ဆိုလိုသည်မှာ လူသားသည် တစ်ချိန်ချိန်၌ အလ္လာဟ်အရှင်မြတ်အား မေ့လျော့သွားတတ်ပြီး ယင်းကဲ့သို့မေ့လျော့ခြင်းမှ အလ္လာဟ်အရှင်မြတ်၏ဘက်တော်သို့ ပြန်လှည့်ရန်လိုအပ်၏။ ယင်းကဲ့သို့မေ့လျော့ခြင်းမှအလ္လာဟ်အရှင်မြတ်၏ဘက်တော်သို့ ပြန်လှည့်ခြင်းကို သောင်ဗဟ် ဟုခေါ်၏။

## တိုးတက်ခြင်း၏ အဆုံးမရှိပြီ

အလ္လာဟ်အရှင်မြတ်အား မပြတ်မစဲ တစ်ချိန်လုံး အောက်မေ့တသနိုင်သူဟူ၍ မရှိနိုင်သော်လည်း

တစ်ဦးဦးက မိမိသည် တစ်ချိန်လုံး မပြတ်မစဲ အလ္လာဟ်အရှင်မြတ်အား တသနိုင်သူဟု ကြွေးကြော်ပါက ၎င်းသည်လည်း သောင်ဗဟ်အမှားဝန်ခံခြင်းကို ဥပေက္ခာ မပြုနိုင်ပေ။ အကြောင်းမှာ ၎င်းသည်တစ်ချိန်လုံး မပြတ်မစဲ အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသနေသူဖြစ်သော်လည်း၊ ၎င်းရောက်ရှိနေသည့်အဆင့်အတန်းထက်မြင့်မားသည့် အဆင့်အတန်းသို့မရောက်မချင်း သောင်ဗဟ် ပြုရန်လိုအပ်၏။

## မဆုံးနိုင်သောချစ်ခရီးရှည်

အလ္လာဟ်အရှင်မြတ်နှင့်နီးကပ်ခြင်း၊အလ္လာဟ်အရှင်မြတ်အား ချစ်ခင်မြတ်နိုးခြင်း၏ ခရီးသည် မဆုံးနိုင်ပေ။ နီးကပ်ခြင်း၊ ချစ်ခင်မြတ်နိုးခြင်း၏ အဆင့်အတန်းများသည် တစ်ဆင့်ပြီး တစ်ဆင့် တိုးတက် မြင့်မားနေ၏။ မိမိရောက်ရှိနေသည့် မြင့်မားလှသည့်အဆင့်၏အထက်တွင် ပိုမိုမြင့်မားသည့် အဆင့်များရှိနေသေး၏။ ထို့ကြောင့် မိမိရောက်ရှိနေသောအဆင့်၊၎င်းထက်ပိုမိုမြင့်မားသောအဆင့်နှင့်စာလျှင် နိမ့်ကျသော၊ လျော့နည်းသောအဆင့်ဖြစ်သဖြင့် သောင်ဗဟ်ပြုရန် လိုအပ်၏။ ဤသို့ဖြင့် မိမိကြိုးစားတက်လှမ်းခဲ့သော အဆင့်များ၏အထွတ်အထိပ်သို့ ရောက်သော် လည်း ယင်း၏အဆုံး၌ မကုန်ဆုံးနိုင်သော အဆင့်အတန်းများရှိနေသေးသဖြင့် မိမိ ရောက်နေသော အထွတ်အထိပ်အဆင့်တွင်လည်း သောင်ဗဟ်ပြုရပေမည်။ အထွတ်အထိပ်သို့ ရောက်လေလေ သောင်ဗဟ်ပြုရန် လိုအပ်လေလေ ဖြစ်၏။

## တမန်တော်၏ ကျင့်စဉ်

ထို့ကြောင့် တမန်တော်မြတ်က..

ငါကိုယ်တော်မြတ်သည် နေ့နှင့်ည သောင်ဗဟ်အမှားဝန်ခံ လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံခြင်းကို အကြိမ်ခုနစ်ဆယ်မျှပင် ပြုလုပ်တော်မူလေ့ရှိသည်

ဟု မိန့်တော်မူခဲ့၏။

## သောင်ဗဟ်ပြုခြင်းအဆင့်ဆင့်

လူတို့၏အဆင့်အတန်းများ ကွဲပြားခြားနားသကဲ့သို့ အပြစ်ဒုစရိုက်တို့၏ အဆင့်အတန်းတို့သည်လည်းခြားနား၏။အပြစ်ဒုစရိုက်တို့၏အဆင့်အတန်းများခြားနားသည့်အလျောက် သောင်ဗဟ်ပြုခြင်း၏အဆင့်အတန်းသည်လည်း ကွဲပြားခြားနား၏။

### (၁) သာမန်လူသားများ၏ သောင်ဗဟ်

သာမန်လူသားများ၏ အမှားများသည်လည်း ၎င်းတို့၏ အဆင့်အတန်းနှင့်ကိုက်ညီစွာ ထင်ရှားသောအပြစ်များဖြစ်သဖြင့် သောင်ဗဟ်သည်လည်း ထင်ရှားသော ဂုနာဟ် အကုသိုလ်များအတွက် သောင်ဗဟ် ဖြစ်၏။

### (၂) သူတော်ကောင်းများ၏ သောင်ဗဟ်

သူတော်ကောင်းများ၏ အပြစ်ဂုနာဟ်သည် စာရိတ္တပိုင်းဆိုင်ရာ၊ အတွင်းပိုင်းဆိုင်ရာ ဂုနာဟ်အကုသိုလ်များဖြစ်သဖြင့် ၎င်းတို့၏ သောင်ဗဟ်

သည်လည်း အတွင်းပိုင်းဆိုင်ရာ အကုသိုလ်များ၊ အကျင့်စာရိတ္တများအတွက် သောင်ဗဟ်ဖြစ်၏။

### (၃) သပ်က်ဝါတရားလက်ကိုင်ထားသူများ၏ သောင်ဗဟ်

သပ်က်ဝါ တရားလက်ကိုင်ထားသူများသည် မိမိကျင့်သုံးနေသည့် ကိစ္စရပ်များ ပိုင်သည်၊ မပိုင်သည်ကို ဒွိဟသံသယဝင်နိုင်စရာ ဖြစ်သဖြင့် ယင်းအမှုကိစ္စတို့မှ သောင်ဗဟ် ပြုကြ၏။ ယင်းသို့သော သောင်ဗဟ်သည် သပ်က်ဝါတရားလက်ကိုင်ထားသူများ၏ သောင်ဗဟ် ဖြစ်သည်။

### (၄) အာရစ်ဖ် အလ္လာဟ်အရှင်မြတ်အား သိနိုင်သူများ၏ သောင်ဗဟ်

အလ္လာဟ်အရှင်မြတ်နှင့် နီးစပ်မှုရယူခြင်း၊ ချစ်ခင်ခြင်း၏အဆင့်အတန်းများသည် အဆုံးမရှိဘဲ အဆင့်ဆင့်ရှိနေလေရာ မိမိရောက်နေသည့် အဆင့်အတန်းသည် အထက်တွင်သာရှိသော အဆင့်အတန်းနှင့်စာလျှင် နိမ့်ကျသော လျော့နည်းသော အဆင့်အတန်းဖြစ်သဖြင့် ယင်းသို့ လျော့နည်း နိမ့်ကျသော အဆင့်တွင်ရှိသော အာရစ်ဖ် (အလ္လာဟ်အရှင်မြတ်အား သိနိုင်သူ)သည် သောင်ဗဟ် ပြုရ၏။ ယင်းသို့သော သောင်ဗဟ်ကို အာရစ်ဖ် (အလ္လာဟ်အရှင်မြတ်အား သိနိုင်သူ)၏ သောင်ဗဟ်ဟုခေါ်သည်။

အာရစ်ဖ်များ၏ အဆင့်အတန်းသည် မကုန်ဆုံးနိုင်သော အဆင့်အတန်းများဖြစ်သဖြင့် ၎င်းတို့၏ သောင်ဗဟ်သည်လည်း အဆုံးမရှိသော သောင်ဗဟ် ဖြစ်၏။

### (၅) အလ္လာဟ်အရှင်မြတ်က လက်ခံသောသောင်ဗဟ်

သောင်ဗဟ်ပြုရာတွင် ရှိသင့်ရှိအပ်သော ခြွင်းချက်များ ပါရှိပါက အလ္လာဟ်အရှင်မြတ်သည် ဒွိဟသံသယမရှိ သောင်ဗဟ်ကို လက်ခံတော်မူ၏။ အလ္လာဟ်အရှင်မြတ်က သောင်ဗဟ်ကို လက်ခံတော်မူသည်ဆိုသည့် အဓိပ္ပါယ်မှာ လူ့နှလုံးသားတွင် အလ္လာဟ်အရှင်မြတ်အား သိနားလည်နိုင်သည့် ရောင်ခြည်များကို မိမိအတွင်း ဆွဲယူနိုင်စွမ်းရှိခြင်းကို ခေါ်၏။

လူ၏နှလုံးသားသည် မှန်ကဲ့သို့ ကြည်လင်ပြီး ယင်းမှန်၏အပေါ်တွင် စိတ်၏အလိုရမ္မက်များ၊ လောဘ မောဟတည်းဟူသော ဖုန်မှုန့်များတက်နေလျှင်သော်လည်းကောင်း၊ ဂုနာဟ်အကုသိုလ်များကြောင့် နှလုံးသား၌ အမှောင်ဖုံးလွှမ်းနေလျှင်သော်လည်းကောင်း ကောင်းမှုကုသိုလ်တစ်ခုခုပြုလုပ်ပါက အဆိုပါ ကောင်းမှုကုသိုလ်၏ လင်းရောင်ခြည်များက နှလုံးသားပေါ်တက်နေသော ချေးများနှင့် ဖုံးလွှမ်းနေသော အမှောင်ထုကို ဖြိုခွင်းလေ၏။

ညစ်ပေလျက်ရှိသော အဝတ်အထည်ကို ဆပ်ပြာဖြင့်ကောင်းစွာပွတ်တိုက်လျှော်ဖွပ်လျှင် ဖြူစင်သကဲ့သို့၊ အလ္လာဟ်အရှင်မြတ်ဘက်တော်သို့ အာရုံပြုပြီး စိတ်စေတနာဖြူစင်စွာဖြင့် သောင်ဗဟ်ပြုကာပြန်လှည့်ပါက နှလုံးသားတွင်း၌ဖြူစင်ခြင်း၊ ငြိမ်းချမ်းသာယာခြင်း၊ ကြည်နူးခြင်း၊ (မအ်ရိဖသ်) အလ္လာဟ်အရှင်မြတ်အားသိနားလည်ခြင်း၏ ရောင်ခြည်များ ဖြစ်လာမည်မှာ မုချပင်ဖြစ်၏။

မုဖ်သီ နူးရ်မိုဟာမ္မဒ် (မဇ္ဇာဟေရီ)

| | | | | |
|---|---|---|---|---|
| ဤလမြတ်၌ ကျမ်းမြတ်ကုရ်အာန် ကျရောက်၏။ (ကုရ်အာန်) | ဤလမြတ်၌ အရှင်မြတ်က အထူး ရဟ်မသ်တော်ကို ချပေးတော်မူ၏။ (သဗ်ရာနီ) | ဤလမြတ်၌ ဂျန္နသ်တံခါးများ ဖွင့်ထား၏။ (အဟ်မဒ်ကျမ်း) | ဤလမြတ်၌ ဂျဟန္နမ်၏ တံခါးများကို ပိတ်ထားလိုက်၏။ (သိရ်မိဇီကျမ်း) | အရ်ရိုင်ယာန် မည်သောဂျန္နသ်တံခါးကို ရိုဇဟ်သည်အဖို့ ဖွင့်ပေးထားလေသည်။ ရိုဇဟ်သည် အေဟဒသ်အပေါင်း၏ တံခါးဖြစ်သည်။ |
| ဤလမြတ်၌ ရှိုင်တွာန်နှင့် ဆိုးသွမ်းသောဂျင်န်များ ချုပ်နှောင်ခြင်းခံရ၏။ (သိရ်မိဇီ) | လဆန်းမှ လကုန်ထိ၊ ဖဂျရ်ချိန်မှ နေဝင်ချိန်ထိ မလာအိကဟ် ၇ သောင်းသည် ရိုဇဟ်သည်များ လွတ်ငြိမ်းချမ်းသာခွင့်ရရန် ဆုပန်ကြသည်။ (ဗိုင်ဟကီ) | ဤလမြတ်၌ နေ့ညပြုသော ဒုအာတစ်ရပ်ကို မုချအတည်ပြုမည်။ (ဗဇ္ဇာရ်) | ဤလမြတ်၌ မုအ်မင်န်၏ စားနပ်ရိက္ခာကို မြှင့်တင်တိုးပွားပေးသည်။ (ဗိုင်ဟကီ) | ဤလမြတ်၌ အရှင်မြတ်ထံတော်မှ ဂျဟန္နမ်အကျဉ်းသားများကို လွတ်ငြိမ်းခွင့်ပြုလေသည်။ (အဟ်မဒ်ကျမ်း) |
| ဤလမြတ်၏ ပထမ ၁၀ ရက်သည် ရဟ်မသ်၊ ဒုတိယ ၁၀ ရက်သည် မဂ်ဖိရသ်၊ နောက်ဆုံး ၁၀ ရက်သည် ဂျဟန္နမ်မှ လွတ်မြောက်ခြင်းပင်ဖြစ်သည်။ | ဤလမြတ်သည် ကိယာမသ်နေ့၌ ရိုဇဟ်ထားသူများအဖို့ အတည်ပြုခြင်းခံရသော ရှဖာအသ် (ကြားဝင်အသနားခံပန်ကြားခွင့်) ပြုပေမည်။ (ဗိုင်ဟကီ) | **ဆွီယာမ်သင်ပုန်း** | ဤလမြတ်၏ နောက်ဆုံးညဉ့်မှု ရိုဇဟ် စောင့်သူအပေါင်းအား လွတ်ငြိမ်းချမ်းသာ ခွင့်ပြုလေသည်။ | ရိုဇဟ်စောင့်သူသည် အရှင်မြတ်၏ ညှော်သည်ဖြစ်ရာ လူအများစစ်ဆေးခံရချိန် တွင် ၎င်းတို့သည် စားသောက်လျက် သာယာချမ်းမြေ့စွာ ရှိနေကြမည်။ |
| ဤလမြတ်၌ အရရှ်တော်ထိန်း ဖရိရှ်သာများသည် မိမိတို့အေဟဒသ်ကိုစွန့်၍ ရိုဇဟ်သည်များ၏ ဒုအာတွင် အာမီန် ဆိုကြရန် အမိန့်ပေးခြင်းခံရ၏။ (ဗိုင်ဟကီ) | ရိုဇဟ်သည် အဇပ်ပြစ်ဒဏ်ကို ကာကွယ်စရာ ဒိုင်းဖြစ်သည်။ | ယော်လာနာ ဟာဖိဇ် အဗ္ဗုလ်ကာဒိရ် (ပဟ်မူဒီ) | ရိုဇဟ်စောင့်သူအိပ်ခြင်းသည်လည်း အေဟဒသ်၊ တိတ်တဆိတ်နေခြင်းဖြင့် သဗ်ဗီးဟ်ဖတ်သည့် အကျိုးရ၏။ (သိုရှိရာ) ရိုဇဟ်၏ ဒိုင်းကို မုသားအတင်းစကားတို့ဖြင့် မဖျက်ဆီးကြနှင့်။ (နစာအီ) | အီမာန်နှင့် စဝါးဗ်ကို မျှော်ကိုး၍ သရာဗီဟ်ဖတ်သူသည် မွေးကင်းစကလေးပမာ အပြစ်များကင်းစင်သွားသည်။ (နစာအီ) |
| နေ့စဉ် ဝါဖြေချိန်ကျတိုင်း ဥပုသ်သည်၏ ဒုအာ ကဗူလ်ဖြစ်သည်။ | ဤလမြတ်၌နဖိလ်ဖတ်ခြင်းသည် အခြားလ၌ ဖရပ်ဇ်ကဲ့သို့၊ ဖရပ်ဇ်တစ်ကြိမ်သည် အခြားလ၏ ဖရပ်ဇ်(၇၀)ကြိမ်ဖတ်သည်ထက်ပို၍ အကျိုးရ၏။ (ဗိုင်ဟကီ) | ရှိုင်တွာန်လျှောက်တတ်သော သွေးကြောများကို ဆာလောင်မှု (ရိုဇဟ်)ဖြင့် ပိတ်ဆို့ကြ။ | **ရိုဇဟ်ထားကြ** ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပေမည်။ | ရိုဇဟ်ကြောင့် နလုံးသား လင်းဝင်းသည်။ |
| ဝါလွတ်ရန် စီစဉ်ပေးသူသည် ရိုဇဟ်ကျွတ်၊ ငရဲမှလွတ်ပြီး ရိုဇဟ်ထားသူကဲ့သို့ အကျိုးစဝါးဗ် ရရှိပေမည်။ | ရိုဇဟ်သည် အီမာန်ရှင် အရွယ် ရောက် အမျိုးသား၊ အမျိုးသမီးတိုင်း အပေါ် ဖရဇ်ဖြစ်သည်။ | သရာဗီဟ်သည် အမျိုးသား၊ အမျိုးသမီးတိုင်းအတွက် စွန္နသ်ဖြစ်သည်။ | နောက်ဆုံး ၁၀ ရက် အေ့သိကာဖ်ထိုင်သူသည် ဟဂျ် နှစ်ကြိမ်၊ အုမ်ရဟ်နှစ်ကြိမ် ပြုကျင့်သည့် အကျိုးရ၏။ | ရိုဇဟ်သည် ငါအရှင်မြတ်အတွက် သာဖြစ်သည်။ ငါအရှင်မြတ်ကပင် ယင်း၏ အကျိုးကို ချီးမြှင့်တော်မူမည်။ (ဟဒီစကွာအ်ဒီ) |

# အိဒ္ဒုလ်ဖိသ်ရ်နေ့၏ ထူးခြားမှု နှင့် အကျိုးကျေးဇူးများ

မုဖ်သီ ယူနွတ်စ် (ခလောက်ကွန်ဒိုင်-မဇ္ဇာဟေရီ)

တမန်တော်မြတ် ﷺမိန့်တော်မူခဲ့သည်မှာ ... အိဒ်ဒွလ်ဖိသ်(ရ်)နေ့ ရောက်သောရှိသော အခါ ဝင့်ထယ်မြင့်မြတ်တော်မူသော အလ္လာဟ် အရှင်မြတ်သည် ဘန်ဒဟ်များနှင့် စပ်လျဉ်း၍ ကောင်းကင်တမန်များအား ဂုဏ်ဝံ့ ကြွားစွာဖြင့် မိန့်တော်မူသည်မှာ.. 'အို...မလာအေကဟ်တို့ မိမိတို့တာဝန်ကို ကျေပွန်စွာ ထမ်းရွက်ခဲ့သော လုပ်သားများကို ဘယ်လိုအကျိုးခံစားခွင့်များ ပေးသင့်ပါသနည်းဟု မေးမြန်းတော်မူရာ ကောင်းကင် တမန်များကအို... အလ္လာဟ်ရှင်.. တာဝန်ကျေတဲ့ လုပ်သားကို သူရဲ့ လုပ်အားခ အပြည့်ပေးသင့်ပါသည်ဟု လျှောက်ထားကြ၏။ ဆက်လက်၍ အလ္လာဟ်အရှင်မြတ်က မိန့်တော်မူသည်မှာ.. အို..မလာအေကဟ်တို့ ငါအရှင်မြတ်၏ကျွန်၊ ကျွန်မများသည် ငါအရှင်မြတ်ချမှတ်ထားသော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီး၊ ငါအရှင်မြတ်ထံ ဆုပန်ကြရန် အိဒ်ဂါဟ်(အီးဒ်နမာဇ်ဖတ်သောနေရာ)သို့ထွက်ခဲ့ကြသည်။ 'ငါအရှင်မြတ်၏ သိက္ခာတော်၏ ကစမ်၊ ငါအရှင်မြတ်၏ ဘုန်းတန်ခိုး၏ကစမ်၊ ငါအရှင်မြတ်၏ ရက်ရောတော်မူခြင်း၏ ကစမ်၊ ငါအရှင်မြတ် ၏ ကြီးကျယ်မြင့်မားခြင်း၏ ကစမ်၊ ငါအရှင်မြတ်၏ အဆင့်အတန်းမြင့်မား ခြင်း၏ ကစမ်၊ ငါအရှင်မြတ်သည် ၎င်းတို့ တတွေ တောင်းဆိုမှုများကို မုချလက်ခံတော်မူမည်။' ထို့နောက်အလ္လာဟ်အရှင်မြတ်သည် ကျွန်၊ ကျွန်မများကို မိန့်တော်မူသည်မှာ 'အသင်တို့ ပြန်ကြတော့၊ အသင်တို့၏ ပြစ်မှုများကို ကောင်းမှုများဖြင့် လဲလှယ်ပေးတော်မူလိုက်ပြီ' တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာမုအ်မင်န် မွတ်စလင်မ်များသည် အပြစ်ဂုနဟ်များမှ လွတ်မြောက်မှုရပြီး ပြန်သွားကြပါသည်။

(ဗိုင်ဟကီကျမ်း)

တမန်တော်မြတ် ﷺ မိန့်တော်မူသည်

မှာ..အိဒ်ဒွလ်ဖိသ်(ရ်)နေ့ရောက်ရှိသောအခါ ဝယ် ... ကောင်းကင်တမန်များသည် လမ်းထိပ်များတွင်ရပ်၍ ကြေငြာကြသည်မှာ 'အို..... မွတ်စလင်မ်တို့... ကောင်းမှုပြုရန် စွမ်းအားပေးပြီး ကုသိုလ်အကျိုးများစွာ ချီးမြှင့်တော်မူလေ့ရှိသော အလ္လာဟ်အရှင်မြတ်ထံတော်သို့ သွားရောက်ကြ.. အို..ဘန်ဒဟ်အပေါင်းတို့.. အသင်တို့သည် မိမိတို့အပေါ်တာဝန်ရှိကြသည့် သရာဝီးဟ်နမာဇ်ကိုဖတ်ခဲ့ကြသည်၊ ရိုဇဟ်စောင့်ထိန်းခဲ့ကြသည်၊ မိမိတို့အရှင်သခင်၏ အမိန့်များကိုလည်း နာခံခဲ့ကြသည်။ သို့ပါ၍ အသင်တို့သည် ယနေ့၌ ဆုလာဘ်များယူကြကုန်..'

အီးဒ်နမာဇ်ပြီးသွားသောအခါ ကောင်းကင်တမန်တစ်ပါးက ဆက်လက်ကြေငြာပြန်သည်မှာ..'အသင်တို့၏အရှင်သခင်က အသင်တို့ကို လွတ်ငြိမ်းချမ်းသာခွင့် ချီးမြှင့်တော်မူလိုက်သည်။ အသင်တို့သည် ဟိဒါယသ်လမ်းမှန်ကိုယူ၍ မိမိတို့၏အိမ်များသို့ ပြန်သွားကြကုန်။'

(အသ်သရ်ဂီးဗ်ဝသ်သရ်ဟီးဗ်ကျမ်း)

အီးဒ်နေ့ည၏ ထူးမြတ်ချက်များ

တမန်တော်မြတ်ﷺမိန့်တော်မူသည်မှာ .. 'အီးဒ်နေ့ ညတွင် ကုသိုလ်အကျိုး ရရှိရန်ရည်ရွယ်ချက်ဖြင့် မအိပ်ဘဲ နိုးကြားလျက် အိဗာဒသ်ပြုသူသည် အခြားသူတို့၏ နှလုံးသားများ ဆိတ်သုဉ်းသည့် ကိယာမသ်နေ့တွင် ၎င်း၏နှလုံးသား ဆိတ်သုဉ်းမည်မဟုတ်ပါ' (သရ်ဂီးဗ်ကျမ်း)

အီးဒ်နေ့တွင် ဆောင်ရွက်ကြရန်

(၁)တံပူစားခြင်း(သွားတိုက်ခြင်း)၊ (၂) လက်သည်းခြေသည်းများနှင့် မထားရသည့် အမွေးအမျှင်များကို သန့်စင်ခြင်း၊ (၃)ရေချိုးခြင်း၊ (၄)အမွေးအကြိုင် လိမ်းခြင်း၊ (၅)မိမိထံရှိသော အဝတ်အစားများအနက်မှ အကောင်းဆုံးနှင့် အလှပဆုံးသော အဝတ်အစားကို ဝတ်ဆင်ခြင်း၊ (၆)အီဒွလ်ဖိသ်(ရ်)နေ့တွင် အီးဒ်နမာဇ် မဖတ်မီအလျင် တစ်ခုခု စားသောက်ခြင်း (စွန်ပလွန်သီး (သို့) မုန့်အချို တစ်ခုခု)စားပါက ပို၍မြတ်၏၊ (၇) အီးဒ်နမာဇ် မဖတ်မီအလျင် တာဝန်ရှိသူများသည် ဖိသ်ရဟ်ပေးခြင်း၊ (၈) အီဒ်ဂါဟ်သို့ ခြေလျင်သွားခြင်းသည် မွတ်စ်သဟဗ်ဖြစ်၏၊ (အီဒ်ဂါဟ်အလွန်ဝေးလံလျှင် အစီးအနင်းဖြင့် သွားရောက်ခြင်းအားဖြင့် မည်သို့မျှ အကျိုးထိခိုက်မှု မရှိပါ)၊ (၉) အီဒွလ်ဖိသ်(ရ်)နေ့တွင် သက္ကဗိရ်များကို တိုးတိုးဆို၍သွားခြင်း( အသံကျယ်ကျယ် မဆိုရပါ)၊ (၁၀) အီးဒ်နမာဇ်ဖတ်ရန် အိမ်မှ အလျင် အမြန်ထွက်ခြင်း၊ (၁၁)အီးဒ်နေ့၌ ဖဂျရ်နမာဇ် အပြီးမှ အီးဒ်နမာဇ်ဖတ်သည်အထိ အီဒ်ဂါ၌ဖြစ်စေ၊ အခြား မည်သည့်နေရာ၌ဖြစ်စေ နဖိလ်နမာဇ် များ မဖတ်ရ၊ (၁၂)အီးဒ်နမာဇ်ဖတ်ပြီးသွားပါက ဇွှဟ်ရ်အချိန် အထိ အီဒ်ဂါဟ်မှလွဲ၍ အခြားနေရာ များတွင် နဖိလ် နမာဇ်များကို ဖတ်နိုင်သည်၊ (၁၃)အီးဒ်နမာဇ်ဖတ်ရန် အသွားတစ်လမ်း၊ အပြန်တစ်လမ်းသွားခြင်း၊ (၁၄) မိတ်ဆွေများနှင့်နှုတ်ဆက်ခြင်း၊ (၁၅) တွေ့ဆုံနှုတ်ဆက် သူများကို ဂုဏ်ပြုခြင်း၊ (၁၆) ပဂ္ဂရီနှင့် ဝှုဗ္ဗာဟ်များရှိလျှင် ဝတ်ခြင်း၊ (၁၇) မိမိတတ်နိုင်သည်နှင့်အမျှ သာမန်နေ့များထက် ပို၍ လှူဒါန်းခြင်း၊ ဆင်းရဲသားများ စိတ်ပျော်ရွှင်အောင် ဆောင်ရွက်ခြင်း၊ ၎င်းတို့၏ ပျော်ရွှင်မှု

များတွင် မိမိလည်းပါဝင်ပေးခြင်း၊ (၁၈)ကလေးများကို လှလှပပ ဝတ်စားဆင်ယင်ပေးခြင်း၊ သို့သော် မလိုအပ်ဘဲ ဖြုန်းတီးခြင်းနှင့် တရားတော်မှ ခွင့်ပြုချက်မရှိသော ဝတ်စားဆင်ယင်ခြင်းများ မပြုပိုင်ပါ။

(အာဒါးဘို မွစ်သဟာဗါးသ်အခန်း၊ ရှာမီ တွဲ-၂၊ စာ-၁၆၈)၊ အလ်မဂျ်မူအိုရှရ်ဟုလ်မုဟဇ္ဇဗ်၊ စာ-၂ မှ ၂၉၊ တွဲ-၅)

## အီးနေ့တွင် ရှောင်ရှားရမည့်အချက်များ

(၁)များစွာသောအားဖြင့် မွတ်စလင်မ်တို့သည် အထက်ဖော်ပြသော အကျိုးထူးများကို အကျိုးမဲ့သောကိစ္စများ၌ လည်းကောင်း၊ ဂိုနဟ်ပြစ်မှု ကျူးလွန်ခြင်းများ၌လည်းကောင်း နစ်မွန်း၍ ဖျက်စီးလိုက်ကြပေသည်။ ညအချိန်ကို ဈေးများတွင် လှည့်လည်၍လည်း ကောင်း၊ အဆိုအကပွဲများ၊ အတီးအမှုတ်များ စသည်တို့ရှိသော နေရာများ၌ ကုန်ဆုံးစေလိုက်သည်။ ၎င်းညတွင် ကောင်းမှုများပြုလုပ်ကြရန်နှင့် အနည်းဆုံးအဆင့် ရိဗဟ်များကို ရှောင်ရှားကြရန် အထူးပင်အရေးကြီးပါ သည်။ ထို့အတူ အေရှာနမာဇ်နှင့် ဖဂျရ်နမာဇ်တို့၏ ဂျမာအသ်ကို အထူးဂရုစိုက်ကြရန်လိုအပ်ပေသည်။

(၂)အီးဒ်မိုဘာရက် အီးဒ်နေ့မင်္ဂလာ ပို့စ်ကဒ်များ၌ ဆိုးကျိုးများ များစွာပါ၍ ၎င်းတို့ကို ဝယ်ယူခြင်း၊ပို့ခြင်းစသည်တို့ကိုလည်း ရှောင်ရှားသင့်ပေသည်။ (ဥပမာ- ငွေကြေးဖြုန်းတီးမှု သက်ရောက်ခြင်း၊ ၎င်းကဒ်များတွင် သက်ရှိရုပ်ပုံများ၊ သူစိမ်းအမျိုးသမီးများ၏ လုံခြုံမှုမရှိသော ဝတ်ဆင်မှုများဖြင့် ဝတ်ဆင်ထားသော ရုပ်ပုံများ၊ အချို့ကဒ်များတွင် ဗီစ်မိလ္လာ(သို့) ကျမ်းတော်များကို ရေးသားထားပါ၍ မိမိတို့လက်ထက်ဝယ် ရရှိပြီးသောအခါ ၎င်းတို့ကို လေးစားမှုမရှိခြင်း စသည့် များစွာသော ဆိုးကျိုးများရှိနေပါသောကြောင့် အီးဒ်နေ့ မင်္ဂလာပို့စ်ကဒ်များပေးခြင်းကို ရပ်တန့်သင့်ပေသည်။

(၃)အီးဒ်နေ့အတွက် ကြိုတင်ပြင်ဆင်မှုအတွက် ရမဒွါန်လမြတ်၏ အလွန်တန်ဖိုးရှိသော အချိန်များကို ဖြုန်းတီးပစ်ခြင်း၊

(၄)အီးဒ်နေ့အတွက် ပျော်ရွှင်နိုင်ရန် မိမိအင်အားနှင့် အမျှ သုံးစွဲကြရပေမည်။ အကြွေးယူ၍သော်လည်း ကောင်း၊ ဟရာမ်နည်းဖြင့် ရှာဖွေပြီး သုံးစွဲခြင်း စသည်တို့သည် လည်းကောင်း အထူးရှောင်ကြဉ်ရပေမည်။

(၅)အီးဒ်နေ့တွင် အီးဒ်နေ့၏ စွန္နသ်ဟု သတ်မှတ်၍ ရင်ခြင်းကပ် နှုတ်ဆက်ခြင်း (မုအာနကာပြုခြင်း)သည် တရားတော်၌ မည်သည့် အထောက်အထားမှ မရှိပါ။

## အီးဒ်နမာဇ်အချိန်

နေထွက်ပြီး ၁၅မိနစ်ခန့်မှစ၍ နေမွန်းလွဲချိန်ထိ အီးဒ်နမာဇ်ဖတ်နိုင်သော အချိန်ဖြစ်၏။ ၎င်းအချိန်အတွင်း မည်သည့်အချိန်မဆို အီးဒ်နမာဇ် ဖတ်နိုင်သည်။ အကောင်းဆုံးမှာ အီဒ်ဒွလ်အသွဟာကို လျင်မြန်စွာဖတ်၍ အီဒုဖိသ်(ရ)ကို အနည်းငယ်ဆိုင်းငံ့၍ ဖတ်ခြင်းဖြစ်၏။

## အီးဒ်နမာဇ်ဖတ်ရန် နေရာဌာန

အီးဒ်နမာဇ်ကိုကွင်းပြင်တွင်ဖတ်ခြင်းစွန္နသ်

ဖြစ်၏။ ဗလီကျောင်းများတွင် ဖတ်ခြင်းအားဖြင့် နမာဇ်ပိုင်ပါသော်လည်း စွန္နသ်နှင့်ဆန့်ကျင်ဘက် ဖြစ်၏။ သို့သော်လည်း မိုးရွာသွန်းခြင်းကဲ့သို့ သောအကြောင်းများရှိပါက ဗလီ၌သာ ဖတ်ကြရမည်။

**အီးဒ်နမာဇ်ဖတ်နည်း**

ဦးစွာပထမ ကျွန်ုပ်သည် အီးဒ်နမာဇ်နှစ်ရကအသ်ကို ဝါဂျိဗ်သပ်(က)ဗိရ်ဖြခုအပိုနှင့် ဖတ်ပါ၏ဟု နိယသ်ပြုပါ။ ကျန်အချက်များသည် အခြားနမာဇ်များကဲ့သို့ပင်ဖြစ်သည်။ ကွာခြားချက်မှာ ပထမရကအသ်တွင် ဆနာ (စုဗဟားနကလ်လားဟွန်းမ)ဖတ်၍(၃)ကြိမ် အလ္လာဟ်ဟုအက္ကဗာရ်ရွတ်ဆိုပါ၊ အကြိမ်တိုင်း လက်နှစ်ဖက်ကို နားရွက်နှင့်အညီ မြှောက်ပြီး ပြန်လည် ၍ တွဲလောင်းချထားရမည်။ တတိယအကြိမ်တွင် လက်ကိုပြန်လည်ပိုက်ရန်ဖြစ်သည်၊ ၎င်းသက္ကဗိရ်ဆိုချိန်တိုင်းတွင် တစ်ခုနှင့်တစ်ခု (စုဗဟားနလ်လား)ကို ဖတ်လျှင် ကြန့်ကြာသည် အထိ ဆိုင်းငံ့၍နေပါ၊ နမာဇ် ဖတ်သူများပြားလျှင် များပြားသကဲ့သို့ ပို၍ဆိုင်းငံ့နိုင်၏၊ ပထမရကအသ်တွင် (၃)ကြိမ်အလ္လာဟ်ဟု အက္ကဗာရ်ဆိုပြီးနောက်တွင် အအူးဇုဘိလ္လာနှင့် ဘိစ်မိလ္လာဖတ်ပြီး အခြားနမာဇ်များနည်းတူ စူရဟ်ဖွာသေဟာ်နှင့်အခြားစူရဟ်တွဲဖက်ပါ၊ ဒုတိယရကအသ်တွင်လည်း စူရဟ်ဖွာသေဟာနှင့် အခြားစူရဟ်တစ်ခုခု ဖတ်ပြီးနောက် ရကုဟ်မပြုခင်အလျင် ပထမရကသ်အတိုင်း သက္ကဗိရ်(၃)ကြိမ်ထပ်မံဆိုပါ၊ အကြိမ်တိုင်း၌ လက်မြှောက်၍ လက်ကိုပြန်လည်ချရမည်၊ ပြီးလျှင် စတုတ္ထမြောက် သက္ကဗိရ်ဆိုပြီးနောက် ရကုအ်သွားရမည်။

**အီးဒ်နမာဇ်ဖတ်ပြီးချိန်မှ ရောက်ရှိလာသူများ**

တစ်ဦးတစ်ယောက်သည် အီးဒ်နမာဇ် ဖတ်ရာနေရာသို့ နောက်ဆုံးစလာမ်လှည့်ပြီးမှ ရောက်ရှိလာလျှင် ၎င်းသည် အခြားနေရာတစ်နေရာတွင် နမာဇ်မှီနိုင်သေးလျှင် ထိုနေရာ၌ သွားဖတ်လိုက်ပါ၊ နမာဇ်မမှီခဲ့သော် ထိုသို့ မမှီလိုက်သူများသည် တစ်ယောက်ထက်မကရှိနေခဲ့လျှင် ၎င်းတို့သည် အီးဒ်နမာဇ်ကို ဂျမာအသ်နှင့်ဝတ်ပြုလိုက်ပါ၊ ထိုသို့သော အခါတွင် အကောင်းဆုံးမှာ အိဒ်ဂါဟ်၌မဖတ်ဘဲ အခြားတစ်နေရာရာ၌ ဖတ်ခြင်းမြတ်၏၊ သို့သော် နမာဇ်မမှီလိုက်သူသည် တစ်ဦး တစ်ယောက်တည်းဖြစ်နေပါက အီးဒ်နမာဇ်မဖတ်နိုင်တော့ပါ၊ အဘယ်ကြောင့်ဆိုသော် အီးဒ်နမာဇ်သည် ဂျမာအသ်ဖြင့် ဝတ်ပြုရသောနမာဇ်ဖြစ်ပြီး၊ တစ်ဦးတည်း မဖတ်နိုင်သော နမာဇ်ဖြစ်သောကြောင့် ဖြစ်ပါသည်။

**အီးဒ်နမာဇ်အပြီး ဒိုအာ**

အီးဒ်နမာဇ် အပြီး၌သော်လည်းကောင်း၊ အီးဒ် နမာဇ်နောက်တွင်ဖတ်ရသော ခွသ်ဗဟ် အပြီး၌သော်လည်းကောင်း၊ တမန်တော်မြတ်ﷺ ဒုအာ ပြုခဲ့ကြောင်း ထင်ရှားခိုင်လုံသော အထောက်အထားမတွေ့ရှိရပါ၊ သို့ပါသော်လည်း များစွာသော ဟဒီးဆ်တော်များတွင် နမာဇ်အပြီး၌ ဒုအာပြုရန် နှိုးဆော်သော အမိန့်ပညတ်ချက်များ လာရှိထားပါက နမာဇ်အပြီး၌

ဒုအာပြုခြင်းသာလျှင် **အကောင်းမွန်ဆုံးဖြစ်၏။**

**အမျိုးသမီးများ အိဒ်ဂါဟ်သို့သွားခြင်း**

တမန်တော်မြတ် ﷺ ခေတ်အခါသမယတွင် အမျိုးသမီးများသည် ဗလီဝတ်ကျောင်းတော်သို့ သွားရောက်၍ နမာဇ်ဝတ်ပြုခွင့်ပေးထား၏၊ သို့ပါသော်လည်း အမျိုးသမီးများသည် မိမိတို့ နေအိမ်၌ဖတ်ခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်ချက်လာရှိထား၏၊ ထိုအချိန်အခါက အီးဒ်နှစ်ခုစလုံးတွင်လည်း အမျိုးသမီးများ အိဒ်ဂါဟ်သို့ တက်ရောက်ပါဝင်၍ ဖတ်ခဲ့ကြသည်၊ ယင်းခေတ်အခါသည် ကောင်းမြတ်သော ခေတ်အခါဖြစ်ပါသည်၊ ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်ခြင်း၊ ပျက်စီးခြင်းများ ဖြစ်ပေါ်ရန် စိုးရိမ်စရာ နည်းပါး၏။

ယခုကဲ့သို့ စုရုံးမှုတိုင်း၌ တမန်တော်မြတ် ﷺ သည် အသစ်ကျရောက်လာသောအမိန့် ပညတ်များကို တင်ပြတော်မူလေ့ရှိသောကြောင့် ထိုအခါများတွင် အမျိုးသမီးများ ပါဝင် တက်ရောက်ရန် လိုအပ်ပေသည်။ သို့မှသာ ၎င်းတို့သည် ယင်းအချက်များကို သိရှိကြမည်။

တမန်တော်မြတ် ﷺ ခေတ်အခါသမယနောက်ပိုင်ဝယ် ဆိုးရွားသောအခြေအနေများ ဖြစ်ပေါ်လာသော ခေတ်သို့ရောက်ရှိလာသောကြောင့်လည်းကောင်း၊ ဆိုးရွားသည့် ပြဿနာများဖြစ်ပေါ်ရန် စိုးရိမ်မှု များပြားလာသောကြောင့် ၎င်းအမိန့်ပညတ်ချက်အသစ် များ သိရှိကြရန်အတွက် အမျိုးသမီးများ ပါဝင်တက်ရောက်ရန် လိုအပ်ခြင်း မရှိတော့ပါသောကြောင့် ၎င်း ဆွဟာဗဟ်သာဝကကြီးများသည် တမန်တော်မြတ် ﷺ ၏ စိတ်ဓာတ်သဘောထားများကို အွမ္မသ်အားလုံးထက် ပိုမို၍ သိရှိကြသောသူများဖြစ်၏။ **အမျိုးသားများနှင့်** အမျိုးသမီးများရော၍ နမာဇ်ဖတ်ခြင်းကို တားမြစ်ပိတ်ပင်လိုက်ကြပါသည်။သို့ရှိရာ ဟဇရသ်အာအိရှာ رضي الله عنها သခင်မက မိန့်တော်မူခဲ့သည်မှာ...

အကယ်၍ တမန်တော်မြတ် ﷺ သည် ဤအချိန်၌ အသက်ထင်ရှားရှိနေ၍ မျက်မှောက်အခြေအနေအရပ်ရပ်ကို တွေ့မြင်ခဲ့ ရသော် မုချပင် ဗနီအိစ်ရာအီလ်က အမျိုးသမီး များအား တားမြစ်ပိတ်ပင်ခဲ့သကဲ့သို့အမျိုးသမီးများဗလီသို့ ရောက်ပြီး နမာဇ်ဖတ်ခြင်းကို တားမြစ်တော်မူလိမ့်မည်ဖြစ်၏။

မုအ်ဂျမ်ကဗီးရ်တွင် သွဗ်ရာနီကျမ်းရှင်မှ ရေးသား တင်ပြထားသည်မှာ အဗ်ဒွလ္လာဗင်န်မတ်စ်အူးဒ် رضي الله عنه ကို တွေ့ရှိရသည်မှာ ၎င်းသည် အမျိုးသမီးများကို ဗလီမှ ပြင်ပသို့ ထုတ်နေတော်မူသည်။ ၎င်းနှင့် စပ်လျဉ်း၍ မိန့်တော်မူသည်မှာ အသင်မတို့၏ နေအိမ်သည် အသင်မတို့အဖို့ နမာဇ်ဖတ်ရန် အကောင်းဆုံးသောနေရာဖြစ်၏။

အခြားဆင့်ပြန်ချက်တစ်ရပ်တွင်လာရှိသည်မှာ.. ဟဇရသ် အဗ်ဒွလ္လာဟ်ဗင် န် မ**တ်** စ် အူးဒ် رضي الله عنه သည် အလွန်ပြင်းထန်စွာဖြင့် ကစမ်ကြိမ်ဆိုပြီး မိန့်တော်မူခဲ့သည်မှာ အမျိုးသမီးများအဖို့ နမာဇ်ဖတ်ရန် အကောင်းမြတ်ဆုံးသော နေရာ သည် ၎င်းတို့၏နေအိမ်များ၌သာလျှင်ဖြစ်၏။ သို့သော် ဟဂ်ျနှင့် အွမ္မရဟ်ပြုလုပ်စဉ် ကာလများတွင်မူ မပ်ဂျေဒုလ်ဟရာမ်နှင့် မပ် ဂျေဒု**လ်** နဗဝီသို့ သွားရောက်နိုင်ကြပေသည်။

(မဂ်ျမအုဇ်ဇဝါအိဒ် စာ-၁၈၊ တွဲ-၂)

မုဖ်သီ ယူနွတ်စ် (မဇ္ဇာဟေရီ-ခလောက်ကွန်ဒိုင်)

# အမျိုးသမီးများကိုလွတ်လပ်မှုပေးခြင်း၏ နောက်ကွယ်မှ ဖြစ်ရပ်ဆိုးများ

မုဖ်သီ ဂျမီးလ်အဟ်မဒ်

အလ္လာဟ်အရှင်မြတ်သည် သက်ရှိသတ္တဝါတိုင်းကို ဖိုနှင့်မဟူ၍ နှစ်မျိုးနှစ်စားခွဲခြား၍ ဖန်ဆင်းထားတော်မူသကဲ့သို့ လူသားများကိုလည်း ကျားနှင့်မဟူ၍ နှစ်မျိုး ဖန်ဆင်းထားတော်မူကာ ထိုနှစ်မျိုးတို့၏ဖန်ဆင်းမှုသဏ္ဌာန်နှင့် သရုပ်ကို ခွဲဝေထားသည်။

အမျိုးသားနှင့် အမျိုးသမီး၏ ဖန်ဆင်းမှု ပုံသဏ္ဌာန်နှင့် စီမံခန့်ခွဲမှုတို့တွင် အခြေခံ ခြားနားမှုများကို ကွဲပြားစွာ မြင်တွေ့ရပေမည်။ မျက်မှောက်ခေတ်၏ဖက်ရှင်ရောဂါသည် အမျိုးသားနှင့် အမျိုးသမီးတို့၏သဘာဝပြု ခြားနားမှုကို ဖျက်သိမ်းရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းနေပေပြီ။ အမျိုးသမီး များသည် အမျိုးသားများကဲ့သို့ ဝတ်စား ဆင်ယင် နေကြပေပြီ။ အမျိုးသားများသည်လည်း အမျိုးသမီးများကဲ့သို့ ဝတ်စားဆင်ယင်နေကြပေပြီ။ အမျိုးသမီးများသည် ဆံပင်တိုတို ညှပ်ကြပြီး၊ အမျိုးသားများသည် ဆံရှည် ထားကုန်ကြပေပြီ။ အမျိုးသားနှင့်အမျိုးသမီးတို့၏ ခန္ဓာကိုယ် ဖွဲ့စည်းတည်ဆောက်ပုံ မတူညီမှု၊ နှစ်ဦးစလုံး၏ ပုံသဏ္ဌာန်ကွဲပြားခြင်း၊ နှစ်ဦးစလုံး၏ ဘဝခြားနားမှုနှင့် အရည်အချင်းမတူညီမှုများ သီးခြားစီဖြစ်ခြင်း တို့ကိုမူ မည်သူမျှ မငြင်းနိုင်ကြပေ။

### လူ့ဘဝ၏ ကဏ္ဍနှစ်ခု

ကျမ်းတော်မြတ်ကုရ်အာန်နှင့် တမန်တော်မြတ် ﷺ ၏ ပညာ့အလင်းရောင်မလူ့ဘဝကို မတူညီသော အကန့်(ကဏ္ဍ) နှစ်ခုဖြင့် ခွဲခြမ်းစိပ်ဖြာ ထားကြောင်း၊ တစ်အချက်မှာ အိမ်တွင်းမှုကဏ္ဍဖြစ်ကြောင်း၊ နှစ်အချက်မှာ အိမ်အပြင်၏ ကဏ္ဍဖြစ်ကြောင်း သိရပေသည်။ ကဏ္ဍနှစ်ခုစလုံးကို အချိန်နှင့်တစ်ပြေးညီ ပြေပြစ်စွာ၊ အချိုးညီစွာ အကောင်အထည် ဖော်ဆောင်ရန် အရေးကြီး လိုအပ်သည်။ အိမ်တွင်းရေးရာ စီမံခန့်ခွဲမှုများ အရေးကြီးလိုအပ်သကဲ့သို့ ပြင်ပစီမံရေးရာဖြစ်သည့် စားဝတ်နေရေးအတွက် လုပ်ကိုင်ကြိုးပမ်းရခြင်းသည်လည်း အရေးကြီးသည်။ သို့မှသာ အိမ်တွင်း၊အိမ်ပ ကဏ္ဍနှစ်ခုစလုံးသည် တစ်ချိန်တည်း၊ တစ်ပြိုင်တည်းပင် လည်ပတ်ကာ လူနေမှုဘဝ ဖြောင့်တန်းခိုင်မာပေမည်။ ထိုနှစ်ခုမှ တစ်ခုခုလျော့နည်းမည် သို့မဟုတ် ပပျောက်သွားမည်ဆိုက လူ့ဘဝ၏ ချောမွေ့ပြေပြစ်မှု ပပျောက်သွားရပေမည်။

### အမျိုးသားနှင့်အမျိုးသမီးတို့အကြား လုပ်ငန်းခွဲဝေမှု

ထိုကဏ္ဍနှစ်ခု ဟန်ချက်ညီနေရန် အလ္လာဟ်အရှင်မြတ်သည် အမျိုးသားနှင့် အမျိုးသမီးတို့

အကြား လုပ်ငန်းဆောင်တာများကို ခွဲဝေသတ်မှတ် ပေးထားတော်မူသည်။ အမျိုးသားတို့၏ တာဝန်မှာ အိမ်ပြင်ပလုပ်ငန်း တာဝန်ဖြစ်သည်။ ဥပမာ – ရိက္ခာရှာဖွေရန်၊ စီမံအုပ်ချုပ်ရန်၊ လူမှုရေးကိစ္စများ လုပ်ကိုင်ဆောင်ရွက်ရန်စသည်တို့မှာ အမျိုးသား များအား သတ်မှတ်ပေးထားသော လုပ်ငန်း တာဝန်ဖြစ်သည်။ အိမ်တွင်းမှုကို အလ္လာဟ်အရှင်မြတ် နှင့် တမန်တော်မြတ် ﷺ က အမျိုးသမီးများအား လွှဲအပ်တော်မူထားသည်။ ယင်းကဲ့သို့ တာဝန် ခွဲဝေ ပေးတော်မူမှုကို ဉာဏ်အသိဖြင့် စဉ်းစား ချင့်ချိန် သုံးသပ်မည်ဆိုလျှင် အထက်ပါအဖြေကိုပင် ဧကန် မလွဲ ရပေမည်။ အမျိုးသားနှင့် အမျိုးသမီးကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ ကိုယ်ခန္ဓာစွမ်းအင် မကြီးမား ကြောင်းကို မြင်တွေ့ကြရမည်။ အလ္လာဟ်အရှင် မြတ်သည် အမျိုးသားများကို အမျိုးသမီးများထက် ကိုယ်ခန္ဓာစွမ်းအင် ပိုမိုချီးမြှင့်တော်မူထားခြင်း တွင် လည်း အငြင်းဝင်ဖွယ်ရာမရှိသည်မှာ ထင်ရှားလှ သည့် သက်သေအထောက်အထား တစ်ရပ်ဖြစ် သည်။ အိမ်အပြင်လုပ်ငန်းများအတွက် အပင်ပန်း ခံရန်၊ ကြိုးပမ်းအားထုတ်ရန် လိုအပ်သဖြင့် ခန္ဓာ ကိုယ်စွမ်းအားကို အရင်းတည်ရသည်။ အင်အား မသုံး၊ အပင်ပန်းမခံဘဲ ပြီးစီးအောင်မြင်သည်ဟူ၍ မရှိ။ ထိုဖန်ဆင်းထားမှု သဘာဝအရပင် အိမ် အပြင်လုပ်ငန်းကို အမျိုးသားများက လုပ်ကိုင် ဆောင်ရွက်ရပြီး အိမ်တွင်းမှုလုပ်ငန်းများကို အမျိုး သမီးများက တာဝန်ယူဆောင်ရွက်ရခြင်းဖြစ် သည်။

## ဟဇရသ်အလီ နှင့် ဟဇရသ်ဖာသွေမဟ် တို့၏ လုပ်ငန်းတာဝန်ခွဲဝေမှု

ဟဇရသ်အလီ နှင့် ဖာသွေမဟ် တို့သည် လည်း မိမိတို့လုပ်ငန်းတာဝန်များကို ခွဲဝေသတ် မှတ်ခဲ့ကြသည်။ ဟဇရသ်အလီ သည် အိမ်အပြင် လုပ်ငန်းတာဝန်များကို လုပ်ကိုင်ဆောင်ရွက်ပြီး ဟဇရသ်ဖာသွေမဟ် သည် အိမ်တွင်းမှုများဖြစ် သည့် တံမြက်စည်းလှဲခြင်း၊ ကြိတ်ဆုံဖြင့် ဂျုံမှုန့် ကြိတ်ခြင်း၊ ရေခပ်ခြင်း၊ ထမင်းချက်ခြင်း စသည့် အိမ်တွင်းကိစ္စများကို တာဝန်ယူ ဆောင်ရွက်ခဲ့ကြ သည်။ ကျမ်းတော်မြတ်ကုရ်အာန်တွင် အလ္လာဟ် အရှင်မြတ်သည် တမန်တော်မြတ် ﷺ ၏ ကြင်ယာ တော်များအား တိုက်ရိုက်နှင့် ၎င်းတို့မှတစ်ဆင့် မွတ်စလင်မ် အမျိုးသမီးထုကြီးအား وَقَرْنَ فِي بُيُوتِكُنَّ ဟူသော ဗျာဒိတ်တော်ဖြင့် 'အသင်မတို့သည် အိမ်တွင်း ၌သာ စွဲမြဲစွာ နေကြပါ' ဟု မိန့်တော်မူ ထားသည်။ ထိုအာယတ်တော်၌ အမျိုးသမီးများ အား မလိုအပ်ဘဲ အိမ်အပြင်သို့မထွက်ရဟု မိန့်ဆို ရုံမျှမက သဘောသဘာဝအရ အမျိုးသမီးများအား အိမ်တွင်း၌သာ စွဲမြဲစွာနေကာ အိမ်တွင်းရေးရာများ ကိုသာ စီမံခန့်ခွဲ တာဝန်ယူဆောင်ရွက်နေရန် ဖန် ဆင်းထားခြင်းဖြစ်ကြောင်း ရည်ညွှန်းထားပေ သည်။

လူနေမှုဘဝ၏ အဆင့်အတန်းမြင့်မားမှု၊ သာ ယာအေးချမ်းမှု၊ သန့်ပြန့်စင်ကြယ်မှုများကို မ လေးစား၊ တန်ဖိုးမထားသူများ၊ အမျိုးသမီးတို့၏ အပြစ်ကင်းစင်သည့် ဘဝအလှနှင့် ရွှေပေး၍ပင် မရသည့် ဂုဏ်အင်္ဂြေသိက္ခာနှင့် မွန်မြတ်သော

စာရိတ္တများအား မျက်ကွယ်ပြုလိုသူများသည် ထို တာဝန်ခွဲဝေမှုနှင့် အမျိုးသမီးတို့၏ ဘဝ ရတနာ ဖြစ်သည့် အိန္ဒြေနှင့် ဟီရိဩတ္တပ္ပ အရှက်တရား တို့ကို ဟန့်တားပိတ်ဆို့မှုကြီး တစ်ရပ်အဖြစ် ထင် မှတ်ကြစေကာ အနောက်တိုင်းယဉ်ကျေးမှုတို့ကို အားကျစေပြီး အမျိုးသမီးများသည် အမျိုးသားများ တို့နှင့် ရင်ဘောင်တန်းရမည်၊ အမျိုးသမီးများ အိမ် တွင်းပုန်းအဖြစ်မှ လွတ်မြောက်ရန် လှုပ်ရှားရမည် ဟူ၍ သံသေးသံကြောင်ခေါက်ကာ ကြွေးကြော် နေကြသည်။ အမျိုးသမီးထုအား အသင်မတို့သည် အမျိုးသားတို့နှင့် ရင်ဘောင်တန်း၍ အိမ်ပြင်ပ လုပ် ငန်းတိုင်း၌ ပါဝင်နေရာယူနိုင်သည်၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားများတွင်လည်း နေရာများ ရယူ၍ အုပ်ချုပ်နိုင်သည်ဟူ၍ သွေးထိုးလှုံ့ဆော်နေ ကြသည်။ စိတ်ကို နှိုးဆွလှုံ့ဆော် စွဲမက်စေသော ဤကဲ့သို့ ကြွေးကြော်သံလှိုင်းလုံးများပါကာ အမျိုး သမီးအချို့တို့သည် အိမ်အပြင်သို့ထွက်၍ ဟိုတယ် များ၊ ရုံးများတွင် ဝန်ထမ်း လုပ်နေကြပေသည်။ သူစိမ်းအမျိုးသားများ၏ ကိုယ်ရေး အတွင်းရေးမှူး (Private Secretary)နှင့် လက်ရေးတို လက်နှိပ်စက် စာရေး(Steno-Typist) ရာထူးများ ပေးအပ်ခြင်း ခံရတတ်သည်။ စီးပွားရေးသမားများ၊ ကုန်ထုတ် လုပ်ငန်းရှင်များသည် အရောင်းသွက်ရန် အတွက် အရောင်းစာရေးမ (Sale Girl)၊ ကိုယ်ဟန်ပြမယ် (Model Girl) အဖြစ် မြှောက်စားကာ ၎င်းတို့ ၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများကို ကမ္ဘာ့ဈေးကွက် တွင် သေးသိမ်၊ သိက္ခာကျစေ၍ ဝယ်ရောင်း ကိုယ် စားလှယ်များကို ဖိတ်မြှုခဲ့ကြသည်။ သဘာဝ သာသနာ အစ္စလာမ်က အမျိုးသမီးထုအား ဆောင်းပေးခဲ့သော သိက္ခာသရဖူနှင့် လှပသည့်ဘဝ လည်ဆွဲကို ခေတ်ရေစီးတွင် ကူးခတ်နေသူတို့က ဆွဲချွတ်၍ အရောင်းဌာန ၏ ရှိုးကေ့စ်တစ်ခုအဖြစ်၊ အမျိုးသားများ အပန်းဖြေရာ ပစ္စည်းတစ်ခု အဖြစ် သို့ ရောက်စေနေပေပြီ။

**မျက်မှောက်ခေတ်တွင် မြူဆွယ်ရသည့် လုပ်ငန်းမှန်သမျှကို အမျိုးသမီးတို့အား လွှဲအပ်ထားသည်**

အမျိုးသမီးလွတ်မြောက်ရေးဟု အမည်တပ်၍ အမျိုးသမီးတို့အား အုပ်ချုပ်ရေးနေရာများ၊ ဝန်ကြီး နေရာများပေးနေကြခြင်းကို လေ့လာသုံးသပ်မည် ဆိုလျှင် ယင်းကိစ္စတို့တွင် အမျိုးသမီးတို့အား နေရာ ပေးထားမှုမှာ တစ်သိန်းလျှင် တစ်ယောက်နှုန်းမျှ ကိုသာ ခက်ခဲစွာ တွေ့မြင်ရပေမည်။ လက်ချိုးကာ ရေတွက်နိုင်သော ထိုအမျိုးသမီးအချို့မှ လွဲ၍ ကျန် သိန်းပေါင်းများစွာသော အမျိုးသမီးတို့အား မညှာတာ၊ မကြင်နာ၊ မတရားစွာဖြင့် လမ်းများ၊ ဈေးများဆီသို့ ဆွဲထုတ်နေကြခြင်းသာဖြစ် သည်။ အမျိုးသမီးများအား လွတ်မြောက်ရေး ဟူသော ကြွေးကြော်သံများဖြင့် လှည့်ဖျားထားသည်။ ကြည့်တတ်လျှင် ယနေ့ဥရောပနှင့် အမေရိကတွင် နိမ့်ကျသည့်လုပ်ငန်းများ အသီးသီးကို အမျိုးသမီး များအား လုပ်ကိုင်စေသည်ကို မြင်ရပေမည်။ဟို တယ်နှင့် စားသောက်ဆိုင်များတွင် အမျိုးသား ဝန် ထမ်းများကို ရှားရှားပါးပါး မြင်တွေ့ရတတ်ပြီး အမျိုးသမီးဝန်ထမ်းများကိုသာ ပေါပေါများများ မြင်တွေ့နေရသည်။ တည်းခိုခန်းများတွင်မူ အိပ် ခန်းသန့်ရှင်းရေးနှင့် အိပ်ရာခင်းများ လဲလှယ်ခြင်း (Room Attendant) ကိစ္စများသည် အမျိုးသမီး

တို့၏ သီးခြားလုပ်ငန်း ဖြစ်နေချေပြီ။ အရောင်းဆိုင်များတွင်လည်း အမျိုးသားများထက် အမျိုးသမီးများကို ပိုမိုတွေ့မြင်ရပေသည်။

### ခေတ်သစ်ယဉ်ကျေးမှု၏ အံ့ဖွယ်ဖီလော်ဆော်ဖီ

ခေတ်သစ်ယဉ်ကျေးမှု၏သဘောတရားအမြင်တွင် အကယ်၍ အမျိုးသမီးတို့အား အိမ်အတွင်း၌နေစေ၍ မိမိခင်ပွန်း၊ သားသမီးနှင့် မိဘညီအစ်ကိုမောင်နှမများ၏ အိမ်မှုကိစ္စများအား ဆောင်ရွက်စေခြင်းကို ချုပ်ချယ်မှု၊ သေးနုပ်မှုဟု ယူဆထားသည်။ သူစိမ်းအမျိုးသားများအတွက် ချက်ပြုတ်ပေးခြင်း၊ တည်းခိုခန်းရှိ အခန်းများ သန့်ရှင်းရေးလုပ်ပေးခြင်း၊ ဟိုတယ်များနှင့် လေယာဉ်ပေါ်တွင် ဧည့်ခံစေခြင်း၊ အရောင်းဆိုင်များတွင် ဝယ်ယူသူများအား အပြုံးများဖြင့် မြူဆွယ်စေခြင်း၊ ရုံးများတွင် အရာရှိကြီးငယ်များအား ကန္တဲ့ကလျ လုပ်စေခြင်းတို့ကိုအမျိုးသမီးလွတ်မြောက်ရေးနှင့် ဂုဏ်မြင့်တင်ပေးရေးဟု ကြွေးကြော်နေသည်။ လွန်စွာ ကြေကွဲဖွယ်ကောင်းလှသည်။ အမျိုးသမီးတို့သည် အိမ်ပြင်ထွက်၍ ဝမ်းရေးအတွက် ၈ နာရီခန့်မျှ အလုပ်လုပ်ကြရပြီး အလုပ်မှပြန်လာသောအခါ အိမ်အလုပ်များကို လုပ်နေရခြင်းမှာလည်း မတရားကျင့်မှုပင်ဖြစ်နေသည်။ ဥရောပနှင့် အမေရိကရှိ အမျိုးသမီးအများစုမှာ ပြင်ပလုပ်ငန်းခွင်တွင်၈ နာရီ အလုပ်လုပ်ပြီးနောက် အိမ်ရောက်သောအခါ ချက်ပြုတ်၊ ဆေးကြော၊ သန့်ရှင်းရေး အလုပ်များကိုလည်း ယခုအချိန်ထိ လုပ်နေကြရဆဲ ဖြစ်သည်။

### ယနေ့မျက်မှောက်ခေတ်၏ မိသားစုစီမံကိန်း ပျက်စီးသွားချေပြီ

အလ္လာဟ်အရှင်မြတ်သည် အမျိုးသမီးများအား အိမ်၏တာဝန်ခံ၊ အိမ်တွင် စီမံခန့်ခွဲသူ အဖြစ် ဖန်ဆင်းထားလေသည်။ မိသားစုလုပ်ငန်းစဉ် ခိုင်မြဲစေရန် ဖန်ဆင်းထားခြင်းဖြစ်သည်။ အမျိုးသမီးသည် အိမ်ပြင်သို့ထွက်ရသောအခါ မိဘသည် ပြင်ပလောက၌၊ သားသမီးများသည် စာသင်ကျောင်းလောက၌ ရှိနေရသဖြင့် အိမ်ကို သော့ခတ်ထားလိုက်ရသည့်အတွက် မိသားစု လုပ်ငန်းစဉ် ပျက်ပြားသွားရတော့သည်။ အလ္လာဟ်အရှင်မြတ်သည် အမျိုးသမီးများအား အိမ်တွင်း၌နေ၍ အိမ်၏ စီမံခန့်ခွဲမှုပြုရန်၊ ရင်သွေးများအား ပြုစုပျိုးထောင်ရန် ဖန်ဆင်းထားသည်။ ရင်သွေးများ၏ ပထမဆုံး ပြုစုပျိုးထောင်ရေးဌာနသည် မိသားစုဖြစ်သည်။ မိခင်ထံမှပင် ကောင်းမြတ်သော စိတ်ဓာတ်များနှင့် လုပ်ရပ်များကို သင်ယူဆည်းပူးရသည်။ ဘဝလုပစေရန် နည်းစနစ်မှန်များကို သင်ယူကြရသည်။ ယခုခေတ်အနောက်တိုင်းနိုင်ငံများ၏ လူနေမှုဘဝတွင် ကလေးငယ်များသည် မိဘတို့၏မေတ္တာကို မရကြ။ ဇနီးသည် လုပ်ငန်းခွင်တစ်ခုတွင် အလုပ်လုပ်နေလျှင် ခင်ပွန်းသည် အခြားလုပ်ငန်းဌာနတစ်ခုတွင် အလုပ်လုပ်နေရသဖြင့် တစ်နေကုန်တစ်ဦးနှင့် တစ်ဦး မတွေ့ဆုံဖြစ်ကြတော့။ နှစ်နေရာစလုံးတွင် လွတ်လပ်သော လူမှုပတ်ဝန်းကျင်ဖြစ်နေခြင်းကြောင့် အိမ်ထောင်ရေးတွင် အားနည်းချက်များဖြစ်ပေါ်ကာ လင်ကွာ မယားကွာ ပြတ်စဲမှုများပင် ဖြစ်ပေါ်ရတော့သည်။

## အမျိုးသမီးများနှင့် စပ်လျဉ်း၍ ဂေါ်ဘာချော့ဗ်၏အမြင်

အထက်ပါစကားရပ်များကို ကျွန်တော်တစ်ဦးတည်းသာ ရေးသားတင်ပြလျှင် ကျွန်တော့်အား ဘာသာရေးအစွန်းရောက်ဝါဒီဟု စွပ်စွဲကောင်း စွပ်စွဲကြပေလိမ့်မည်။ ယင်းစကားရပ်များကို ဆိုဗီယက်ယူနီယံ၏ နောက်ဆုံးသမ္မတ မစ်ခေးလ် ဂေါ်ဘာချော့ဗ်(Gover Chewb) ကလည်း 'ပရိစထရိုက်ကာ' (Pro-striker) အမည်ဖြင့် ကမ္ဘာကျော်စာအုပ်တစ်အုပ်ကို ရေးသားခဲ့ရာ ယင်းစာအုပ်၌ ဂေါ်ဘာချော့ဗ်က အမျိုးသမီးများနှင့် စပ်လျဉ်း၍ (Status of Women) အမျိုးသမီးအဆင့်အတန်းဟူသော အခန်း တစ်ခန်း ရေးသားထားသေးသည်။ ၎င်းက 'ကျွန်ုပ်တို့၏ အနောက်တိုင်းနိုင်ငံများ၏ လူမှုဘဝအလွှာတွင် အမျိုးသမီးများကို အပြင်ထွက်၍ အလုပ်လုပ်စေခဲ့ရာ စားဝတ်နေရေးအတွက် အကျိုးအမြတ်များ ရရှိခဲ့သည်၊ အမျိုးသားများနှင့် ရင်ဘောင်တန်း၍ အလုပ်လုပ်ခဲ့သည့်အတွက် သီးနှံအထွက်တိုးခဲ့သည်။ သီးနှံထွက်နှုန်း များခဲ့သော်လည်း မိသားစုဘဝ ပျက်ပြားသွားခဲ့သည်။ သို့ဖြစ်ပေရာ ကျွန်တော်သည် မိမိနိုင်ငံတွင် ပရိစထရိုက်ကာ(Pro-striker) အမည်ဖြင့် လှုပ်ရှားမှုတစ်ခု စတင်လိုက်သည်၊ ယင်းလှုပ်ရှားမှု၏ အဓိကရည်ရွယ်ချက်မှာ **အိမ်အပြင်သို့ ရောက်နေသော အိမ်ရှင်မများအား အိမ်အတွင်းသို့ မည်သို့ ပြန်လည်ခေါ်ဆောင်ရမည်ကို စဉ်းစားရန်** ဖြစ်ပါသည်၊ သို့မဟုတ်ပါက ကျွန်ုပ်တို့၏ မိသားစုဘဝ ပျက်ပြားနေသည်နှင့်အတူ ကျွန်တော်တို့ တမျိုးသားလုံးပါ ပျက်စီးသွားမည်ကို စိုးရိမ်ရသည်။'

**မော်လာနာ ဂျမီးလ်အဟ်မဒ်**

## အစာအိမ်မဖြစ်အောင်... HEALTH FOR ALL

- **အစာစားချိန်မမှန်ခြင်း၊ အပူအစပ် အစာများစားခြင်း၊ အကိုက်အခဲပျောက်ဆေးများ မဆင်မခြင် သောက်ခြင်းတို့သည် အစာအိမ်ကို ပြင်းထန်စွာ ဒုက္ခပေးနိုင်သည်။**
- ထိရောက်သောကုသမှုဖြင့် အမြစ်ပြတ်ကုသခြင်း၊ အစားအသောက် ဆင်ခြင်ခြင်း၊ အချိန်မှန် စားခြင်း၊ စိတ်သောက လျှော့ခြင်း။
- နာတာရှည်အစာအိမ်အနာသည် အစာအိမ်အထွက်တွင် ပိတ်ဆို့ခြင်း၊ ကင်ဆာအဖြစ်ပြောင်းသွားနိုင်ခြင်း၊ အစာအိမ်တွင်း သွေးယိုစီးခြင်း စသည်တို့ ဖြစ်လာလျှင် အစားအသောက်ပျက်မည် ၊ ဗိုက်အောင့်မည်၊ ပိန်ချုံးမည်။ သို့ဆိုက သမားတော်များနှင့် ပြသ၍ အချိန်မလွန်ခင် ခွဲစိတ် ကုသမှုခံယူရန် အရေးကြီးလိုအပ်သည်။
- ပြင်းထန်သော အကိုက်အခဲပျောက်ဆေးများကို မဆင်မခြင်သောက်ခြင်း (ဥပမာ Voltaren ကဲ့သို့ ဆေးမျိုး)သည် အစာအိမ်တွင်း သွေးယိုစီး နိုင်သဖြင့် ယင်းဆေးများကို လိုအပ်၍ သောက်ရမည်ဆိုက အစာစားပြီးမှ သောက်ရမည်။

**Dr. K Zaw (M.B.,B.S)**

# ဥပုသ်သီလစောင့်ထိန်းသူများအတွက် အထူးဆုလာဘ်

**မုဖ်သီ အင်မ်ရာန်ခါးန် (မဇ္ဇာဟေရီ)**

عــن ســهل بن ســعد ﵁ عــن الــنبى ﷺ قــال:ان
فــى الــجنة بابايقــال له الــريان يدخل منه الصائمون
يــوم الــقيامــة لا يدخــل مــنه احد غيرهم يــقال اين
الــصا ئـمون فــيقومــون لا يــدخل منه احد غيرهم
فــاذا دخــلوا اغلق فلم يدخل منه احد ﴿بخارى - مسلم - ترمذى﴾

တမန်တော်မြတ် ﷺ က

"ဂျန္နသ်၏ တံခါးပေါက်များအနက် အထူးတံခါးပေါက် တစ်ပေါက် ရှိသည်၊ ထိုတံခါးပေါက်ကို (ရိုင်ယားန်) ဟုခေါ်သည်၊ ကိယာမတ်နေ့တွင် ထိုတံခါးပေါက်မှ ဥပုသ်သီလစောင့်ထိန်းသူသာလျှင် ဝင်ခွင့်ရမည်၊ ထိုသူမှအပ အခြားမည်သူမျှ ဝင်ခွင့်မရ။ အလ္လာဟ်အရှင်က ငါအရှင်အတွက် ဥပုသ်သီလစောင့်ထိန်းသူများ အဘယ်မှာနည်းဟု ကြေညာမေးမြန်းတော်မူမည်။ ဥပုသ်သီလစောင့်ထိန်းသူများသည် ထိုမေးမြန်းသံကြား၍ထကြကာ ထိုတံခါးပေါက်မှ ဝင်သွားကြမည်၊ ထိုသူများမှအပ အခြားမည်သူမျှ ထိုတံခါးပေါက်မှ ဂျန္နသ်သို့ ဝင်ကြရမည် မဟုတ်၊ ထိုဥပုသ်သီလစောင့်ထိန်းသူများဝင်ရောက်ပြီးနောက် တံခါးပေါက်ပိတ်သွားမည်၊ တံခါးပိတ်သွားသောကြောင့် နောက်ထပ်မည်သူတစ်ဦးတစ်ယောက်မှ ထိုတံခါးမှ မဝင်နိုင်တော့" ဟု ပြောပြတော်မူကြောင်း သာဝကကြီး ဟဇရသ် စဟာလ်ဗ်န် စအတ်ဒ် ﵁ က ဆင့်ပြန်ထားသည်။

(ဗုခါရီ၊ မွတ်စလင်မ်၊ သိရ်မဇီ)

ကိယာမတ်နေ့တွင်
ထိုရိုဇာဥပုသ်က
ဥပုသ်သည်တိုင်းအတွက်
အသနားခံပေးပြီး
အရှင်မြတ်ထံတော်မှ
ခွင့်လွှတ်ချမ်းသာမှု
ရစေမည်။
(ဘိုင်ဟကီကျမ်း)

## ရှင်းလင်းချက်

ဟဒီးဆ်တော်များတွင် ဥပုသ်သည်များနှင့် စပ်လျဉ်း၍ အမျိုးမျိုးသော ထွက်မြတ်မှုများ လာရှိထားသည်။ ထိုထွက်မြတ်မှုများအနက် ထွက်မြတ်မှုတစ်မျိုးမှာ ဤဟဒီးဆ်တော်ဘွင် အထူးဆုလာဘ်တစ်ရပ်အဖြစ်အသိပေး တော်မူထားသည်။ "ဥပုသ်သီလ စောင့်ထိန်းသူများ အတွက် အလ္လာဟ်အရှင်မြတ်က အထူးဆုလာဘ် တော်ချီးမြှင့်သည်မှာ ကိယာမတ် ကမ္ဘာ့တရားခွင် နေ့တွင် ဥပုသ်သည် အားလုံးကို (ရိုင်ယားန်) ဟု မည်တွင်သော အထူးတံခါးပေါက်မှ ဂျန္နသ်ထဲ သို့ ဝင်ခွင့်ပြုမည်၊ ထိုတံခါးပေါက်သည် ဥပုသ်သည် များအတွက်အထူးပြုထားခြင်းဖြစ်ပြီး အခြား မည်သူ အတွက်မျှမဟုတ်ကြောင်း" တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်။

ဥပုသ်သီလစောင့်ရာတွင် ရေဆာသည့် ဒဏ်ကိုခံစားရသောကြောင့်ဥပုသ်သည်များ၏ သည်းခံမှုနှင့် ကိုက်ညီသော ဆုလာဘ်ကို ချီးမြှင့်တော် မူခြင်းဖြစ်သည်။ ဆိုလိုသည်မှာ (ရိုင်ယားန်)အမည်ရှိ တံခါးပေါက်ဖြင့် ဝင်ခွင့်ရခြင်းဖြစ်သည်၊ ဂျန္နသ်ထဲ သို့ရောက်ရှိသွားပြီးနောက် ဆာလောင်ငတ်မွတ်ခြင်း ဒဏ်မခံရတော့ကြောင်း၊ အထူးသဖြင့် ထို (ရိုင်ယားန်) တံခါးပေါက်၏အာနိသင် စွမ်းအင်စူးရှပုံမှာ ထိုတံခါးပေါက်ကို ဖြတ်ကျော်သည်နှင့် ထိုသူအား ရေငတ်ပြေမှုတစ်မျိုး ခံစားစေမည်၊ ထို အရသာသည် ဂျန္နသ်သို့ရောက်ရှိသွားသော် လည်း ခံစားမြဲ ခံစားရမည်။

## ရိုဇဟ်ဥပုသ်၏စည်းမျဉ်းစည်းကမ်းများ

၁

ရိုဇဟ်ဥပုသ်၏အဓိကရည်ရွယ်ချက်တွင် အလ္လာဟ်အရှင်မြတ်၏နှစ်သက်မှုရယူရေးနှင့် ထို အရှင်မြတ်၏အမိန့်ကိုနာခံရေးတို့ ပါဝင်သည်။ စဝါးဗ်ကုသိုလ်ရရှိရန် အလို့ငှာ ဥပုသ်စောင့်ရမည်၊ ဟဒီးဆ်တော်များတွင် "ယုံကြည်မှုနှင့်စဝါးဗ် ရရန် အလို့ငှာ ရိုဇဟ်ထားရမည်ဖြစ်ကြောင်း" အခိုင် အမာလာရှိသည်။ (ဗုခါရီနှင့်မွတ်စလင်မ်ကျမ်း)

၂

ကိယာမသ်နေ့တွင် ထိုရိုဇဟ်ဥပုသ်က အသ နားခံပေးမည်၊ ဥပုသ်သည်တိုင်းအတွက် အသနား ခံပေးပြီး ခွင့်လွှတ်ချမ်းသာမှုရစေမည်။
(ဘိုင်ဟကီကျမ်း)

၃

ရမဒွါန်လမြတ် ရိုဇဟ်တစ်ရက်၏ စဝါးဗ် ကုသိုလ်ကိုသက်တမ်းတစ်လျှောက်လုံး နဖိလ် ရို ဇဟ်များစောင့်လျှင်လည်း မရနိုင်၊အခြားအခြား သော ကောင်းမှုကုသိုလ်များ၏ အကျိုးစဝါးဗ် ဘရကတ်တော်များဖြင့်လည်း အစားထိုး၍မရနိုင် နိုင်ချေ။(ဗုခါရီ၊ သိရ်မေဇီ၊ အိဗ်နေမာဂျဟ်ကျမ်း)

၄

ဥပုသ်သီလစောင့်ထိန်းစဉ် ရိုဇဟ်၏ စည်းကမ်းချက်များကိုလိုက်နာရန် အရေးကြီး လိုအပ်သည်။ ရှောင်ရန်အချက်များကို ရှောင်ကြဉ်မှသာ ရိုဇဟ်သည် လွန်ခဲ့ပြီးသောသက်တမ်းကို အစားချေပေးမည် ဖြစ်သည်။

(အိဗ်နေဟဗ်ဘာန်၊ ဘိုင်ဟကီကျမ်း)

၅

ရိုဇဟ်စောင့်ထိန်းနေစဉ် အကျိုးမရှိသော လုပ်ရပ်၊ ညစ်ညမ်းသောစကား၊ ဆဲရေးတိုင်းထွာမှုများ၊ အော်ဟစ်ဆူပူမှုများမှ ရှောင်ကြဉ်ရမည်။ အကယ်၍ တစ်ဦးတစ်ယောက်က ရန်မူဆဲရေး တိုင်းထွာလာလျှင် 'ကျွန်တော်မှာရိုဇဟ်ရှိသည်' ဟု ပြောပါ။ ထိုအချိန်မျိုးများတွင် တိတ်ဆိတ်စွာ သည်းခံမှုကို လက်ကိုင်ထားပါ။ (ဗုခါရီ၊ မွတ်စလင်မ်ကျမ်း)

၆

ရိုဇဟ်ဥပုသ်စောင့်ထိန်းထားစဉ် လူသားသည် အကုသိုလ်နှင့် မဖွယ်မရာလုပ်ရပ်များ (မုသား၊ အတင်းပြောခြင်း) မှ မရှောင်ကြဉ်ဘဲ အကုသိုလ်မှုများကျူးလွန်နေလျှင် ထိုရိုဇဟ်မျိုးကို အလ္လာဟ်အရှင်အလိုတော်မရှိ၍ လက်ခံတော်မမူပေ။ (မွတ်စလင်မ်ကျမ်း)

## မေတ္တာစာ

ရိုဇဟ်ကပြဋ္ဌာန်းသော စည်းကမ်းနည်းလမ်းများကို တစ်သဝေမတိမ်းလိုက်နာ၍ မကောင်းမှုအကုသိုလ်နှင့်မဖွယ်ရာသော လုပ်ရပ်များမှ ရှောင်ကြဉ်ကာ အလ္လာဟ်အရှင်နှစ်သက်သဘောတူတော်မူရန်အတွက်သာ စောင့်ထိန်းရမည်။ မိမိ၏ရိုဇဟ်ကို ဘက်စုံမှ အလှဆင်ကာ ချီးမြှင့်မည့်ဆုလာဘ်များရယူရန် အစွမ်းကုန်ကြိုးစားရမည်။ မုသားသုံးခြင်း၊ လိမ်ညာပြောခြင်း၊ သူတစ်ပါးမကောင်းကြောင်း နောက်ကွယ်အတင်းပြောခြင်း၊ နားထောင်ခြင်းတို့သည် ရမ်မဇွါန်လတွင်သာ ဂုနာဟ်ထိုက်ခြင်းမဟုတ်၊ အခြားလ၏နေ့ရက်များတွင်ပါ ဂုနာဟ်ထိုက်သည်၊ ရမဇွါန်လတွင် ထိုဂုနာဟ်များအတွက် ပိုမိုအပြစ်ကြီးသွားသည်။ ထို့ကြောင့် အတတ်နိုင်ဆုံး ထိုလုပ်ရပ်များမှ ရှောင်ကြဉ်နေထိုင်နိုင်ရန် အစွမ်းကုန် ကြိုးစားရပေမည်။

**မုဖ်သီ အင်မ်ရာန်ခါန်း မဇ္ဇာဟေရီ**
**မုဟာမ္မဒီယာကျောင်းဆရာ**

# လူတန်းစားခွဲခြားမှုနှင့်မာန်မာန

ယနေ့ မွတ်စလင်မ် လောကကို လက်တွေ့ သုံးသပ်ပါက အစ္စလာမ် တရားတော်တွင် လုံးဝ မလိုလားအပ်သော 'လူတန်းစားခွဲခြားမှုများ'၊ 'မာနထောင်လွှားမှုများ' ပြည့်နှက်လျက် ရှိနေသေးသည်ကို စိတ်ပျက်ဖွယ် တွေ့ရှိရပေမည်။ အဘယ်အကြောင်းရင်းကြောင့် (လူတန်းစား ခွဲခြားခြင်းနှင့် မာန်မာန ထောင်လွှားခြင်း) စရိုက်ဆိုးများ ပြန့်နှံ့နေရသည်ကို သုံးသပ်ကြည့်လျှင် ဆင်းရဲ၊ ချမ်းသာခြင်းဟူသော အကြောင်းအရင်းကို အချက်တစ်ချက် အနေနှင့် တွေ့ရှိရပေလိမ့်မည်။ ချမ်းသာလျှင် အတန်းအစားမြင့်သည်၊ ဆင်းရဲလျှင် အတန်းအစားနိမ့်သည်ဟူ၍ ကြေးငွေ ပစ္စည်းဥစ္စာ အပေါ်တွင်မူတည်ပြီး ဝေဖန်အကဲဖြတ်တတ်သော ဤခေတ်၏ မှားယွင်းချက်ကြီး တစ်ချက်ပင် ဖြစ်တော့၏။ ထိုအမှားကို ကျွန်ုပ်တို့ ပြုပြင်နိုင်ကြမှသာလျှင် အမြင်မှန်ကိုရပေလိမ့်မည်။လူတန်းစားမခွဲခြားရေးဝါဒကို ကျွန်ုပ်တို့ လက်တွေ့အားဖြင့် တစ်နေ့လျှင် ငါးကြိမ်ကျင့်သုံးခွင့်ရရှိနေကြ ပေသည်။ ဗလီဝတ်ကျောင်းတော်တွင် ဂျမာအသ် လူစုလူဝေးဖြင့် စွလားသ်ဆောက်တည်ကြရာ၌ ဘုရင်သမ္မတမှအစ၊ သူတောင်းစားအဆုံး တညီတညာတည်း ပခုံးချင်းယှဉ်ရပ်ခွင့်၊ ထိုင်ခွင့်၊ ဝတ်ပြုခွင့် ရှိနေသည်မဟုတ်ပါလော။ ကြီးကျယ်မြင့်မြတ်ဆုံးသော အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်ဝယ် မည်သူမျှ ကြီးသည်၊ မြတ်သည်၊ ယုတ်သည်၊ ညံ့သည်ဟူ၍ မရှိ။ အယုတ်၊ အလတ်၊ အမြတ်မရွေး လူလူချင်း တန်းတူသာလျှင် ဖြစ်ကြသည်ဟူသောအနေနှင့်တစ်ကြောင်း၊ အခြား အကြောင်းတစ်ရပ်မှာလည်း တစ်ဆူတည်းသော ကိုးကွယ်ရာ အလ္လာဟ်အရှင်မြတ်ကို သက်ဝင် ယုံကြည်ကြသော မွတ်စလင်မ်ညီနောင်မှန်သမျှတွင် အတန်းအစားဆိုသော ခွဲခြားမှု မရှိအပ် ဟူသော အကြောင်းကြောင့် လည်းကောင်း၊ ယင်းသည့်အကြောင်းကြောင်းတို့ကို ထောက်ရှုခြင်းအားဖြင့် ပင်လျှင် အစ္စလာမ်တရားတော်တွင် လူတန်းစားခွဲခြားရေး ဝါဒဆိုး မရှိကြောင်းကို

အလ်ဟာဂျ် မော်လာနာ အာရစ်ဖ် (မဒနီ တခြမ်းပဲ့ပလီ)

လက်တွေ့ဖော်ဆောင်ပြသောအနေနှင့် ကျွန်ုပ်တို့သည် ဗလီဝတ်ကျောင်းတော်များ၌ တစ်နေ့လျှင် ငါးကြိမ်ကျ စုစည်းနေကြသည်။ တစ်နှစ်လျှင် အီးဒ်နေ့ နှစ်နေ့အဖို့ နှစ်ကြိမ်မျှထပ်မံ၍ လက်တွေ့ပြနိုင်ကြသေးသည်။ မက္ကာ ရွှေမြို့တော်ကြီးတွင်မူကား နှစ်စဉ်နှစ်တိုင်းပင် သန်းနှင့်ချီသော ကမ္ဘာ့မွတ်စလင်မ်လူထုကြီးက သရုပ်ဖော်ပြသလျက် ရှိနေသည်။

ကျွန်ုပ်တို့သည် ထိုလူတန်းစား မခွဲခြားရေး ယုံကြည်ချက်ကို ဗလီကျောင်းတော် တက်နေသည့် အခိုက်အတန့်တွင်သာလျှင်လက်တွေ့ပြသကြပြီး ဦးနှောက်တွင်းဝယ် ဆွဲငင်မထားတတ်ကြသဖြင့် ဗလီဝတ်ကျောင်းတော် အပြင်ဘက်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် ထိုသရုပ်ဆောင်ကွက်များ ပျောက်ကွယ်သွားကြရသည်မှာ ဝမ်းနည်းဖွယ်ရာပင်ဖြစ်သည်။

## ရှိုင်တွာန်မာရ်နတ်၏ဝါဒ မာန်မာန

လူတန်းစားခွဲခြားလိုသည့် စိတ်ဓာတ် ဖြစ်ပေါ်ရခြင်းအကြောင်းအရင်းကို ရှာဖွေသော် မာန်မာန ပလွှားမှုကိုလည်း အကြောင်းအရင်း တစ်ခုအနေနှင့် တွေ့နိုင်သေးသည်။

မာန်မာနဟူသည် အစ္စလာမ်ဘာသာဝင် တို့အဖို့ ကြောက်မက်ဖွယ်ရာအကောင်းဆုံးသော ဘေးအန္တရာယ်ကြီး တစ်ခုဖြစ်သည်။

မာန်မာနစိတ်မွေးမြူသူသည် အလ္လာဟ်အရှင်မြတ်၏ ရန်သူသာလျှင်ဖြစ်ချေသည်။ မရေမတွက်နိုင်သောနှစ်ပေါင်းများစွာက မိုးကောင်းကင်**မှန်သမျှနှင့် မဟာ ပထဝီမြေကြီး မှန်သမျှပေါ်တွင် ဇီးရွက်တစ်ရွက်စာနေရာမလပ်** မွေးမြူဖန်ဆင်း**တော်မူသော အလ္လာဟ်အရှင်မြတ်အား ဦးနှိမ်ချကာ** ခဝပ်ရိုကျိုးဆည်းကပ်ခဲ့သော အဇာဇီလ် ခေါ်ဖရစ်ရှ်သာ ကောင်းကင်တမန်တို့၏ ဆရာသည် အနည်းငယ်မျှသော မာန်မာနစိတ်ဓာတ် မွေးမြူမိသည့် အတွက်ကြောင့် အလ္လာဟ်အရှင်မြတ်၏ အပြစ်ဒဏ်တော် ကျရောက်ကာ (အိဗ်လီစ်) မာရ်နတ်ဘဝဖြင့် အပါယ်လားရပေဦးမည်။

မိမိကိုယ်ကို နှိမ့်ချခြင်း၊ သည်းခံခြင်း၊ ရန်တုံ့မပြန်ခြင်း၊ ချိုသာဖော်ရွေခြင်းတို့ကို အစ္စလာမ်တရားတော်က အထူးနှစ်ခြိုက်လေရာ တမန်တော်မြတ် ﷺ သည် မာနစိတ် ဆံချည်မျှင် တစ်မျှင်မျှပင် မွေးမြူတော် မမူခဲ့။ အထက်ကဆိုခဲ့သော နှိမ့်ချ၊ ဖော်ရွေ၊ ချိုသာစွာနှင့် ရန်တုံ့မပြန်၊ သည်းခံတော်မူခြင်းဖြင့်သာ ကမ္ဘာသူ ကမ္ဘာသားတို့အား လက်တွေ့ သင်ခန်းစာများ ပေးတော်မူခဲ့သည် မဟုတ်လော။

တစ်သိန်းနှစ်သောင်းလေးထောင်ကျော်သော နဗီတမန်တော်များ၏ခေါင်းဆောင်၊ မကိုင်ဋ္ဌ သရဖူထိပ်ခေါင်ဖြစ်တော်မူသော တမန်တော်မြတ် မုဟမ္မဒ် ﷺ ကိုယ်တော်တိုင်သော်မှ ထိုမျှ နှိမ့်ချကာ မာန်မာနကို ပယ်ရှားတော်မူခဲ့လျှင် လူသာမန်မျှဖြစ်ကြကုန်သော ကျွန်ုပ်တို့သည် မာန်မာနကို မပယ်ရှား၊ မနှိမ့်ချပါက ကျွန်ုပ်တို့ထက် ဖူးစာဆိုးသူ ဟူ၍ ဤလောကတွင် ရှိနိုင်တော့မည် မဟုတ်။





# သာသနာ့ အာဇာနည်အမျိုးသမီးများ

လောကတွင် ပထမဦးဆုံး သာသနာ့ အာဇာနည် "ရှဟီးဒ်" ဖြစ်ခဲ့သည့် အမျိုးသမီးမှာ ဟဇရတ် စုမိုင်ယဟ် رضي الله عنها ဖြစ်သည်။

အစ္စလာမ်သာသနာကို ပထမဆုံးလက်ခံခဲ့သည့် အမျိုးသမီးမှာ မိခင်ကြီး ဟဇရတ် ခဒီဂျဟ် رضي الله عنها ဖြစ်ပေသည်။

ပထမဆုံး "မုဟဒ်ဒိစ်"ဟဒီးစ်ပါမောက္ခအမျိုးသမီးမှာ မိခင်ကြီး ဟဇရတ် အာအေရှဟ် رضي الله عنها ဖြစ်ပေသည်။

လောကတွင် အခက်အခဲ အကျပ်အတည်းများစွာ ကြုံတွေ့သည့်ကြားကပင် သည်းခံနေခဲ့သော အမျိုးသမီးမှာ ဖစ်ရ်အောင်နိမင်းဆိုး၏ဇနီး ဟဇရတ်အာစီယဟ် ဖြစ်ပေသည်။

လောကတွင် သာသနာ့ချစ်စိတ်ပိုခဲ့သောသူမှာ အမျိုးသမီးပင်ဖြစ်၍ တမန်တော်မြတ်၏ ဂူဗိမာန်တော်ကို ကြည့်ရှုပြီးနောက် ကွယ်လွန်ခဲ့လေသည်။

အလ္လာဟ်အရှင်မြတ်သည်

ထူးကဲမြင့်မြတ်သော ဂုဏ်ရည်ရှိ ထိုမွတ်စလင်မ်အမျိုးသမီးအပေါင်းတို့အား

နစ်သက် သဘောတူလက်ခံတော်မူသကဲ့သို့ ယနေ့ခေတ် မွတ်စလင်မ်သမီးပျိုများအား

ထိုသူတို့၏အရည်အချင်း ချီးမြှင့်တော်မူပါစေ။

**အာမီးန်**

ချမ်းသာကြွယ်ဝလျှင်အတန်းအစားမြင့်သည်၊ ဆင်းရဲနွမ်းပါးလျှင် အတန်းအစားနိမ့်သည် ဆိုသော မှားယွင်းသည့် ယုံကြည်ချက်ကိုလည်း ကျွန်ုပ်တို့ လုံးဝစွန့်ပယ်သင့်ကြပြီ။ ဖြောင့်မတ်မှန်ကန်ခြင်း၊ သစ္စာသမာဓိရှိခြင်းကိုသာ စံပြုကာ လူ့တန်ဖိုးကို ဖြတ်သင့်ပေသည်။

မတည်မြဲသော (ဝါ) အနိစ္စသဘော ဆောင်ထားသော ပစ္စည်းဥစ္စာကို ချိန်ထိုးကာ အကဲဖြတ်ပါက အဘယ်မှာလျှင် အမြင်မှန်ရနိုင်အံ့နည်း။

လူတန်းစားမခွဲခြားရေးသည် အစ္စလာမ်ဝါဒ ဆိုသည်ကို ထိုမျှနှင့် ထင်ရှားလောက်ပေပြီ။ ထိုဝါဒသည် မွတ်စလင်မ်တို့အဖို့ အသစ်အဆန်း မဟုတ်သော်လည်း ထိုဝါဒကို လက်တွေ့ကျင့်သုံးနိုင်ရန်ကား မလွယ်ကူလှ။ လွယ်ကူစွာ ကျင့်သုံးနိုင်မည့် နည်းလမ်း တစ်လမ်းသာလျှင်ရှိသည်။ ထိုလမ်းမှာ အခြားမဟုတ်၊ တမန်တော်မြတ် ﷺ ၏စွန္နသ်တော် ကို လက်တွေ့လိုက်နာ ကျင့်သုံးရမည့်လမ်းသာလျှင်ဖြစ်သည်။

မွတ်စလင်မ်တိုင်းသည် တမန်တော်၏ ကျင့်စဉ်ကို ဂရုတစိုက်လက်တွေ့ကျင့်သုံးလိုက်နာ နိုင်ကြပြီဆိုလျှင် ယနေ့ကမ္ဘာတွင် တစ်စာစာဟာစ်အော်နေရသော ငြိမ်းချမ်းရေးသည် ဘဝရှေ့မှောက်သို့ ဆိုက်ရောက်လာမည်မှာ မုချပါ။

**အလ်ဟားဂျ် မော်လာနာ အာရစ်ဖ်(မဒနီ-တခြမ်းပဲ့ဗလီ)**

ပန်းသစ်မှူး

## ထိုသုံးဦး

■ တမန်တော်မြတ်
မုဟမ္မဒ်
ဂုဏ်ဒြပ်နာမည်
ချိုပျားရည်သို့
နားစည်လိုဏ်ရပ်
ကျူးအိုင်ခတ်လျက်
စွလဝပ်ပန်းလှ
မဆက်သသူ –

■ ရမဒွါန်ကာလ
အခါကျလျက်
တစ်လတာဖြောင့်ဖြောင့်
ဝါမစောင့်သူ –

■ ကျေးဇူးမြင်းမိုရ်
မိဘအိုတို့
ယွင်းယိုရှယ်သက်
ကြုံပါလျက်နှင့်
သူပျက်ယုတ်ကြမ်း
ကျေးဇူးကန်းသူ –

ထိုသုံးဦး
တစ်ဆူရှင်မြတ်
ကရုဏာတတ်နှင့်
ကင်းပြတ်စေလို
လအ်နသ်ဆိုသည်
မြတ်ဒုအာညီ
မတ်ဂျစ်ဗ်ရီလ်ကို
အာမီန်ဆင့်ထပ်
တမန်တော်မြတ်လျှင်
တုပါဝင်က
တစ်ပါးရှင်ဘုန်းစည်
အာဏာတည်သော်
မည်သူအာခံဝံ့သနည်း။

မူရင်း – ဟဒီးဆ်

မုပ်သိန္နးရုံမုဟမ္မဒ်(မဇွာဟေရီ)

# အလ်မအာရစ်ဖ်

ရမဒွါန်

# ဓမ္မသတ်ရေးရာ

၁ မေး။ ။ မန္တလေးမြို့နှင့် အခြားမြို့ကြီးမြို့ငယ်၊ ကျေးရွာအချို့အတွက် ရမဒွါန်လမြတ်ရောက်တိုင်း ဗလီဝတ်ကျောင်းတော်တိုင်းလိုလို၌ အများမွတ်စလင်မ်ကာသိုလ်ရှင်များထံ အလှူခံကာ ဝါဖြေရန် ဟာလီမ်၊ ဂန်ဂျီ၊ ရွှတ်ရ်ဝါ စသည်တို့ကို ဗလီ၌ဝါဖြေသူများ သောက်သုံးရန်အတွက် လည်းကောင်း၊ အိမ်များရှိ ရိုဇဟ်ဥပုသ်စောင့်ထိန်းသူ အမျိုးသမီးများ သောက်သုံးရန်အတွက်လည်းကောင်း ကျိုချက်သည့် အစဉ်အလာရှိပါသည်။ ကာသိုလ်အလှူပြုကြသူများကလည်း အားကြိုးမာန်တက် ကာသိုလ်အလှူ ပါဝင်ကြပါသည်။ သို့ဖြစ်ရာ ယင်းသို့ အများမွတ်စလင်မ်များမှ အလှူငွေကောက်ခံလျက် ဟာလီမ်၊ ဂန်ဂျီ၊ ရွှတ်ရ်ဝါ ကျိုချက်၍ ဝါဖြေသူများစားသုံးရန် ဝေငှခြင်း ပိုင်ပါသလား။

တလောက မန္တလေးမြို့တွင် ယင်းသို့ဆောင်ရွက်ခြင်းမပိုင်ကြောင်း လက်ကမ်းကြော်ငြာ ထုတ်ဝေသောကြောင့် မေးမြန်းရခြင်းဖြစ်ပါသည်။

ဖြေ။ ။ အသ်သရ်ဂီးဗုဝသ်သရ်ဟီးဗ်ကျမ်း (တွဲ-၂၊ စာ-၉၂၊ ၉၃)၌လည်းကောင်း၊ ဖသွာအိလိ ရမဒွါန်ကျမ်း (အခန်း-၁၊ စာ-၆၁၇)၌လည်းကောင်း၊ ဟဇရသ်စလ်မာန်ဖာရစီသခင်ဆင့်ပြန်သော ဟဒီးဆ်တော်တစ်ရပ်တွင် လာရှိ၏။ ယင်းဟဒီးဆ်တော်၌ တမန်တော်မြတ် မိန့်တော်မူခဲ့သည်မှာ အကြင်သူသည် ရိုဇဟ်ဥပုသ်စောင့်ထိန်းသူအား ဝါဖြေရန် စွန်ပလွံသီးတစ်လုံး၊ ရေတစ်ကျိုက်၊ နို့ချဉ်တစ်ငုံတိုက်ကျွေးပါက ရိုဇဟ်ဥပုသ်စောင့်ထိန်းသူရသည့် အကျိုးဆဝါးဗ်ကို ရရှိမည်ဟု ဆော်ဩမိန့်ကြားတော်မူ၏။ မေးမြန်းချက်ပါအတိုင်း ဟာလီမ်၊ ဂန်ဂျီ၊ ရွှတ်ရ်ဝါကျိုချက်လျက် ရိုဇဟ် စောင့်ထိန်းသူများအား ကျိုချက်ရာ၌ အလှူငွေထည့်ဝင်ခြင်း၊ ကျိုချက်ဝေငှခြင်းသည် အကျိုးဆဝါးဗ်ရရှိစေသည့် လုပ်ဆောင်ချက်ဖြစ်သဖြင့် ဒွိဟာသံသယမရှိ ပိုင်၏။ သို့သော် အလှူငွေ ထည့်ဝင်ရာ၌ "ရိယာ"ပြစားမှု မဖြစ်စေရန်နှင့် အလှူငွေကောက်ခံရာ၌ အလှူရှင်၏ မိမိ ဆန္ဒအလျောက် အလှူငွေထည့်ဝင်ခြင်းကိုသာလက်ခံပြီး လှူဒါန်းလိုသည့် အလှူငွေပမာဏထက် အဓမ္မ တောင်းခံခြင်း မပြုလုပ်ရန် လိုအပ်၏။

၂ မေး။ ။ ကျွန်တော်"ရိုဇဟ်"ဥပုသ်သီလစောင့်ထိန်းလျက် နေ့ဘက်ရေချိုးရင်း နားတွင်းသို့ ရေဝင်သွားပါသည်။ ဤသို့ နားတွင်းရေဝင်သွားခြင်းဖြင့် စောင့်ထိန်းလျက်ရှိသော "ရိုဇဟ်"ပျက်ပါသလား။

ဖြေ။ ။ ရေချိုးရင်း နားတွင်းသို့ ရေဝင်သွားသောကြောင့် "ရိုဇဟ်"မပျက်ပါ။ နားတွင်းသို့ ရည်ရွယ်လျက် ရေထည့်ခြင်းကြောင့် "ရိုဇဟ်"ပျက်၊ မပျက်နှင့်စပ်လျဉ်း၍ "ဖိကဟ်"ဓမ္မသတ်ပညာရှင်များအကြား သဘောထားကွဲလွဲကြပြီး သာပို၍မှန်ကန်သော အဆိုအရ "ရိုဇဟ်"မပျက်ပါ။ သို့သော်လည်း ယင်း"ရိုဇဟ်"ကိုပြန်လည်စောင့်ထိန်းခြင်းသည် သာပို၍ကောင်း၏။

အဒ်ဒွရ်ရွလ်မွခ်သားရ်ကျမ်း (တွဲ-၂၊ စာ-၁၀၇)၊ ရှာမီကျမ်း (တွဲ-၂၊ စာ-၁၀၇)

၃ မေး။ ။ ကျွန်တော်၏အဘိုးဖြစ်သူသည် အသက်အရွယ်အိုမင်းလျက်ရှိသောကြောင့် "ရိုဇဟ်" မစောင့်ထိန်းနိုင်ပါ။ "ဖိဒ်ယဟ်"ပေးပါသည်။ ရမဒွါန်ရက်ပေါင်း ၃၀ လုံးအတွက် "ဖိဒ်ယဟ်"ငွေများကို ဆင်းရဲသားတစ်ဦးတည်းကို ပေးလိုပါသည်။ ပေးခွင့် ရှိ/မရှိ သိလိုပါသည်။

ဖြေ။ ။ အမှန်အကန်ဆုံးအဆိုအရ ရမဒွါန်လမြတ်ရက်ပေါင်း ၃၀ လုံးအတွက် "ဖိဒ်ယဟ်" ကြေးငွေများကို ဆင်းရဲသားတစ်ဦးတည်းကို ပေးလိုက ပေးခွင့်ရှိပြီး ဆင်းရဲသားများအားလုံးကိုခွဲဝေပေးလိုကလည်း ခွဲဝေပေးခွင့်ရှိ၏။ ရှာမီကျမ်း (တွဲ-၂၊ စာ-၁၃၀)

၄ မေး။ ။ "ရိုဇဟ်"ဥပုသ်စောင့်ထိန်းလျက်ရှိစဉ် ဆေးထိုးခွင့်ရှိပါသလား။ ဆေးထိုးသောကြောင့် "ရိုဇဟ်" ပျက်ပါက "ကဇွာ"စောင့်ထိန်းခြင်းဖြင့် လုံလောက်ပါသလား၊ ကဖ်ဖာရဟ်ပေးရန်အတွက်လည်း တာဝန်ရှိပါသလား။

ဖြေ။ ။ "ရိုဇဟ်"စောင့်ထိန်းလျက်ရှိစဉ် ဆေးထိုးခွင့်ရှိပါသည်။ ဆေးထိုးခြင်းကြောင့် "ရိုဇဟ်"မပျက်ပါ။

ရှာမီကျမ်း (တွဲ-၂၊ စာ-၁၀၆)

၅ မေး။ ။ ဓမ္မတာရာသီလာနေသော အမျိုးသမီးသည် ရမဒွါန်လမြတ်၏ နေ့အချိန်၌ စားသောက်ခွင့်ရှိပါသလား။

ဖြေ။ ။ ဓမ္မတာရာသီလာနေခြင်းကြောင့် "ရိုဇဟ်"ဥပုသ်မစောင့်ထိန်းသောကြောင့် လည်းကောင်း၊ ရိုဇဟ်ဥပုသ်စောင့်ထိန်းလျက်ရှိစဉ် ဓမ္မတာရာသီလာ၍ ရိုဇဟ်ပျက်သွားပြီးနောက်လည်းကောင်း အဆိုပါ အမျိုးသမီးသည် နေ့အချိန်၌ စားသောက်ခွင့် ရှိပါသည်။ သို့သော် အခြားသူများမမြင်စေရန် သတိပြု စားသောက်သင့်ပေသည်။ ဓမ္မတာရာသီလာနေသည့် အမျိုးသမီးသည် ရမဒွါန်လမြတ်နေ့အချိန်၌ ရာသီသွေးဆင်းခြင်း ရပ်တန့် သွားပြီး ကိုယ်ခန္ဓာသန့်စင်သွားပါက ကျန်ရှိသည့် နေ့အချိန်များတွင် စားသောက်ခြင်း မပြုရတော့ပေ။ ရမဒွါန်လမြတ်ကို အလေးထားသောအားဖြင့် အခြား ရိုဇဟ်ဥပုသ်စောင့်ထိန်းသူများကဲ့သို့ မစားမသောက်ဘဲ နေရန် ဝါဂျိဗ်တာဝန်ဖြစ်၏။ အဒ်ဒွရ်ရွလ်မွခ်သားရ်ကျမ်း (တွဲ-၂၊ စာ-၁၁၆)၊ ရှာမီကျမ်း (တွဲ-၂၊စာ-၁၁၆)

ရမဒ္ဒါန်

# ဇကာသ်ရေးရာ

၆ မေး။ ။ ယခုနှစ် "ဇကာသ်"ပေးလှူရန်တာဝန်ရှိစေသည့် "နိစ္စာဗ်"ကိုဖော်ပြပြီး မည်သို့သောပုဂ္ဂိုလ်အပေါ်တွင် ဇကာသ်ဝါဂျိဗ်ဖြစ်ပါသနည်း။

ဖြေ။ ။ ယခုနှစ်၏ "နိစ္စာဗ်" ဇကာသ်ပေးလှူရန် ဝါဂျိဗ်ဖြစ်စေသည့်ငွေကြေးပမာဏမှာ ၁၀၅၀၀၀ိ/- ကျပ် (တစ်သိန်းငါးထောင်ကျပ်) ဖြစ်ပါသည်။ ယင်းပမာဏသည် ငွေသား ၅၂½ တိုလာ၏ တန်ဖိုးဖြစ်ပါသည်။ သို့ဖြစ်ရာ ငွေကျပ် ၁၀၅၀၀၀ ကို တစ်နှစ်ပတ်လည် ပိုင်ဆိုင်သူ၊ ယင်းပမာဏနှင့်ညီမျှသော ရောင်းကုန် ပိုင်ဆိုင်သူတို့အပေါ် ဇကာသ်ပေးလှူရန် ဝါဂျိဗ်တာဝန်ဖြစ်ပါသည်။

၇ မေး။ ။ ရွှေ၏ "နိစ္စာဗ်"ကို ဖော်ပြပြီး ရွှေနှင့်စပ်လျဉ်းသည့်ဇကာသ်ပေးလှူရသည့်ဥပဒေကို ဖော်ပြပါ။

ဖြေ။ ။ ရွှေ၏"နိစ္စာဗ်"မှာ ၇½တိုလာဖြစ်ပြီး ယင်းပမာဏကို တစ်နှစ်ပတ်လည်ပိုင်ဆိုင်သူအပေါ် ဇကာသ် ပေးလှူရန် ဝါဂျိဗ်တာဝန်ဖြစ်သည်။ ယင်းပမာဏထက်လျော့နည်းသည့် ရွှေကို ပိုင်ဆိုင်ပြီး တစ်နှစ်ပတ်လည် စုဆောင်းထားသည် ငွေကြေးလည်း မရှိပါက ရွှေ၏ "နိစ္စာဗ်" မပြည့်သဖြင့် "ဇကာသ်" ထုတ်ရန်မလိုပေ။ သို့ရာတွင် ပိုင်ဆိုင်ထားသည့် "နိစ္စာဗ်" မပြည့်သော ရွှေ၏ ပမာဏနှင့်အတူ ရောင်းကုန် သို့မဟုတ် တစ်နှစ်ပတ်လည် စုဆောင်းထားသည့် ငွေကြေးရှိပါက ယင်းရွှေနှင့် ရောင်းကုန် သို့မဟုတ် တစ်နှစ်ပတ်လည် စုဆောင်းထားသည့် ငွေကြေးတို့အား စုပေါင်းလျက် တွက်ချက်လိုက်သည့်အခါ ငွေသား ၅၂½တိုလာ၏ တန်ဖိုးနှင့်ညီမျှပါကလည်းကောင်း၊ ကျော်လွန်ပါကလည်းကောင်း ယင်းသို့ ရွှေ ငွေ သို့မဟုတ် ရောင်းကုန်တို့ကို စုပေါင်းပိုင်ဆိုင်သူအပေါ် "ဇကာသ်" ပေးလှူရန် "ဝါဂျိဗ်"တာဝန် ဖြစ်ပေမည်။

၈ မေး။ ။ အချို့မွတ်စလင်မ်များသည် ဟလီမ်၊ ဂန်ဂျီ၊ ရွှတ်ရ်ဝါကိုချက်ရာ၌ အလှူငွေထည့်ဝင်ရာတွင် ကွယ်လွန်သွားပြီးဖြစ်သော မိမိတို့၏ မိဘများ၊ ဘိုးဘေးများ အကျိုးဆဝါးဗ်ရရှိစေလိုသော ဆန္ဒဖြင့် အလှူငွေများ ထည့်ဝင်ကြပါသည်။ ယင်းသို့သောဆန္ဒဖြင့်လှူဒါန်းထားသော ငွေကြေးတစ်စိတ်တစ်ဒေသ ပါရှိသောငွေဖြင့် ကျိုချက်ထားသော ဟလီမ်၊ ဂန်ဂျီ၊ ရွှရ်ဝါကို ဆင်းရဲသည့် မွတ်စလင်မ်များ စားသုံးသကဲ့သို့ ချမ်းသာကြွယ်ဝသည့် ရိုဇဟ်စောင့်ထိန်းသူ မွတ်စလင်မ်များလည်း စားသုံးကြရာ ယင်းကဲ့သို့ ကွယ်လွန်သူများ အကျိုးဆဝါးဗ်ရရှိစေရန်ဆန္ဒဖြင့် ကျိုချက်ထားသော ဟလီမ်၊ ဂန်ဂျီ၊ ရွှတ်ရ်ဝါတို့ကို ချမ်းသာကြွယ်ဝသောသူများ စားသုံးခွင့် ရှိ မရှိ၊ ကွယ်လွန်သူများအတွက် အကျိုးဆဝါးဗ် ရ မရ ဖြေကြားပေးပါရန်။

ဖြေ။ ။ ဆင်းရဲသားများစားသုံးရန်သက်သက်အတွက် လှူဒါန်းခြင်းလောက် အကျိုးဆဝါးဗ်မရရှိဘဲ ကြွယ်ဝ ချမ်းသာသူများ စားသုံးသောကြောင့် အကျိုးဆဝါးဗ် လျော့နည်းသွား၏။ ချမ်းသာကြွယ်ဝသူများသည် ကွယ်လွန်သူအတွက် ဆဝါးဗ်ရရန် မျှော်ကိုးလှူဒါန်းထားသည့် ဟလီမ်၊ ဂန်ဂျီ၊ ရွှတ်ရ်ဝါကို သောက်ခြင်း မပ်က်ရူးဟ်သန်ဇီဟီဖြစ်သဖြင့် မသောက်မစားခြင်း ပိုကောင်း၏။ ဖသာဝါရရှီဒီယာကျမ်း(၂၃၁)

# အလ်မအာရစ်ဖ်

ရမဒွါန်

## ဓမ္မသတ်ရေးရာ

၉ မေး။ ။ "အိအ်သိကာဖ်" ထိုင်သူသည် ဗလီတွင်ဥ္ဂရှိနေစဉ် လေလည်လိုပါက ဗလီအတွင်း၌ပင် လေလည်ခွင့် ရှိပါသလား။ သို့မဟုတ် ဗလီအပြင်ဘက်သို့ ထွက်ရန်လိုအပ်ပါသလား။

ဖြေ။ ။ အချို့ဖိုကဟ်ဓမ္မသတ်ပညာရှင်များက "အိအ်သိကာဖ်" ထိုင်သူသည် ဗလီအတွင်း၌လည်း လေလည်ခွင့်ရှိသည်ဟု ဆုံးဖြတ်ကြသော်လည်း အကောင်းဆုံးနှင့် အမှန်ကန်ဆုံးအဆိုအရ "အိအ်သိကာဖ်" ထိုင်သူသည် လေလည်ရန် ဗလီအပြင်သို့ထွက်လိုက်ရမည်ဖြစ်၏။

အင်လမ်ဒါဒွလ်အဟ်ကာမ်ကျမ်း (တွဲ-၂၊ စာ-၁၄၁)

၁၀ မေး။ ။ ကျွန်တော်တို့မြို့တွင် ဂျုံချောဂျုံနှ အကောင်းစားတစ်မျိုးတည်းသာရှိပြီး ဈေးနှုန်းတန်ဖိုးလည်း များပါသည်။ အကယ်၍ ရမဒွါန်လကုန်ခါနီးရက်ပိုင်းအလိုတွင် ကျွန်တော်တို့မြို့နှင့်အနီးဆုံးမြို့မှ ဂျုံကြမ်း ဈေးနှုန်းကိုစုံစမ်းပြီး ၎င်းဂျုံကြမ်းဈေးနှုန်းအတိုင်း တစ်ပိဿာနှင့် တစ်ဆယ်သားအတွက် ကျသင့်ငွေနှင့် သယ်ဆောင်ခကုန်ကျငွေပါအပိုဆောင်း၍ပေါင်းပြီး ကျသင့်ငွေဖြင့် စွဒကေအေ့ဖွစ်တ်ရ် သတ်မှတ်၍ပေးလျှင် ပိုင် မပိုင် သိလိုပါသည်။

ဖြေ။ ။ ဖိသ်ရဟ်ပေးရာ၌ ဂျုံစေ့၊ ဂျုံမှုန့်၊ ပြောင်းဆန်၊ စွန်ပလွံသီး၊ ဒိန်ခဲအစရှိသည့်ပစ္စည်းများအနက် ဂျုံစေ့၊ ဂျုံမှုန့်ကို စံထားလျက် ဖိသ်ရဟ်ကြေးပမာဏသတ်မှတ်သည့်အစဉ်အလာကို မြန်မာနိုင်ငံရှိ မှန်ကန်သည့်အာလင်မ်ပညာရှင်များက သတ်မှတ်ဆုံးဖြတ်သည့် အစဉ်အလာကောင်းတစ်ရပ်ရှိခဲ့ပါသည်။ "ဖိကဟ်" ဓမ္မသတ်အရ "ဖိသ်ရဟ်" နှုန်းထား၏ပမာဏသည် ဖိသ်ရဟ်ပေးဆောင်သူနေထိုင်သည့်မြို့ရှိ ဂျုံစေ့၊ ဂျုံမှုန့် တစ်ပိဿာနှင့်တစ်ဆယ်သား သို့မဟုတ် ယင်း၏တန်ဖိုးကို ပေးဆောင်ရမည့် တာဝန်ရှိပါသည်။ အခြား မြို့ရွာဒေသရှိ ဂျုံစေ့၊ ဂျုံမှုန့် တစ်ပိဿာနှင့်တစ်ဆယ်သား သို့မဟုတ် ယင်း၏တန်ဖိုးသည် မိမိဒေသရှိ ဂျုံစေ့၊ ဂျုံမှုန့် သို့မဟုတ် ယင်း၏တန်ဖိုးထက် လျော့နည်းပါက ယင်းသို့လျော့နည်းသည့် ပမာဏကို ပေးဆောင်ခြင်း မပိုင်ပေ။ တာဝန်လည်း ကျေမည်မဟုတ်ပေ။ ထို့ကြောင့် မိမိမြို့ရွာရှိ ဂျုံစေ့၊ ဂျုံမှုန့် တစ်ပိဿာနှင့်တစ်ဆယ်သား သို့မဟုတ် ယင်း၏တန်ဖိုးကို ပေးဆောင်ရန် "ဝါဂျစ်ဗ်" တာဝန်ဖြစ်၏။

အင်လမ်ဒါဒွလ်အဟ်ကာမ်ကျမ်း (တွဲ-၂၊ စာ-၄၀)၊ အဒ်ဒွရ်ရွလ်မွခ်သာရ်ကျမ်း (တွဲ-၂၊ စာ-၈၆)

မုဖ်သီ နူးရ်မုဟမ္မဒ် (မဇွာဟေရီ)

အလ်မအာရစ်ဖ် အစွလာမ့်စာစောင်သို့ တမူကိစ္စ၊ ဖြန့်ချိရေးကိစ္စ၊
ကြော်ငြာကိစ္စနှင့် အခြားကိစ္စအဝဝအတွက် ဆက်သွယ်လိုပါက
အမှတ် ၇၊ အခန်း ၆-အေ၊ သုံးမြှောင့်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၂၉၀၇၆၄ သို့ ဆက်သွယ်နိုင်ပါသည်၊

# ကူးသန်းရောင်းဝယ်မှု

မော်လာနာအိုင်ဗ်ရာဟီးမ်(ရေနီ)
ကျောင်းဆရာ
(ဒါရုလ်အုလူမ် တာမွေ)

၁။ စိတ်ပါဝင်စား ကြိုးပမ်းမှုအပြည့်ဖြင့် လုပ်ငန်းတိုင်းကို ဆောင်ရွက်ရမည်။ မိမိ ရိဇ်ကို မိမိကိုယ်တိုင်ရှာဖွေရမည်။ တစ်ဦး တစ်ယောက်အပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရ။

တစ်ခါတွင် တမန်တော်မြတ် ﷺ ရှေ့တော်မှောက်သို့ အန်ဆွာရီ မဒီနာမြို့သားမွတ်စလင်မ် တစ်ယောက် ရောက်လာပြီး တစ်စုံ တစ်ရာ တောင်းခံတော့သည်။ တမန်တော်မြတ် ﷺက ၎င်းအား "အသင်၏အိမ်တွင် ပစ္စည်းတစ်စုံ တစ်ရာ ရှိသလား" ဟု မေးမြန်းတော်မူသဖြင့် အန်ဆွာရီက "ဖျင်ကြမ်းဂုံနီ တစ်ထည်ရှိသည်၊ ထိုဖျင်ကြမ်းကို အခင်းလည်း အသုံးပြုသည်၊ ခြုံထည်အဖြစ်လည်း အသုံးပြုပါသည်။ ထို့အပြင် သောက်ရေခွက် တစ်ခုလည်းရှိပါသည်" ဟု ဖြေကြားရာသည်။ တမန်တော်မြတ် ﷺက ထိုနှစ်ခုစလုံး မိမိထံ ယူလာရန်မိန့်ကြားပြီး ယူလာ သောအခါ ငွေဒင်္ဂါး ၂ ပြားဖြင့် လေလံတင် ရောင်းချလိုက်ပြီးနောက် ငွေဒင်္ဂါး ၂ ပြားကို ထို အန်ဆွာရီ ဆွဟာဗဟ်အား ပေးအပ်ကာ "ငွေဒင်္ဂါး တစ်ပြားနှင့် စားသောက်ဖွယ်ရာအချို့ကို ဝယ်ပြီး မိသားစုကို ကျွေးမွေးပေးကမ်းလိုက်၊ ငွေဒင်္ဂါးတစ်ပြား ဖြင့် ပုဆိန်တစ်ခု ဝယ်ခဲ့" ဟု မိန့်ကြားတော်မူ လိုက်သည်။ ပုဆိန် ယူလာသောအခါ တမန်တော်မြတ် ﷺက မိမိ၏ဘာရ်ကတ် လက်တော်ဖြင့်အရိုးတပ်ပေး ပြီးနောက် 'ဤပုဆိန်ကို ယူသွားကာ တောမှ ထင်းများကို ခွေ၍ ဈေးမှာသွားရောင်း၊ ၁၅ရက်ကြာလျှင် ငါ့ထံသို့ပြန်လာ၍ အခြေအနေ တင်ပြပါ' ဟု မိန့်တော်မူလိုက်သည်။ ၁၅ရက် နောက်ပိုင်း ၎င်းဆွဟာဗီပြန်ရောက်လာရာတွင် သူသည်ငွေဒင်္ဂါး (၁၀)ပြားထိ စုဆောင်းမိနေကြောင်း သိတော်မူရသဖြင့် တမန်တော်မြတ် ﷺသည် အလွန်ကျေနပ်တော်မူစွာဖြင့် ထိုဆွဟာဗီအား "အသင် ဤသို့ကိုယ်တိုင် ကြိုးစား ရှာဖွေမှုသည် လူတို့ထံ မိမိ၏ လိုအပ်ချက်ကို တင်ပြတောင်းခံကာ ကိယာမသ်နေ့၌ မိမိ၏ မျက်နှာပေါ်တွင်တောင်းခံမှုရဲ့ တံဆိပ်ခတ်နှိပ် ခံရခြင်းထက် သာလွန်ကောင်းမွန်သည် "ဟု ပညာပေးတော်မူလိုက်သည်။

၂။ လုပ်ငန်းကို ဇောက်ချပြီးစွဲမြဲစွာ လုပ်ရမည်။ စိတ်ပါဝင်စားမှုအပြည့်အဝဖြင့် ကြိုးစားရမည်။

လူတို့ထံမှ မတောင်းခံရန် ကြိုးစားရမည်။

တမန်တော်မြတ်ﷺထံလူအချို့က "အို ရစူလ် တမန်တော်၊ အကောင်းဆုံးသောစီးပွား ရှာဖွေမှုကားမည်သို့ပါနည်း"ဟု မေးမြန်း သော အခါ တမန်တော်မြတ်ﷺက မိမိ၏ချွေးနဲစာ ဖြင့် မုသား၊ အလွဲသုံးစားမှု (ခေယာနသ်) မပါသော ရောင်းဝယ်ဖောက်ကားမှုဖြစ်သည် "ဟုအသိပေး တော်မူလိုက်သည်။

ဆွဟာဗဟ် အဘူကလာဘားဟ်ﷺက "ဈေး တွင် ဖောက်ချ၍ အရောင်းအဝယ်လုပ်ပါ။ သို့မှသာ အသင် ကြံခိုင်စွာဖြင့် သာသနာ အပေါ် ရပ်တည် နိုင်မည်။ လူတို့ထံမှ မျှော်ကိုးမှုလည်း ကင်းစင် သွားမယ်" ဟု အကြံပြုထားသည်။

## ၃

ရောင်းဝယ်ဖောက်ကားမှုလုပ်ငန်း တွင်ကျယ် ရေးအတွက်အမြဲတစေအမှန်ကိုသာပြောဆိုဆက်ဆံ ရမည် ။ မုသားကျိန်ဆိုမှုကိုလုံးဝရှောင်ကြဉ်ရမည်။ တမန်တော်မြတ်ﷺက 'အကြင်သူသည် မုသား ကစမ် ကျိန်ဆိုကာ မိမိ၏လုပ်ငန်းတွင် ကျယ်ပြန့် ပွားစေရန် ကြိုးစားခဲ့က အလ္လာဟ် အရှင်မြတ်သည် ထိုသူအား ကိယာမသ်နေ့တွင် လက်ခံစကား ပြောတော်မူမည်မဟုတ်၊ ၎င်းဘက်သို့ လှည့်၍ လည်း ကြည့်တော်မူမည်မဟုတ်၊ ၎င်းအားအပြစ် များမှ သန့်ပြန့်အောင် ပြုလုပ်၍ ဂျန္နသ်သို့ သွတ် သွင်းပေးတော်မူမည်လည်း မဟုတ်' ဟုသတိပေး တော်မူထားသည်။

(မွတ်စလင်မ်ကျမ်း)

တမန်တော်မြတ်ﷺက 'မိမိတို့ပစ္စည်းများ ရောင်းအားကောင်းရန်အတွက်များစွာ ကျိန်ဆို ပြောဆိုသည်ကို လုံးဝရှောင်ကြဉ်ကြ၊ ထိုအကျင့် သည် အခိုက်အတန့်အားဖြင့် မိမိလုပ်ငန်းကို တွင်ကျယ်စေကြောင်း ထင်မှတ်ရသော်လည်း နောက်ဆုံးတွင် လုပ်ငန်း၏ ဘရ်ကသ် မင်္ဂလာ တိုးပွားမှုဆုတ်ယုတ်စေမည်သာဖြစ်သည်' ဟု မိန့်ကြားတော်မူသည်။

(မွတ်စလင်မ်ကျမ်း)

## ၄

လုပ်ငန်းလုပ်ဆောင်ရာတွင် သစ္စာ၊ သမာဓိကို အမြဲလက်ကိုင်ပြုရမည်၊ မည်သည့်အခါတွင်မှ တစ်ဦး တစ်ယောက်ကို မကောင်းသော ပစ္စည်းညံ့ ပေး၍ သို့မဟုတ် သာမန်ယူနေကြအမြတ် အစွန်း ထက် မတန်တဆတင်ကာ မိမိ၏သမာအာဇီဝ ရှာဖွေမှုကို ဟရာမ်ဖြစ်အောင် မပြုလုပ်ရ။

'အမှန်ကို ပြောဆိုသည့် သစ္စာသမာဓိရှိသော ကုန်သည် သည် ကိယာမသ်နေ့တွင် နဗီများ ၊ ဆိုဒ်ဒီးက်များ၊ ရှဟီဒ်များနှင့် အတူရှင်ပြန်ထ ရမည်' ဟု တမန်တော်မြတ်ﷺက အသိပေး တော် မူထားသည်။

(သစ်ရ်မေဇီကျမ်း)

## ၅

ဝယ်ယူသူ၊ စားသုံးသူများ မိမိကို ယုံကြည် လက်ခံလာစေရန် ကြိုးစားရမည်၊ ၎င်းတို့က မိမိအား ၎င်းတို့၏ကောင်းကျိုးကို လိုလားသူဟု ထင်မှတ် ယုံကြည်ကြစေရန် ပြုမူဆက်ဆံ ရမည်၊ အသင်နှင့် ဆက်ဆံရာတွင် မည်သည့်အခါတွင်မှ





အလုည့်စားခံရမည် မဟုတ်ကြောင်း စိတ်ချယုံကြည်စေသည်အထိ ဆက်ဆံပြုရမည်။

တမန်တော်မြတ် ﷺ က 'အကျင့်စာရိတ္တကောင်းသူသည် သန့်ပြန့်သော ရိဇိရိက္ခာကိုရှာဖွေစားသောက်မည်၊ငါတမန်တော်မြတ်၏ စွန္နသ်တော်များကို နာယူကျင့်မှုဆောက်တည်မည်၊ လူများအား မိမိ၏မကောင်းမှုများမှ ကင်းဝေးစေမည်ဆိုလျှင် ထိုသူသည် ဂျန္နသ်ဖြစ်သည်။ ဂျန္နသ်သို့ဝင်ရမည့်သူဖြစ်သည်ဟု မိန့်ကြား ညွှန်ပြတော်မူသောအခါဆွဟာဗဟ် ﷺ များက ''အိုအလ္လာဟ်အရှင်မြတ်၏ရစူလ် တမန်တော် .....ဤခေတ်အခါတွင်မူထိုသို့သောသူများ မြောက်စွာရှိနေပါသည်။'ဟု ဆွဟာဗဟ်များက ပြန်ကြားရာတမန်တော်မြတ် ﷺ က ''ငါတမန်တော်မရှိတော့သည့်နောက်လည်း ထိုသို့သောသူများစွာရှိနေမည်ဟု အသိပေးတော်မူထားပေသည်။

(သစ်ရ်မေဇီကျမ်း)

## ၆

အချိန်ကို တိကျစွာ လိုက်နာရမည်။အချိန်မှီဆိုင်သို့ အရောက်သွားရမည်။ သီးခံမှုအပြည့်ဖြင့်စွဲမြဲစွာထိုင်ရမည်။

တမန်တော်မြတ် ﷺ က 'ဟလာလ် ရိဇိ ရှာဖွေရန် နံနက်စောစောသွားရမည်။ နံနက် စောစောပြုလုပ်ရှာဖွေသော လုပ်ငန်းဆောင်တာ များတွင် ဗရ်ကာသ်မင်္ဂလာကျယ်ဝနေမည်။

## ၇

ကိုယ်တိုင်ကြိုးစားလုပ်ကိုင်ရမည်၊ အလုပ်သမားများကိုလည်း ကြိုးစားသည့် အကျင့်ရှိလာစေရန်ပျိုးထောင်ပေးရမည်၊အလုပ်သမားများ၏အခွင့်အရေးနှင့်ရထိုက်သည်များကို သဘောထားကြီးစွာဖြင့်မတွန့်မတိုပေးကမ်းရမည်၊ ၎င်းတို့နှင့် နူးညံ့စွာ၊ သဘောထားကြီးစွာဖြင့်ဆက်ဆံရမည်၊ ဒေါသထွက်ခြင်း၊ သံသယဝင်ခြင်းမှ ရှောင်ရှားရမည်။

'အကြင်သူတို့၏ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် လက်အောက်ခံများ အခွင့်အရေး ရထိုက် သူများ၊ ပေးကမ်းထိုက်သူများ၊ ရှိနေပါလျက် ထိုက်တန်စွာမကမ်းလိုက်ပါက ထိုတာဝန်မဲ့သူများအလ္လာဟ်အရှင်မြတ်က စင်ကြယ်သန့်ပြန့်သောသက်တမ်းမျိုး ချီးမြှင့်တော်မူမည်မဟုတ်'' ဟု တမန်တော်မြတ် ﷺ က ကြပ်တည်းစွာ သတိပေးတော်မူထားသည်။

## ၈

ဝယ်ယူအားပေးသူများနှင့် အမြဲနူးညံ့စွာဆက်ဆံရမည်၊ အကြွေးယူသူများကို ခက်ထန်စွာမဆက်ဆံရ၊ မျှော်လင့်ချက်ကင်းမဲ့သွားစေရန်လည်း မပြုလုပ်လိုက်ရ၊ အကြွေးတောင်းခံရာတွင်လည်း မကြမ်းတမ်းရ၊ 'အရောင်းအဝယ် ပြုလုပ်ရာတွင်လည်းကောင်း၊ ကြွေးမြီတောင်းခံရာတွင်လည်းကောင်း၊ နူးညံ့သိမ်မွေ့စွာဖြင့် ဆက်ဆံသူအပေါ် အလ္လာဟ်အရှင်မြတ်သနား ကရုဏာပြုတော်မူပါစေ''ဟူ၍ မြတ်နဗီ ﷺ က ဒုအာပြုထားသည်။

(သစ်ရ်မေဇီကျမ်း)

တမန်တော်မြတ် ﷺ က ဤသို့ လည်း အမိန့်ရှိတော်မူထားခဲ့သေးသည်။ 'အကြင်သူသည်

ကိယာမသ်နေ့တွင် ကြပ်တည်းပူဆွေး ဒုက္ခရောက်ရမှုမှ ကင်းဝေးနေလိုလျှင် ၎င်းအနေဖြင့် ကျပ်တည်း၍ အကြွေးပြန်မဆပ်နိုင်သူကို သက်ညှာရမည်၊ အခွင့်အလမ်းဖွင့်ပေးရမည်၊ ဖြစ်နိုင်၊ တက်စွမ်း နိုင်လျှင်၎င်းတို့အပေါ်မှ ကြွေးမြီ ဝန်ထုပ်ကို ပယ်ဖျက်ပေးလိုက်ရမည်။

(မွတ်စလင်မ်ကျမ်း)

## ၉

မိမိပစ္စည်း၏အပြစ်အနာအဆာများကို ဖုံးကွယ်ခြင်းနှင့် ဝယ်ယူအားပေးသူအားလှည့်စား၊ လိမ်လှည်ခြင်းမှ ရှောင်ကြဉ်ရမည်၊ မိမိပစ္စည်း၏ အပြစ်အနာအဆာနှင့် မကောင်းညံ့ဖျင်းကြောင်းကို ဝယ်ယူသူအားပွင့်လင်းစွာအသိပေးရမည်။

တစ်ခါသော် တမန်တော်မြတ်ﷺသည် အသီးအနှံ အပုံတစ်ပုံနားမှ ဖြတ်သန်းသွားတော်မူစဉ် ထိုသီးနှံပုံထဲသို့ တမန်တော်မြတ်ﷺက မိမိလက်ညှိုးတော်ကို ထိုးကြည့်တော်မူလိုက်ရာ မိမိလက်တော်တွင် အစိုဓါတ် ခံစားရတော်မူသဖြင့် သီးနှံရောင်းချသူအား အကျိုးအကြောင်း မေးမြန်းရာ၊ ရောင်းသူဆိုင်ရှင်က 'ဤသီးနှံပုံ ပေါ် မိုးရွာချလိုက်သောကြောင့်စိုသော သီးနှံကို အောက်တွင်ထား၍ ခြောက်သွေ့သော သီးနှံကို အပေါ်တွင်ထားခြင်းဖြစ်ပါသည်၊' ဟု ဖြေကြားလိုက်သဖြင့် တမန်တော်မြတ်ﷺက အသင်သည် အရှိကိုအရှိအတိုင်း၊ အမှန်ကိုအမှန် အတိုင်း စိုနေသော သီးနှံကိုမြင်သာစေရန် အဘယ်ကြောင့်အပေါ်မှာ မထားသနည်း၊ အကြင်သူသည် ဝယ်ယူသူများကို လိမ်လည် လှည့်ဖြားလျှင် ထိုသူသည် ငါနှင့် မည်သို့မှ မပတ်သက်ဟု မိန့်ကြားထားပေသည်။

## ၁၀

လူအများစားသုံးရသောအရာများကို 'ဈေးတက်လာစေရန်မျှော်ကိုးကာ သိုလှောင်ထားပြီး အများသူငှာကို ဒုက္ခရောက်စေခြင်းမှ လုံးဝရှောင်ကြဉ်ရမည်။

တမန်တော်မြတ်ﷺက စားသုံးကုန်များကို ဈေးကြီးရစေရန်ရည်ရွယ်ကာ သိုလှောင်ထားသူကားအပြစ်ရှိသူပင်ဖြစ်သည်ဟု မိန့်ကြားထားသေးသည်။ 'အလ္လာဟ်အရှင်မြတ်က ကုန်ပစ္စည်းများ ဈေးပေါစေတော်မူသည်ကို ဈေးကစားရန် သိုလှောင်ထားသူက ပူဆွေးဝမ်းနည်းကြေကွဲ နေမည်ဆိုလျှင် ထိုသူသည် မည်မျှဆိုးသွမ်းသူ ဖြစ်မည်နည်း' ဟူ၍လည်းတစ်နေရာတွင်လာရှိပြန်သည်။

(မစ်ရှ်ကားသ်)

## ၁၁

'စားသုံးသူ၊ ဝယ်ယူသူ၏ ဟတ်က်အခွင့်အရေးကို အပြည့်အဝပေးရမည်။ ချိန်တွယ်ရာတွင် သမာဓိရှိရမည်။ ဝယ်ယူသော/ရောင်းချသော ချိန်ခွင်အလေး၊တင်းတောင်းတမျိုးတည်းသာ ထားရမည်' ဟူ၍ နဗီတမန်တော်မြတ်ﷺက ချိန်တွယ်ရောင်းချကြသော ကုန်သည်များကို သတိပေး မိန့်ကြားတော်မူထားသည်။

သင်တို့သည်လည်း ထိုသို့သော အလုပ် နှစ်ခုနှင့် ပတ်သက်၍ တာဝန်ပေးခြင်းခံရသူ များဖြစ်သည်။ ထိုအလုပ်နှစ်ခုကြောင့်ပင် အသင်တို့အလျင်ရှိခဲ့သော အမျိုးသားများ ပျက်စီးစေသည်။

# နှံနှက်တောင်တော ပြုလုပ်ရှာဖွေသော လုပ်ငန်းဆောင်တာများတွင် ဗရ်ကသ်မင်္ဂလာကျယ်ဝနေမည်။

ကုရ်အာန်ကျမ်းတော်မြတ်.... ၆ း ၁ တွင်

'ချိန်တွယ်ရာတွင် လျှော့နည်းမှုပြုသူများအတွက် ပျက်စီးခြင်းသာရှိသည်။ ၎င်းတို့၏အကျင့်ဓလေ့သည် ချိန်တွယ်ယူရာတွင် ပြည့်ပြည့်ဝဝယူကြ၍ လူတို့အား ချိန်တွယ်ပေးရာတွင်လည်း လျှော့နည်းပေးတတ်ကြသည်။ အသို့နည်း ထိုသူတို့သည် သေပြီးနောက် တဖန်ရှင်ပြန်ထရမည်ကိုလည်းကောင်း၊ အလွန်ပြင်းထန်သော နေ့တွင် စကြဝဠာရှင်၏ရှေ့တော်မှောက် သို့ရောက်ရှိရမည်ကိုလည်းကောင်း မသိရှိကြသေးသလော' ဟု အတိအလင်း ခြိမ်းခြောက် တော်မူထားသည်။

## ၁၂

ရောင်းဝယ်မှု၌ချို့တဲ့ယိုယွင်းအားနည်းမှုများအတွက် ကဖ္ဖါရဟ်ကို အမြဲပေးဆောင်နေရမည်။ အလ္လာဟ်လမ်းတော်၌ သဘောထားကြီးစွာ၊ ရက်ရောစွာ ဆွဒကဟ်–ခိုင်ရားသ် ပြုနေ၊ ပေးကမ်းစွန့်ကြဲနေရမည်။

တမန်တော်မြတ် ﷺ က ကုန်သည်များအား

"အို...ကုန်သည်တို့ ပစ္စည်းများရောင်းဝယ်ရာတွင် အကျိုးမဲ့စကားများ၊ မုသားလိမ်ညာကျိန်ဆိုမှုများ များစွာဖြစ်နိုင်ချေရှိနေဖြင့် သင်တို့သည် မိမိတို့၏ပစ္စည်းများထဲမှ ဆွဒကဟ် နည်းများမဆို ပေးလှူကြဟု သတိပေးတော်မူ ထားသည်။

(အဘူဒါဝူးဒ်ကျမ်း)

## ၁၃

အလွန်ကြောက်စရာကောင်းသောပြစ်ဒဏ်များမှလွတ်မြောက်မှုရယူပေးမည့် အရောင်းအဝယ်ကို မည်သည့်အခါတွင်မှ ဦးနှောက်ထဲမှ မဖျောက်လိုက်နှင့် ၎င်းအတွက် ရလဒ်အကျိုးအမြတ်မှာ ဥစ္စာပစ္စည်းမဟုတ် အမြဲတစေ ရရှိမည့်၊ မပြတ်မစဲ ရရှိမည့် စည်းစိမ်သာလျှင် ဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်၌

'အို –မုအ်မင်န်အပေါင်းတို့၊ အသင်တို့အား ကြောက်မက်ဖွယ် အပြစ်ဒဏ်အဇာဗ်မှ လွတ်မြောက်မည့် အရောင်းအဝယ်ကို ပြောပြရမည်လော။ ၎င်းမှာ အလ္လာဟ်အရှင်မြတ်အပေါ် အီမာန်သက်ဝင်ယုံကြည်ခြင်း၊ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်အပေါ် အီမာန်သက်ဝင်ယုံကြည်ခြင်း၊ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်တွင် မိမိတို့၏အချိန်နှင့်ပစ္စည်းကို သုံးစွဲ၍ ဂျိဟားဒ် ပြုလုပ်ခြင်းတို့ဖြစ်သည်။ ထိုသို့ ပြုခြင်းသည် သာလျှင် သင်တို့အဖို့အလွန် အကျိုးထူး အလွန်ကောင်းမွန်မြင့်မြတ်လှသည်။
အကယ်၍ အသင်တို့သည်
သိတတ်သူများ ဖြစ်ကြမည်ဆိုမူ...

■

မော်လာနာ အိဗ်ရာဟီးမ် (ရေနီ)

# လမြတ်ရမဒွါန်

မော်လဝ်နာ
အူဝူမာန်းဂနီ(မဟ်မူဒီ)

အချိန်သည် အမြဲရွေ့လျားလျက်ရှိသည်။ နာရီကလည်း အမြဲတ ချွတ် ချွတ် မြည်သံပေးနေသည်။ နေသည် ထွက်ချိန်တန်လျှင် ထွက်၊ ဝင်ချိန်တန်လျှင်ဝင်ကာ နေ့နှင့်ညတို့သည် အလှည့်ကျ ပေါ်လွင်လျက်ရှိသည်။ အချိန်ကာလကို တိုင်းတာ မှတ်သားမှုသည် လူတို့၏ ထာဝရ တာဝန်တစ်ရပ် ဖြစ်နေသည်။ ရက်၊ လ၊ နှစ်တို့သည် အချိန်၏ အစိတ်အပိုင်းများသာဖြစ်သည်။ အချိန်ကာလ အတိုင်းအတာကို မှတ်သား၍ တစ်နှစ်တစ်ကြိမ် ဇယားချကာ မှတ်သားသော ပြက္ခဒိန်သည် ခြောက်ရာစုနှစ်အတွင်း၌ စတင်ပေါ်ပေါက်ခဲ့သည်။

မွတ်စ်လင်မ်တို့သည် ခရစ်သက္ကရာဇ် ၆၂၂ ခုနှစ်တွင် မြတ်တမန် ﷺ မဒီနဟ်ရွှေမြို့တော်သို့ ဟိဂျ်ရဟ် ပြုလုပ်သည့် ကာလကို ဟိဂျ်ရီခုနှစ်အဖြစ်အမှတ်အသားပြုကာ အစ္စလာမ့်ပြက္ခဒိန်ကို တီထွင်သုံးစွဲခဲ့ကြသည်။ အစ္စလာမ့်ပြက္ခဒိန်သည် လစန္ဒာကို အခြေပြု၍ တွက်ချက်ရသော နည်းစနစ်ကို လက်ကိုင်ပြုထားသည်။ အစ္စလာမ့်ပြက္ခဒိန်တွင် လမြတ်ရမဒွါန်သည် နဝမမြောက်လဖြစ် သည်။

ရွေ့လျားနေသော အချိန်သည် အလွန်အဖိုးတန်၏။ ပစ္စုပ္ပန်သည် အလွန်အရေးကြီး၍ သုံးဝင် တန်ဖိုးရှိသည်။ အတိတ်သည် ပစ္စုပ္ပန်ဆီသို့ ဘယ်သောအခါမှ ပြန်၍ လာတော့မည် မဟုတ်ပေ။ အတိတ်က ရမဒွါန်တွင် အိဗာဒသ် ကောင်းမွန်စွာ မပြုလိုက်ရသည့်အပေါ် သဲရေကျမှုအတွက် ဝမ်းနည်းကြေကွဲရရုံဖြင့် မည်သို့မျှ ထူးခြားလာနိုင်မည်မဟုတ်။

အနာဂတ်ကာလသည်လည်း ရေရာလှခြင်းမရှိ။ လာမည့်နှစ် ရမဒွါန်နှင့် ကြုံရဆုံရမည်ဟုတပ်အပ် သေချာစွာပြောနိုင်မည်မဟုတ်။ သေမင်းသည် လက်တစ်ကမ်းတွင် ရှိနေသောကြောင့် ပစ္စုပ္ပန်ကြုံရမည့် ရမဒွါန်ကို တန်ဖိုးထားတတ်ရမည်။ အချိန်ရှိသရွေ့လုံ့လစိုက်ရမည်။ လာမည့်ကာလကို အလှအပဆုံး အတင့်တယ်ဆုံးဖြစ်စေရန် ကြံဆောင်ဖန်တီးရမည်။ ကောင်းမွန်တင့်တယ်သော လက်ရှိပစ္စုပ္ပန်သည်လှပ၍ မင်္ဂလာအပေါင်းနှင့် ပြည့်ဝသော အနာဂတ်ကို မွေးဖွားပေးနိုင်သည်။

## ထူးခြားမွန်မြတ်သောလ

ရဂျဗ်လဆန်းစကပင် စောင့်မျှော်နေခဲ့ရသည့် လမြတ်မင်္ဂလာကျရောက်လာပေပြီ။ မြတ်ရမဒွါန်သည် ထူးကဲမွန်မြတ်သော လဖြစ်၏။ မြတ်တမန် ﷺသည် ရဂျဗ်လဆန်းသည်နှင့်..

'အို – ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်း
တော်မူသော အရှင်၊ ကျွန်တော်မျိုးတို့ကို
ရဂျဗ်လနှင့် ရှအ်ဗာန်လများတွင် ဗရ်ကသ်
မင်္ဂလာများချီးမြှင့်ကာ လမြတ် ရမဒ္ဓါန်သို့
ပို့ဆောင်ပေးတော်မူပါ'

ဟု ဆုမွန်ဒုအာ ပြုတော်မူရင်း လမြတ်ရမဒ္ဓါန်ကို ကြိုဆိုတော်မူခဲ့သည်။ ထူးခြားမွန်မြတ်သော လမြတ်ရမဒ္ဓါန်သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ငြိမ်းချမ်းသာယာမှုနှင့် မင်္ဂလာအဖြာဖြာ ကျရောက်စေသောလဖြစ်၏။ လူတို့၏စိတ်နှလုံးကို လင်းဝင်းတောက်ပစေသည့်လဖြစ်၏။နှလုံးသားကို အရောင်တင်ပေးသော လဖြစ်၏။ အစားအသောက် လျှော့၊ အအိပ်အနားလျှော့၊ အပြောအဆိုလျှော့ကာ ကိုယ်နှုတ်နှလုံး သုံးပါးစလုံးကို လိမ္မာယဉ်ကျေးစေသည့် လမြတ်မင်္ဂလာဖြစ်၏။

လတို့ထိပ်ခေါင်၊ လရာဇာဖြစ်သော လမြတ်ရမဒ္ဓါန်တွင် ကရုဏာ၊မင်္ဂလာမိုးတို့သည် သဲသဲမဲမဲ မစဲဘဲ အဆက်မပြတ် ရွာသွန်းတော့သည်။ ရှိင်သွာန် မိစ္ဆာဆိုးတို့မှာလည်း ဖမ်းဆီးချုပ်နှောင်ခံရမည့် ဘေးမှလွတ်ကင်းရန် အပြေးအလွှား ပုန်းခိုရန် ရှာဖွေရင်း ပျားပန်းခတ်နေကြကုန်၏။

သုခဘုံ တံခါးများပွင့်၍ ငရဲတံခါးများ ပိတ်ကုန်၏။ ကောင်းကင်တမန်တို့သည် အမတ ဂျန္နသ်ဘုံနန်းကို အမျိုးမျိုးအဖုံဖုံ ဆင်ယင်ခြယ်သမွမ်းမံကြကုန်၏။ရမဒ္ဓါန်လဆန်းလျှင်ပင် မုစီရဟ်မည်သောလေပြေလေညင်းသည်အရ်ရှ်ပလ္လင်တော်အောက်မှ သာယာဖြေးညင်းစွာ တိုက်ခတ်လေသည်။ လေပြည်လေညင်းများ၏ကျီစယ်မှုကြောင့် ဂျန္နသ်သုခဘုံတွင်ရှိသော သစ်ပင်များ၏ သစ်ရွက်များ သက်ဝင်လှုပ်ရှားထိခတ်မှုမှ (မည်သူမျှ နားမဆင်ဖူးသေးသည့်) ငြိမ့်ညောင်းသာယာလှသည့် ကြည်နူးဖွယ်သံစဉ်များ ထွက်ပေါ်လာတော့သည်။ ထိုစဉ် ဂျန္နသ်သုခဘုံနန်းရှိ လှယမင်း သူဇာ ဟူရ်ကညာပျိုတို့သည် ဗိမာန်ဘုံနန်းအဆောင်ဆောင်မှ အသီးသီးထွက်လာကြကာ ဂျန္နသ်ဘုံနန်းရှိ လသာဆောင်များပေါ်မှရပ်၍ အလ္လာဟ်အရှင်မြတ်ထံတော်ပါးတွင် 'အိုအလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးမတို့ကို အရှင်မြတ်၏ ဘန်ဒဟ်များအနက်မှ ဘန်ဒဟ်တစ်ဦးဦး တစ်ယောက် ယောက်နှင့် ထိမ်းမြား လက်ထပ်ပေးတော်မူပါ' ဟု ပန်ကြားလျှောက်ထားကြတော့သည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်က ရိုဇဟ်စောင့်ထိန်းသူ ဘန်ဒဟ်တိုင်းကို ဟူရ်ကညာပျိုတစ်ပါးစီဖြင့် ထိမ်းမြားပေး တော်မူ လိမ့်မည်။ ဟူရ်ကညာပျိုတို့သည် အဆင်အသွေးတူ အဝတ်အစား ၇၀ စီ ဆင်မြန်းထားလျက်ရှိမည်။ သူမတို့ အသီးသီးထံတွင် ပတ္တမြားဖြင့် ထုလုပ်၍ ပုလဲရတနာဖြင့် ကွပ်ထားသော ပလ္လင်တစ်ခုစီ ရှိကြမည်။ ပလ္လင်တစ်ခုစီကို ကတ္တီပါဖုံကောဇော အချပ် ၇၀ စီဖြင့် ခင်းကျင်းစီခြယ်ထားကြမည်။ စားဖွယ်သောက်ဖွယ်မျိုးစုံ တည်ခင်းထားသော ဒဆ်သရ်ခါန် ၇၀ စီ ခင်းကျင်းထားရှိမည်။ ထိုသို့သော စည်းစိမ်ရတနာတို့သည် လမြတ်ရမဒ္ဓါန်တွင် ရိုဇဟ်စောင့်ထိန်းခြင်းအတွက် ရရှိမည့် ဆုလာဘ်များဖြစ်သည်။ ကောင်းကင်ကျ ကျမ်းကြီးကျမ်းငယ်အသီးသီးသည်လည်း လမြတ်ရမဒ္ဓါန်တွင်ပင် ကျရောက်ခဲ့သည်။ နဗီတမန်တော် အိဗ်ရာဟီးမ် ﷺ ထံ ကျရောက်ခဲ့သည့် ကျမ်းကြီး ကျမ်းငယ် အဆုဆု၊ နဗီတမန်တော် မူစာ ﷺ ထံ

ကျရောက်ခဲ့သည့် သောင်ရားသ်ကျမ်း၊ နဗီတမန်တော် အီစာ عليه السلام ထံကျရောက်ခဲ့သည့် အင်ဂျီလ်ကျမ်း၊ နဗီတမန်တော်ချုပ် မုဟမ္မဒ် ﷺ ထံ ကျရောက်ခဲ့သည့် ကျမ်းမြတ်ကုရ်အာန်စသည့် ကျမ်းကြီးအဆူဆူတို့သည် လမြတ်ရမဒွါန်အတွင်း ကျရောက်ခဲ့ကြခြင်းဖြစ်သည်။

## ရမဒွါန်၏အဓိပ္ပာယ်

ရမဒွါန်၏အနက်အဓိပ္ပာယ်ကို ပညာရှင်များက အမျိုးမျိုးဖွင့်ဆိုရေးသားထားကြသည်။ သို့သော် အရဗီစာပေတွင် လောင်ကျွမ်းစေခြင်းဟု အနက်ရသည်။လမြတ်ရမဒွါန်ကို စတင် ကင်ပွန်းတပ်သည့် ကာလသည် တငွေ့ငွေ့လောင်ကျွမ်းစေသည့် တေဇောဓာတ်ပြင်းပြသည့် နွေအခါနှင့် တိုက်ဆိုင်နေသောကြောင့် အရဗ်တို့က ရမဒွါန်ဟု မှည့်ခေါ်ဟန်တူသည်။

## သောင်ဗဟ်ရောင်ခြည်ဖြင့် ဒုစရိုက် အမှောင်ထုကိုခွင်း

ပညာရှိသုခမိန်များကမူ

'လမြတ်ရမဒွါန်တွင် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကရုဏာတော်ဖြင့် ဘန်ဒဟ်များ၏ ဂုနဟ်အကုသိုလ်များကို လောင်ကျွမ်းပပျောက်စေတော်မူသောကြောင့် ရမဒွါန်ဟု မှတ်သားရခြင်း ဖြစ်သည်'

ဟု မိန့်ဆိုကြ၏။ (၁၁)လလုံး လောကီရေးရာလုပ်ငန်းဆောင်တာများကိုသာ ရှေ့တန်းတင်ကာ မိမိစိတ်က ညွှန်ကြားသည့်အတိုင်း ကျင့်ကြံနေထိုင်ခဲ့သောကြောင့် ကြည်လင်ဝင်းပသည့် နှလုံးသားတွင် တိမ်သလ္လာများ ဖုံးလွှမ်းလျက် ညစ်ညမ်းသွားခဲ့ရသည်။ ညစ်ညမ်းနေသောနှလုံးသားကို ရမဒွါန်လတွင် မြတ်ရှင်အလ္လာဟ်ထံပါး ခစားရင်း၊ တောင်းပန်တိုးလျှိုး အသနားခံရင်း အပြစ်များမှ လွတ်ငြိမ်းချမ်းသာခွင့် ရရှိလိုက်ရန် ဖြစ်သည်။ စိတ်သစ်လူသစ်ဖြင့် **သာယာချမ်းမြေ့သော** ဘဝသစ်သို့ တက်လှမ်းနိုင်ရန် **နှလုံးသားတွင်** ဖုံးအုပ်လျက်ရှိသော **တိမ်သလ္လာညစ်များကို** သောင်ဗဟ်၏ နူရ်လင်းရောင်ခြည်ဖြင့် ဖြိုခွင်း၍ သန့်စင်ပစ်ရမည်။

## ပြုပြင်ရေးသင်တန်း

လမြတ်ရမဒွါန်သည် ပီသသောလူ ဖြစ်လာစေရန် သင်ကြားပေးသော သင်တန်းဖြစ်သည်။ အလ္လာဟ်အရှင်မြတ်နှစ်သက်သော သက္ကဝါလက်ကိုင်ပြုစေပြီး လေ့ကျင့်ပျိုးထောင်ပေးသည့် တရားစခန်းလည်း ဖြစ်သည်။ ဘဝပြုပြင်ရေးသင်တန်းလည်း ဖြစ်သည်။ ကိုယ်စိတ်နှလုံးသုံးပါး လိမ္မာရေးခြားရှိစေရေးအတွက် လေ့ကျင့်ရသည့်လဖြစ်သောကြောင့်ပင် အလ္လာဟ်အရှင်မြတ်က ကျမ်းတော်မြတ်ကုရ်အာန်၊ စူရဟ် ဗကရဟ်၊ အာယသ်တော် ၁၈၃တွင်..

'အို–မုအ်မင်န်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်အရှင်မြတ်သည် အသင်တို့ထက် အလျင်ရှိခဲ့ကြကုန်သော သူတို့အပေါ် စွေ့ယာမ်ဥပုသ်ဆောက်တည်ရန် ပညတ်တော်ကို ပြဋ္ဌာန်းတော်မူသကဲ့သို့ပင် အသင်တို့ အပေါ်၌လည်း စွေ့ယာမ်ဥပုသ် ဆောက်တည်ရန် အမိန့်တော်ကို ပြဋ္ဌာန်းအတည်ပြုတော်မူခဲ့လေပြီ။ သို့မှသာလျှင် အသင်တို့သည် ပြစ်မှု ဒုစရိုက်တို့မှ ရှောင်

ရမဒွါန်လမြတ်အထူးကဏ္ဍ

ကြည်သူများ(မွှသ်သကီ) ဖြစ်တန်ကြရာသည်’ ဟု မိန့်ကြားတော်မူထားပါသည်။

### ဖန်တီးယူရမည်

တစ်နှစ်တာ ကျူးလွန်မိခဲ့သမျှ အကုသိုလ်များမှ လွတ်ငြိမ်းချမ်းသာခွင့်ရရှိရေး၊ နှလုံးသားတွင် ဖုံးအုပ်လျက်ရှိသည့် ဂုနဟ် တိမ်သလ္လာထု ကင်းစင်ပပျောက်ရေးတို့သည် လမြတ်ရမဒွါန်၏ ပင်မရည်ရွယ်ချက်များဖြစ်သည်။ စက်ပစ္စည်း တစ်ခုကို ကြာရှည်စွာ အသုံးပြုပြီးပါက ပြုပြင်ရန် လိုအပ်လာသကဲ့သို့ မနုဿစက်ရုပ်ကိုလည်း ပြုပြင်ရန်အတွက် လမြတ်ရမဒွါန်ကို ဖန်ဆင်းရှင်က သတ်မှတ်ပေးတော်မူထားခြင်းဖြစ်သည်။ ထို့ကြောင့် လမြတ်ရမဒွါန်တွင် (၁၁)လလုံးလုံး စွဲကပ်ခဲ့သော အကုသိုလ်ချေးညှော်များကို ကောင်းမွန်ကျနစွာ တိုက်ချွတ် ဆေးကြောပစ်ရန် အထူးလိုအပ်သည်။ ချေးချွတ်သန့်စင်ပြီးသော စက်ပစ္စည်းသည် အသစ်တစ်ဖန်ကောင်းမွန်သွားသကဲ့သို့ လူ့နှလုံးသားကိုလည်း ကြည်လင်ဝင်းပစင်ကြယ်စေကာ ဖန်ဆင်းရှင်နှစ်သက်သည့် ဘဝမျိုးကို တည်ဆောက်ရယူရန်ဖြစ်သည်။

### အားကြိုးမာန်တက်အိဗာဒသ်ပြုရမည်

လမြတ်ရမဒွါန်ကို ‘ရိုဇဟ်ဆောက်တည်ရသောလ၊ သရာဝီဟ်နမာဇ်ဝတ်ပြုရသောလ’ ဟူ၍သာ အများအားဖြင့် သိမြင်ထားကြသည်။ စင်စစ် ရိုဇဟ်နှင့်သရာဝီဟ်သည် လမြတ်ရမဒွါန်နှင့် ခွဲခြား၍မရသည့် အထူးအရေးပါသော အိဗာဒသ်များဖြစ်သည်၊ မြတ်ရမဒွါန်ကပင် ကျွန်ုပ်တို့ကို ထို့ထက်မကသော အိဗာဒသ်များဆောက်တည်ရန် တောင်းဆိုထားသေးသည်။ လူမှုရေးရာလုပ်ငန်းဆောင်တာများကို တက်နိုင်သမျှ ဆိုင်းငံ့ထားစေကာ လူသားကို ဖန်ဆင်းထားသည့် အဓိက ရည်ရွယ်ချက်ဖြစ်သော အိဗာဒသ်တွင် ရှိနေရန် တောင်းဆိုလျက်ရှိသည်။ ထို့ကြောင့် လမြတ်ရမဒွါန်၏ စက္ကန့်တိုင်း၊ မိနစ်တိုင်းကို တန်ဖိုးထား ၍ အဓိကရည်ရွယ်ချက်ဘက်သို့ ရှေးရှုကာအား ကြိုးမာန်တက် ဇွဲမာန်တင်းစွာထား၍ အိဗာဒသ် ပြုလုပ်ရန် အထူး လိုအပ်ပါသည်။

### လမြတ်ရမဒွါန်၏ဗရ်ကသ်

နှလုံးသားထဲတွင် စိုးစဉ်းမျှ အီမာန်ရှိသူ မွတ်စလင်မ်ပင်လျှင် လမြတ်ရမဒွါန်ကို လေးစားရိုသေမည်သာဖြစ်သည်။ ထို့ကြောင့်ပင် ၁၁ လလုံးလုံး နမာဇ်ဝတ်မပြု၊ အလ္လာဟ်နှင့်ဆက်သွယ်မှုမရှိတတ်သည့် အညတြ မွတ်စလင်မ်ပင် လမြတ်ရမဒွါန်တွင်တတ်အားသရွေ့ကြိုးစားကာ အိဗာဒသ်ဆောက်တည်ကြသည်ကို တွေ့မြင်ရပေမည်။ ရှည်လျားစွာဝတ်ပြုရသည့် သရာဝီဟ် နမာဇ်ကိုပင်ဝတ်ပြုကြသည့်အပြင် နဖိလ်နမာဇ်များ ဝတ်ပြုခြင်း၊ ဇိက်ရ် ဘာဝနာစီးဖြန်းခြင်း၊ ကုရ်အာန် ဖတ်ရွတ်သရစ္စျာယ်ခြင်း စသည်တို့ကိုလည်း ကြိုးစားကျင့်ဆောင်ကြ၏။ ဤသည်တို့သည် လမြတ်ရမဒွါန်၏ဗရ်ကသ်မင်္ဂလာပင် ဖြစ် ပေသည်။

### အကုသိုလ်မှ ရှောင်ကြဉ်ရေး

သို့သော် ထိုသို့ နဖိလ် အိဗာဒသ်များ များပြောင်စွာ ဆောက်တည်ခြင်းထက်ပို၍ ပဓာနကျ

သည့်ကိစ္စမှာ ကျွန်ုပ်တို့ပေါ့ပေါ့တန်တန် မြင်ထားသော ဂုနဟ်အကုသိုလ်များမှ ရှောင်ကြဉ်ရေး ဖြစ်သည်။ မျက်စိဖြင့် ကျူးလွန်သောဂုနဟ်၊ နားဖြင့် ကျူးလွန်သောဂုနဟ်၊ ပါးစပ်ဖြင့် ကျူးလွန်သောဂုနဟ်၊ ခန္ဓာကိုယ်အစိတ်အပိုင်းများအားဖြင့် ကျူးလွန်သော ဂုနဟ်စသည့် ဂုနဟ်အမျိုးမျိုးကို အထူးရှောင်ကြဉ်ရမည်။ လမြတ်ရမဒ္ဂါန် တစ်လလုံး နဖိလ်အိဗာဒသ်များ မဆောက်တည်နိုင်ခဲ့လျှင်လည်း ဆင်ခြင်တုံတရား လက်ကိုင်ပြု၍ ဂုနဟ်အကုသိုလ်များမှ ရှောင်ကြဉ်နိုင်လိုက်သူသည် ကံထူးသူ ဖြစ်ချေမည်။ ချီးကျူးထိုက်သူလည်း ဖြစ်သည်။

## မည်သို့သောရိုဇဟ်နည်း

ကျွန်ုပ်တို့သည် လမြတ်ရမဒ္ဂါန်တွင် အလွန်တက်ကြွစွာဖြင့် ရိုဇဟ်စောင့်ထိန်းတတ်ကြသော်လည်း ရိုဇဟ်၏ အနက်အဓိပ္ပာယ်ကို လုံးလုံးလျားလျား မသိရှိကြ။ သာမန်အားဖြင့် ကန့်သတ်ကာလအတွင်း၌သာ စားသောက်ရခြင်းဟုသာ သိထားကြ၏။ အမှန်စင်စစ် စားခြင်း၊ သောက်ခြင်း၊ မေထုန်မှီဝဲခြင်းကို ရှောင်ကြဉ်ရသကဲ့သို့ မျက်စိ၊ နား၊ လက်၊ ခြေ စသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများကိုလည်း ဂုနဟ် ကျူးလွန်ခြင်းမှ ထိန်းချုပ်ထားရမည်ဖြစ်သည်။ ရိုဇဟ်တွင် စားခြင်း၊ သောက်ခြင်း၊ မိမိဇနီးဖြင့် သံဝါသပြုခြင်းစသည့် ဟလာလ်ဖြစ်သော ထိုသုံးမျိုးကို ရှောင်ကြဉ်ကြသော်လည်း ဟရာမ်များကိုမူ အာသာငမ်းငမ်း ကျူးလွန်နေတတ်ကြသည်။ ရိုဇဟ်စောင့်ထိန်းထားပါလျက် အတင်း အဖျင်း ပြောကြသည်။ ရိုဇဟ်စောင့်ထိန်းထားပါလျက် မဖွယ်မရာများကို ကြည့်ရှုကြသည်။ မဖွယ်ရာသော ဗီစီဒီ၊ တီဗီ၊ ဗီဒီယို စသည်များ ကြည့်ရှုရင်း တန်ဖိုးရှိသော အချိန်များကို ဖြုန်းတီးပစ်ကြသည်။ ဟလာလ်ကို စွန့်လွှတ်တတ်သော်လည်း ဟရာမ်ကိုမစွန့်လွှတ်တတ်ကြ။ သို့ဆိုက ထိုသို့သော ရိုဇဟ်သည် မည်သို့သော ရိုဇဟ်ဖြစ်မည်နည်း။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်က 'မုသားစကားဆောင်ထားသူ၏ရိုဇဟ် စောင့်ထိန်းမှုသည်အစာငတ်၊ရေငတ်ခံနေခြင်းသာဖြစ်၍ ငါအရှင် ထိုရိုဇဟ်အလိုမရှိ' ဟု မိန့်ကြားထားတော်မူသည်။ မုသားလှိုင်လှိုင်သုံးနေသူ၏ အစာရေစာရှောင်ခြင်းသည် မည်သို့မျှ အကျိုးမဖြစ်နိုင်။ မုသားဆိုသူ၏ ရိုဇဟ်သည် ဓမ္မသတ်ရှုထောင့်အရ ပိုင်ပင်ပိုင်ငြားသော်လည်း ရိုဇဟ်၏ ဗရ်ကသ်မင်္ဂလာ အဖြာဖြာနှင့် ဆဝါးဗ်ကုသိုလ်တို့မှာမူ ကင်းမဲ့နေမည်။ ဝိညာဉ်ကင်းကွာနေသည့် ရုပ်အသွင် ကျန်နေမည်။

## သက္ကဝါ လေ့ကား

လူတွင်ကောင်းကင်တမန်တို့၏ ကောင်းမြတ်သော ဗီဇနှင့် တိရိစ္ဆာန်တို့၏ဆိုးသွမ်းသော ဗီဇဟူ၍ ဗီဇနှစ်မျိုးဒွန်တွဲလျက်ရှိသည်။ ထို ဆန့်ကျင်ဘက်အင်အားနှစ်ရပ်သည် ထာဝစဉ်ပင် အားပြိုင်နေသည်။ တိရိစ္ဆာန်များ၏ ဗီဇဆိုးဟု ဆိုရာတွင် ဒေါသအလျောက် ပြုမူခြင်း၊ နိုင်ထက်စီးနင်းပြုခြင်း၊ မတရားသဖြင့် သတ်ဖြတ်ခြင်း စသည်တို့ ပါဝင်သည်။ ရိုဇဟ်သည် လူသားတွင် ရှိသော တိရိစ္ဆာန်ဗီဇကို ယဉ်ပါးစေသည်။ ရိုဇဟ်သည် လူသား၏စိတ်ရိုင်းရမ္မက်ကို ချွန်းနှင့် ထိန်းသည့်

ရမဒ္ဂါန်လမြတ်အထူးကဏ္ဍ

ဆင်ဦးစီးသဖွယ်ဖြစ်သည်။ ရိုဇဟ်သည် လူသား၌ ရှိသောတိရစ္ဆာန်စရိုက်ဆိုးကို ဆာလောင်ခြင်းဟူသော ဆေးဝါးဖြင့် ချေမှုန်းပစ်သည်။ လူသား၏ နှလုံးသားတွင်အလျှံညီးညီး တောက်လောင်နေသည့် ရမ္မက်မီးလျှံကို ဆာလောင်ခြင်း ဟူသည့် ရေစင်ဖြင့် ပက်ဖျန်း၍ ငြိမ်းစေ၏။ ထို့ကြောင့် ရိုဇဟ်စောင့်ထိန်းခြင်းဖြင့် ဂုနဟ်အကုသိုလ် ကျူးလွန်ချင်စိတ် လျော့နည်းသွားရတော့သည်။ ဟကီမုလ်အွမ္မသ် ဟဇရသ်ထာနဝီသခင်က…

"ရိုဇဟ်သည် လူသား၏ စိတ်ရိုင်းဆန္ဒများကို ချိုးဖွဲ့ပစ်ရုံသာမက နည်းစနစ်မှန်ဖြင့်ရိုဇဟ်ဆောက်တည်သူအတွက်(ရိုဇဟ်သည်) သက္ကဝါဘုံနန်း သို့ တက်လှမ်းနိုင်စေသည့် ကော်ဇောနီခင်းထား သည့် လှေကားသဖွယ် ဖြစ်ပေသည်" ဟု မိန့်ဆိုထားသည်။

## သက္ကဝါဆိုသည်မှာ

သက္ကဝါဆိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်မြင့်မြတ်စွင့်မှုကိုစိတ်တွင် အစဉ်တစ်စိုက် ရှုမှတ်ကာ ဂုနဟ် အကုသိုလ်များမှ ရှောင်ကြဉ်ခြင်းကို ခေါ်ဆိုသည်။ ထပ်ဆင့်ဆိုရလျှင် "ငါသည် အလ္လာဟ့်ကျေးကျွန်ဖြစ်သည်၊ အလ္လာဟ်က ငါ့ကို မြင်နေသည်၊ တစ်နေ့ အလ္လာဟ်ရှေ့မှာ ငါအဖြေပေးရမည်၊ အလ္လာဟ်ရှေ့တော်မှောက်မှာ ခစားရမည်"ဟူသော အသိတရားကို စိတ်တွင် မှတ်စွဲထင်ဟပ်စေလျက် အကုသိုလ်ဂုနဟ်ကို ပစ်ပယ်ခြင်းသည်သာလျှင် သက္ကဝါမည်၏။ ထို့ကြောင့် ရိုဇဟ်သည် သက္ကဝါတရားပြန့်ပွား စည်ပင်ရေးအတွက် အကောင်းဆုံးနှင့်အထိ ရောက်ဆုံးသော သင်တန်းဖြစ်သည်။

## လမြတ်ရမဒွါန်၏ စွမ်းဆောင်ရည်

ရေခဲသေတ္တာကလည်း ရှေ့တွင် အဆင်သင့်၊ အခန်းထဲတွင် မည်သူမျှမရှိ၊ ရေသောက်လိုက်ပါက မည်သူမျှသိမည်မဟုတ်၊ တိတ်တဆိတ် ရေခိုးသောက်ပြီး လူအများရှေ့တွင် ဟန်မပျက် နေလိုက်လျှင်လည်း မည်သူ မှ သံသယဖြစ်မည် မဟုတ်သော်လည်း အကုသိုလ်နွံတွင် အစဉ် နစ်မြုပ်နေသူ သာမန်မွတ်စလင်မ်ပင် ထိုသို့သော အနေတွင် ရေကြည်တစ်ပေါက် ခိုးမသောက်ဝံ့ စေသည့် စိတ်ကို မွေးဖွားပေးသူမှာ လမြတ်ရမဒွါန်ဖြစ်သည်။ အလ္လာဟ့်အမိန့် နာခံတတ်သည့် အရည်အချင်းကောင်းများ ပေါ်ပေါက်လာစေရန် စွမ်းဆောင်ပေးသည့်အရာမှာလည်း လမြတ်ရမဒွါန်ပင် ဖြစ်သည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်က ရိုဇဟ် နှင့် စပ်လျဉ်း၍ "ရိုဇဟ်သည် ငါအရှင်မြတ်အတွက် ဖြစ်သည်၊ ယင်း၏အစား (ကုသိုလ်အကျိုး)ကို ငါအရှင်မြတ်ကိုယ်တိုင် ပေးသနားတော်မူမည်" ဟုကြေညာထားတော်မူ၏။ အခြားသော အိဗာဒသ်များ၏ ကုသိုလ်ဆဝါးဗ်နှင့် စပ်လျဉ်း၍ ဆယ်ဆ၊ အဆ ၇၀၊ အဆ ၇၀၀ စသဖြင့် အသီးသီး ချီးမြှင့်တော်မူမည်ဟုလည်း အလ္လာဟ်အရှင်မြတ်က မိန့်ကြားတော်မူသော်လည်း ရိုဇဟ်နှင့် စပ်လျဉ်း၍မူ 'ငါအရှင်မြတ်ကိုယ်တော်တိုင် ချီးမြှင့်မည်' ဟု ကြေညာထား၏။ မည်ရွေ့မည်မျှ ချီးမြှင့်မည်ကိုမူ မသိရှိရ။ ခန့်မှန်းတွက်ဆ၍ မရနိုင်အောင် များပြားမည်မှာ မြေကြီးလက်ခပ် မလွဲပင်ဖြစ်သည်။

## အလ္လာဟ်အရှင်မြတ်က တန်ဖိုးထား

လူသားတွင် အလ္လာဟ့်ကြောက်စိတ် ခံစားဖြစ်ပေါ်လာ၏။ 'အလ္လာဟ်အရှင်မြတ် ငါ့ကိုမြင်နေတော်မူပါလား၊ ငါရိုဇဟ်စောင့်ထိန်းထားပါလား' ဟု ဆင်ခြင်မိကာ ဂုနဟ်မှ ရှောင်၏၊ အသိတရားရလာ၏၊အလ္လာဟ်အရှင်မြတ်က 'ငါ့ဘန်ဒဟ်သည် ငါ့ကိုကြောက်၏၊ ငါ့အမိန့်နာခံ၏၊ ငါသူ့ကို မြင်နေသည်ကို သူသိ၏၊ ထို့ကြောင့် ရေဆာလောင် နေပါလျက် ရေကြည် တစ်ပေါက် မသောက်ဘဲ ငါ့အမိန့်နာခံ၏' ဟု မိန့်ကြားကာ နှစ်ထောင်းအားရဖြစ်တော်မူမည်။ ထို့ကဲ့သို့ ဖြစ်ပေါ်လာသောအသိတရားခံစားချက်မျိုးကိုသာ အလ္လာဟ်အရှင်မြတ်ကတန်ဖိုးထား၏။ထိုခံစားချက်သည် ရိုဇဟ်က မွေးဖွားပေးလိုက်သော သက္ကဝါဘုံနန်းသို့ဝင်ရောက်နိုင်သည့် မှန်ဦးပင်ဖြစ်သည်။

## အဆင့်မြင့်မြင့်အောင်မြင်သူ

လမြတ်ရမဒ္ဒါန်တွင် အလ္လာဟ့်ကြောက်စိတ်ကြောင့် ဂုနဟ်များမကျူးလွန်ဘဲ ရှောင်ကြဉ်သကဲ့သို့ ကျန်(၁၁)လတွင်လည်း အလ္လာဟ့်ကြောက်စိတ်ထွေးပိုက်ကာ ဂုနဟ်များမှ ရှောင်ကြဉ် နိုင်သူသည် လမြတ်ရမဒ္ဒါန်ကပေးသော ပြုပြင်ရေးသင်တန်းကို အဆင့်မြင့်မြင့်အောင်မြင်သူဖြစ်သည်။

တစ်လတာ ဒုက္ခခံကျင့်ကြံအားထုတ်ပြီး ကျန် ၁၁ လတွင် ယခင်ကဲ့သို့ ဒွေးရောယှက်တင် ကျင့်သုံးနေထိုင်သွားပါက ကိုယ်ကျိုးနည်းရပေတော့မည်။

## ရိုဇဟ်အဲယာကွန်းတပ်ဆင်သော်လည်း

ကုသမှုထက် ရှောင်ကြဉ်မှုက အဓိကကျ၏။ အခန်းထဲတွင် အဲယားကွန်း(လေအေးပေးစက်) အစွမ်းကုန် ဖွင့်ထားသော်လည်း ပြူတင်းပေါက်များ ဖွင့်ထားပါက လေအေးစက်၏ အေးမြမှုကို မခံစားနိုင်ပေ။ထိုသို့ပင်ရိုဇဟ်ဟူသော အဲယားကွန်းကို တပ်ဆင်ထား၍ အစွမ်းကုန်ဖွင့်ထားပြီးနောက် တစ်ဖက်မှ ဂုနဟ်ပြူတင်းပေါက်များကိုဖွင့်ထားပါက ထိုရိုဇဟ်တွင် မည်သည့်အာနိသင်များရှိနိုင်ပေအံ့ နည်း။ ကုသမှုနှင့်အတူ ရှောင်ကြဉ်သင့်သည်ကို ရှောင်ကြဉ်ရမည်။ တစ်ဖက်မှ အစွမ်းကုန်ကုသနေပါလျက်ရှောင်ကြဉ်သင့်သည့် အစာအာဟာရကို မရှောင်ကြဉ်ပါက ရောဂါမသက်သာသည့်အပြင် နောက်ဆက်တွဲ ဆိုးကျိုးများ ခံစားရပေမည်။

## အမိန့်နာခံခြင်းသည်သာ အဓိက

လူသား၌ရှိသော ညဉ်ဆိုး၊စရိုက်ဆိုးများကို ရိုဇဟ်က တစစချေမှုန်းပစ်ရင်း ပပျောက်ကင်းစင်လာစေသည်မှာ မှန်ကန်သော်လည်း ဤနေရာတွင် အဓိကကျသည့်အခြေခံအချက်မှာ အလ္လာဟ်အရှင်မြတ်၏ အမိန့် တော်ကို နာခံခြင်းဖြစ်သည်။ အလ္လာဟ်နှင့် အလ္လာဟ့်ရစူလ်၏ အမိန့်နာခံမှုအပေါ် အခြေပြု၍ သာသနာတော်၏ ရုပ်လုံးကို အကောင်အထည်ဖော် တည်ဆောက်ထားသည်။ အလ္လာဟ်အရှင်မြတ်က 'စား'ဟု အမိန့်တော် ချမှတ်လျှင် စားခြင်းသည် သာသနာမည်၏။ ဤအချိန်တွင် 'မစားနှင့်' ဟု အမိန့်တော် ချမှတ်လျှင် မစားသောက်ခြင်းသည် သာသနာ မည်၏။

အလ္လာဟ်အရှင်မြတ်သည် ဘန်ဒဟ်လူသား၏ အမိန့်နာခံမှုကို စမ်းသပ်ရန် ဆန်းကြယ်သော

စီမံမှု တစ်ရပ် ချမှတ်ထားသည်။ တစ်နေ့တာလုံး ရိုဇဟ် စောင့်ထိန်းရန် အမိန့်ပေး၍ စောင့်ထိန်းသူ အတွက် ကုသိုလ်ကြောက်များစွာ ချီးမြှင့်ထားသည်။ သို့သော် တစ်ဖက်မှ နေဝင်သွားသည်နှင့် တစ်ပြိုင် နက် ချက်ချင်းဝါဖြေရန် အမိန့်ပေးတော်မူထား သည်။ ချက်ခြင်း ဝါဖြေခြင်းကို မွစ်သဟဗ်ဟု ပညတ်ထားသည်။ ဝါဖြေခြင်းကို အကြောင်းမဲ့ ဆိုင်းငံ့ထားပါက မက္ကရူဟ် ဟု သတ်မှတ်ထား၏။ မနှစ်မြို့ဖွယ်ရာဟုဆို၏။ 'နေဝင်သွားသောကြောင့် ငါအရှင်၏ အမိန့်တော်ကို နာခံလျက် စောလျင်စွာ ဝါဖြေကြ' ဟု မိန့်ထား၏။ ဆိုင်းငံ့ထားပါက ငါ့အမိန့်မနာခံ၍ ငါမနှစ်မြို့ဟု မိန့်မြွက်တော်မူ ထား၏။

မိမိဆန္ဒကို ရှေ့တန်းမတင်ဘဲ ဖန်ဆင်းရှင်၏ အမိန့်နာခံခြင်းသာအဓိကဖြစ်၏။ လောဘရမက် သည် ဆိုးသွမ်းသော မြွေပွေးပမာဖြစ်၏။ သို့သော် အလ္လာဟ်အရှင်မြတ်က လောဘထားရန် လိုလား တော်မူပါက ရှောင့်ရဲခြင်းကို စွန့်ပယ်လိုက်ကာ လောဘထားရမည်။ ဝါဖြေချိန် မတန်သေးဘဲ တစ်မိနစ်ခန့်စော၍ ဝါဖြေလိုက်ပါက ဂုနဟ်ထိုက် ရုံသာမက ကဖ္ဖါရဟ်ပင်ထိုက်၏။ "အစားတစ်လုပ် ကြောင့် အပြစ်ထိုက်ခြင်းမဟုတ်၊ အမိန့်ဖီဆန် သောကြောင့် အပြစ်ထိုက်ရခြင်း ဖြစ်သည်' ဟု စာဆိုတစ်ဦးက ရင့်ကြူးခဲ့သည်မှာ မှတ်သား ဖွယ်ရာဖြစ်သည်။

**နဖိလ်အိဗာဒသ်များမြောင်စွာပြုကြကုန်**

လမြတ် ရမဒ္ဒါန်တွင် မွတ်စလင်မ်တို့သည် ရိုဇဟ်စောင့်ထိန်းခြင်း၊ သရာဝီဟ်နမာဇ် ဝတ်ပြု ခြင်း၊ ကုရ်အာန် ကျမ်းမြတ်ဖတ်ရွတ်ခြင်း စသည် တို့ကို အထူးကြိုးစား ဆောက်တည်ကြသည်။ တမန်တော်မြတ် ﷺ သည် လမြတ်ရမဇာန်တွင် ဟာဇရသ်ဂျိဗ်ရာအီလ် عليه السلام နှင့် ကုရ်အာန်ကျမ်း မြတ်ကို အစအဆုံး ပြန်လည်ဖတ်ရွတ်တော်မူလေ့ ရှိခဲ့သည်။ ထို့ကြောင့် မိမိစွမ်းနိုင်သမျှ ကုရ်အာန် ကျမ်းတော်မြတ်ကို ဖတ်ရွတ်ရမည်။ ထို့အပြင် သွားရင်းလာရင်း၊ ထိုင်ရင်းထရင်း အလ္လာဟ်အရှင် မြတ်ကို အောက်မေ့သတိရတသနေရမည်။

တတိယကလေမဟ်

سُبْحَانَ اللّٰهِ وَالْحَمْدُ لِلّٰهِ

وَلَا إِلٰهَ إِلَّا اللّٰهُ وَاللّٰهُ أَكْبَرُ

နှင့် ဒရူးရှရီးဖ်၊ အိစ်သိဂ်ဖာရ်တို့ကို စဉ်ဆက် မပြတ် တတွတ်တွတ် ရွတ်နေသင့်သည်။ အခြား လများတွင် သဟ်ဂျဒ်နမာဇ် ဝတ်မပြုနိုင် ခဲ့သော် လည်း လမြတ်ရမဒ္ဒါန်တွင်မူ စဲဟ်ရီအတွက် အိပ် ရာမှ အချိန်အနည်းငယ် စောထ၍ စဲဟ်ရီ ထမင်း မစားသောက်မီ သဟ်ဂျဒ်နမာဇ် ဝတ်ပြုအပ်သည်။ နမာဇ်များကို ဂျမာအသ်နှင့်တကွ စိတ်ပါဝင်စား စွာဖြင့် တစ်စိတ်တစ်လက်တည်း ဝတ်ပြုနိုင်ရန် ကြိုးစားရမည်။ အထူးသဖြင့် ဂုနဟ် အကုသိုလ် များမှ အထူး ရှောင်ကြဉ်ရမည်။

'လမြတ်ရမဒ္ဒါန်၏ နူးရ်ရောင်ခြည်တော်အ ဖြာဖြာနှင့် ဗရ်ကသ် မင်္ဂလာတော်အဖုံဖုံတို့ကို ရယူ ပိုင်ဆိုင်နိုင်သည့် အခွင့်အလမ်း မွတ်စလင်မ် တိုင်း ရရှိနိုင်ကြပါစေ၊ လမြတ်ရမဒ္ဒါန်ကို တန်ဖိုးထား တတ်ကြပါစေ' ဟု ဆုမွန်ကောင်း တောင်းလိုက် ပါသည်။

မော်လာနာ အွစ်မာန်ဂနီ (မဟ်မူဒီ)

ကေန်စင်စစ် 'မုအ်မင်န်' သက်ဝင်ယုံကြည်သော သူတို့တွင် မဖွယ်မရာ ညစ်ညမ်းသော စကားပြန့်ပွားခြင်းကို နှစ်သက်လိုလားသူတို့၌ ဤမျက်မှောက် လောကီဘဝတွင် လည်းကောင်း၊ တမလွန်ဘဝတွင် လည်းကောင်း၊ ပြင်းပြနာကျင်ဖွယ် ပြစ်ဒဏ်သည် ရှိပေမည်။ စင်စစ် အလ္လာဟ်အရှင်မြတ်သည် သိရှိတော်မူ၏။ အသင်တို့သည်ကား မသိနားမလည်ကြချေ။

(စူရဟ် နူရ် အာယသ် ၁၉)




ယနေ့

အီမာန်ရှင်အသိုင်းအဝိုင်းတိုင်းမှာ အိန္ဒြေသိက္ခာပြက်စေပြီး ရှက်စရာအတိဖြစ်နေတဲ့ မဖွယ်မရာကိစ္စရပ်တွေနဲ့အရှင်မြတ်အမိန့်ကို ပြောင်းပြောင်းတင်းတင်း ချိုးဖောက်စေဘို့ တွန်းအားပေးတဲ့ကိစ္စရပ်တွေဟာ ကမ္ဘာ့နေရာအနှံ့မှာ ပေါ်ပေါက်နေပါပြီ။ အရောင်အသွေးစုံစုံလှလှပပနဲ့ ထုတ်ဝေနေတဲ့ဂျာနယ်ခေတ်၊ မဂ္ဂဇင်းခေတ်၊ ရေဒီယိုရုပ်မြင်သံကြားခေတ်၊ အင်တာနက်ခေတ်လို့ လူသိများနေတဲ့ ဒီနေ့လို ခေတ်မျိုးမှာ အထက်က အာယသ်တော်ရဲ့ အဓိပ္ပါယ်ရော အနက်သဘောပါ တဲ့တဲ့ပဲတိုးနေတာကို သိကြပါလိမ့်မယ်။

အကျော်အမော်ပညာရှင်ကြီး အဗူလ်ဟစံ အလီ (နဒဝီ)က

"အရင်ခေတ်တွေတုန်းက ဒီအာယသ်တော်ရဲ့ အနက်ကို သဘောပေါက်ဖို့ ခဲယဥ်းနိုင်ပေမယ့် ဒီနေ့ခေတ်မှာတော့ သဘောပေါက်ဖို့ မခဲယဥ်းတော့ရုံသာမက နေ့စဥ်နဲ့အမျှ မျက်ဝါးထင်ထင် ကြားသိ၊ မြင်တွေ့နေရပါပြီ "လို့ မီးမောင်းထိုးပြထားပါတယ်။

မေးသူ မင်္ဂလာပါ..... ခင်ဗျားရဲ့ နာမည်ရင်းနဲ့ တစ်ခြားနာမည်တွေရှိရင်လဲသိပါရစေ။

ရုပ်/သံ ကျွန်တော်ရဲ့နံမည်ရင်းကတယ်လီဖေးရှင်း ဘင်အီဗ်လီးစ် (အီဗ်လီးစ်၏သား တယ်လီဖေးရှင်း ) ဖြစ်ပါတယ်၊ တခြား နံမည်တွေက တီဗွီ၊ ဘောက်(စ)၊ ဘူဘ် ကျူးဗ်၊ အဲတချို့က စခရီးန် ၊ ဖြူးပွိုင့် လို့ အမျိုးမျိုး တင်စားကြ၊ ခေါ်ကြတယ်။

မေးသူ ဖွားမြင်ခဲ့တဲ့သက္ကရာဇ်နှင့် ပေါ်ပေါက် ခဲ့တဲ့ ကာလအတိအကျကိုသိပါရစေ။

ရုပ်/သံ ၂၀ ရာစု နှစ်စောစောပိုင်းက ဆိုရင် မှားမယ် မထင်ပါဘူး။

မေးသူ ခင်ဗျားရဲ့ သန္ဓေတည်ရာနဲ့ပတ်သက်လို့ သိပါရစေ။

ရုပ်/သံ ဟုတ်ကဲ့..... လူတွေက ကျွန်တော့်အဖေ ကို မသိဘဲနေမှာ မဟုတ်ပါဘူး၊ တကယ် တော့ ကျွန်တော့်အဖေဟာ ခင်ဗျားနဲ့ အနီးကပ်ဆုံးပါ၊ သူကတော့ ခင်ဗျားရဲ့ ဖခင်အာဒမ် عليه السلام ကို ဦးချဘို့ ငြင်းဆန် ခဲ့လို့ကောင်းကင်ဘုံနန်း (Paradise) ကနေ ထုတ်ပယ်ခြင်းခံခဲ့ရတဲ့ အီဗ်လီးစ် ပါဘဲ။ ဒါကြောင့် သူဟာ အဲဒီအချိန် ကစပြီးခင်ဗျားနဲ့ ခင်ဗျားရဲ့ မျိုးဆက်တိုင်း ကို လမ်းလွဲလမ်းမှား ရောက်စေခဲ့တာပဲ၊ အဲ ပြောရမယ်ဆိုရင်တော့ သူဟာသူ့ အဖျက်လုပ်ငန်းမှာအတော်လေးအောင်မြင် နေတယ်၊ ကျွန်တော်ကလည်း ဖခင်ရဲ့ အဲဒီလုပ်ငန်းမှာ အဖက်ဖက်ကနေ နည်း မျိုးစုံနဲ့ တိုက်ခိုက်ထိုးနှက်နိုင်တဲ့ အတွက် ဂုဏ်ယူမိပါတယ်။

မေးသူ ခင်ဗျားရဲ့လုပ်နေကျအမြဲတမ်း ယူထားရ တဲ့ တာဝန်ကို သိခွင့်ရှိပါသလား။

ရုပ်/သံ အို...အများကြီးပါဗျာ၊ ဒီတွေ့ဆုံခန်း လေးမှာတော့ ခရေစေ့တွင်းကျ တင်ပြ နိုင်မှာ မဟုတ်ဘူးထင်တယ်။ အင်း... ဒါပေမယ့်လည်း(Main Subject) အရေး ပါ လှတဲ့ ကိစ္စတစ်ချို့ကိုတော့ ကျွန်တော် ကြိုးစားတင်ပြပါ့မယ်။ လူ့ဝန်းကျင် လူ့ဘောင်တစ်ခု အိန္ဒြေမဲ့ အရှက်သိက္ခာ ကင်းမဲ့စေတဲ့ ဖိုမ ဖောက်ပြန်မှုနဲ့ ဝတ်လစ် စလစ် လွှမ်းမိုးမှုကြီးထွား ပြန့်ပွားစေဘို့ ပေါ့ဗျာ၊ အဲဒီအတွက် အမှန်အတိုင်း ဝန်ခံရမယ်ဆိုယင် ကျွန်တော်ရဲ့ အဲဒီ အလုပ်တွေကိုလွယ်လွယ်ကူကူကျယ်ကျယ် ပြန့်ပြန့် လုပ်နိုင်စေဘို့၊ အတက်နိုင်ဆုံးနဲ့ လက်လှမ်းမှီသလောက်ခင်ဗျားရဲ့သွေးသား တွေထဲကဘဲ ကူညီကြတယ်။ ဘယ် လောက်ထိ ကူညီလဲဆိုယင် ကျွန်တော့် (တယ်လီဖေးရှင်း)ကို နိုင်ငံရေး၊ စီးပွား ရေး၊ ပညာရေးနဲ့ ကမ္ဘာ့သုတ အရေး အတွက် အထောက်အကူပြုတဲ့ မီဒီယာ လို့တောင် လက်ခံကျင့်သုံးလာကြပါပြီ။

မေးသူ ဟုတ်ကဲ့ အဲဒီတင်ပြလိုက်တဲ့အခြေခံ

အချက်အလက်တွေအပြင် ထပ်ဆင့် ဆောင်ရွက်ချက်တွေကိုလည်း သိချင်ပါတယ်။

ရုပ်/သံ ရာဇဝတ်မှုတွေ၊ မှုခင်းတွေ ပျိုးထောင်ပေးဘို့ -ဥပမာအားဖြင့် သူစိမ်း သူရံစာ အမျိုးသမီးတွေကို သားမယားအဖြစ် မှတ်ယူကျင့်ကြံစော်ကားစေဘို့ ၊ မူးယစ်သောက်စားတတ်ဘို့၊ အကြမ်းဖက်လုပ်ငန်း တွေဘက် ဦးတည်စေတဲ့ တိုက်ခိုက် သတ်ဖြတ်မှုတွေမှာ ရဲရင့်စေဘို့ ၊ အဓမ္မလုယက်ဘို့ ၊ ဓါးပြတိုက်စေဘို့ ၊ သူတစ်ပါးရဲ့ အိုးအိမ်စည်းစိမ်တွေကို အပြစ်မဲ့ ဖျက်လိုဖျက်ဆီး ကြံရွယ်စေဘို့ စတဲ့ကိစ္စရပ်တွေမှာ အလေ့အကျင့် ရသွားအောင် ပြုစုပျိုးထောင်ပေးပါတယ်။ အဲဒီ အမှုကိစ္စတွေကို ခင်ဗျားတို့လူသားတွေက "ဗီဇ"ပါလို့ မှတ်ယူစေလောက်အောင် ကျွန်တော်က စီမံကိန်းတွေချပြီး အသက်အရွယ်အလိုက် လူတန်းစားအလိုက် သင့်တော်သလို ရွေးချယ်ပြန့်ပွားစေပါတယ်။

မေးသူ "ပညာခေတ်" လို့ ခေါ်တဲ့ ဒီခေတ်ရဲ့ ပညာတတ်အသိုင်းအဝိုင်း မှာ ကော ခင်ဗျားရဲ့ စွမ်းရည် ထိုးဖောက်နိုင်သလား။

ရုပ်/သံ ခုနက ကျွန်တော်ပြောတဲ့ အဖျက်သဘောဆောင်တဲ့ ကိစ္စတွေမှာ ကျွန်တော်ဟာ သိသိသာသာအောင်မြင်နေတော့ ခေတ်ပညာတတ်အုပ်စုက စိတ်မကြေမချမ်း ဖြစ်ကြတယ်။ သတင်းစာ၊ မဂ္ဂဇင်းနဲ့ လူထုပညာပေးစာစဉ်တွေက တဆင့် အများသူငှာကို သတိပေးပါတယ်၊ ဟဲဟဲ ....ကျွန်တော်လည်း ဒီလိုပညာရေး နယ်ပယ်က ပုဂ္ဂိုလ်တွေကို ပစ်ပယ် မထားပါဘူး၊ သူတို့ရဲ့ ကိုယ်ပိုင် အားလပ်ချိန် ကလေးတွေကို သူတို့အကြိုက်အက အခုန် အတီးအမှုတ်တွေထဲမှာ ကိုယ်ဟန်ကျော့ကျော့ အလှပိုင်ရှင်လေးတွေရဲ့ကပြဖျော်ဖြေမှုအကထဲမှာ ကုန်လွန်စေပြီး နှစ်သိမ့်ထား လိုက်ပါတယ်။

မေးသူ အရာရာကို ဘာသာရေးရှုထောင့်နဲ့ ဆင်ခြေတတ်မြင်တတ်ကြတဲ့ ပုဂ္ဂိုလ်တွေကို ကိုယ့်ဘက်ပါအောင် ဘယ်လို ဆွဲဆောင်ပါသလဲ။

ရုပ်/သံ ကျွန်တော်ရဲ့အထာကိုသိတဲ့ ဘာသာရေး၊ သာသနာရေး တတ်ကျွမ်းတဲ့ ကိုင်းရှိုင်းတဲ့ ပုဂ္ဂိုလ်တွေ၊ ပညာရှင်တွေက မိမိတို့ ဘာသာနဲ့ ဆန့်ကျင်တယ်ဆိုပြီးသဘောမကျ၊ ဆန့်ကျင်တဲ့အတွက် သူတို့တွေပါ လက်ခံရလေအောင်လို့၊ ဘာသာရေး အထွတ်အထိပ်မြို့ကြီး မြို့ဟောင်းတွေ၊ အထွတ်အမြတ်ထားတဲ့ သမိုင်းဝင် အဆောက် အဦးကြီးတွေ၊ သူတော်စင် သူတော်မွန်တွေရဲ့ ခြေရာတော်တွေကို ခမ်းခမ်းနားနား မြင်သာအောင် ရှုစားစေတဲ့ အပြင်၊ ကောင်းကင်ကျ ကျမ်းကြီး

ရဲ့ ခန့်ညားသိမ်မွေ့တဲ့ ကျမ်းလာ ဗျာဒိတ် (အာယသ်)တော်တွေ၊ ရောစပ်နေတဲ့ တရားစကားတွေ အဲပြီးတော့ လမြတ် (ရမဒွါန်)နဲ့နေ့ထူးနေ့မြတ်တွေမှာ ညလုံးပေါက်(ဘာသာရေးဗန်းပြ) အစီအစဉ်တွေမှာ နစ်မွန်းစေပြီး သူတို့ရဲ့ ကိုယ်ပိုင်တကိုယ်ရည် တရားအားထုတ်မှုတွေကို ဖျက်ဆီးနိုင်ခဲ့ပါတယ်။

မေးသူ ဒီလိုဆိုခင်ဗျားဟာကမ္ဘာ့ပေါ်မှာ ဦးနှောက်ပုံလောင်းပေးတဲ့ နေရာမှာ နံပါတ်တစ်နေရာယူထားတယ်ပေါ့။

ရုပ်/သံ အအောင်မြင်ဆုံးကိုယ်စားလှယ် ဆိုယင် မမှားပါဘူး၊ မကြာခင်ကဘဲ ကျွန်တော်မွေးဖွားလိုက်တဲ့ အင်တာနက်ဆိုယင် ကျွန်တော် ထက်ခြေနှစ်လမ်းတောင် ပိုနေသေးတယ်။ ကျွန်တော်မမွေးခင်ကဆိုရင် ကျွန်တော့်ဝမ်းကွဲညီအကိုတွေက လူတွေကို တစ်နေရာထဲမှာစုရုံးစေပြီး ဇည့်ခံခဲ့ရာမှာ တော်တော့်ကို အကျပ် အတည်းအခက်အခဲတွေရင်ဆိုင်ခဲ့တယ်။လိုအပ်တဲ့အတိုင်းအတာထိ မရောက် နိုင်ခဲ့ရှာဘူး။ အခုတော့ကျွန်တော်ရဲ့ သား အင်တာနက်က လူသားတိုင်းရှိရာ တောရောမြို့ပါ နေရာအနှံ့ ဒေသအနှံ့မှာ ရှိတဲ့အသင့်စောင့်ဆိုင်းနေကြတဲ့ ပရိသတ် တိုင်းရဲ့ မျက်စိရှေ့ကို အလွယ်တကူရောက်ရှိနိုင်နေပါပြီ၊ အဲဒီအတွက် ကျွန်တော့်ကို အားပေးကြတဲ့ လူသားတိုင်းကို ကျေးဇူးတင်လို့ မဆုံးပါဘူး။

မေးသူ မျိုးဆက်သစ်လူငယ်တွေ စွဲမက်မဲ့ အစီအစဉ်တွေ ရှိပါသေးလား။

ရုပ်/သံ အဲ...မျိုးဆက်သစ်လူငယ်တွေအတွက် ဘက်စုံထူးချွန်မှု၊ ဘက်စုံဖွံ့ဖြိုးမှုတွေကို အကြောင်းပြပြီး ထွေရာလေးပါး ဝေဖန်စေတဲ့နည်းကိုသုံးတဲ့ကျွန်တော့်ရဲ့ စွမ်းရည်ပြခွင့်ရနေတာဝမ်းသာလို့ကိုမဆုံးပါဘူး။

ဒါကြောင့် စိတ်ကူးယဉ်ဝေဖန်ဆန်းစစ်မှုနဲ့ ဖန်သားပြင်မှာ မြင်သမျှဆေးရောင်စုံမြင်ကွင်းကို အတွေးကမ္ဘာထဲ အတင်းသွတ်သွင်းချင်ကြတဲ့ လူငယ်တွေဟာ ကျွန်တော်ဘက်တော်သား တွေ ဖြစ်လာကြပါပြီ၊ ကျွန်တော်က သူတို့လေးတွေကို စာတွေ့လက်တွေ့ ဗဟုသုတအစုံသွတ်သင်းရင်းနဲ့ ဖြေဖျော်နိုင်ခဲ့လို့ သူတို့ဟာ ကိုယ်ပိုင်ဦးနှောက် ထက် ကျွန်တော့်ကို ဘဲ နေရာတကာမှာ အားထားကြ ပါတယ်။ကလေးဘဝတည်းက မကောင်းမှုဘက် စိတ်လှုပ်ရှားစေတဲ့ ကာတွန်းရုပ်ရှင် ဇာတ်လမ်းတွဲများနဲ့ ရင်းနှီးကျွမ်းဝင်နေတဲ့ ဒီမျိုးဆက်သစ်လူငယ်တွေဟာ သူတို့ရဲ့ ဘဝမှာ ကျွန်တော့်ကို အရေးကြီးဆုံးသော အရာအဖြစ်လက်ခံယုံကြည် ကိုးစားနေကြပါပြီ၊ ကမ္ဘာ့နဲ့ယှဉ်ပြီး ကြည့်ရင်လဲ လူငယ်လူရွယ် တွေ

ဟာ သူတို့ရဲ့ ရှေ့လိုအဖိုးတန်လှတဲ့ အချိန်တွေကို ကျွန်တော်ရဲ့ **အားကစားဖန်း(ပြ)** ရှည်လျားလှတဲ့ **ခရစ်ကက်ပွဲစဉ်၊**ဘောလုံးပွဲစဉ် အစရှိတဲ့ ကျန်းမာရေး အကြောင်းပြ အားကစားတွေထဲမှာ နှစ်ထားလိုက်တာပေါ့။ စကားစပ်မိလို့ ပြောရရင် မွတ်စလင်မ်တွေကို ကျတော့ သူတို့ရဲ့ အဓိကမဏ္ဍိုင်ဖြစ်တဲ့ ဆွလားသ် (နမာဇ်) ကိုအချိန်ကျော်လွန်ပြီးမှ (ကဇွာ) ဖြည့်တတ်တဲ့ကျင့်သားရသွားအောင်ဆွဲဆောင်လိုက်တာ တဖြည်းဖြည်း ဆွလားသ်နဲ့ အပြီးအပိုင် လမ်းကွဲသွားအောင် စွမ်းဆောင်နိုင်ထားပါတယ်။ အင်းလေ... ကြုံ့တောင့်ကြုံ့ခဲ ကုန်ကုန် ပြောရမယ်ဆိုရင် ကျွန်တော်ကို (HQ) က အဓိကညွှန်ကြားပေးထားတဲ့ တာဝန် က လူသားကို"ဖန်ဆင်းရှင်" ဘက်ကနေ အာရုံလွင့်သွားဘို့၊ လွဲဖယ်သွားစေဘို့ ပါဘဲ၊ တကယ်ဆိုတော့ ကျွန်တော်ရဲ့ အဖေ(အီဗ်လီးစ်)ကို ဂျန္နသ်ကောင်းကင်ဘုံနန်း ကနေ ကမ္ဘာမြေကို နှင်ထုတ်လိုက်တာ အဲဒီ(ဖန်ဆင်းရှင်)ဘဲပေါ့။ အဲဒီ ဖန်ဆင်းရှင် ဖန်ဆင်းထားတဲ့ အမြတ်ဆုံးဖန်ဆင်းခံ လူသားကို သူ့နဲ့ ဝေးအောင် စွမ်းဆောင်နိုင်လိုက်တာထက် ပိုပြီး ဘယ်အရာကကျွန်တော့်ကို အတိုင်းထက် အလွန်ကြည်နူး ဝမ်းသာစေမှာလဲ ဆိုတာကို ခင်ဗျားဘဲ စဉ်းစား ကြည့် ပေါ့။

မေးသူ ဟုတ်ကဲ့ ကျေးဇူးပါဘဲ၊ နောက်ဆုံး အနေနဲ့ ကျွန်တော်မေးချင်တာက ခင်ဗျားရဲ့ ဒီအစွမ်းထက်တဲ့ တယ်လီဗေးရှင်း စီမံကိန်းကိုယှဉ်နိုင်မယ့် ဖြိုခွင်းနိုင်မယ့် အခြားစွမ်းအင်တွေလောကမှာရှိပါသလား ၊

ရှပ်/သံ ကျွန်တော်ရဲ့ နက်ရှိုင်းပြီး အင်အားကြီးလှတဲ့ စီမံကိန်းကိုဖြိုခွင်းနိုင်ဘို့ကမ္ဘာမြေမှာရှိတဲ့ မွတ်စလင်မ်တွေ့ရဲ့ အခရာကျတဲ့ ကုရ်အာန်နဲ့ဟဒီးဆ်ဖြစ်ပါတယ်။ သာမန်မွတ်စလင်မ်တစ်ဦးဟာ အဲဒီ ကုရ်အာန်နဲ့ ဟဒီးဆ်ရဲ့ လမ်းညွှန်မှုအောက်မှာသာ ဘဝမွေးမြူနေမယ်ဆိုရင်အဲဒီ မွတ်စလင်မ်အစစ်ရဲ့ ဘဝစီမံကိန်းဟာ ကျွန်တော်ကို အလုံထိုး အနိုင်ယူလိုက်ပါလိမ့်မယ်။

မေးသူ အခုလိုစိတ်ရှည်ရှည်ထားပြီး ရှင်းပြ ပေးတဲ့အတွက် အလွန်ကျေနပ်မိပါတယ်။ ကျွန်တော်လည်း ခင်ဗျားနဲ့ပတ်သက်ပြီး သေပြီးနောက် တစ်ဖန်ပြန်လည်ရှင်ထရမှာကိုယုံကြည်ထားတဲ့မွတ်စလင်မ်တွေကို လက်လှမ်းမီသလောက်အလ်မအာရစ်ဖ်က တစ်ဆင့် သတင်းဖြန့်ပေးနေပါ့မယ်။

**မော်လာနာ ဂျလာလွဒ္ဒီန်း (နဒဝီ)**

[illegible]

# တာရိဂ္ဂတွာနှင့်လမ်းစဉ်

မုဖ်သီအဟ်မဒ်(ဗာရှုကီ)

## ကောင်းမြတ်သောကိုယ်ကျင့်တရားများ

ရှုကုရ် – ကျေးဇူးတင်ခြင်း

ကျေးဇူးတင်ခြင်းနှင့် စပ်လျဉ်း၍ ကျမ်းမြတ် ကုရ်အာန် ၂ း ၁၅၂ တွင်. . . .

وَاشْكُرُوا لِي وَلَا تَكْفُرُونِ

'အသင်တို့သည် ငါအရှင်မြတ်၏ကျေးဇူးတော်ကို သိကြကုန်။ အသင်တို့သည် ငါအရှင်မြတ်အား ကျေးဇူးမကန်းကြလေနှင့်'

ဟူ၍ မိန့်မှာတော်မူထားသည်။

သက္ကဝါ – အလ္လာဟ်အရှင်မြတ်အား ကျိုးနွံ ကြောက်ရွံ့ခြင်း

ကြောက်ရွံ့ခြင်းနှင့်ပတ်သက်၍ ကျမ်းမြတ် ကုရ်အာန် ၉ း ၁၁၉ တွင်. . . .

يَاأَيُّهَا الَّذِينَ آمَنُوا اتَّقُوا اللهَ

'အို – အီမာန်သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်'

ဟူ၍ မိန့်တော်မူထားသည်။

အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရန် ကုရ်အာန်၌ နေရာများစွာ လာရှိပြီးဖြစ်သည်။

မှတ်ချက်

သက္ကဝါ ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်က အမိန့်ပေးထားသော အရာများကို ကြောက်ရွံ့၍သော်လည်းကောင်း၊ ချစ်မြတ်နိုး၍သော်လည်းကောင်း နာခံလိုက်နာကျင့်သုံးခြင်းသာမက အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက်မှု မရှိသော လုပ်ရပ်များနှင့် တားမြစ်ချက်များအား ရှောင်ကြဉ်ခြင်းကိုလည်း ခေါ်ဆိုပေသည်။

ဆွဗရ် – သည်းခံခြင်း

သည်းခံခြင်းနှင့်ပတ်သက်၍ ကျမ်းမြတ် ကုရ်အာန် (၃ း ၂၀၀)တွင်...

يَاأَيُّهَا الَّذِينَ آمَنُوا اصْبِرُوا

'အို–အီမာန်သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် ဒုက္ခတွေ့ကြုံရလျှင် သည်းခံကြ

လေကုန်’

ဟူ၍ မိန့်တော်မူထားသည်။

**အိခ်လာစွ်–စိတ်စေတနာဖြူစင်သန့်ရှင်းခြင်း**

စိတ်စေတနာ ဖြူစင်သန့်ရှင်းခြင်းနှင့် ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန် ၉၈း၅ တွင် အလ္လာဟ်အရှင်မြတ်က . . . .

وَمَآ اُمِرُوْٓا اِلَّا لِيَعْبُدُوا اللّٰهَ مُخْلِصِيْنَ لَهُ الدِّيْنَ

‘စင်စစ်သော်ကား ထိုသူတို့သည် အလ္လာဟ် အရှင်မြတ်ကိုသာလျှင်ရည်စူး၍ အာရုံစိုက်လျက် ကိုးကွယ်ဆည်းကပ်ကြရန် အမိန့်ပေးတော်မူခြင်းကို ခံခဲ့ကြရသည်မှတစ်ပါး အခြားတစ်စုံတစ်ရာကိုမျှ အမိန့်ပေးတော်မူခြင်းမခံကြရပေ’

ဟူ၍ မိန့်တော်မူထားသည်။

**ရိဇွာ– ကျေနပ်နှစ်မြို့ခြင်း**

ကျေနပ်နှစ်မြို့ခြင်းနှင့်ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန်တွင်...

رَضِيَ اللّٰهُ عَنْهُمْ وَرَضُوْا عَنْهُ

‘အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အား ကျေနပ်နှစ်မြို့တော်မူ၍ ၎င်းတို့သည်လည်း ထိုအရှင်မြတ်အား ကျေနပ်နှစ်မြို့ကြပေသည်’

(ကုရ်အာန် ၉၈ း ၈)

..စသည်ဖြင့် ကောင်းမြတ်သောကိုယ်ကျင့်တရားများကို မိမိ၏ စိတ်နှလုံးသား အတွင်းတွင် ရှင်သန်စေလျက် သက်တမ်းတစ်လျှောက်လုံး ကျင့်သုံးသွားရန် အရေးကြီး လိုအပ်ပေသည်။ ထိုနည်းလမ်းများအတိုင်းပင် မွတ်စလင်မ်တိုင်းသည် မိမိအတွင်းနှလုံးသားရှိ မကောင်းသောအကျင့် စရိုက်များမှ သန့်စင်စေရန်ပြုလုပ်ရပေမည်။

**မကောင်းသောအကျင့်စရိုက်များ**

သကပ်ဗုရ် – မာနကြီးခြင်း

မာနကြီးခြင်းနှင့် ပတ်သက်၍ ဟဒီးဆ်တော်တွင် နဗီတမန်တော်မြတ် ﷺ က မိန့်တော်မူထားသည်မှာ...

لا يدخل الجنة من كان في قلبه مثقال ذرة من كبر

‘အကြင်သူ၏နှလုံးသားတွင် မြူမှုန်မျှ မာနရှိနေပါက ၎င်းသူသည် ဂျန္နသ်သို့ ဝင်ရလိမ့်မည်မဟုတ်ပေ’ (မွတ်စလင်မ်ကျမ်း)

ဂဇွပ် – ဒေါသအမျက်ကြီးခြင်း

အမျက်ကြီးခြင်းနှင့် ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန်တွင်အရှင်မြတ် မိန့်တော်မူထားသည်မှာ

وَالْكَاظِمِيْنَ الْغَيْظَ وَالْعَافِيْنَ
عَنِ النَّاسِ وَاللّٰهُ يُحِبُّ الْمُحْسِنِيْنَ ۝

‘ထိုသူတော်စင်များသည် ဒေါသကို ချုပ်တည်းမြိုသိပ်သူများဖြစ်ကြ၏။ လူတို့အား ခွင့်လွှတ်ကြသူများလည်း ဖြစ်သည်။ ကောင်းမြတ်သောအလုပ်ကို ပြုလုပ်သူများအား အလ္လာဟ်အရှင်

| မကောင်းသောအကျင့်စရိုက်များ | | |
|---|---|---|
| သကပ်ဗုရ် | - | မာနကြီးခြင်း |
| ဂဇွပ် | - | ဒေါသအမျက်ကြီးခြင်း |
| ဟစဒ် | - | မနာလိုဝန်တိုခြင်း |
| တိရ်စ္စ | - | လောဘကြီးခြင်း |
| ရိယာ | - | ပြစားခြင်း |

ရိယာ – ပြစားခြင်း

ပြစားခြင်း၊ လူမြင်ကောင်းရန် အမလ်အား ထုတ်မှု တစ်ခုခုပြုလုပ်ခြင်းများနှင့် ပတ်သက်၍ ဟဒီးဆ်တော်တွင် နဗီတမန်တော်မြတ် ﷺ ဤသို့ မိန့်တော်မူထားသည်။

ان يسير الرياء شرك

'မုချကေန် သေးငယ်သော ရိယာသည်ပင်လျှင် ရှစ်ရ်ကံ ဖြစ်သည်' (အစ်ဗနေ့မာဂျဟ်ကျမ်း)

ရိယာပြစားမှု ကင်းစင်ပါမှ အိခ်လားစ္စ ရရှိမည်။ အထက် ဖော်ပြပါကဲ့သို့ မကောင်းသော အကျင့်စရိုက်များကို မိမိနှလုံးသားမှ ဝေးကွာစေရန် အစဉ်အမြဲ သတိပြုအားထုတ်နေရန် လိုအပ်သည်။ ထိုမျှသာမက ယင်းမကောင်းသော အကျင့်စရိုက်များ၏လိုလားတောင့်တမှုများအတွက် မကျူးလွန်မိစေရန်လည်း အစဉ်ကြိုးပမ်းနေရမည်။ ဤသည်တို့မှာ သစောင်ဝုဖ်၏ အဓိက ရည်ရွယ်ချက်ပင် ဖြစ်သည်။

မြတ်သည် ချစ်မြတ်နိုးတော်မူပေသည်'
(ကုရ်အာန် ၃ း ၁၃၄)

ဟစဒ် – မနာလိုဝန်တိုခြင်း

မနာလိုဝန်တိုခြင်းနှင့် ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန်တွင် အလ္လာဟ်အရှင်မြတ် မိန့်တော်မူထားသည်မှာ…

وَمِنۡ شَرِّ حَاسِدٍ اِذَا حَسَدَ ۝

''မနာလိုငြူစူသောသူသည် မနာလိုငြူစူသော အခါဖြစ်တတ်သော ဘေးအန္တရာယ်များမှ ကင်းဝေးစေရန်နံနက်မိုးသောက်ချိန်ကိုဖန်ဆင်းတော်မူသော အရှင်မြတ်အားဖြင့် အကာအကွယ်ယူပါ၏'' (ကုရ်အာန် ၁၁၃း ၅)

တိရ်စ္စ –လောဘကြီးခြင်း

လောဘကြီးခြင်းနှင့် ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန် ၂၀း ၁၃၁တွင် အလ္လာဟ် အရှင်မြတ်က ဤသို့မိန့်တော်မူထားသည်။

لَا تَمُدَّنَّ عَيۡنَيۡكَ اِلٰى مَا مَتَّعۡنَا بِهٖۤ
اَزۡوَاجًا مِّنۡهُمۡ زَهۡرَةَ الۡحَيٰوةِ الدُّنۡيَا

'အသင်နဗီတမန်တော်သည် ငါအရှင်မြတ်က ယင်း ကာဖိရ် ငြင်းပယ်လက်မခံသူများအနက် လူတန်းစားအမျိုးမျိုးတို့အား အကျိုးခံစားရန် အတွက် ပေးထားသည့် လောကီစည်းစိမ် သာယာမှုအမျိုးမျိုးတို့ကို မိမိ၏မျက်စိအစုံဖြင့် မော်၍ပင် မကြည့်လေနှင့်'
(ကုရ်အာန် ၂၀ း ၁၃၁)

မုဖ်သိ အာဟ်မဒ် (ပျဉ်းမနား–ဟာရူကီ)

## ကလေးသူငယ်များအတွက်
# စိုင်ယိဒ်နာအဗ်ဒွလ္လာဟ်အိဗ်နိအဗ္ဗားစ်رضي الله عنه

မော်လာနာသယ်အ်ကူးဇ်နူးရ်မှုဟမ္မဒ်ဟာဇီးသ်

အဆွေတော် ဟဇရသ်အဗ်ဒွလ္လာဟ်ﷺ သည် စံပြနဗီတမန်တော်မြတ်ﷺ၏ဘကြီးတော်စပ်သူ စိုင်ယိဒ်နာအဗ္ဗားစ်ﷺ၏ သားဖြစ်သည်။ သခင်ကို ဟိဂျရသ်မတိုင်မီ(၃)နှစ်ခန့်က မွေးဖွားခဲ့သည်။ ရစူလ်ကိုယ်တော်မြတ် ﷺ ကွယ်လွန်ချိန်တွင် သခင်၏အသက်မှာ(၁၃)နှစ်အရွယ်သာရှိသည်။ သခင်ကြီးမွေးဖွားပြီးမိခင်နို့မစို့မီနဗီတမန်တော်မြတ် ﷺကသခင့်၏လျှာပေါ်တွင်'သဟ်နီက်'အချိုရည်တို့ပေးခဲ့သည်။ဤအချက်သည် နဗီတမန်တော်မြတ် ﷺ နှင့်အိဗ်နိအဗ္ဗားစ်သခင်တို့ ဦးစွာ ပထမထိတွေ့နီးစပ်မှု၏အစဖြစ်ပြီး ဘဝသက်တမ်းတစ်ခုလုံး တမန်တော်မြတ်ﷺကို အလွန်လေးမြတ်ချစ်ခင်ခဲ့သည်။

အဗ်ဒွလ္လာဟ်ﷺသခင်သည် အသိဉာဏ်ဖွံ့ဖြိုးလာချိန်မှစ၍ ရစူလ်ကိုယ်တော်မြတ် ﷺ ထံတွင် အနီးကပ်ခစားခွင့်ရရှိခဲ့သည်။ ရစူလ်ကိုယ်တော်မြတ်ﷺ ဝုဇူပြုရန်ရေလိုတိုင်း၊ ရေကို ခပ်ပေးသည်။ နဗီတမန်တော်မြတ်ﷺနမာဇ် ဖတ်တော်မူတိုင်း သခင်ကနောက်မှ လိုက်ဖတ်လေ့ရှိသည်။

ရစူလ်ကိုယ်တော်မြတ်ﷺခရီးထွက်တော်မူတိုင်း၊ သခင်ကြီးနောက်မှအတူတကွလိုက်ပါခွင့်ရ၏။ သခင်သည်အစဉ်အမြဲပင်တမန်တော်မြတ် ﷺ၏နောက်မှအရိပ်ပမာ လိုက်ပါပြုစုခွင့်ရခဲ့သည်။

ထိုရရှိလိုက်သောအခြေအနေများ နှင့် အခွင့်အရေးများကြောင့်သခင်ကြီးသည် ရစူလ် ကိုယ်တော်မြတ်ﷺ၏ပြောဆိုတော်မူမှုနှင့်လုပ်ဆောင်တော်မူမှုများကိုအနီးကပ်အာရုံစိုက်ကာ သတိကြီးစွာဖြင့်သင်ယူခွင့်ရလိုက်သည်။ သခင်ကြီးသည် ငယ်ရွယ် သူဖြစ်သည့်အလျောက် နှလုံးသားတွင် ခံစားချက်ပြင်းပြပြီး ဉာဏ်ရည်ကြည်လင်သောကြောင့် နဗီတမန်တော်မြတ်ﷺ၏ ပြောကြားမိန့်ဆိုတော်မူသောစကားရပ်တိုင်းကိုတိကျစွာ မှတ်ယူ ကျက်မှတ်နိုင်သော အရည်အချင်းရှင်ဖြစ်ခဲ့သည်။ ထို့ကြောင့်သာ နောင်လာ နောက်သားတို့၏ကိုယ်စား သခင်ကြီးသည် ရစူလ် ကိုယ်တော်မြတ်ﷺထံအစခားဝင်နေကာ ကိုယ်တော်မြတ် ﷺ၏ပြစ်မှုဆိုင်ရာစီရင်ဆုံးဖြတ် ဆောင်ရွက်ချက်များကို ပိုင်နိုင်စွာသိရှိ ထိန်းသိမ်း နိုင်ခဲ့၍ အနာဂတ်ကာလတွင် ပညာရှင်တစ်ဆူအဖြစ် ကျော်ကြားခဲ့သည်။ ထိုအကြောင်းများကြောင့်ပင် သခင်ကြီးသည် တမန်တော်မြတ်ﷺ၏မိန့်ဆိုသွန်သင်ပို့ချချက်၊ ပြောဆိုချက် ထောင့်ခြောက်ရာ ခြောက်ဆယ်ကို ဘိုခါရီနှင့်မွတ်စလင်မ်ကျမ်းတို့တွင် မှတ်တမ်းတင်နိုင်ခဲ့လေသည်။

နဗီတမန်တော်မြတ်ﷺသည် အမြဲအစဉ်ပင် ကလေးဘဝအရွယ်တွင်ရှိနေသေးသည့် သခင်ကြီးကို မိမိအနီးနားတွင်ထားခဲ့လေသည်။ တခါတရံ ပခုံးပေါ် တွင်တင်မြှောက်ရင်း 'အို...အလ္လာဟ်အရှင်မြတ် အဗ်ဒုလ္လာဟ်အား အစ္စလာမ် သာသနာ၏ နက်ရှိုင်းမှုကို နားလည်သဘောပေါက်နိုင်သော အရည်အချင်း ချီးမြှင့်ပေးသနားတော်မူပါ။ ထို့ပြင် ကုရ်အာန်ကျမ်းတော်မြတ်၏ အဓိပ္ပာယ်နှင့် ၎င်း၏ အဓိပ္ပာယ် ဖွင့်ဆိုချက်များကို သင်ကြားပေးသနားတော်မူပါဟု ဆုဒုအာပြုပေးလေ့ရှိ၏။

နဗီတမန်တော်မြတ်ﷺသည် မိမိဘကြီး၏ သားဖြစ်သူ ညီတစ်ဝမ်းကွဲအတွက် အထက်ပါ ဒုအာကို အခြေအနေရတိုင်း တောင်းပေးတော်မူခဲ့၏။ များမကြာမီမှာပင် အဗ်ဒုလ္လာဟ် အိဗ်နိ အဗ္ဗားစ် သခင်ကြီးတွင် ပညာဆည်းပူးရန် အတွက် စိတ်အားထက်သန်လာကာ မိမိ၏ ဘဝ ကို ယင်းအတွက်သတ်မှတ်ရတော့မည်ဖြစ်ကြောင်း သိမြင်ခံစားလာ၏။

နဗီတမန်တော်မြတ်ﷺသည် အသိပညာ နှင့် သဘောပေါက်နားလည်လွယ်နိုင်မှုအပြင် အမြော်အမြင် ကြီးမားမှုပါရရှိနိုင်ရန်အတွက် အလ္လာဟ်ထံ မကြာ ခဏ ဆုမွန်တောင်းပေးလေ့ရှိ ကြောင်း ကို သခင်ကြီးကိုယ်တိုင် ကပြောပြလေ့ရှိသည်။ တစ်ခါသော် တမန်တော်မြတ် ﷺ သည်ဝုဇူ ပြုတော် မူရန် ဆန္ဒတော်ပေါ်နေခိုက်တွင် ကျွန်တော်သည် အပြေးအလွှားဝုဇူ ရေကို စီစဉ်ပေးလိုက်ရသည့် အတွက် တမန်တော်မြတ် ﷺ၏ ကျေနပ်မှု ရခဲ့ရသည်။ ထို့နောက်နဗီတမန်တော်မြတ် ﷺနမာဇ် စတင်ဖတ်ရန် ပြင်ဆင်သည့်အခါ ကျွန်တော့်အား မိမိ၏ နံဘေးတွင် ရပ်ကာဝတ်ပြုတော်မူခိုင်းသည်။ ကျွန်တော်ကမူနောက်မှရပ်၍သာဖတ်ခဲ့၏။ နမာဇ်ဝတ်ပြုမှုပြီးဆုံးသွားသောအခါ တမန်တော်မြတ် ﷺ က "အို..... အဗ်ဒုလ္လာဟ် အဘယ်အရာက သင့်အားငါ၏ နံဘေးတွင်ရပ်ဖတ်ခြင်းကို အဟန့်အတားပြုခဲ့သနည်း"ဟု မေးမြန်းတော်မူသဖြင့် သခင်က "ကိုယ်တော်မြတ် ﷺသည် ကျွန်တော်မျိုး၏အမြင်တွင် အလွန့်အလွန်ကြီးကျယ် ခမ်းနားပြီး ထည်ဝါနေသောကြောင့် ကိုယ်တော်မြတ်၏ ဘေးတွင်ယှဉ်၍မရပ်ဝံ့ပါ "ဟုဖြေကြား ခဲ့သည်။

ရစူလ်ကိုယ်တော်မြတ်ﷺသည်မိုးကောင်းကင်ဘက်သို့လက်မြှောက်ကာ "အို...အလ္လာဟ်အရှင်မြတ် အဗ်ဒုလ္လာဟ်အား ဉာဏ်အမြော်အမြင်ကို ချီးမြှင့်တော်မူပါ" ဟူ၍ ဆုတောင်းပေးခဲ့သည်။ ရစူလ်ကိုယ်တော်မြတ် ﷺ၏ ဆုမွန်ဒုအာသည် အဗ်ဒုလ္လာဟ်အားစူးရှစေကြောင်း၊ သခင်၏ အရွယ်နှင့်မလိုက်သော ဉာဏ်အမြော်အမြင်ကို ပိုင်ဆိုင်နိုင်ခဲ့မှုက သက်သေအထောက်အထား ပြုနေခဲ့သည်။

အဆိုပါ ဉာဏ်အမြော်အမြင်သည် တမန်တော်မြတ် ﷺသက်တော်ထင်ရှားရှိစဉ်နှင့် တမန်တော်မြတ်ﷺကွယ်လွန်ပြီးချိန်ထိ အသိပညာများကို လေးနက်စွာဝီရိယစိုက်ကာ ချဉ်းကပ်ရယူ ခြင်းကြောင့်လည်း ချီးမြှင့်မှုခံရခြင်းဖြစ်သည်။

ရစူလ်ကိုယ်တော်မြတ်ﷺသက်တော်ထင်ရှားရှိတော်မူစဉ်က အဗ်ဒုလ္လာဟ်رضي الله عنهသခင်သည် ပညာပေးသည့် ထိုင်ဝိုင်းတိုင်းကို လက်လွတ်မခံဘဲ ကြားသိသမျှ သော စကားများကို အလွတ် ကျက်မှတ်လေ့ရှိခဲ့သည်။ နဗီတမန်တော်မြတ်ﷺ ကွယ်လွန်

ပြီးနောက်သခင်သည် နဗီတမန်တော်မြတ် ﷺ နှင့်ကာလကြာရှည်စွာ အတူတကွ နေထိုင်ခဲ့ကြသော အသက်အရွယ်ကြီးသည့် အပေါင်းအသင်းတို့ထံ ချဉ်းကပ်ကာ ၎င်းတို့ ကြားဖူးနားဝရှိခဲ့ကြသောတမန်တော်မြတ် ﷺ ၏သွန်သင်ချက် များကို လေ့လာဆည်းပူးခဲ့သည်။ သခင်မသိသေးသော ဟဒီးဆ်တစ်ပုဒ်တလေကို မည်သူမည်ဝါ က သိရှိကြောင်းကြားသိတိုင်း ၎င်းပုဂ္ဂိုလ်ထံ ဆောလျင်စွာသွားရောက်၍ရေးမှတ်ယူကာ မှတ်သားထားလေ့ရှိသည်။ သခင်သည် မိမိရေးမှတ်ရ ယူခဲ့ သော ဟဒီးဆ်များကို အကြောင်းအရာအလိုက် ရရှိရေးမှတ်ထားပြီးဖြစ်သော ဟဒီးဆ်တော်တို့ဖြင့် အသေးစိတ် တိုက်ဆိုင် စိစစ်လေ့ရှိသည်။ တစ်ခါတရံတွင် ဟဒီးဆ်တစ်ခု၏ချိတ်ဆက်မိ ခိုင်မာမှုအတွက် တမန်တော်မြတ် ﷺ ၏ အပါးတော်ဝင် အယောက်သုံးဆယ်တို့ ထံ သွားရောက် မေးမြန်းခဲ့သည်။

စိုင်ယိဒ်နာအဗ်ဒွလ္လာဟ် ؓ သခင်သည် တစ်နေ့ မိမိမသိရှိသေးသော **ဟဒီးဆ်တော်** တစ်ပုဒ်ကို တမန်တော်မြတ်၏ **အဆွေတော်** မည်သူမည်ဝါက သိရှိကြောင်းကြားသိသည်နှင့် တစ်ပြိုင်နက် ၎င်းထံ ရောက်ရှိခဲ့ကြောင်းကို ဤသို့ တင်ပြ၏။ "ကျွန်ုပ် သည် ညနေမိုးချုပ် အနားယူသော အချိန်တွင် အဆွေတော်တစ်ဦး၏ တံခါးပေါက်တွင် မိမိ၏ အဝတ်ရှည်ကိုဖြန့်ကာ ထိုင်လိုက်၏။ ထိုစဉ် လေပြင်းလေးတစ်ချက် တိုက်လာသဖြင့် သဲများ လွင့်စင်ကာ ပေကျံသွားတော့သည်။ ထိုအချိန်တွင် ကျွန်တော့်ဥဆန္ဒရှိလျှင် ထိုအဆွေတော်၏ တံခါးကိုခေါက်လိုက်ရုံမျှဖြင့် အထဲသို့ မုချဝင်ခွင့်ရ မည် ဖြစ်ပါသည်။ သို့သော် ကျွန်တော့် အနေနှင့် ထိုအဆွေတော် လန်းဆန်း ကြည်သာသော အခြေ အနေတွင်တွေ့ဆုံလို၍ စောင့်မျှော်နေခြင်း ဖြစ်ပါသည်။ အဆွေတော်က တံခါးဖွင့်၍ အိမ်အပြင် ထွက်လာသော အခါ ကျွန်တော် အခြေအနေကို မြင်တွေ့ရသဖြင့် "အို၊ တမန်တော်မြတ်၏ ညီတစ်ဝမ်း ကွဲတော်စပ်သူ ..... အသင်ဘာဖြစ်နေသလဲ တံခါးခေါက်ကာ ကျွန်တော် အားခေါ်ခိုင်းလိုက်လျှင်ကျွန်တော် ရောက်ရှိလာမှာပါ" ဟူ၍ အားနာစွာဖြင့်ပြောလာသဖြင့် သခင်က "ကျွန်တော်က ခင်ဗျားဆီလာရမှာပါ၊ အသိပညာကို လာရှာတာပါ၊ ကျွန်တော်သက်သက် လာတာမဟုတ်ပါဘူး" ဟူ၍ ကျွန်တော်က ပြောကြားလိုက်ပြီး အဆိုပါ ဟဒီးဆ်အကြောင်းကို ကျွန်တော်ဆက်လက် မေးမြန်းကာ အဆွေတော်ထံမှ သင်ယူခဲ့သည်။

ဤနည်းဖြင့်မိမိ၏ အင်အား အချိန် ဟူ သမျှကိုစွန့်လှူခဲ့သော အဗ်ဒွလ္လာဟ် ؓ သခင်ကြီး သည် အဆွေတော်တစ်ဦးချင်းထံ သွားရောက်ကာ စိတ်ရောကိုယ်ပါအာရုံအပြည့်ထားကာမေးမြန်းဆည်းပူးခဲ့သည်။ ထို့နောက် မိမိစုဆောင်းရရှိသော အချက်အလက်များကို အသေးစိတ် နိူက်နိူက် ချွတ်ချွတ် ထပ်မံစိစစ်ရွေးချယ်ခဲ့သည်။

သခင်ကြီးသည်ဟဒီးဆ်များကိုစုဆောင်းရာတွင်သာ အင်အားစိုက်ထုတ်သည်မဟုတ် အသိပညာ၏ ကျယ်ပြန့်သောကဏ္ဍတိုင်းတွင် ကြိုးစားအားထုတ်ကာ ဆည်းပူးခဲ့သည်။ သခင်သည် စိုင်ယိဒ်နာဇိုင်းဒ်ဗင်စာဗစ်သ် ကဲ့သို့သော အဆွေတော်ကို အလွန်မြတ်နိုးခဲ့သည်။ အဆွေတော်

သည်/တမန်တော်မြတ် ﷺ၏ မြောက်မြားစွာသော အမိန့်ဩဝါဒများကိုမှတ်တမ်းတင်ခဲ့သူဖြစ်သည်။ အဆွေတော်သည် မဒီနာမြို့တော်တွင် တရားသူကြီးတစ်ဦးဖြစ်ခဲ့ပြီး အစ္စလာမ်ဥပဒေအရ အကြံပေးသူတစ်ဦးလည်းဖြစ်ခဲ့သည်။ ထို့ပြင်အမွေကဏ္ဍ၏ဥပဒေကိုလည်းကျွမ်းကျင်သူခဲ့ဖြစ်သည်။ ကုရ်အာန်ကိုလည်းကျွမ်းကျင်စွာဖတ်နိုင်သူဖြစ်သည်။ အဆွေတော်စိုင်ယိဒ်နာဇိုင်းဒ်သခင်ခရီးထွက်ရန်ကြံစွယ်လျှင် အဗ်ဒွလ္လာဟ်သခင်သည် ရိုကျိုးစွာဖြင့်၎င်း၏ ဘေးတွင်ရပ်ကာ (ဆရာသမား တစ်ဦးအား တပည့်တစ်ယောက်အနေနှင့် ပေးရသည့် အရိုအသေကို ကျိုးနွံပြသကာ) ဇိုင်းဒ် သခင်မြင်းပေါ်တက်ချိန် မြင်း၏ ဇက်ကြိုးကို ကိုင်ပေးခဲ့၏။ ထိုအခါဇိုင်းဒ်သခင်က ''အို... နဗီတမန်တော်မြတ် ﷺ၏ညီဝမ်းကွဲတော် ဤမျှအထိ မလုပ်ပါနှင့်'' ဟု ဟန့်တားခဲ့သည်။

ထိုအခါ အဗ်ဒွလ္လာဟ်ﷺသခင်က ကျွန်တော်များအနက်မှ ပညာတတ်များကို ဤသို့ ရိုသေလေးစားစွာ ဆက်ဆံရန်အမိန့်ရှိထားကြောင်း ပြောကြားခဲ့သည်။ထိုအခါဇိုင်းဒ်သခင်က ခင်ဗျားလက်ကိုကြည့်ပါရစေဟု ပန်ကြားရာ အဗ်ဒွလ္လာဟ်ﷺသခင်က မိမိလက်ကိုဆန့်တန်းပေး၏။ ထိုအခါဇိုင်းဒ်သခင်က ယင်းလက်ကိုနမ်းရှုပ်လိုက်ကာ ''မြတ်နဗီ၏ အိမ်တော်သူအိမ်တော်သား ဆွေမျိုးသားချင်းများ နှင့် ကောင်းမွန်စွာဆက်ဆံရန် အမိန့်ရှိထားသည်''ဟုတင်ပြခဲ့သည်။

အဗ်ဒွလ္လာဟ်ﷺ၏အသိပညာ ကြွယ်ဝလာသည်နှင့် အမျှလူသည်ထွားကျိုင်းလာကာ ဥပမိရပ်ပေါ်ထွက်လာ၏။

မရ်ရှက်ဇင်အလ်အဂ်ျဒါဟ်သည် အဗ်ဒွလ္လာဟ်ﷺသခင်နှင့်ပတ်သက်၍ ''အိဗ်နိအဗ္ဗားသခင်ကို ကျွန်တော်မြင်တွေ့တိုင်း လူတကာထက် ချောမောလှပသူဖြစ်သည် ဟု ပြောလိုသည်။ သခင့် စကားနားထောင်လိုက်ရလျှင် လူတကာထက် နားဝင်အောင်ပြောနိုင်သူဖြစ်သည်''ဟု ကောက်ချက်ချခဲ့သည်။ စကားလက်ဆုံကျ၍ အချေအတင်ပြောရာတွင်လည်း လူတကာထက် အသိပညာအရာတွင်သာလွန်ကြောင်း သိရှိရသည်။ ဒုတိယခလီဖာကြီး စိုင်ယိဒ်နာ အုမရ်ဇင်န်ခသားဗ် ﷺ သည်လည်း နိုင်ငံတော်၏ အရေးကြီး ကိစ္စရပ်များကိုလူငယ်ဖြစ်သော်လည်း အမြော်အမြင်ရှိ ပုဂ္ဂိုလ်ပမာမှတ်ယူကာအိဗ်နိအဗ္ဗားစ် သခင်အား တင်ပြအကြံဉာဏ်တောင်းလေ့ရှိခဲ့သည်။

စိုင်ယိဒ်နာ စာဒ်အိဗ်နိအဗီဝက္ကားစ် ﷺ သခင်ကလည်း သခင်နှင့်ပတ်သက်ပြီး ဤသို့အောက်ပါ စကားရပ်များဖြင့် ထင်မြင်ချက် ပေးခဲ့၏။ ''ကျွန်ုပ်သည် အိဗ်နိအဗ္ဗားစ်ﷺထက်ပိုပြီး လွယ်ကူစွာ သဘောပေါက် နားလည်သူနှင့် ပညာအမြော်အမြင်၊ ဖြတ်ထိုး ဉာဏ်ထက်မြက်သူ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့မြင်ခဲ့ပါ။'' ထို့ပြင် ဟဇရသ်အုမရ်ﷺ သခင်သည်လည်း မုဟာဂျိရီန်နှင့်အန်ဆွာရ်များ အနက် ဘဒရ်သာသနာ့ ကြိုးပမ်းမှုတွင် ပါဝင်ခဲ့သော ဝါရင့် သက်ကြီးရွယ်အိုများ ရှေ့ဝယ်ပြဿနာ အကြောင်းအရာ တစ်ခုခုပြောဆိုတင်ပြရန် အကြောင်းပေါ်လာလျှင် ဟဇရသ်အိဗ်နိအဗ္ဗားစ် ﷺသခင်ကို တာဝန်ပေးလေ့ရှိ၏။

စိုင်ယိဒ်နာအိဗ်နိအဗ္ဗားစ်ﷺသခင်၏ ပြောဆိုချက်များကို အုမရ်သခင်က မည်သည့်အခါမျှ

မကျေမနပ် ဖြစ်ခဲ့ခြင်းမရှိခဲ့။

အထက်ဖော်ပြပါ အရည်အချင်းများကြောင့် အိဗ်နိအဗ္ဗားစ်သခင်ကို ဤအွမ္မသ် အနက်မှ ပညာရှင်တစ်ပါးအဖြစ် အသိအမှတ် ပြုခဲ့ကြခြင်းဖြစ်သည်။

စိုင်ယိဒိနာ အဗ်ဒွလ္လာဟ်အိဗ်နိအဗ္ဗားစ်ؓ သခင်ကြီးသည် ပညာဆည်းပူးရေးတွင် ရောင့်ရဲတင်းတိမ်ခြင်းမရှိခဲ့။ "ပညာကိုလိုက်လံရှာဖွေဆည်းပူးကြသူများနှင့် မွတ်စလင်မ်လူထု တစ်ရပ်လုံးတို့အား ပညာပို့ချ သင်ကြားပြသပေးရန် မိမိတွင်တာဝန်ရှိသည်ဟု သခင်ကြီးကအမြဲယူဆခဲ့သည်။ သခင်ကြီးသည် စာပေသင်ကြားပေးရေးတွင် မွေ့လျော်ခဲ့၏။ သခင့်အိမ်သည် တက္ကသိုလ် အသွင်ဆောင်ခဲ့၏။ အမှန်ပင် တက္ကသိုလ်ဟူသော ဝေါဟာရ၏ အသွင်ကို ဆောင်ခဲ့၏။ ဘာသာရပ်တစ်ခုချင်းကို သင်ပေးသော တက္ကသိုလ်ဖြစ်သော်လည်း ကွာဟချက်မှာ ယင်းဘာသာရပ်များကို ဆရာတစ်ဦးတည်းကသာ အနစ်နာခံ၍သင်ပေးသော တက္ကသိုလ်ဖြစ်သည်။

အဗ်ဒွလ္လာဟ်ؓသခင်ကြီး၏ သင်တန်းသို့ တပည့်များ စိတ်အားထက်သန်စွာဖြင့် တက်ရောက် သင်ကြားကြသည်။ ဆရာကြီး၏ တပည့်များအနက်တစ်ဦးက ဆရာကြီး၏အိမ်ရှေ့မြင်ကွင်း တစ်ခုကို ဤသို့တင်ပြခဲ့၏။ လူတို့သည် သခင်၏ အိမ်ရှေ့သို့ လမ်းအသွယ်သွယ်မှ လာရောက်စုရုံးရာ အိမ်ရှေ့တွင်နေရာမလပ် လူတို့ပြည့်နှက်နေသည်ကို ကျွန်တော်မြင်ခဲ့ရသည်။ ကျွန်တော်က သခင်၏အိမ်တံခါး ပေါက်တွင် လူများပြည့်နှက်နေကြောင်း တင်ပြရာ သခင်က ဝုဇူပြုရန်ရေကို မှာယူလေ၏။ဝုဇူပြုပြီးနောက် နေရာထိုင်ခင်းတွင်ထိုင်လျက် ကျွန်တော်အား အပြင်သို့စေလွှတ်ကာ ကုရ်အာန်နှင့်၎င်း၏ အက္ခရာအသံထွက်ကို လေ့လာဆည်းပူး လိုသူများကို အခန်းထဲသို့ဝင်ရန် ပြောခိုင်းလေသည်။ သခင်ကြီး မိန့်မှာသည့်အတိုင်း ဆောင်ရွက်ခဲ့ရာ အိမ်တစ်ခုလုံး ပြည့်နှက်သွားသည်။ မေးသမျှကို သခင်ကြီးက ရှင်းလင်း ဖြေကြားရုံမက သိသင့်သိအပ်သည်တို့ကိုပါ မီးမောင်းထိုးပြခဲ့သည်။ ထို့နောက် လူများကို နေရာမှဖယ်ရှားပေးရန် မေတ္တာရပ်ခံခဲ့သည်။

ထို့နောက် ကျွန်တော်အားဆက်လက် မိန့်ကြားသည်မှာ ကုရ်အာန်နှင့်၎င်း၏အကျယ်ကို နားလည်သဘောပေါက်လိုသူများကို အိမ်ထဲသို့ ဝင်ခဲ့ကြရန်ပြောခိုင်းသည်။

တဖန် အဗ်ဒွလ္လာဟ်သခင်၏အိမ်သည် ပြည့်နှက်သွားပြန်သည်။ သခင်ကြီးသည် ယင်းဘာသာရပ်နှင့်ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း တင်ပြရုံမက ယင်းဘာသာရပ်နှင့်ပတ်သက်သည့် မေးမြန်းလာသည့်အချက်အလက်အားလုံးကို ဖြေကြားလိုက်သည်။

ထိုနည်းတူစွာ အစ္စလာမ့်တရားရေးနှင့် ပတ်သက်ပြီးလာရောက် မေးမြန်းသောအုပ်စု၊ ဟလာလ်နှင့်ဟရာမ်ကို သိကြလို၍ လာရောက်ကြသောအုပ်စု၊ အမွေခန်းဥပဒေကိုသိလိုကြသောသူများ၊ အရဗီဘာသာရပ်ကို သင်ကြားလိုကြသူများ၊ ကဗျာဘာသာရပ်ကို သင်ယူလိုကြသူများ၊ ဝေါဟာရ၏အဓိပ္ပာယ်ဖွင့်ဆိုချက် ဘာသာရပ်နှင့် ၎င်း၏ သမိုင်းကိုလာရောက်ဆည်းပူးကြသူများကို

တစ်အုပ်စုပြီးတစ်အုပ်စု သင်ကြားပို့ချ ပေးသည့် အစဉ်အလာရှိခဲ့သည်။

ဘာသာရပ်မျိုးစုံ ကို မေးမြန်းလာကြသော အသီးသီးသောပုဂ္ဂိုလ်များ ဘာသာတစ်ရပ်တည်းတွင် စိတ် ညစ်ငြူးမသွားကြစေရန် သခင်ကြီးသည် ဘာသာရပ်တစ်ခုချင်းအတွက် သီးသန့် စီစဉ် ထားခဲ့သည်။ဘာသာတစ်ရပ်အတွက်ပင် ကုရ်အာန်ကျမ်းတော်မြတ်၏အကျယ်ကို တစ်နေ့ကုန် ရှင်းလင်းတင်ပြခဲ့သည်။

နောက်နေ့တွင် တရားရေးဆိုင်ရာဘာသာရပ်ကို တင်ပြသည်။ တဖန်နောက်နေ့တွင် တမန်တော်မြတ် ﷺ ၏ကြီးပမ်းခဲ့မှုအကြောင်း၊နောက်တစ်နေ့တွင်အစ္စလာမ့်မပေါ်ထွန်းမီက အရပ်တို့၏ သမိုင်းကြောင်း၊ နောက်တစ်နေ့တွင် ကဗျာလင်္ကာအကြောင်းဟူ၍ တစ်ရက်စီ၊ တစ်ရက်စီ သတ်မှတ်ကာ တစ်ဘာသာစီ သင်ကြားပေးသည်။

စိုင်ယိဒ်ီနာအဗ်ဒွလ္လာဟ်အိဗ်နိအဗ္ဗားစ် رضي الله عنه သခင်ကြီးသည် သင်ကြားပို့ချမှုကို သေချာစွာ မှတ်သားနိုင်ရန် မိမိ၏ဉာဏ်စွမ်းရှိသမျှ ဝီရိယစိုက်ထုတ်ကာအမြော်အမြင်ကြီးစွာဖြင့် ပို့ချမှုကို တဖြည်းဖြည်းချင်းမြှင့်တင် သင်ကြားပေးခဲ့သည်။ သခင်၏ ရှင်းလင်းတင်ပြသည့် နည်းလမ်းသည် တိကျပြီး ယုတ္တိရှိသည်။သခင်၏သာဓကများသည် ဆွဲဆောင်မှုရှိပြီး တင်ပြပေးသောအထောက်အထားများသည် ကုရ်အာန်၊ ဟဒီးဆ်နှင့် သမိုင်းဝင် အထောက်အထားများသာ ဖြစ်သည်။

တစ်ကြိမ်တစ်ခါက သခင်၏ဝီရိယစိုက်မှုနှင့် ဆွဲဆောင်မှုအင်အားကို ခလီဖှာကြီး ဟဇရသ်အလီ رضي الله عنه အတွက် အသုံးချခဲ့ရသည်။ မြောက်များစွာသော ဟဇရသ်အလီ رضي الله عنه ၏တပည့်နောက်လိုက်တို့သည် ဟဇရသ်မုအာဝိယာကိုဆန့်ကျင်ရာမှ ဟဇရသ်အလီကိုလည်းခွဲခွာသွားကြသည်။ ထိုအခါ အိဗ်နိအဗ္ဗားစ် رضي الله عنه သခင်က ဟဇရသ်အလီ رضي الله عنه ထံ သွားရောက်၍ ထိုခွဲခွာသွားကြသော နောက်လိုက်တို့နှင့်စကားပြောခွင့်ပြုရန်ခွင့်ပန်ခဲ့သည်။ ဟဇရသ်အလီ رضي الله عنه ကမူ ထိုပုဂ္ဂိုလ်များသည် အိဗ်နိအဗ္ဗားစ် رضي الله عنه အား ဒုက္ခပေးမှာကို စိုးရိမ်၍ အားနာစွာ ငြင်းဆိုခဲ့သော်လည်း နောက်ဆုံးမတတ်သာ၍ အိဗ်နိအဗ္ဗားစ် رضي الله عنه ၏ အကောင်းမြင်ဝါဒနှင့် အောင်မြင်နိုင်မည်ဟု ထားရှိသော ယုံကြည်ချက်အပေါ် ဆုံးရှုံးစရာမရှိဟုမှတ်ယူကာ ခွင့်ပြုလိုက်သည်။

အိဗ်နိအဗ္ဗားစ် رضي الله عنه သခင်ကြီးသည် ထိုခွဲခွာသွားကြသော ပုဂ္ဂိုလ်များထံရောက်ရှိသွားရာ အချို့က စကားပင်မပြောလိုကြ၊ အချို့က သခင်၏ စကားကိုနားထောင်ကြသည်။ သခင်ကြီးက "တမန်တော်မြတ် ﷺ ၏ညီတစ်ဝမ်းကွဲတော်သူ၊ တမန်တော်မြတ်၏သမက်ဖြစ်သူနှင့် တမန် တော်မြတ်အပေါ်ဦးစွာယုံကြည်သူများအနက် တစ်ဦးဖြစ်သူ ဟဇရသ်အလီ رضي الله عنه အပေါ်အသင်တို့၏ အဓိက အထင်လွဲမှားမှုမှာ အဘယ်နည်း၊ ပြောကြစမ်းပါ"ဟု မေးမြန်းစုံစမ်းလေ၏။

ထိုအခါထိုပုဂ္ဂိုလ်တို့သည် မိမိတို့၏ မကျေနပ်ချက် (၃)ချက်ကို အောက်ပါအတိုင်းတင်ပြ ပြောဆိုခဲ့ကြသည်။

၁။ဟဇရသ်အလီ رضي الله عنه သည် သူနှင့် ဟဇရသ်မုအာဝိယာ အကြားမပြေလည်မှုကို ဖြေရှင်းပေးရန် အဘူမူဆာအရှ်အရီ رضي الله عنه နှင့် အုမရ်ဗင်န်အားဆ် رضي الله عنه သခင်တို့အား တရားတော်နှင့်အညီ စီရင်ဆုံးဖြတ်

ပေးရန်ခန့်အပ်ခဲ့သည်။

၂။ကျွန်တော်တို့သည် ဟဇရတ်အလီ رضي الله عنه ဘက်မှ ခုခံတိုက်ခိုက်ခဲ့သော်လည်း တစ်ဖက်ရန်သူတို့၏သုံ့ပန်းပစ္စည်းများနှင့်ရန်သူများကို ချုပ်နှောင်ဖမ်းဆီးယူဆောင်လာရန် ခွင့်မပြုခဲ့။

၃။ဟဇရတ်အလီ رضي الله عنه သည်ထိုကြားဝင် ဖျန်ဖြေနေစဉ်ကာလတွင် မိမိသာ အမီရွလ်မုအ်မိနီးန်ဖြစ်ကြောင်းမာန်တင်းကာ မိမိတို့နှင့်စကားမပြောခဲ့ပဲ မိမိသိက္ခာကို မိမိချ လိုက်ပါသည်၊ ကျွန်တော်များအနေနှင့် ဟဇရတ်အလီ رضي الله عنه လက်ပေါ်ဝယ်သစ္စာဆိုကာ သခင်၏ နောက်လိုက်များ အဖြစ်ရပ်တည်ကာ သခင်ကို တရားဝင်အမီးရ် အဖြစ်မှတ်ယူထားပါ သည်'' ဟူ၍ တင်ပြကြသည်။ အထက် ဖော်ပြပါအချက်တို့သည် ဟဇရတ်အလီ رضي الله عنه ၏ အားနည်းချက်ကို ထင်ထင်ရှားရှားသိသာစေသော အချက်များဖြစ်သည့် အပြင် ဟဇရတ်အလီ رضي الله عنه သည်မိမိ၏တရားဝင် အမီရွလ် မုအ်မိနီးန်ဖြစ်ခြင်း၏ဂုဏ်ကို သိက္ခာချလိုက်ခြင်းပင်ဖြစ်သည် ဟူ၍ ကျွန်တော်တို့ ယူဆထားကြသည်။

ထိုအခါ အဗ်ဒုလ္လာဟ် رضي الله عنه သခင်က အကယ်၍များကျွန်ုပ်အနေနှင့်ခင်ဗျားတို့ကိုအဆိုပါဝေဖန်စောဒကတက်ချက်များသည် မည်သို့မျှ ကန့်ကွက်စရာမဟုတ်ကြောင်း ကုရ်အာန်နှင့် ဟဒီးဆ်များအရတင်ပြ ပြောဆိုဖြေရှင်းချက်ပေးလျှင် အသင်တို့အနေနှင့်ကိုယ့်ဆုံးဖြတ်ချက်ကို ပြောင်းနိုင်ကြ မည်လား'' ဟူ၍အစပဏာမအနေဖြင့် မေးမြန်းလိုက်ရာ။ အဆိုပါပုဂ္ဂိုလ်တို့ကသဘောတူကြောင်း ဖြေကြားခဲ့ကြသည်။ထိုအခါအဗ်ဒုလ္လာဟ် သခင်ကြီး رضي الله عنه သည် တစ်ခုချင်းဤသို့ရှင်းပြခဲ့သည်။

၁။ ဟဇရတ်အလီ رضي الله عنه က အလ္လာဟ်အရှင်မြတ်၏ သာသနာတော်နှင့်ပတ်သက်၍ လူနှစ်ယောက်ကိုအဆုံးအဖြတ်ပေးရန် သတ်မှတ်သည့်ကိစ္စသည်

''အို..... အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့အသင်တို့ အေ့ဟ်ရားမ် ဝတ်ရုံဝတ်ထားလျှက်ရှိစဉ် အမဲလိုက် သတ်ဖြတ်ခြင်း ကို မပြုကြကုန်လင့်။ အကယ်၍ အသင်တို့အနက်မည်သူပင်မဆို အမဲတိရစ္ဆာန်များကြံရွယ်ပြီး တမင်သက်သက်သတ်ဖြတ်ခဲ့ပါမူ ထိုသတ်ဖြတ်ခဲ့သော တိရစ္ဆာန်နှင့်တူမျှသော ခြေလေးချောင်း တိရစ္ဆာန်တစ်ကောင်ကိုကုရ်ဗာနီသားကောင်အဖြစ် ကအ်ဗဟ်ကျောင်းတော်သို့ ပို့ဆောင်ခြင်းအားဖြင့် ဒဏ်ပေးဆောင်ရမည်၊ ယင်းကို အသင်တို့ အနက်မှ တရား မျှတမှုရှိသောပုဂ္ဂိုလ်နှစ်ဦးသည် ဆုံးဖြတ်ပေးရမည်''ဟူ၍ဂုဏ်သိက္ခာမြင့်မားခမ်းနားထည်ဝါသောအရှင်မြတ်ကကုရ်အာန်၅း၉၅တွင်ဤသို့ မိန့်ကြားထားတော်မူသည်ကို နာယူခြင်းဖြစ်သည်။

အလ္လာဟ်အရှင်မြတ်ကို တိုင်တည်ပြီး ကျွန်တော် သစ္စာစကားဆိုပါ၏။ ယခုကဲ့သို့ ဟဇရတ် အလီ رضي الله عنه က ပုဂ္ဂိုလ်နှစ်ဦးကိုလူသားတို့၏သွေးချောင်းမစီးရန်၊ လူသားတို့၏အသက်ကိုကယ်တင်ရန်နှင့်လူသားတို့ အချင်းချင်း အေးချမ်းစွာနေနိုင်ရေးအတွက် အဆုံးအဖြတ် ပေးရန် စီစဉ်ခြင်းသည် ဒိရ်ဟမ် လေးပုံတစ်ပုံမျှ တန်ဖိုးမရှိသော အိမ်မွေးယုန်ကလေးတစ်ကောင်စာ အတွက်စီရင်ခြင်းလောက် အရေးမကြီးသလော'' ဟုတင်ပြခဲ့၏။

ထိုအခါ၊ ၎င်းပုဂ္ဂိုလ်များကမှန်ပါ၏။ကအ်ဗဟ်၏ ပရဝုဏ်တွင် အမဲမလိုက်ရန် တားမြစ်တော်မူ

ထားပြီး လိုက်မည့်သူအတွက် စီရင်ဆုံးဖြတ်ပေးသူ နှစ်ဦး၊ သတ်မှတ်စီစဉ်ရန် ညွှန်ကြားထားခြင်း ထက် မွတ်စလ်မာန်တို့၏အသက် ဥစ္စာစည်းစိမ်ကို ကာကွယ်ရန်နှင့် အေးချမ်းသာယာ စွာနေထိုင်ရန် အတွက် စီစဉ်ခြင်းသည်သာပို၍ အရေးပါလှ ကြောင်း ဝန်ခံပြောဆိုကြသည်။

ထိုအခါ အဗ်ဒွလ္လာဟ်သခင်ကြီးက သူ၏ စီစဉ်ချက်နှင့်ပတ်သက်၍ အသင်တို့ ကျေနပ်ပြီဟု ထင်မှတ်ကြောင်း မိန့်ဆိုသောအခါ ၎င်းပုဂ္ဂိုလ် တို့က "မှန်လှပါ၊ ကျေနပ်ကြပါပြီ" ဟု ဖြေကြား ကြသည်။ ထိုအခါ စိုင်ယိဒ်ိနာအဗ်ဒွလ္လာဟ် သခင်ကြီးက ဒုတိယစောဒကကို ဤသို့ ကိုင်တွယ် ဖြေရှင်းခဲ့၏။ "ဟဇရသ်အလီ က စစ်တိုက်ပြီး စစ်မြေပြင်မှ လူသုံ့ပန်းသော် လည်းကောင်း၊ သုံ့ပန်းပစ္စည်းသော် လည်းကောင်း၊ တမန်တော် မြတ်ﷺညွှန်ကြားသည့် အတိုင်းရယူ သိမ်းဆည်း ခဲ့ခြင်းမပြုနှင့် ဟု မိန့်မှတ်ကြောင်း အသင်တို့ တင်ပြခဲ့ကြသည်" အသင်တို့ အနေနှင့် အမှန်ပင် မိမိ၏မိခင် စိုင်ယိဒ်ိနာ အာအိရှာသခင်မကို သုံ့ပန်းအဖြစ် ဖမ်းဆီးပြီး စစ်သုံ့ပန်းများ ကို ဆက်ဆံသကဲ့သို့ ဆက်ဆံလိုသည့် စိတ်များ ရှိကြ နေသလား၊ အကယ်၍ အသင်တို့၏ အဖြေသည် ဤသို့ပင် အမှန်ဆက်ဆံလိုသည်ဟု ဖြေကြားခဲ့ လျှင် အသင်တို့အားလုံး 'ကွဖ်ရ်' ငြင်းဆန်သူများ အဆင့်သို့ရောက်ရှိ သွားကြလိမ့်မည်။

တဖန်အသင်တို့ကအာအိရှာသခင်မသည် အသင်တို့၏မိခင်မဟုတ်ဟူ၍ ပြောဆိုခဲ့လျှင် ထို အခြေအနေ၌လည်းအသင်တို့သည်အလ္လာဟ်အရှင် မြတ်ကို ငြင်းဆန်သူများအဖြစ် ရောက်ရှိ သွားကြ လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန် ၃၃ ： ၆ တွင်

မြတ်တမန်သည် မုအ်မင်န်တို့နှင့် ၎င်းတို့ ကိုယ်တိုင်ထက်ပင် ပိုမို၍နီးစပ်၏။ ထို့ပြင် မြတ်တမန်၏ကြင်ယာတော်များသည် ၎င်းတို့၏ မိခင်များဖြစ်ကြကုန်၏။ (အရိုအသေပေးရန်နှင့် အရေးပေးရန် အလို့ငှာဖြစ်သည်)ဟူ၍ အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော၊ ချီးမွမ်းထောမနာ အပေါင်းကို အလွန်တရာ ခံယူထိုက်တော်မူသော အရှင်မြတ်ကမိန့်တော်မူထားသည်။

"ယခုအသင်တို့ကိုယ်နှစ်သက်ရာကိုရွေးချယ် လော့"ဟူ၍ စိုင်ယိဒ်ိနာအဗ်ဒွလ္လာဟ် သခင်က ပြောဆိုပြီးဆက်လက်၍ ဤဒုတိယအချက်နှင့် ပတ်သက်ပြီး တို့တတွေရှင်းလောက်ပြီဟု ထင် သည်ဟု မေးမြန်းလိုက်ရာ ထိုသူတို့ အားလုံးက မှန်ကန်ပါသည်သခင်ကြီးဟု ဖြေကြားလေသည်။

စိုင်ယိဒ်ိနာအဗ်ဒွလ္လာဟ်သခင်သည်ဆက်လက် ၍ ၎င်းတို့၏ တတိယစောဒက ဖြစ်သော ဟဇရသ် အလီက မိမိသည်အမီရွလ် မုအ်မိနီးန် ဖြစ် ကြောင်း ဂုဏ်သိက္ခာကို အသုံးမချဘဲ စွန့်လွှတ်ခဲ့ သည်ဟု ယိုးစွပ်သောကိစ္စနှင့် ပတ်သက်၍ ဤသို့ ရှင်းပြ ခဲ့သည်။

'ဟုဒိုင်ဗီယာ' ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုစဉ် ကမက္ကာမှမွှရ်ရိက်များအနေနှင့် စာချုပ်တွင် မြတ်နဗီသည် မိမိ၏အမည်ကို အလ္လာဟ်၏ နာမ တော်နှင့်တွဲ၍ ရေးသားစဉ် မက္ကာမှမွှရ်ရိက်များက အကယ်၍ ကျွန်ုပ်တို့အနေနှင့် အသင့်ကို အလ္လာဟ် ၏နဗီဟူ၍လက်ခံထားလျှင် အသင့်ကို ကအ်ဗဟ် ဝတ်ကျောင်းတော်ကို သွားရောက် ဖူးမြော်ခြင်းကို

အဟန့်အတားပြုခြင်းနှင့် စစ်တိုက်ခြင်းများ လုပ်စရာအကြောင်းမရှိချေ။ သို့ဖြစ်၍ ရစူလွလ္လာဟ် ﷺရေးရမည့်အစား အဗ်ဒွလ္လာဟ်၏သား မုဟမ္မဒ် သာရေးရန် တောင်းဆိုခဲ့ကြသည်ကို မြတ်နဗီက လိုက်လျောခဲ့သည်။ ထို့နောက် တမန်တော်မြတ် ﷺက ထိုသူတို့က ကျွန်ုပ်ကို လက်မခံငြင်းဆန်နေ လင့်ကစား ကျွန်ုပ်ကအမှန်ပင် အလ္လာဟ့်နဗီ ဖြစ်သည်ဟူ၍ ပြောဆိုတော်မူခဲ့သည်ကို သင်တို့ သတိမူမိကြပေမည်။

ထိုအချက်ကိုတင်ပြ၍ အဗ်ဒွလ္လာဟ် အိဗ်နိ အဗ္ဗားစ်(رض)သခင်က ထိုစာဒကတတ်ကြသူများ က "ကိစ္စတစ်ခု ပြေလည်ရန် ဤသို့ဆောင်ရွက် ခြင်းသည် တမန်တော်မြတ်ﷺ၏ လုပ်ထုံး လုပ် နည်း မဟုတ်လော" ဟူ၍ သတိရစေကာ "အသင် တို့၏နောက်ဆုံးစာဒကလည်း ပြီးမြောက်ပြေ လည်ပြီ မဟုတ်လော" ဟုမေးမြန်းရာထိုပုဂ္ဂိုလ်များ အားလုံးက မှန်ကန်ပါ၏ဟုဖြေကြားကြသည်။

အထက်ဖော်ပြပါ ဟဇရတ်အလီအပေါ် မကျေနပ်ချက်များကို အိဗ်နိအဗ္ဗားစ်(رض)က မိမိ၏ သိမ်မွေ့သောအပြောအဆိုဖြင့် ကုရ်အာန်ကျမ်း တော်မြတ်နှင့် တမန်တော်မြတ် ﷺ၏ အတ္ထုပ္ပတ္တိ တို့အပေါ် ကျေညက်သည့်အတွေ့ အကြုံများနှင့် မိမိ၏ မှတ်သားလောက်သည့် ဆွဲဆောင်မှုနှင့် စာဒကများ အပေါ်အငြင်းအခုံ ပြုလုပ်နိုင်သည့် အင်အားတစ်ရပ်ကို ဖော်ပြခဲ့သည်။ ဤဆွေးနွေးပွဲ ပြီးဆုံးလျှင်ပင်လူပေါင်းနှစ်သောင်းသည် ဟဇရတ် အလီ(رض)၏ စစ်တပ်ထဲသို့ ပြန်လည် ရောက်ရှိခဲ့ကြ သည်။ သို့သော် ခေါင်းမာလျက်ရှိကြသော ပုဂ္ဂိုလ် လေးထောင်တို့ကမူ ဆက်လက် ငြင်းဆန်ကာ ကျန်ခဲ့သည်။ နောက်ပိုင်းတွင် ထိုပုဂ္ဂိုလ်တို့သည် ခါရဂျီ အုပ်စုဝင်များ အဖြစ်သို့ ရောက်ရှိခဲ့ကြရ သည်။

အထက်ဖော်ပြပါ အဖြစ်အပျက် သာမက နောက်ထပ် အခြေအနေများတွင်လည်း စိုင်ယိဒ်နာ အဗ်ဒွလ္လာဟ် (رض)သခင်ကြီးသည် စစ်တိုက်ခိုက်ခြင်း ထက် ငြိမ်းချမ်းရေးကို အင်အားသုံးခြင်း၊ အကြမ်း ဖက်ခြင်းထက် ယုတ္တိတန်စွာ ဆွေးနွေးခြင်း ဖြင့် အဖြေရှာခြင်းကိုရွေးချယ်ပေးခဲ့သည်ကို ပြသခဲ့ သေးသည်။

သခင်ကြီး၏အထက်ပါအရည်အချင်းများအပြင် သခင်ကြီး၏အမြော်အမြင်ရှိသောတွေးတောမှုနှင့် သခင်ကြီး၏ကျယ်ပြောသောဗဟုသုတအတွက်လည်း ကျော်ကြားခဲ့သည်။သခင်ကြီးသည် ဖော်ရွေပျူငှာမှု နှင့်သဘောထားကြီးမှုအတွက်လည်းကျော်ကြား ခဲ့သည်။ သခင်ကြီးနှင့်အတူနေထိုင်ကြသူများက သခင်၏ အိမ်ရှိပစ္စည်းများနှင့် ပတ်သက်၍ "ကျွန်တော်တို့သည် အစားအစာ၊ သစ်သီးဝလံ၊ သောက်သုံးရန်ရေနှင့် ပညာအရည်အချင်းတို့ကို အိဗ်နိအဗ္ဗားစ်(رض)၏အိမ်ထက်များသော အိမ်ဟူ၍ မတွေ့ဘူးပါ" ဟူ၍တင်ပြကြသည်။

သခင်သည်ရိုးသားပြီး လူသားတို့အပေါ် သည်းခံတတ်သည့်အရည်အချင်းရှိသူဖြစ်သည်။ သခင်သည် အလေးအနက်စဉ်းစားတတ်သူနှင့် သတိကြီးစွာထားသူဖြစ်သည်။ တစ်ခါတွင် ...

စာမျက်နှာ ၆၈ သို့

# ဒီးန်သာသနာ နှင့် ဒီးန်သာသနာ့ကြိုးပမ်းမှု

မော်လာနာ ဟာဖိဇ် မုဟမ္မဒ် ဆွာလေ (ဘုံဒီ)

လူတိုင်းသည် မိမိတို့၏ကိုယ်ပိုင်အရည် အချင်းများနှင့်ကောင်းခြင်းများကိုဆောင်ကာ ဤကမ္ဘာလောကသို့မွေးဖွား ရောက်ရှိ လာရသည်။ အချို့သောသူများကို အလ္လာဟ် အရှင်မြတ်က အာဝဇ္ဇန်း ရွှင်စွာပြောနိုင်သော အရည်အချင်းကို ချီးမြှင့်တော်မူထားသကဲ့သို့ အချို့သောသူများကို စာပေအရေးအသား၌ စာဖတ်သူကို ဖမ်းစားနိုင်သော အရည်အချင်းကို ချီးမြှင့် ပေးသနားတော်မူထားသည်။ အချို့၏စက္ခု အမြင်အာရုံမှာ အလွန်ကောင်းသကဲ့သို့ အချို့ ၏ မှတ်ဉာဏ်မှာအလွန်အံ့သြဖွယ်ရာ ကောင်းလောက်အောင်ထက်မြက်၏။ အချို့မှာ လက်မှု အတတ်ပညာတွင် စံတင်လောက်သော ဆရာဖြစ်သကဲ့သို့ အချို့မှာ အသိပညာတွင် တဖက်ကမ်းခတ်တတ်ကျွမ်း၏။ ဤသို့ တစ်ဦးနှင့်တစ်ဦး မတူဘဲ၊ ကွဲပြားခြားနားသော အရည်အချင်းများ သည် အလ္လာဟ်အရှင်မြတ် ဖန်ဆင်းထားသော စကြဝဠာ စီမံကိန်း၏အစိတ်အပိုင်းပင်ဖြစ်သည်။တစ်ဦးတစ်ယောက်သည်အများနှင့်မတူ၊ တမူထူးသော အရည်အချင်းရရှိထားခြင်းသည် အဓိကလော..။ လုံးဝမဟုတ်။

အမှန်စင်စစ်မှာ အလ္လာဟ်အရှင်မြတ် ချီးမြှင့်ထားသော စည်းစိမ်(အရည်အချင်း)များမှာ လူသားအတွက် စမ်းသပ်မှု တစ်ရပ်သာဖြစ်သည်။ လူသားသည် မိမိရရှိထားသော အရည်အချင်းကိုအလ္လာဟ် အရှင်မြတ် ကျေနပ် နှစ်မြို့သဘောတော်မျှသည့် နေရာတွင်အသုံးချသလော..(သို့မဟုတ်)အလ္လာဟ် အရှင်မကျေနပ် အမျက်ထွက်သည့် နေရာမျိုးတွင် အသုံးချသလော..ဟူသည်ကိုသာ စမ်းသပ်ရန် ဖြစ်သည်။

မွတ်စလင်မ်တစ်ဦးသည် အလ္လာဟ်အရှင် ချီးမြှင့်ထားသော အရည် အချင်းများကို အသုံးပြုတိုင်း အထက်ပါ မေးခွန်းနှင့် ဆန်းစစ်မှုကို မိမိအာရုံထဲ၌ရှိနေစေရမည်။ မိမိ၏အရည်အချင်းများကို အလ္လာဟ်အရှင် နှစ်သက်သည့်နေရာတွင်အသုံးချနေ သလောဟူ သည်ကို အရှင်မြတ် မနှစ်သက်သည့်နေရာတွင် အသုံးချနေသလော.. ဟူသည်ကို အမြဲနှလုံးသွင်း၍ မိမိကိုယ်ကို စောင့်ကြပ် ကြည့်ရှု နေရမည်။ ဤသည်ပင် ဒီးန်သာသနာတော်၏ အသက်ဝိညာဉ် ဖြစ်သည်။ အကယ်၍ မိမိ၏ လုပ်ရပ်သည် အလ္လာဟ်အရှင်မြတ်ကို နှစ်သက်စေသော လုပ်ရပ် ဖြစ်နေသော် ထိုလုပ်ရပ်သည် သာသနာ့လုပ်ရပ်ဖြစ်၍ အလ္လာဟ်အရှင့် အမျက်တော် ရှုံးရှုစေမည့် လုပ်ရပ်ဖြစ်သော် ထိုလုပ်ရပ်သည်သာသနာမဲ့သည့် လုပ်ရပ်ပင်ဖြစ်သည်။

မိမိတို့၏ အရည်အချင်းဟူသမျှနှင့် အလ္လာဟ်

အရှင်မြတ်ချီးမြှင့်ထားသော နိအ်မသ် စည်းစိမ် ဟူသမျှတို့သည်သာသနာဖြစ်ရရုံသာမက သာသနာ့ကြိုးပမ်းမှုလည်းဖြစ်ရမည်။ တစ်ခုမှာ သာသနာ့လုပ်ရပ်ဖြစ်၍ တစ်ခုမှာ သာသနာ့ ကြိုးပမ်းမှုဖြစ်သည်။ သာသနာ့ ကြိုးပမ်းမှုဟူသည် ဒီးန် သာသနာတော်ပြန့်ပွား စည်ပင်သာယာ တိုးတက်ရေး အတွက်မိမိ၏အချိန်နှင့် ပစ္စည်းဉစ္စာကို ရင်းနှီးသုံးစွဲရခြင်းဖြစ်သည်။

ယခုအခါတွင် အွမ္မသ်ထုတစ်ရပ်လုံး၏ လုပ်ရပ်များသည် ဒီးန်သာသနာ့လုပ်ရပ်ဖြစ်ရုံနှင့် မလုံလောက်တော့။ အလွန်အရေးတကြီး လိုအပ်နေသည်မှာ မိမိတို့၏ကြိုးစားမှုတိုင်း၊ သောကတိုင်း၊ အတွေးအခေါ်တိုင်း၊ အရည်အချင်းတိုင်းကို ဒီးန်သာသနာ့ကြိုးပမ်းမှုအတွက်ဖြစ်နေစေရမည်။ မိမိတို့၏အရည်အချင်းများကို သာသနာ၏ ကဏ္ဍရပ်တိုင်းတွင်အုတ်တစ်ချပ်၊ သဲတစ်ပွင့်မျှပင် ဖြစ်စေပါဝင်ကူညီရမည်။ မိမိစီးပွားရေးနှင့် ကြီးပွားရေးအတွက် သောကထားသကဲ့သို့ ဒီးန် သာသနာရေးရာ ကြိုးပမ်းမှုတွင်လည်း မိမိအရည်အချင်းကို အသုံးချနိုင်ရန် သောကအပြည့်ဖြင့် အသင့်အနေထား ရှိနေရမည်။

အလ္လာဟ်အရှင်မြတ် ချီးမြှင့်ထားသော အရည်အချင်းများကို မိမိဆန္ဒစေ့ဆော်ရာနှင့် မိမိလိုလားချက် အတွက်သာ အသုံးချ၍ အလ္လာဟ့်သာသနာအတွက် သောကမထား၊ မကြိုးပမ်းလျှင် ကျွန်ုပ်တို့ထက်ပိုမို၍ မိုက်သူ မည်သူရှိဦးမည် ကို စဉ်းစားဆင်ခြင်ကြစေလိုပါသည်။

■

မော်လာနာ ဟာဖိဇ် မုဟမ္မဒ်ဆွာလေ(ဘိုဒီ)

**စာမျက်နှာ ၆၆ မှ**

"အလ္လာဟ့်မုက္ခပါဋ်တော်၏ အရေးကြီးမှုကို သဘောပေါက်လာတိုင်း ကျွန်ုပ်သိရှိလိုက်သည့် အတိမ်အနက်ကို လူတိုင်းသိစေလိုသည်၊ အုပ်ချုပ်သူ မွတ်စလင်မ်တစ်ဦးဦးကလူသားတို့ကို တစ်ပြေးညီ တရားမျှတစွာ အုပ်ချုပ်ကြောင်း ကြားသိရလျှင် သူ၏ဆောင်ရွက်ချက်အပေါ် ကျွန်ုပ်ဝမ်းသာရုံမက သူ့အတွက်ဆုဒုအာ တောင်းပေးလိုက်သည်၊

မွတ်စလင်မ်တစ်ဦးဦး၏ လယ်ကွက်တွင် မိုးရွာကျလာကြောင်းကြားသိလျှင် ကျွန်ုပ်အလွန်ပင် ပျော်ရွှင်မိသည်" ဟု မိန့်ခဲ့ဖူးသည်။

အိဗ်နိအဗ္ဗားစ် ﷺသည် အလ္လာဟ်အရှင်မြတ်ကို စွဲစွဲမြဲမြဲ ချစ်ကြည်သူဖြစ်သည်။ နဖိလ်နမာဇ်တွင်အမြဲ ဆောက်တည်သူဖြစ်သည်။ ညၢ၏ အစိတ်အပိုင်းများစွာကို နမာဇ်တွင် နှစ်မြှုပ်ခဲ့သည်။ ဆွလာသ် ဆောက်တည်တိုင်း၊ ကုရ်အာန်ဖတ်ရွတ်တိုင်း ငိုယိုလေ့ရှိသည်။ သေချင်းတရားအကြောင်း၊ ရှင်ပြန်ထ ရမည့်အကြောင်း၊ နောင်တမလွန် အာခိရသ်အကြောင်းပါသော ကုရ်အာန်အာယသ်တော်များကိုဖတ်မိတိုင်း ရှိုက်ကြီး တငင်ငိုကြွေးလေ့ရှိသည်။

သက်တော်ခုနစ်ဆယ့်တစ်နှစ်တွင် တောင်များ ထူထပ်ရာ သွာအိဖ်မြို့တော်တွင် ကွယ်လွန်အနိစ္စ ရောက်ခဲ့သည်။

"အင်းန္နာလိလ္လာဟေ့ ဝအင်းန္နာအိလိုင်ဟေရာဂျေအူန်"

■

**မော်လာနာ ယအ်ကူးဗ် နူးရ်မုဟမ္မဒ် ဟဘီးဘ်**

# အစ္စလာမ်နှင့်သိပ္ပံ

အလီဖှာရူးက် (ဗိုလ်တာထောင်)

## မေး

နေ၊ လ၊ကြယ်တာရာနှင့် ပတ်သက်၍လက်ရှိ သိပ္ပံပညာရှင်များ၏ စူးစမ်းမှုသည် ကျမ်းမြတ်ကုရ်အာန်၏အမြင်နှင့် ကိုက်ညီပါသလား..။

အချို့သော သိပ္ပံပညာရှင်များက "သိပ္ပံ၊ ကုရ်အာန် ၊ ဟဒီးဆ် တို့သည် တစ်ခုနှင့် တစ်ခု မတူညီ၊ မကိုက်ညီ.." ဟု ဆိုကြကာ အချို့သော သိပ္ပံပညာရှင်များက သိပ္ပံ၏ရှုထောင့်မှ ကြည့်လျှင် ကုရ်အာန်သည် သိပ္ပံပညာနှင့် ကိုက်ညီသည်ဟု ဆိုကြသည်။ ထိုပြောဆိုနေသော စကားရပ်များ မှန်ပါသလား..။

## ဖြေ (၁)

ဦးစွာပထမ ထိုသို့သော စကားရပ်များကို နားလည်သဘောပေါက်ရန် လိုအပ်သည်။ သိပ္ပံ၏ အစကနဦး ရည်ရွယ်ချက်သည် ထိုသို့သော အရင်းအမြစ် ၊ စွမ်းအင်များကို ဂရုစိုက်ကာ စူးစမ်းရှာဖွေရန်ဖြစ်သည်။ ထိုရှာဖွေမှုတွင် အလ္လာဟ်အရှင်မြတ်သည် စကြဝဠာတစ်လွှားလုံးကို (ပြောင်းလွဲမှု မပြုလုပ်နိုင်သော) အမာနသ် အဖြစ် အပ်နှံထားသည်။ အကယ်၍သာ ထိုအရင်း အမြစ်၊ စွမ်းအင်များသည် ကမ္ဘာ့လူသားတို့၏ ကောင်းကျိုးနှင့်ကမ္ဘာ့လူသားတို့၏ကျေးဇူးဖြစ်ထွန်းမှုတွင် သုံးစွဲရန်ကြိုးစားအားထုတ်ခဲ့ခြင်းဖြစ်ပါက အစ္စလာမ် တရားတော်၏ ရှုထောင့်အရ ထိုသို့သော စူးစမ်းရှာဖွေမှုကို ပြုပိုင်ရုံတွင်မက၊ သာ၍ပိုပင် ကောင်းမွန်သည်ဟု ဆိုထားသည်။

အစ္စလာမ်သာသနာတော်က သိပ္ပံပညာရှင်များ၏ ကြိုးစားအားထုတ်မှုများကို အတားအဆီးနှင့် အဟန့်အတားပြုလုပ်မည့်အစား သိပ္ပံ၏ တိုးတက်ရာတိုးတက်မှုများကို အားပေးအားမြှောက်မှု ပြုလုပ်ထားသေးသည်။ ထိုစူးစမ်းမှုကို အစ္စလာမ်သာသနာတော်က ခွင့်ပြုထားသော နယ်ပယ်အတွင်း၌ လူသားတို့အားအကျိုးပြုရန် အတွက်သာဖြစ်မည်ဟု ကန့်သတ်ထားသည်။

သိပ္ပံပညာရှင်များအနေနှင့်ပျောက်ကွယ်တိမ်မြုပ်နေသော စွမ်းအင်၊ အရင်းအမြစ်များကို စကြဝဠာတစ်လွှားလုံးတွင်စူးစမ်းလေ့လာရှာဖွေရမည်။ ထိုစူးစမ်းလေ့လာရှာဖွေမှုသည် စွမ်းအင်အရင်း အမြစ်၏ စစ်မှန်သော သုံးစွဲမှုဖြစ်ရန်ကို သာသနာ တော်က ပြသထားသည်။ ထိုမသိရှိသော အရာများကို စူးစမ်းလေ့လာ ကြိုးစားအားထုတ်ရှာဖွေရန် အတွက် မှန်ကန်သောနည်းလမ်းနှင့် ကောင်းမွန်သော ပတ်ဝန်းကျင်၏လိုအပ်ချက်များ အရင်းပြုခဲ့ကြသည်။

သိပ္ပံနှင့်နည်းပညာကို အစ္စလာမ် သာသနာတော်၌ ပြသထားသော နည်းလမ်းဥပဒေနှင့် ကိုက်ညီစွာအသုံးပြုခဲ့လျှင် ကမ္ဘာ့လူသားတွေအတွက်ပြည့်ဝသောအကျိုးများဖြစ်ထွန်းလိမ့်မည်။ သို့မှသာ သိပ္ပံသည် လူသားတို့၏အောင်မြင်မှုနှင့် အကျိုးရှိမှုများအတွက် ဖြစ်နိုင်ကြောင်း ကောက်ယူသာပေသည်။အကယ်၍သာထိုစူးစမ်းမှုကို လမ်းလွဲမှားစွာသုံးခဲ့လျှင် ကျွန်ုပ်တို့အဖို့ အစိတ်စိတ်အမွှာမွှာ ပျက်စီးရမှုများသည် အထောက်အထားတစ်ခု ဖြစ်လာနိုင်သည်။ ဥပမာ– ကျွန်ုပ်တို့ရှေ့မှောက်၌ လွန်ခဲ့ပြီးသော သိပ္ပံသည် လူသားတို့အား တည်ငြိမ်မှုနှင့် အေးချမ်းမှု၏ အကြောင်းခံများ စီစဉ်ပေးခဲ့သည်။ မှားယွင်းစွာ အသုံးပြုခဲ့သည့်အတွက်လူ့လောကတစ်ခုလုံး ပြဿနာပေါင်းသောင်းခြောက်ထောင်နှင့် ကြုံဆုံရကာ ရတက်မအေးမှုတွင်နစ်ခဲ့ကြရသည်။

သိပ္ပံကပင် ခရီးစဉ် လျင်မြန်ခရီးပေါက်မှုရှိရန်အတွက်အကြောင်းခံများကိုတီထွင်ပေးခဲ့ ကြသကဲ့သို့၊ သိပ္ပံကပင် ကမ္ဘာဖျက်မည့် နျူကလီးယားနှင့် ဓာတုလက်နက်များကို တီထွင် ပြုလုပ်ခဲ့ ကြသည်။ အကယ်၍သာ သိပ္ပံကို အလ္လာဟ်အရှင်မြတ် ပြသထားသော နည်းလမ်းဥပဒေနှင့် ကိုက်ညီစွာအသုံးပြုခဲ့လျှင် စစ်မှန်၍ကောင်းသော အကျိုးပေး များရယူနိုင်သည်။

## ပြ (၂)

ဒုတိယအချက်အနေနှင့် နားလည် သဘောပေါက်ရန်မှာ... သိပ္ပံကို စူးစမ်းလေ့လာရာ၌ နှစ်မျိုးနှစ်စားရှိသည်။

(က) သိပ္ပံ၏ လုပ်ဆောင်မှုအချို့သည် ထင်ရှားပြတ်သားစွာဖြင့် ပေါ်လွင်လျက်ရှိသည်။ ဤကဲ့သို့သော သိပ္ပံကို စူးစမ်း လေ့လာခြင်းသည် ကျမ်းတော်မြတ်ကုရ်အာန်နှင့် ဟဒီးဆ်တော်တို့ဖြင့် မပေါင်းစပ်နိုင်၊ ဖြစ်လည်း မဖြစ်နိုင်။ သို့သော်လည်း အမြင်အားဖြင့်ကြည့်လျှင်မူ သိပ္ပံကို စူးစမ်းလေ့လာခြင်းသည် ကျမ်းမြတ်ကုရ်အာန်နှင့် ဟဒီးဆ်တော်များကို အတည်ပြုထောက်ခံခြင်းပင်ဖြစ်သည်။ ကုရ်အာန်နှင့် ဟဒီးဆ်တော်၏ မြောက်မြားစွာသော အမိန့်ပညတ်ချက်များ၊ အာယတ်တော်များသည် နှစ်အတန်ကြာမှပင် လူသားများ နားလည်သဘောပေါက်စေရန် အခက်အခဲ အနည်းအများနှင့် ကြုံခဲ့ရသေးသည်။ ထိုအမိန့်ပညတ်ချက်များကို သိပ္ပံ၏ စူးစမ်းရှာဖွေတွေ့ရှိမှုများက လူသားများ လွယ်ကူစွာ သဘောပေါက် နားလည်ရေးတွင် များစွာအထောက်အကူ ပြုထားပေသည်။ ဥပမာ–ယခင်က မေ့အ်ရာဂ်ျခရီးစဉ်နှင့်စပ်လျဉ်း၍ ‘ဘိုရားခ်’ ခေါ် အစီးအနင်း၏လျင်မြန်မှုအကြောင်း နားလည်သဘောပေါက်ရန် ခက်ခဲပေသည်။ ယခုအချိန်အထိပင် ထိုခရီးတော်၏ ဂုဏ်ပုဒ်တစ်ခုဖြစ်သော ခရီးပေါက်ခဲ့မှုကို အတိုင်းအတာတစ်ခုအထိပင် တိုင်းဆ မရသေးပေ။

ရှေ့လဆက်ရန်

အလီဖ္မာရှူးက် (ဗိုလ်တထောင်)

# ဒအ်ဝသ်နှင့်သဗ်လီးဂ်ကို လက်ကိုင်မပြုသည့် ဆိုးကျိုး

အလ်ဟားဂျ်မော်လာနာမုဖ်သီအစ္စမာအီလ်(သထုံ-မဇ္ဇာဟေရီ)

ဟဇရသ် အဘူအုမာမဟ်ဗာဟိလီသွင်က ဆင့်ပြန်ခဲ့သည်။

တမန်တော်မြတ် ﷺ မိန့်တော်မူသည်။

“အသင်တို့ မည်သို့ ဖြစ်ကြမည်နည်း... မည်သည့်အခါ အသင် တို့၏ အမျိုးသမီး များသည် ပုန်ကန်ကြမည်၊ အသင်တို့၏ ပျိုရွယ်သူများသည် ပြစ်မှုကျူးလွန်မည်၊ အသင်တို့သည် ဒီးန် ၏ ဂျိဟာဒ်၊ မုဂျာဟာဒဟ်ကို စွန့်လွှတ်ကြမည်”

ဆွဟာဗဟ်များက...

“ယာရစူလွလ္လာဟ်၊ ထိုသို့ ဖြောင်းဆန်ကုန်ကြမည်လား”

ဟု မေးကြရာ တမန်တော်မြတ် ﷺ က...

“ငါ့အသက်ကို စိုးပိုင်သော အရှင်မြတ်၏ ကစမ်၊ ထိုအဖြစ်ထက်ပင် ဆိုးရွားသွားမည်”

ဟု မိန့်တော်မူ၏။ ဆွဟာဗဟ်များက...

“ထိုထက်ဆိုးရွာပုံမှာ မည်သို့ပါနည်း ”

ဟုမေးကြရာ...

တမန်တော်မြတ် ﷺ က "ကောင်းရာကို မညွှန်၊ မကောင်းရာကို မတားတော့ခြင်း ဖြစ်သည်" ဟု မိန့်တော်မူ၏။ ထိုအခါ ဆွဟာဗဟ်များက "ထိုကဲ့သို့ပင် ဖြစ်ရပါမည်လား"ဟုမေးကြရာ တမန်တော်မြတ် ﷺက "ငါ့အသက်ကို စိုးပိုင်တော်မူသော အရှင်မြတ်၏ ကစမ်... ထိုအဖြစ်ဆိုးထက်ပင်ပို၍ ယိမ်းယိုင်လာမည်"ဟု မိန့်တော်မူ၏။ ဆွဟာဗဟ်များက "ထိုသည်ထက်ပင် ဆိုးရွားပါဦးမည်လား"ဟု မေးရာ တမန်တော် မြတ် ﷺက "နောက်ထပ်အကောင်းကို အဆိုး၊ အဆိုးကို အကောင်း ဟု အသင်တို့ ယူဆမှတ်ထင်လာကြမည်"ဟုမိန့်တော်မူ၏။ ဆွဟာဗဟ်များက "ထိုမျှပင်ဖြစ်သွားပါမည်လား"ဟု မေးကြ၏။ တမန်တော်မြတ် ﷺ က "ထို့ထက်ပင် ဆိုးရွားလာပေမည်" ဟု ကစမ်ကျိန်၍ ဖြေတော်မူသည်။ ထိုမျှဆိုးရွားသောအခြေအနေသို့ ပင်ရောက်ကြမှာလား ဟု မေးကြရာ ဆွဟာဗဟ်များအား "အသင်တို့သည် ကောင်းရာကိုဟန့်တား၊ မကောင်းရာကို တွန်းအားပေးလာကြမည်" ဟုမိန့်တော်မူရာ ၄င်းတို့က ဆိုးရွားလှသည့် ထိုသို့သော အဖြစ်ဆိုးနှင့် ကြုံရဦးမှာလားဟု မေးကြရာ တမန်တော်မြတ် ﷺက "ငါ့အသက်ကိုစိုးပိုင်တော်မူသော အရှင်မြတ်၏ ကစမ်... အရှင်မြတ်ကပင် ၄င်းတို့အတွက် ဘေးအန္တရာယ် အပေါင်းကို စီစဉ်တော်မူမည်... ထိုဖိသ်နဟ်ကြောင့် အသိဉာဏ် အမြော်အမြင်ရှိသူများသည်လည်း အကြံအိုက်ကာ တအံ့တသြဖြစ်ကုန်ကြလိမ့်မည်" ဟု ကစမ်ကျိန်ဆိုကာ မိန့်တော်မူထားသည်ဟု ဖြေကြားတော်မူပေသည်။

(မလ်မအွဇ်ဇဝါအစ်ဒ်)

ကိယာမသ်နေ့၌ မေးမြန်းစစ်ကြောမှုများစွာအနက် မည်သူမည်ဝါအား မကောင်းမှုပြုသည်ကို မြင်ပါလျက် အသင်မတားဆီးခဲ့သည်မှာ အဘယ်ကြောင့်ပါနည်း ဟူ၍လည်းမေးမြန်းခြင်းခံရမည်။

(အဟ်မီယသေသဗ်လီးဂ်)

ကောင်းရာမညွှန်၊ မကောင်းရာ မတားသော အုပ်စုသည် အဆိုးရွားဆုံးဖြစ်သည်။

(အဲဟ်ယာအွလ်အိုလူမ်)

ခွင့်ပြုမထားသောအမှုကိစ္စကို ကျူးလွန်နေသည်ကိုမြင်ရသော် ကိုယ်ထိလက်ရောက် ဖြင့် တားမြစ်ပါ။ မတတ်နိုင်လျှင်နှုတ်ဖြင့် တားမြစ်ပါ။ နှုတ်ဖြင့်လည်းမစွမ်းဆောင်နိုင်လျှင် နှလုံးသားမှ ထိုအမှုသည်မကောင်းကြောင်း မှတ်ယူကာ ရွံရှာနေပါ။ ဤသည် အီမာန်၏ အောက်ဆုံးအဆင့် ဖြစ်သည်။

(မွတ်စလင်မ်)

"ဇွလ်မ်(ဂုနဟ်)ကို မတားဆီးသမျှ အသင်တို့ လွတ်မြောက်မည်မဟုတ်"ဟုတမန်တော်မြတ် ﷺက မိန့်တော်မူထားသည်။

မတရားပြုသူကို မတရားမှုမှ ဟန့်တားနေပါ၊ ကောင်းရာကို ညွှန်ပြကာ၊ မကောင်းရာ မှ တားမြစ်နေပါ၊ အမှန်တရားဘက်သို့ ဆွဲ ဆောင်နေပါ၊ သို့မပြုလျှင်အသင်တို့၏ နှလုံးသားများ ရောထွေးခြင်းခံရမည်၊ အသင်တို့ ဒုအာပြုလျှင် ကဗူလ်အဖြစ်၊လက်ခံမည်မဟုတ်။

အလ္လာဟ်အရှင်မြတ်က တမန်တော် ယူရှအ် (عليه السلام) အား ဝဟီဖြင့် မိန့်ကြားတော်မူသည်။ "အသင်တို့ဒေသရှိ သူတော်စင်လေးသောင်းတို့နှင့် သူယုတ်မာ ခြောက်သောင်းတို့အား ဖျက်ဆီးချေမှုန်းဖြစ်ရန် ဆုံးဖြတ်ထားပြီးပြီ ဖြစ်သည်။

ထိုနဗီတမန်တော်ﷺက "ယာအလ္လာဟ်..... သူယုတ်မာကတော့ထိုက်တန်ပါသည်။သူတော်စင်တို့ကို မည်သည့်အတွက်ကြောင့် ဖျက်ဆီးပါမှာနည်း" ဟု မေးရာ အရှင်မြတ်က ၎င်းတို့သည် ငါ အရှင်မြတ် အမျက်ဒေါသထွက်စေသော အမှုကိစ္စတွင် အမျက်ဒေါသမထွက်ကြရုံမက ထိုသူယုတ်မာတို့နှင့်အတူ စားသောက် နေထိုင်ကြသည်"ဟု ဖြေကြားတော်မူသည်။

(မုက်ရှဖသွလ်ကုလူမ်)

တားမြစ်နိုင်ပါလျက် မတားမြစ်ခဲ့က ကိယာမသ်နေ့တွင် နားပြတ်အဖြစ်နှင့် ရှင်ပြန်ထရမည်။

(သမ်ဗီဟွလ်မွဂ်သရ်ရီးန်)

ဟဇရတ် ဟုဇိုင်ဖဟ်ရ်မိန့်တော်မူသည် မှာ "ကောင်းရာညွှန်သည့် အမလ်ကို မဆောက်တည်ကြလျှင် အသင်တို့ အချင်းချင်း ခိုက်ရန်ဖြစ်ကြမည်။ သူယုတ်မာသည် သူတော်ကောင်းများ၏အပေါ်လွှမ်းမိုးသွားမည်။"

(ဟယာသွတ်စ်ဆွဟာဗဟ်)

"ကျွန်ုပ်တို့အနေနှင့် ကောင်းမှုဘက်သို့ မဖိတ်ခေါ်၊ မကောင်းရာကို မတားမြစ်ကြက အရှင်မြတ် ကျွန်ုပ်တို့ကို ခွင့်လွှတ်တော်မူမည်မဟုတ်။ အချိန်မရွေး အဇားဗ်ကျလာနိုင်သည်" ဟု အေမာမ်မာလစ်ခ်ရ်ကမိန့်တော်မူထား သည်။

(ဟယာ သွတ်စ်ဆွဟာဗဟ်)

"ကောင်းရာညွှန်၊ မကောင်းရာကို တားမြစ်သည့်အလုပ်ကိုစွန့်ထားခြင်းသည် ကဗီရဟ်ဂုနဟ် တွင် အကြုံးဝင်သည်"

(ဟဇရသ်ရှိုက်ခ်)

သဗ်လီးဂ်ဒအ်ဝါသ်ကောင်းရာညွှန်ခြင်းသည် အရေးကြီးသောအမလ်ဖြစ်သည်ကို အာလင်မ်များ တညီတညွတ်တည်း ဆုံးဖြတ်ထားကြသည်။ မည်သူမျှ အငြင်းဝင် စောဒကတက်ခြင်း မရှိကြ။

ဟဇရသ် ထာနဝီရ်က....."သဗ်လီးဂ် သည် ကျွန်ုပ်တို့အပေါ်ဖရပ်ဇ်ဖြစ်သည်၊ သဗ်လီးဂ်တာဝန် မထမ်းဆောင်လျှင် အီမာန်ပြည့်စုံမည်မဟုတ်"ဟု မိမိ၏ခွတ်သဗာသ်တွင် မိန့်ထားသည်။

နမာဇ်၊ ရိုဇဟ်ကဲ့သို့ပင် သဗ်လီးဂ်သည်လည်း ဖရပ်ဇ်ဖြစ်သည်။ (ကာရီသွိုင်ယ်ယစ်ဗ်ဆပ်)

ဟဇရသ်မော်လာနာမုဟမ္မဒ်သကီအွတ်စ်မာနီရ်ကတင်ပြထားသည့်မှာ.. ကောင်းရာညွှန်၊ မကောင်းရာတားမြစ်သည့်အမလ်သည် ဖရ်ဇေအိုင်န်ဖြစ်ပါလျက် ဤဖရပ်ဇ်နှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့တွင် မေ့လျော့ပေါ့ဆမှုများစွာရှိနေသည်။

( အိစ်လာဟီ ခွတ်သဗာသ်– အတွဲ-၉)

ယနေ့ကမ္ဘာအားအရုပ်ဆိုးစေသော မကောင်းမှုအင်အားစုကို တစိုက်မတ်မတ် ထိုးဖောက် ဖြိုခွင်းနေသည့်လက်ရှိဒါဝသ်ကြိုးပမ်းမှုက အတိုင်းအတာတစ်ခုအထိ ခရီးပေါက်ကာ မကောင်းမှုများ ကျဆင်းစေပြီဖြစ်ရာ ထိုကြိုးပမ်းမှုတိုင်းတွင် တတ်အားသရွေ့ ပါဝင်ကြရန် မွဖ်သီဆပ်ကပင် တိုက်တွန်း အားပေးထားသည်။

■

မော်လဝီ မုဟမ္မဒ်အရ်စလာန် (ကရာချီ) ပြုစုသော

**"အလ္လာဟ်ကားပြာရား ဗန်နဲကာ တွရီကဟ်"**

စာအုပ်မှကောက်နုတ်တင်ပြခြင်းဖြစ်ပါသည်။

**အလ်ဟားဂ်ျ မော်လာနာ မုဖ်သီ**

**အစ္စမာအီလ် (သထုံ-မဇ္ဇာဟေရီ)**

علم التجويد واهميته وحكمه

# သဂျ်ဝီးဒ်ပညာ၏ ပညတ်ချက်နှင့် အရေးကြီးပုံအကြောင်း

မုဖ်သီအဗ္ဗဒုရ်ရဟီးမ်(မြစ်ငယ်)

သဂျ်ဝီးဒ် ပညာရပ်တွင် ပညတ်ချက် နှစ်မျိုး ရှိသည်။

(၁)علمیပညာတတ်မြောက်ရေး

(၂)عملیလက်တွေ့အကောင်အထည် ဖော်ဆောင်ရေး

ပညာတတ်မြောက်ရေးကဏ္ဍတွင်မွတ်စလင်မ်တိုင်းဆောင်ရွက်ရန် တာဝန်မှာ 'မွတ်စ်သဟဖ်' ဖြစ်သည်။ ထို့အပြင်သာသနာ့ပညာရှင် တို့ ဆောင်ရွက်ရန်တာဝန်မှာ ﴿واجبة على الكفاية﴾ (ခ) ကျွမ်းကျင်သော သဂျ်ဝီးဒ်ပညာရှင်များ ၏ ဂျမာအသ် တစ်ခု အွမ္မသ်အတွင်းဝယ် မလွဲမသွေ ရှိနေရန် အရေးကြီးလိုအပ်သည်။ ထိုသို့သော ဂျမာအသ် ရှိမနေပါမူ အွမ္မသ်ထုတစ်ရပ်လုံး တာဝန် မကင်းဖြစ်ရကာ အကုသိုလ် ကျူးလွန်သူများဖြစ်ကြရပေမည်။

ပညာတတ်မြောက်ရေး ကဏ္ဍဟူသည်မှာ အဆိုပါပညာရပ်၏ အခန်းကဏ္ဍအားလုံး၏ အသေးစိတ်ကို အကျယ်တဝင့်နားလည် သဘောပေါက် တတ်မြောက်မှုကို ဆိုလိုသည်။

(၂) လက်တွေ့ အကောင်အထည်ဖော်ဆောင်နိုင်ရေးဟူသည်- ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ရွတ်ရာတွင် تجوید ဥပဒေများနှင့် အညီ ဖတ်ရွတ်တတ်ခြင်းကို ဆိုလိုသည်။ ထိုတာဝန်သည် ကုရ်အာန်ဖတ်ရွတ်ရမည့် အရွယ်ရောက်ပြီးသော မွတ်စလင်မ်အမျိုးသား၊ အမျိုးသမီးတိုင်း အပေါ် ဖရ်ဇ်အိုင်းန်(ခေါ်) မလွဲမသွေရှိနေမည့် တာဝန် ဖြစ်သည်။

အစ္စလာမ်သာသနာတော်၌ သဂျ်ဝီးဒ် ပညာရပ်၏ အရေးကြီးလိုအပ်ကြောင်းကို ရှရီအသ်တရားတော်လာ အမိန့်ပညတ်ချက်အရ သိရှိရသည်။

## ၁

## ကုရ်အာန်ကျမ်းတော်မြတ်တွင်လာရှိသော အထောက်အထားများ

ကုရ်အာန်ကျမ်းမြတ်တွင် အလ္လာဟ်အရှင်မြတ်က ဤသို့ မိန့်တော်မူထားသည်။

ورتل القرآن ترتيلا

''အသင် ကုရ်အာန်ကျမ်းတော်မြတ်ကို

'သရ်သီးလ်' နှင့် ဖတ်ကုန်။"

**ترتيل** ဟူသည့်အက္ခရာကို ဌာန်ကရိုဏ်းကျကျ ဖတ်ခြင်းနှင့် စာလုံးများကို ပီပီသသ ရှင်းရှင်းလင်းလင်း ဖတ်ခြင်းကို ခေါ်သည်။

အစ္စလာမ့် စတုတ္ထခလီဖှာသမ္မတကြီး အလီ ؓအား မေးမြန်းကြသည့်အခါ ထိုအာယသ်တော်တွင် လာရှိသော **ترتيل**၏ ဆိုလိုရင်းမှာ.....

**تجويد الحروف ومعرفة الوقوف**

"အက္ခရာများကို ဌာန်ကရိုဏ်းကျကျ ဖတ်ခြင်းနှင့် ရပ်နားမှုဆိုင်ရာ ဥပဒေများကို သိရှိနားလည် အကောင်အထည် ဖော်ခြင်း ဖြစ်သည်" ဟု ဖွင့်ဆိုပြခဲ့သည်။

အထက်ပါအာယသ်တော်အရ ကုရ်အာန်ကျမ်းတော်မြတ်ဖတ်သူတိုင်း အပေါ် သဂျ်ဝီးဒ်နှင့်တကွ ဖတ်ရန် 'ဖရ်ဇိအိုင်းန်'မလုပ်မနေရ တာဝန်အဖြစ် ပညတ်ထားကြောင်း သိရှိပေသည်။ ထို့အတူ အလ္လာဟ်အရှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို 'သဂျ်ဝီးဒ်'နှင့်တကွ ချပေးတော်မူခဲ့ခြင်းဖြစ်ကြောင်း ကိုလည်း သိရှိရ သည်။ သို့အတွက် ကုရ်အာန် ကျမ်းတော်မြတ် ကို 'သဂျ်ဝီးဒ်'ဥပဒေများနှင့်အညီ ဖတ်ရန် အမိန့် ပေးထားခြင်း ဖြစ်သည်။

၂

### ဟဒီးဆ်တော်လာ အထောက်အထားများ

**عن زيد بن ثابت ؓ عن النبى ﷺ انه قال ان الله يحب ان يقرا القران كما انزل اخرجه ابن خزيمة فى صحيحه ﴿المنح الفكرية ص٢٩﴾**

**وعزاه فى كنز العمال ﴿١٦٤﴾ الى السجزى فى الامامة واعلاء السنن ص١٦٦ ج٤**

ဇိုင်ဒ္ဗ်နို့ဆာဗစ်သ် ؓသခင်က တမန်တော်မြတ် ﷺ မိန့်တော်မူခဲ့သည်ကို ဤသို့ ဆင့်ပြန်ခဲ့သည်။ "ဧကန်အမှန်အလ္လာဟ် အရှင်မြတ်သည် ကုရ်အာန် ကျမ်းတော်မြတ်အား မိမိချပေးတော်မူခဲ့သည့် အတိုင်းဖတ်ခြင်းကိုသာ လိုလားနှစ်သက်တော်မူသည်။

**قوله: عن زيد بن**

ဤဟဒီးဆ်တော်၏ အလိုသဘောမှာလည်း ကုရ်အာန် ကျမ်းတော်မြတ်ကို သဂျ်ဝီးဒ်ဥပဒေများနှင့်အညီ ဖတ်ရန် သာသနာတော်ပေး တာဝန်အဖြစ် သတ်မှတ်ထားကြောင်း သိရှိရသည်။

၃

### အစ်ဂျ်မာအွလ်အွမ္မသ်အရလာရှိသော အထောက်အထားများ

အစ္စလာမ့် ရှရီအသ် တရားတော်မြတ်တွင် တတိယအဆင့်အနေနှင့် ဥပဒေအထမြောက်ရေးမှု 'အစ်ဂျ်မာအ်'အရ 'သဂျ်ဝီးဒ်'ပညာရပ်နှင့်ပတ်သက်၍ အောက်ပါအတိုင်းဆုံးဖြတ်ချက်ထားကြသည်။

"လမ်းမှားအပေါ် စုစည်းမှုမှ ထိန်းသိမ်းကာကွယ်ထားခြင်းခံရသော အွမ္မသ်သားများသည် တမန်တော်မြတ် မုဟမ္မဒ် ﷺ ၏ခေတ်သမယ အခါတော်မှစ၍ ယနေ့ထက်တိုင် 'သဂျ်ဝီးဒ်' ဥပဒေများနှင့်အညီ ကုရ်အာန်ဖတ်ရွတ်ရန် 'ဝါဂျစ်ဗ်' မရှောင်သာသည့် တာဝန်ဖြစ်ကြောင်း တညီတညွတ်ဆုံးဖြတ်ထားကြသည်။ ဆန့်ကျင် ကွဲလွဲမှု မရှိ တညီတညွတ်တည်း ဆုံးဖြတ်ချက်ချခဲ့ကြခြင်း

ဤသို့ပင် 'သဂျ်ဝီးဒ်'နှင့်တကွ ထိုအရှင့်ထံတော်ပါးမှ ကျွန်ုပ်တို့ထံသို့ ကုရ်အာန်ကျမ်းမြတ်သည် ရောက်ရှိခဲ့သည့် အတွက် ဖြစ်သည်။

## النفحة العنبرية شرح المقدمة الجزرية ص ٢٠٥

အထက်ပါအေမာမ်ဂျဇရီ رح သခင်ကြီးအား (အကယ်၍ကုရ်အာန် ကျမ်းမြတ် သင်ကြားပို့ချပေးသော ဆရာတစ်ဦးသည် 'သဂျ်ဝီးဒ်'ဥပဒေနှင့် ဆန့်ကျင်ပြီး မှားယွင်းသောနည်းဖြင့် ကုရ်အာန်ကျမ်းမြတ် သင်ကြား ပို့ချပါက ထိုသူသည် လစာရပိုင်ထိုက်သူ ဖြစ်နိုင်ပါမည်လော ဟုမေးမြန်းလျှောက်ထားရာ

သခင်ကြီးက **لا يستحق الاجرة** ထိုသို့သော ဆရာသည် လစာရပိုင်ခွင့် ရှိသူမဟုတ်ဟု ဖြေကြားထားသည်။ အေမာမ်ရှာဖေအီ رحထံတွင် "သဂျ်ဝီးဒ်နှင့် ဆန်ကျင်ပြီး ကုရ်အာန်ဖတ်ရွတ်သူ သည် (ဖာစစ်က်) ဖြစ်သည်"ဟု လာရှိသည်။ ကြည့်

## النفحة العنبرية شرح المقدمة الجزرية ص ٢٠٨

ရှိက်ခ်အဗ္ဗတ်လ်အစ်ဇ် رحက 'သဂျ်ဝီးဒ်' ပညာ၏အရေးကြီးလေးနက်ပုံကို အောက်ပါအဆို အမိန့်ဖြင့် ဓမ္မသတ် ဆုံးဖြတ်တင်ပြထားသည်။

ထိုကုရ်အာန်ကျမ်းမြတ်၏ သဂျ်ဝီးဒ် ပညာရပ်အားသိလိုသော် "အို မေးမြန်းသူ ကျွမ်းကျင် သော သာသနာ့ပညာရှင်များထံမှ အသင်သိလိုသော ပညာကို ဆည်းပူးကုန်၊ သင်သည် လမ်းမှန်ကို ဒိဋ္ဌချီးမြှင့်ခံရပေမည်"

ကုရ်အာန်ကျမ်းမြတ်ကို သဂျ်ဝီးဒ်နှင့်အညီ (ဖတ်ရွတ်ရန်) တာဝန်သည် ဆွလားသ် ဝတ်ပြုမှုကပင်လျှင် အလေးအနက်ဆုံးသော အထောက်အထားတစ်ခုအဖြစ် မှတ်တမ်းဝင်နေသည်။

## ကုရ်အာန်၊ ဟဒီးဆ်တော်များနှင့် အစ်ဂျ်မာ အွလ်အွမ္မသ်အရ ဓမ္မသတ်ဆုံးဖြတ်ချက်

သဂျ်ဝီးဒ်ပညာရပ်၏ အရေးကြီးလေးနက်ပုံကို 'အလ်အိမားမို့မုဟာမ္မဒွဗ်နို့ မု့ဟာမ္မဒေ့ နစ်လ်ဂျဇရီ رحသခင်ကြီးက အောက်ပါအမိန့်ဖြင့် ဆုံးဖြတ် ဓမ္မသတ် ထုတ်ပြန်ထားသည်။

"အဆိုပါဓမ္မသတ်အပေါ် 'မဇ်ဟဗ်'အားလုံးမှ သာသနာ့ပညာရှင်များတညီတညွတ်တည်း ယနေ့တိုင် လိုက်နာကျင့်သုံးလျက်ဖြစ်၍ အဆိုပါ ဓမ္မသတ်၏အဆင့်အတန်းသည် သာပိုလေးနက်ခိုင်မာသွားပြီး ဆန့်ကျင့်ပိုင်ခွင့် မရှိသော အဆင့်သို့ ရောက်သွားသည်။ ထို့အပြင် အကယ်၍ မည်သူမဆို ဤသို့သော ဓမ္မသတ်ကို ဆန့်ကျင်ခဲ့ပါက ထိုသူအား မွတ်စလင်မ်ဟုဆိုရန်ပင်ခဲယဉ်းပေလိမ့်မည်။"

## والاخذ بالتجويد حتم لازم

သဂျ်ဝီးဒ်ပညာဆည်းပူးခြင်းသည် အရေးကြီးသော မလုပ်မနေရ တာဝန်ဖြစ်သည်။

## من لم يجود القران اثم

မည်သူမဆို ကုရ်အာန်ကျမ်းမြတ်အား သဂျ်ဝီးဒ်ဥပဒေနှင့်အညီမဖတ်ရွတ်ပါကထိုသူသည် အကုသိုလ်ကျူးလွန်သူဖြစ်မည်၊ ယင်းသို့ဖြစ်ရခြင်းမှာ အလ္လာဟ်အရှင်မြတ်သည် ထိုကုရ်အာန်ကျမ်းတော်မြတ်အား အဆိုပါသဂျ်ဝီးဒ်ဥပဒေ နှင့် အတူချပေးခဲ့သည့်အတွက်ကြောင့်ဖြစ်သည်။

## لانه به الاله انزلا
## وهكذا منه الينا وصلا

## အီမာန်၏လက္ခဏာ

၁။ ကဒရ်ညတွင် နိုးကြားနေခြင်းသည် အီမာန်ဖြစ်သည်။

၂။ ရမဒွါန်လ၏ ညများတွင် နဖိလ်နမာဇ်ဖတ်ခြင်းသည် အီမာန်ဖြစ်သည်။

၃။ အကျိုးစဝါးဗ်မျှော်ကိုး၍ ရမဒွါန်လတွင် ရိုဇဟ်စောင့်ထိန်းခြင်းသည် အီမာန်ဖြစ်သည်။

၄။ အရှက်အကြောက်တရား ရှိခြင်းသည်လည်း အီမာန်ပင် ဖြစ်သည်။

ဗုခါရီကျမ်း

ကဲ့သို့ 'ဖရ်ဇိအိုင်းန်'မလုပ်မနေရ တာဝန်ဖြစ်သည်။ ထိုအကြောင်းကို 'အာယသ်'တော်များ နှင့် 'ဟဒီးဆ်' တော်များက အတိအလင်းဖော်ပြထားသည်။

သင်္ဂျဝီးဒ်၏အရေးကြီးမှုကို ငြင်းဆန်သူ (မည်သည့်မနုဿပင်ဖြစ်စေ) ထိုသူသည် ကာဖစ်ရ်ဖြစ်၏။ သို့ဖြစ်ပေရာ အသင်သည် ထိုဒိဋ္ဌိ၏ အလိုလိုက်မှုကို စွန့်လွှတ်လော့၊ ဧကန်မုချ ထိုသူသည် ဆုံးရှုံးနစ်နာသူပင်ဖြစ်သည်။

'သင်္ဂျဝီးဒ်' ဝါဂျစ်ဗ် ဖြစ်ကြောင်း ငြင်းဆန်မှုမပြုဘဲ လက်တွေ့လိုက်နာမှုမရှိသောသူနှင့် ပတ်သက်၍ တရားတော်လာ ဆုံးဖြတ်ချက်မှာ ထိုသူသည် အရေးယူအပြစ်ပေးခံရမည်။

ထိုသို့ အပြစ်ပေးခံရပြီးနောက် မိမိအပြင် အခြားအကုသိုလ်ပြုကျင့်သူများကဲ့သို့ 'ဂျဟန္နမ်' သုခဘုံသို့ ခေါ်ဆောင်လာခြင်း ခံရမည်။

'သင်္ဂျဝီးဒ်'ဥပဒေနှင့်အညီ မဖတ်ရွတ် သူတို့ဘက်မှ ဆွလာႏသ်ဝတ်ပြုခြင်း 'ကဗူလ်'ပြုလက်ခံမှုမရရှိပေ။ ၎င်းနောက် အလ္လာဟ် အရှင်မြတ်၏ သနားကရုဏာတော်မှ ကင်းဝေးသော ကျိန်စာသည် ထိုသူတို့အပေါ် သက်ရောက်နေမည်သာ ဖြစ်သည်။

ထိုသူတို့သည် ကျွန်ုပ်အား မွေးမြူ ဖန်ဆင်းတော်မူသော အရှင်မြတ်၏ မုခ်ကပါဠ်တော်ကို ပြောင်းလဲခဲ့ကြခြင်းနှင့် တရားလမ်းမှန်မှ သွေဖည်ခဲ့ကြသည့်အတွက် ကြောင့်ပင်တည်း။ သို့အတွက် ထိုသူတို့သည် အရှင်မြတ်ကရုဏာတော်အရိပ်မှ အနှင်ခံဘဝဖြင့် ဝေးကြရကုန်လေပြီ။

ဟာနဖီမဇ်ဟဗ်ဝင်ဖေကာ ဓမ္မသတ် ကျမ်းရှင်ကြီးများက 'သင်္ဂျဝီးဒ်'၏ အရေးကြီး လေးနက်ပုံကို ဤသို့ ဆုံးဖြတ်ထားကြသည်။

'သင်္ဂျဝီးဒ်'သည် ဝါဂျစ်ဗ်ဖြစ်သည်၊ အကယ်၍ တစ်ဦးတစ်ယောက်သည် ကုရ်အာန်ဖတ်ရာတွင် ဌာန်ကရိုဏ်းကျ မှန်ကန်ပီသရေးကို နေ့ညမပြတ် အမြဲကြိုးစားဆဲတွင်မူထိုသူ၏ ဆွလာသ် ဝတ်ပြုမှုပိုင်သည်ဆို၏။

ဤသို့ ကြိုးစားသင်ယူဆည်းပူးမှုကို ကုန်လွန်ခဲ့သော သက်တမ်းတွင် မဆောင်ရွက်နိုင်ခဲ့ သော်ငြားလည်း လက်ရှိသက်တမ်းတွင် အဆိုပါ တာဝန်ကိုစွန့်လွှတ်ခွင့်မရှိ၊ ဖော်ပြပါ ပညတ်ချက်ရှိ ပါလျှက် ကြိုးစားသင်ယူမှုကို အကယ်၍ လွှတ်ခဲ့ပါက ထိုသူ၏ ဆွလာသ် ပျက်ရတော့လေသည်။

**မုဖ်သီ အဗ္ဗဒုရ် ရဟီးမ်(မြစ်ငယ်)**

**တမန်တော်မြတ် ﷺ ထံတော်ပါးတွင် ဆွဟာဗဟ် သာဝကများစုဝေးရောက်ရှိနေခိုက်**

**ဆွဟာဗဟ်များက "ဉာဏ်ရှိသူ မည်သူပါနည်း" ဟု မေးလျှောက်ကြရာ တမန်တော်မြတ် ﷺ က**

# မိမိကိုယ်ကို အမြဲဆန်းစစ်နေသူနှင့် မသေမီအလျင် သေရန်အသင့်ပြင်ထားသူဖြစ်သည်

**ဟု မြွက်ကြားတော်မူပေသည်။**

او كما قال ﷺ

# အာလိမ်ဉာဏ်ရှင်၏ ကောင်းဆိုမှု

မော်လာနာ ရဟ်မသွလ္လာဟ် (အဇီဇီ)

ကျမ်းမြတ်ကုရ်အာန်တွင်
အလ္လာဟ်အရှင်မြတ်ကမိန့်တော်မူသည်မှာ

قَدْ أَفْلَحَ مَنْ تَزَكَّى

(မိမိအတွင်းစိတ်အား)
သန့်ရှင်းအောင်ပြုသူသည်
ကောင်းကျိုးအောင်မြင်အံ့။
ကုရ်အာန် (၈၇ း၁၄)

ဤလောက၌ လူတို့မွေးလာသည်မှာ သေဖို့သာဖြစ်သည်။ နေ့စဉ် လူထောင်ပေါင်း များစွာ မွေးဖွားလာ၍ လောကကြီးအတွင်းသို့ ချဉ်းနင်းဝင်ရောက်လာကြသကဲ့သို့ လူထောင်ပေါင်းများစွာတို့သည်လည်း သေဆုံးကွယ်လွန်၍ လောကကြီးကို ကျောခိုင်းသွားကြသည်။

သို့သော် လူမည်မျှက မသေမီအလျင် သေဆုံးပြီးနောက် မလွဲမသွေ ဆုံတွေ့ရမည့် တမလွန်ခရီးအတွက် မည်သို့သော အစီအစဉ် ပြုလုပ်ထားကြသနည်း။ သေပန်းပွင့်ရန်၊ မိမိစိတ်ကို သန့်ရှင်းစင်ကြယ်စေရန် ကြိုတင်ပြုပြင်သူ မိမိကိုယ်ကို အမြဲဆန်းစစ်နေသူဟူ၍ မည်မျှရှိသည်ကို တွေးတောဆင်ခြင် စဉ်းစားကြည့်သင့်သည်။

လက်ရှိလောက၏အောင်မြင်မှုသည် ယာယီသာဖြစ်သည်။ ဆုံးရှုံးမှုသည်လည်း ယာယီပင် ဖြစ်ပေသည်။ ထို့အတူ ဤလောကရှိ စည်းစိမ်သည် ခေတ္တဖြစ်သလို ဒုက္ခသည်လည်း ခေတ္တသာဖြစ်သည်။ စကြဝဠာအဝှမ်းကို ဖန်ဆင်းတော်မူသော ဖန်ဆင်းရှင်သည် မိမိ၏ ရစူလ်တမန်တော်တို့ကို စေလွှတ်တော်မူကာ လူ့လောကတွင် ဖုံးကွယ်နေသော အမှန်တရားများကို မီးမောင်းထိုး ပြခဲ့သည်။ လူတို့ကွယ်လွန်ပြီးနောက် ရောက်ရှိသွားမည့် တမလွန်ဘဝ၏အောင်မြင်မှုနှင့် ဆုံးရှုံးမှု နှစ်မျိုးစလုံးသည်အမြဲထာဝစဉ်အတွက်ဖြစ်သည်။သေပြီးနောက် ခံစားရမည့် စည်းစိမ်သုခသည် အစဉ်အမြဲတည်တံ့နေမည်ဖြစ်သကဲ့သို့ ခံစားရမည့် ဒုက္ခသည်လည်း ထာဝစဉ်ပင် တည်နေမည်။ ထို့ကြောင့် အမြဲတမ်း ခံစားရမည့်ဒုက္ခနှင့် ဆုံးရှုံးမှုမှ လွတ်မြောက်မှုရရှိစေရန် ကြိုးစားသူနှင့် အမြဲတမ်းစံစားရမည့် သုခနှင့် ပျော်ရွှင်မှုရရှိရန် ကြိုးစားသူသည်သာလျှင် အမှန်စင်စစ် အသိဉာဏ် ပြည့်ဝကြသော ဉာဏ်ကြီးရှင်တို့ဖြစ်ကြသည်။

သက်သာရာ သက်သာမှုရရှိရန်နှင့် မိမိကိုယ်ကို ဘေးဒုက္ခအပေါင်းမှ ကင်းလွတ်အောင် ရှောင်ရှားရေးကို လူတိုင်း၏ အသိဉာဏ်က တောင်းဆိုထားသည်။ ထို့ကြောင့်ပင် အန္တရာယ်များမှ ကာကွယ်ရန် လူတို့ကြံစည်ကြသည့်နည်းတူ စည်းစိမ်ရရှိရန်လည်း လူတို့ပင် ကြံဆ တီထွင်ကြသည်။

အာခိရဉ် တမလွန်၏ သုခ၊ ဒုက္ခနှင့် စပ်လျဉ်း၍ အသိဉာဏ်က တောင်းဆိုနေသော်လည်း ဖြည့်ဆည်းသူကား နည်းပါးလှသည်။ ဤသို့ဖြစ်ရခြင်းမှာ မည်သူမျှ သေခြင်းကို မလိုလားကြ။ သေရမည်ကိုပင် မစဉ်းစားကြ။ ဂျဟန္နမ်သည် သူများအတွက်၊ သေခြင်းသည် သူများအတွက်ဟု ထင်မှတ်ထားကြသည်။ ဂျနာဇဟ် ထမ်းစင်ကို ထမ်း၍ ဂျနာဇဟ်လိုက်ပို့စဉ်တွင်ပင် တစ်ဦးနှင့် တစ်ဦး နောက်ပြောင် ကျီစယ်ရယ်မောနေကြမှုကို အပေါ်ယံ ကြည့်ရုံမျှဖြင့် သိနိုင်ပေသည်။

လိုအပ်ချက်ထက်ကျော်လွန်၍ လိုလားချက်

တို့ဖြင့် ပြည့်နှက်နေသော လောကီဇာတ်ကောင်တို့အား ရလေလိုလေ ဖြစ်စေသော လောဘဇောက ထိုသူတို့၏ မိနစ်တိုင်း၊ စက္ကန့်တိုင်းကို လွှမ်းမိုးကြီးစိုးထားသည်။ နံနက်မိုးသောက်အလင်းရောက်၍ မျက်လုံးပွင့်သည်နှင့် တက်လာသော ပထမသောကမှာ လောကီရေးပင်ဖြစ်သည်။ ညအိပ်ရာဝင်သည့်အခါ ဦးနှောက်ထဲတွင် ပြည့်ကျပ်လျက်ရှိသည့် စဉ်းစားတွေးတောမှုများမှာလည်း လောကီရေးပင် ဖြစ်နေသည်။ လက်ရှိ လောကဘဝတိုကလေးကိုသာ မိမိ၏အဓိက ရည်ရွယ်ချက်ပန်းတိုင်အဖြစ် ပြုလုပ်ထားကြသည်။ မျက်လုံးအစုံ မှိတ်လိုက်ရ၍ လောကမှ သွားရသည့်အခါ မိမိ နေရမည့် ဌာနအတွက် သောကရှိသူ အလွန်ပင် နည်းပါးလှသည်။ သာသနာရေးရာ ဦးသျှောင် ခေါင်းဆောင်အချို့သည်ပင်လျှင် လောကီရေးတွင် နစ်မွန်းကာ လောကီသားကောင်ဖြစ်လျက်ရှိနေကြသည်။

မိမိကိုယ်ကို ဆန်းစစ်ကြည့်ကြမည်ဆိုလျှင် ...

မိမိတို့နေ့စဉ်နှင့်အမျှတောင်းခံနေသော ဒုအာများသည် လောကီရေးအတွက် မည်မျှဖြစ်၍ အာခိရသ် တမလွန်အရေး မည်မျှ တောင်းခံပါသနည်း။ လောကီအခက်အခဲ ပြေလည်ရန် မည်မျှ မျက်ရည်ကျခဲ့၍ အာခိရသ် တမလွန် အခက်အခဲ ပြေလည်ရန် မည်မျှမျက်ရည်သွန်ခဲ့သနည်း။

မိမိသည် ဇိကိရ်၊ ဝဇီဖာဟ်၊ နမာဇ်များ၊ လောကီရေးရာ ဗရကသ်အတွက် မည်မျှဖတ်ခဲ့၍ အာခိရသ်တမလွန် ဒုက္ခမှလွတ်မြောက်ရန်အတွက် မည်မျှဖတ်ခဲ့သနည်း။

အထက်အချက်တို့ကို လေးနက်စွာ သုံးသပ်လျှင် ကျွန်ုပ်တို့၏ အခြေအနေအဖြစ်မှန် ရုပ်လုံးပေါ်လွင်လာပေမည်။ ဤသို့ဖြစ်ရခြင်း၏ အကြောင်းရင်းမှာ နောင်အာခိရသ်တမလွန်သည် ကျွန်ုပ်တို့၏အတွေးမှ လုံးဝနီးပါးပျောက်ကွယ်နေ၍ ဖြစ်သည်။

လူ့အသိဉာဏ်ကမြဲသော စည်းစိမ်ကို မမြဲသော စည်းစိမ်ထက် ဦးစားပေးရမည်၊ ခေတ္တခဏဒုက္ခထက် အမြဲတမ်းဒုက္ခမှ သာပို၍ အကာအကွယ်ယူရမည်၊တမလွန်ကို လောကီထက် သာပိုဦးစားပေး၍ ဘဝသက်တမ်းမွေးမြူရမည်ဟု တောင်းဆိုနေသောကြောင့် မြဲသောအာခိရသ်တမလွန်သက်တမ်း၏ အောင်မြင်မှုကို ပိုင်ပိုင်နိုင်နိုင်ပန်ဆင်ရန်အတွက် မမြဲသောဤလောက၌ ကြိုးစားအားထုတ်ကြပါ။ ထာဝစဉ် ဆုံးရှုံးမှုမှ ရှောင်ရှားရန် ယခုမှပင် စတင်အားထုတ်ကြပါ။

အသိဉာဏ်၏တောင်းဆိုမှုကို
ဖြည့်ဆည်းသူ မည်မျှရှိသနည်း။
ဝမ်းနည်းဖွယ်ကောင်းလေစွ။

ဟိဂျ်ရီ ၁၄၂၄ ခု၊ ရဗီအွဆ်ဆာနီလထုတ်
'အလ်ဖာရူးက်'စာစောင်မှ عبيدالله خالد ၏
ဆောင်းပါးကို မှီငြမ်းသည်။

**မော်လာနာ ရဟ်မသွလ္လာဟ်(အဗီဗီ)**





# ယတီမ်ဖမွဲကလေးများနှင့်ဆက်ဆံရေး

မော်လာနာ ဟာဖိဇ် ကာသိမ် မုဟမ္မဒ် အီဒ်ရီးစ် (ရွာဟောင်းဗလီ-ဘီလူးကျွန်း)

ကျွန်ုပ်တို့၏ နှစ်ဘဝခေါင်းဆောင်ကြီး မြတ်နဗီ မုဟမ္မဒ် ﷺ ဤသို့မိန့်မှာညွှန်ပြခဲ့သည်–

အကြင်မည်သူမဆို သနားကြင်နာခြင်း၊ ချစ်ခင်ခြင်းများနှင့် အတူ ယတီမ်ဖတဆိုး ကလေးငယ်များ၏ ဦးခေါင်းကို ပွတ်သပ်ပေးသည်ရှိသော်–ထိုယတီမ် ဖတဆိုး ကလေးငယ်များ၏ ဦးခေါင်းတွင်ရှိသည့် ဆံချည်မျှင်များနှင့် အမျှ ကောင်းမှုတစ်ခုကျစီရရှိမည်၊ ထို့အပြင် မကောင်းမှု အကုသိုလ် (ဂုနာဟ်)တစ်ခုစီ ပယ်ဖျက်ပေးခြင်းခံရမည်၊ အဆင့်အတန်းတစ်ခုစီ တိုးမြှင့်ပေးခြင်း ခံရမည်။ ဆက်လက်၍ မိန့်တော်မူသည်မှာ အကြင်မည်သူမဆို မိမိစားသောက်စဉ်တွင် ယတီမ် ဖတဆိုး ကလေးငယ်အားအတူတကွ ပါဝင်စေ၍ စားသောက်ခွင့်ပေးခဲ့သော် ထိုသူ့အဖို့ ဂျန္နသ်ရရှိခြင်းသည် ဝါဂျိဗ် ထိုက်သွားပေသည်။

တစ်ခါသော် ဆွဟာဗဟ်ကြီးတစ်ပါးသည် မဟာတမန်တော်မြတ်ကြီး ﷺ အား ဤသို့ လျှောက်ထားတိုင်တန်းခဲ့သည်။ ယာရဆူလွလ္လာဟ် ﷺ ……မည်သူမည်ဝါ၏နှလုံးသားသည် မာကျော၍ အလွန်ခက်ထန်ပါသည်။ ထိုအခါ မဟာကရုဏာတော်ရှင်ကြီး မုဟမ္မဒ် ﷺ သခင်က "ယတီမ် ဖတဆိုး ကလေးငယ်များ၏ ဦးခေါင်းပေါ် လက်ဖြင့်ပွတ်သပ်ပေးပါ"ဟုမိန့်မှာတော်မူ သည်။ ဆက်လက်၍ "ယတီမ်ကလေးငယ်များအား ကျွေး မွေး၊ ပေးကမ်း၊လှူဒါန်းခြင်းဖြင့် အသင်တို့သည် (ကလဗ့်)နှလုံးသားများ ပျော့ပြောင်း နူးညံ့သိမ်မွေ့လာလိမ့်မည်"ဟုအသိပေးတော်မူခဲ့သည်။ အကြင်သူ၏အိမ်၌ ယတီမ်ဖတဆိုး ကလေးငယ်ရှိမည်ဆိုလျှင် ထိုအိမ် သည် ကြည်နူးပျော်ရွှင်စရာကောင်းသော ဂေဟာ ဖြစ်သည်။ သို့မဟုတ်လျှင် ထိုအိမ်သည် ပျက်စီး၍ ဆိုးရွားသော အိမ်ဂေဟာလည်း ဖြစ်ချေ ၏။အကြင်မည်သူမဆို ယတီမ် ဖတဆိုး ကလေးငယ်များကိုတန်ဘိုးထား၍ ကောင်းမွန်ချိုသာ နူးညံ့စွာဆက်ဆံမည်ဆိုပါမူ ထိုသူများအဖို့ ပျော်ရွှင်မှုသာဖြစ်သည်။

အကြင်မည်သူမဆို ထို ယတီမ်ကလေးငယ်များအား မတူမတန်မှတ်ယူကာ တန်ဘိုးမထား ခွဲခြား၍ ဆက်ဆံမည်ဆိုလျှင် ထိုသူတို့သည် ပျက်စီး ဆိုးရွားမှုဖြင့်သာ ရင်ဆိုင်ရပေမည်။ ယနေ့မျက်မှောက်ကာလတွင် မွတ်စလင်မ်အများစု၏ အနီးအနား ပတ်ဝန်းကျင်ရပ်ကွက်ထဲတွင် ကပ်ရောဂါဆိုးကြီးတစ်ခုမင်းမူနေသည်ကို မတိုက်ဖျက် မနှိမ်နင်း သည့်အပြင် မွတ်စလင်မ်မိဘများသည် ထိုကပ်ရောဂါဆိုးကြီးကို မိမိတို့ရင်သွေးငယ် လေးများအား ဘိုးဘေးများ၏ အမွေပမာ ဝေငှပေးနေသည် ကို ဝမ်းနည်းဘွယ်ပင် တွေ့မြင်နေရသည်။ ယနေ့မွတ်စလင်မ်အများစုသည် ယတီမ် ဖတဆိုး ကလေးငယ်အား သွေးရင်းသားရင်းအမြင် ဖြင့် ကြည့်ရှုစောင့်ရှောက်ပြုစုရမည့်အစား ထို ယတီမ် လူမမယ်များ၏ ပိုင်ဆိုင်မှုများကိုပင် မတရားပြု အပိုင်စီး လက်ဝါးကြီး အုပ်ကာ အမြတ်ထုတ်ယူကာ ကလေးငယ်များအား ရက်ရက် စက်

စက် အလေအလွင့်ဖြစ်သွားကြစေရန် စွန့်ပစ်ထားကြသည်မှာ ဝမ်းနည်းစရာပင်။ ဤကပ်ရောဂါဆိုးကြီးကို ကုသနိုင်ရန်အတွက် တိမ်ကောပျောက်ကွယ်လုနီးပါးဖြစ်နေသော အကိုးအကားပြုဟဒီးဆ်တော်များနှင့် အထောက်အထားများကို ဆေးဝါးတစ်လက် ပမာ လက်ကိုင် ပြုကာ ကုသနိုင်ရန် တင်ပြလိုက်ရပါသည်။

ပုဂ္ဂိုလ်တစ်ဦးသည် နဗီတမန်တော်မြတ်ﷺ အားဤသို့မေးမြန်းလျှောက်ထားသည်မှာ “ယာရစူ လွလ္လာဟ်ﷺကျွန်ုပ်၏အိမ်တွင် ယတီမ်ဖတဆိုး ကလေးငယ်ရှိနေပါသည်၊ ထိုကလေးငယ်အား မည်သည့် အချက်များပေါ်မူတည်ကာ ဆိုဆုံးမ ရိုက်နှက် ပိုင်ခွင့်ရှိပါသနည်း။” ထိုအခါတမန်တော်မြတ်က“ အသင်၏ ရင်သွေးငယ်ကလေးများအား မည်သည့်အချက် များအပေါ်အသင် ရိုက်နှက်၍ဆိုဆုံးမသနည်း၊ ထိုအချက်များအပေါ်၌ မူတည်၍ ယတီမ် ဖတဆိုး ကလေးများအပေါ် ဆိုဆုံးမရိုက်နှက်ခွင့်ရှိသည်။ပမာဆိုသော်သာသနာ့ ပညာသင်ယူချိန်(အဒဗ်) ပိုင်းဆိုင်ရာတွင် ယဉ်ကျေး သိမ်မွေ့ရန် ဆိုဆုံးမ ရိုက်နှက်ခွင့်ရှိမည်”ဟု မိန့်မှာတော်မူလေသည်။

ဖုကီရဟ်ဇ် သခင်ကြီးတစ်ပါး မိန့်တော်မူသည်မှာ “(အိလ်မ်)သာသနာ့ပညာ ပို့ချသင်ပြပေးသောအခါ (အဒဗ်) ယဉ်ကျေးမှုပိုင်းဆိုင်ရာကိစ္စများသင်ကြားပြောဆို ဆုံးမသည့်အခါ၌သာ (ယတီ-မ်)ကလေးငယ်များကိုပြင်းပြနာကျင်စေရန် ရိုက်နှက်ခြင်းမှ ရှောင်ရှားသင့်သည်။

အဘယ်ကြောင့်ဆိုသော် (ဟဒီးဆ်)တော်တစ်ရပ်တွင် လာရှိသည်မှာ “အကြင်မည်သူမဆို ယတီမ် ဖတဆိုး ကလေးငယ်များကို ရိုက်နှက် စဉ်ထိုကလေးငိုနေသည်နှင့်အမျှ အရှင်မြတ် ၏(အရ်ရှ်) ပလ္လင်တော်ပင် တုန်ခါနေလေသည်။ ထိုတုန်ခါမှုကြောင့် အလ္လာဟ်အရှင်မြတ်သည် (ဖရိရှ်သာ)ကောင်းကင်တမန်တော်များကို မိန့်တော်မူသည်မှာ “ထိုလူမမယ် ကလေးများ၏ဖခင်ကိုငါအရှင်မြတ် ၏အမိန့်တော်ဖြင့် မြေပထဝီ၏ ဝမ်းဗိုက်အတွင်း သွတ်သွင်းထားသည်ကို ထိုသူ မသိသလော” ဟု မိန့်တော်မူလေသည်။ ဆက်လက်၍ အရှင်မြတ်သည် ကောင်းကင်တမန်များအား သက်သေပြု၍ မိန့်သည်မှာ

“အကြင်မည်သူမဆို ငါအရှင်မြတ်အတွက် မည်သည့် ယတီမ် ကလေးငယ်များကိုမဆို ပျော်ရွှင်အောင်ပြုခဲ့သည်ရှိသော် ထိုသူထံ ငါ အရှင်မြတ် (ကိယာမသ်)နေ့တွင် ပျော်ရွှင်မှုအပေါင်း ခညောင်းစေမည်” ဟူ၍ဖြစ်၏။

ထိုအတွက်ကြောင့် ကျွန်ုပ်တို့၏ နှစ်ဘဝခေါင်းဆောင်ကြီး မုဟမ္မဒ်ﷺ သည် ယတီမ် ဖတဆိုး ကလေးငယ်များ၏ ဦးခေါင်းကို ချစ်ကြည်စွာဖြင့် ပွတ်သပ်ပေးတော်မူလေ့ရှိသည်။

မြတ်နဗီﷺ၏ထိုကျင့်စဉ်တော်ကိုမွတ်စလင်မ်တိုင်း နာယူကျင့်မူကာ အကျိုးထူးများ ရယူခံစားနိုင်ကြပါစေ။

မှတ်ချက်။ ။ အရွယ်ရောက်ပြီးဖြစ်သည့် မိန်းကလေးများ၊ ယောကျာ်းကလေးများသည် ယတီမ် ဖတဆိုးဘဝမှ ကျော်လွန်လေပြီ။

မော်လာနာ ဟာဖိဇ် ကာသိမ် မုဟမ္မဒ်
အီဒ်ရီးစ်(ဘီလူးကျွန်း)

# ညီမလေးမှာအစာအိမ် ရှိသတဲ့လား

အလံမအာရှစ်ပ် ဆေးပညာကဏ္ဍ

Dr . K Zaw (M.B.,B.S)

မနက်စောစော ဖဂျရ်နမာဇ်ဖတ်ပြီးနောက် ခဏတာမျှ လမ်းလျှောက်ထွက်ရသော အရသာကို ကျွန်တော် မည်သည်နှင့်မျှ မလဲနိုင်ပါ။ အမှန်တကယ်ပါ။ သန့်ရှင်းလတ်ဆတ်သော လေပြည် လေညင်းတို့ကို အားရပါးရ ရှူရှိုက်ရင်း လမ်းလျှောက်ရသောအရသာကို ကျွန်တော် ခုံမင်နှစ်သက် တပ်မက်နေမိသည်မှာ ကြာပါပြီ။ မည်မျှရွှေ့မည်မျှပင် အလုပ်များသည်ဖြစ်စေ ထိုအလုပ်ကိုမူ ကျွန်တော် မပျက်မကွက်လုပ်နေပါသည်။ ယနေ့ ဖဂျရ်ဖတ်ပြီး လမ်းလျှောက်ရင်း စိတ်ကူးပေါက်သဖြင့် ခါလာတို့အိမ်ဘက်သို့ ထွက်လာခဲ့မိသည်။ အိမ်ထဲဝင်လျှင်ဝင်ခြင်းပင် ခါလာ့ကို ဂျာနမာဇ်ပေါ်တွင် တွေ့လိုက်ရသည်။ အေရှ်ရာကဲဖတ်ပြီး ဆုမွန်ဒိုအာ တောင်းနေသည်။ မကြာမီ ကျရောက်တော့မည့် လမြတ်ရမဒ္ဒါန်အတွက် အရှင်မြတ်ထံတော်၌ ခွန်အား တောင်းနေဟန်တူသည်။ ကြီးကျယ် ထွတ်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်ထံ ဆုမွန်ကောင်းတောင်းနေခြင်းကား သဘာဝကျလှသည်။

ခါလာ ဆုတောင်းမည်ဆိုလည်း တောင်းစရာပင်...။ ခါလာတွင် ဆီးချိုရှိနေသည်။ အစာအိမ်နာရှိနေသည်။ သွေးတိုးရှိနေသည်။ ထိုရောဂါများကို ကြံ့ကြံ့ခံရင်း နှစ်စဉ်နှစ်တိုင်း ရိုဇဟ်တစ်လုံး မပျက်စောင့်ထိန်းခဲ့သည်၊ မည်မျှပင် ဝေဒနာ ဆိုးရွားနေစေကာမူ ကြိတ်မှိတ်သည်းခံကာ ရိုဇဟ် ထားမြဲထားခဲ့သည်။ အရှင်မြတ်ကိုယုံကြည်မှု သဝပ်ကွာလ်ပိုင်းတွင် ခါလာကိုမီသူ ရှားလှသည်။

အတွေးများတွင် နစ်နေစဉ်မှာပင် ခါလာ နမာဇ်ဖတ်ပြီးသွားကာ ကျွန်တော်ရောက်နေမှန်း သိတော့သည်။ ခါလာ့အား 'အပ်စ္စလာမု အလိုင်းကွမ်း' ဆိုကာ နှုတ်ဆက်လိုက်သည်။ခါလာက 'ဝအာလိုင်းကုမ္မတ်စ္စလာမ်' ဟု စလာမ် ပြန်ကြားပြီးနောက် "သားရောက်နေတာ ကြာပြီလား..၊ ခါလာ လုံးဝမသိလိုက်ဘူးကွယ်၊ ဒုအာထဲမှာ နစ်သွားတာနဲ့၊ ကဲ..ရောက်မှတော့ မထူးတော့ပါဘူး၊တစ်ခါတည်း မနက်စာ စားသွားတော့..၊ မင်းဦးလေးလည်း ဗလီကျောင်းက ပြန်လာရော့မယ်.." ဟု နှုတ်ခွန်းဆက်ရင်း ဖိတ်ကြားပါသည်။

ကျွန်တော်လည်း အထူးတလည် ငြင်းဖို့ မကြိုးစားတော့ပါ။ အိမ်ပြန်လျှင်လည်း ထမင်းကြော်နှင့်နှစ်ပါးသွားရဦးမည် မဟုတ်လား..။ ခါလာနှင့်အတူ မနက်စာဝိုင်းတွင် ဝင်ထိုင်နေစဉ်မှာပင် ဦးလေး ဗလီကျောင်းမှ ပြန်ရောက်လာသည်။

"အပ်စ္စလာမု အလိုင်းကွမ်း"

"ဟာ.. ငါ့တူလေးရောက်နေတာကိုး၊ တစ်ခါတည်း ဝင်စားသွားကွာ.."

"ဟုတ်ကဲ့.. ဦးလေးအပြောတောင် နောက်

ကျနေပြီ..''

''အေး.. ဦးကလည်း ဒါမျိုးမှကြိုက်တာ..၊ စားသွက်သွက်၊ လာသွက်သွက်၊ သွားသွက်သွက်..''

''ကဲကဲ.. စားကွာ.. အားမနာနဲ့..။ ပြောရမယ့်လူတွေမှ မဟုတ်တာ..''

ဦးလေးစကားပင်မဆုံးသေး.. ရှမ်းခေါက်ဆွဲသုံးလေးဇွန်း ကျွန်တော့်ပါးစပ်ထဲရောက်နေပြီ။ ခါလာ့လက်ရာကလည်း ကောင်းလွန်းလှသည်။ ရှမ်းသွေးပါသော ခါလာကြောင့် ရှမ်းအစားအစာတော်တော်များများနှင့် ကျွန်တော် ရင်းနှီးခဲ့ပြီ ဖြစ်သည်။

စားကောင်း၍လားမသိ၊ အခုမှပင်သတိထားမိတော့သည်။ ညီမလေး ယမင်းတစ်ယောက်ဘယ်ရောက်နေမှန်းမသိ။

''ခါလာ... ညီမ လာမစားဘူးလား...၊ ဘာဖြစ်လို့လဲ...၊ နေမကောင်းဘူးလား...''

''အေးကွယ်.. မင်းညီမအကြောင်းတော့ မပြောချင်ပါဘူး..'' ''အခုလည်း ဗိုက်အောင့်လို့တဲ့.. မထဘူး..၊ အိပ်ရာပေါ်မှာ လူးလိမ့်နေတယ်..၊ ဖဂျရ်လည်း ထမဖတ်ဘူး..၊ ခါလာလည်း ပြောရလွန်းလို့ စိတ်ကုန်လာပြီ..၊ မင်းအချိန်ရရင်လည်း နည်းနည်းသွားကြည့်လိုက်ပါဦး..''

ညီမ ဗိုက် ခဏခဏအောင့်တတ်သည်ကိုတော့ ခါလာပြောဖူး၍ သိထားပြီးပြီ။ အစားအသောက်မမှန်၊ စားချင်သည့်အချိန် စား၊ အိပ်ချင်သည့်အချိန် အိပ်၊ ပိန်ချင်သည့်ရောဂါလည်း ရှိ၊ မော်ဒယ်လ်ဂဲလ် ပိန်ပိန်ပါးပါးလေးများကို ကြည့်ပြီး သူလည်း ထိုအတိုင်းပိန်ချင်သည်ဟု ပြောလေ့ရှိသည်။ ကိုယ်အလေးချိန် တစ်ပေါင်လောက် တိုးလာမည်ကို သေဒဏ်ပေးခံရမည်နှင့်မခြား ကြောက်ရွံ့နေသည်။ 'ငါ့ကိုယ်ထဲမှ အဆီပို တစ်စက်မှ မရှိစေရ' ဟူသော ဆောင်ပုဒ်သည် သူ နေ့စဉ်ရွတ်ဖတ်နေသော ဇိကိရ် ဖြစ်လာသည်။ နေ့စဉ်မဖတ်မနေရသော နမာဇ်ငါးကြိမ်အနက်မှ ဖတ်ချင်သည်ကိုဖတ်သည်။ မဖတ်ချင်သည်ကို မဖတ်။ နမာဇ်၏အဓိက ရကွန်များကိုလည်း ကောင်းကောင်း နားမလည်။ နားလည်အောင်လည်း မကြိုးစား။ရူပဗေဒ(ဒုတိယနှစ်) ရောက်နေသည်ဟုသာ ပြောသည်။ ဘာသာရေးနှင့်ပတ်သက်၍မူ အနတ်လက္ခဏာဆောင်ထားသည်။ ကျွန်တော် ရင်မောမိသည်။ ဘာသာရေးလေးစားသော မိသားစုတွင်း၌ ဤစုန်းပြူးကောင်မလေးတစ်ယောက် အဘယ်ကြောင့် ပါလာသနည်း။ အစ်ကိုများကလည်း နမာဇ်ပျက်ကွက်သူများ မဟုတ်ကြ။ ကျွန်တော့်ညီမ ဝမ်းကွဲအငယ်ဆုံးအကြောင်းကို စဉ်းစားရင်းခေါင်းရှုပ်လာသည်။

ပြီးတော့ကျန်ပါသေးသည်။ ပိန်အောင်ဟုဆိုကာညနေစာလုံးဝမစား၊အနည်းငယ်မျှစားသည်ကိုပင် လက်ထိုးအန်ပစ်သေးသည်၊ ကြာတော့ သူလိုချင်သည့် ပိန်ပိန်ပါးပါးပုံစံတော့ ရလာပါသည်၊ ဘေးလူအမြင်တွင်မူ တကယ့်ကမ္ဘောဒီးယားလို ... 

အတွေးများကို ရှင်းပစ်ပြီး ခါလာကို ခေါ်ကာ ညီမအခန်းသို့ သွားကြည့်မိသည်။ ဗိုက်နာ၍ ထင်သည်။ မှောက်ရက်ကလေး အိပ်နေသည်။ ပါးစပ်ကလည်း တညည်းညည်း တငြူငြူ။

''သမီးရေ.. ထစမ်းပါဦး၊ ဒီမှာ ညည်းအစ်ကိုလာကြည့်တယ်..၊ ဘယ်ဖြစ်တယ်ဆိုတာ ပြောပြလိုက်ပါဦး..''

"အင်း..ကိုလေး၊ ညီမဗိုက်တအားအောင့်တယ်၊ ရင်ညွန့်အောက်နားဆီက ထိုးထိုးပြီး အောင့်တယ်..၊ စားပြီးသမျှလည်း ပြန်အန်တယ်၊ အစာစားလိုက်တိုင်း တအားနာတယ်၊ ပါးစပ်က ချဉ်စူးစူးအရည်တွေလည်းထွက်လာတယ်.."

သေချာပါပြီ၊ညီမပြောပြချက်အရ အစာအိမ်အနာဖြစ်နေသည်မှာ သေချာပြီ။ ကျွန်တော်လည်း ချက်ချင်းပင် ဆေးဗီရိုထဲမှ Gelmeg အရည်ပုလင်းကို ထုတ်တိုက်လိုက်သည်။ Ranitidine နှင့် Buscopan ဆေးပြားများကို ဝယ်၍ လိုအပ်သလိုသောက်ရန် ပြောပြရသည်။

အစာအိမ်အနာအတွက် ယခုခေတ်တွင် နောက်ဆုံးပေါ်ဆေးများ ပေါ်နေပါပြီ။ Triple therapy, Double therapy ဟုခေါ်သော အက်ဆစ်အထွက်လျော့စေသောဆေး၊ ပိုးသတ်ဆေးများ ပေါင်းစပ်ကျွေးခြင်းဖြင့် လုံးဝ ပျောက်ကင်းအောင် ကုသနိုင်ပါသည်။ ယင်းတွဲဖက်ဆေးများကို အစာအိမ်အနာဆိုလျှင် နှစ်လသောက်ရမည်။ ဆောင်ရမည့်အချက်များမှာ...

- အစာစားချိန် မှန်ရမည်။
- အစာပျော့ပျော့ စားရမည်။
- နည်းနည်းနှင့် ခဏခဏ စားရမည်။
- အပူအစပ်ရှောင်ရမည်။
- နွားနို့သောက်နိုင်လျှင် ပိုကောင်းသည်။
- အဓိကမှာစိတ်သောကကိုတတ်နိုင်သမျှ လျှော့ထားရမည်။

ယင်းအတွက် အထူးတလည် လုပ်စရာမလို၊ နမာဇ်သည် စိတ်ကိုအလွန်အေးမြစေသော အမလ်ဖြစ်သည်။ "ငါ၏မျက်လုံးကို အေးမြစေသော အရာသည်နမာဇ်ပင်ဖြစ်သည်"ဟု တမန်တော်မြတ် ﷺက မိန့်တော်မူခဲ့သည် မဟုတ်ပါလား။

ညီမကို နှစ်လအတွက် ဆေးများကို သေချာညွှန်ကြားပြီး တိတိကျကျ သောက်ရန်မှာ ကြားရသည်။ အစားအသောက် မှန်စေရန်၊ တစ်အိမ်လုံးဝိုင်း ဂရုစိုက်ဖို့လည်း မှာရသေးသည်။

"ညီမတော့ ဒီနှစ်ရိုဇဟ်တွေ ထားနိုင်မယ် မထင်တော့ဘူး ကိုလေး..၊ ဆေးတွေကလည်း သောက်ရဦးမယ်"

"ဒါတော့ ကိုယ့်အပြစ်နဲ့ကိုယ်ပဲလေ..၊ ပိန်ချင်လွန်း၊ လှချင်လွန်းလို့ ဖြစ်တာကိုး..၊ ဒါပေမဲ့ ရိုဇဟ် မထားနိုင်စရာအကြောင်း ဘာမှမရှိပါဘူး..၊ ခုမှ ရဂျဗ်လပဲရှိသေးတယ်..။ ဆေးလည်းသောက်ပြီး ရမဇွါန်လည်းအရောက်ပဲ..၊ အင်ရှာ အလ္လာဟ် ရိုဇဟ်တွေအားလုံးရသွားမှာပါ..၊ ဘာမှ စိတ်မပူပါနဲ့.."

ညီမမျက်နှာ ရှုံ့မဲ့သွားသည်။ ရိုဇဟ် ထားလို့ ရမည်ဆို၍ စိတ်ဓာတ်ကျသွားဟန်တူသည်။ သူက ကျွန်တော့်ဆီမှ ရိုဇဟ်မထားနဲ့တော့ဟူသော စကားကို ကြားချင်နေပုံရသည်။ သူကြားရသည်က ဆန့်ကျင်ဘက် အဖြေ။ သူ့အမေကို အားကိုးတကြီး မော့ကြည့်သည်။ ခါလာကလည်း မျက်နှာလွှဲလိုက်သည်။ ဘာသာရေးနှင့်ပတ်သက်လာလျှင် အလျှော့မပေးတတ်သော ခါလာ၏ထုံးစံအတိုင်း ခပ်တင်းတင်းပင်။

ကြီးကျယ်မြင့်မြတ်လှသော လမြတ်ရမဇွါန်ကို ထိုပယောဂဖြင့် လက်လွှတ်လိုက်ရမည်ကို ကျွန်တော်နမြောမိသည်။ ထို့ကြောင့် ရမဇွါန်လ၏ အကျိုးဆွဝါးဗ်ကို အရှင်မြတ်ကိုယ်တော်တိုင် ချီး

မြင့်မည့်အကြောင်း၊ ရမဒွါန်၏ရိုဇဟ်တစ်လုံးကို အကြောင်းမဲ့လွတ်လျှင် တစ်သက်လုံး ပြန်ထားသော်လည်း တာဝန်ကျေနိုင်မည် မဟုတ်ကြောင်း၊ ရိုဇဟ်သည် ဂျဟန္နမ်မီးအတွက် ဒိုင်းသဖွယ်ဖြစ်ကြောင်း၊ ရိုဇဟ်စောင့်သူ၏ ပါးစပ်မှထွက်သော အနံ့ဆိုးကို အရှင်မြတ်က ကတိုးနံ့ထက်ပင် ပို၍နှစ်သက်ကြောင်း **ရမဒွါန်လရှိ ရှဗေကဒရ်မည်သောညသည် လပေါင်းတစ်ထောင်ထက်သာမြတ်ကြောင်း၊ အပြစ်ဟူသမျှမှ လွတ်ငြိမ်းချမ်းသာရာရမည့်အကြောင်း၊ ရိုဇဟ်ထားသူအတွက် မိုး၊ မြေ၊ နေ၊ လ၊ ဖရစ်ရှ်တဟ်တို့သာမက ယုတ်စွအဆုံး အဆိပ်ရှိသော သတ္တဝါများကပင် မင်္ဂဖွေရသ် လွတ်ငြိမ်း ချမ်းသာခွင့် တောင်းခံပေးသည့်** အကြောင်းကို ရှည်လျားစွာ ရှင်းပြလိုက်သည်။

ထိုအကျိုးဆွဝါးဗ်များကို ညီမလေး လက်မလွတ်စေချင်သောကြောင့် သတ္တိရှိရှိ ရိုဇဟ်ထားဖို့၊ တဝပ်က္ကုလ်(ယုံကြည်ချက်)အပြည့်ဖြင့် ထားဖို့၊ ရောဂါကို စိတ်ထဲမထားဘဲ ရဲရဲဝံ့ဝံ့ ရိုဇဟ်ထားဖို့ ခါလာကို နမူနာတင်ရင်း ပြောပြလိုက်သည်။ ဆီးချို၊ သွေးတိုးရှိသောကြောင့် အစားအသောက်ရှောင်နေရသော်လည်း ရိုဇဟ်ကိုအပျက်မခံသော ခါလာအား နမူနာအဖြစ်ပြလိုက်သည်။

အီးဒ်ပြီးနှစ်လအကြာတွင် မင်္ဂလာဆောင်တော့မည့် ညီမက ကိုယ်ရည်စစ်သွားမည်၊ ကြည့်လို့ လှမှာ မဟုတ်တော့ဘူး၊ မင်္ဂလာဆောင်တဲ့နေ့ကျရင် ကြည့်ရ အရုပ်ဆိုးနေလိမ့်မည် ဟူသော ဆင်ခြေများ ပေးလာပြန်သည်။

ကျွန်တော်ခေါင်းရှုပ်လာပြီ။ သို့သော် မထူးတော့ပြီ။ စမိမှတော့ အဆုံးသတ်ပေးရမှာပဲဟု စိတ်ပိုက်ကာ ရိုဇဟ်သည် ရောဂါဟူသမျှ၏ ဆေဝါးတစ်လက်ဖြစ်ခြင်းအကြောင်း၊ မိုနာဖစ်(က်) (ဘာသာရေးအရေခြုံ)များသာ ရိုဇဟ်၊ တရာဝီကို ရှောင်ဖယ် စွန့်လွှတ်ကြသည့်အကြောင်း ၊ ရိုဇဟ်ကြောင့်အလှပျက်မည်မဟုတ်ကြောင်း၊ အရှင်မြတ်သည် အဘက်ဘက်မှ ကူညီမည်ဖြစ်၍ အခြားဇနီးမောင်နှံထက်ပင် စိတ်ချမ်းသာမှု ရမှာဖြစ်ကြောင်း ပြောပြရပြန်သည်။

ညီမလေး နားဝင်၊မဝင် မသိ။ ရှင်းပြလွန်းရသည့် ကျွန်တော်အာခြောက်လာသည်။စားထားသည့် ရှမ်းခေါက်ဆွဲပင် ဘယ်ရောက်မှန်း မသိတော့။

မွတ်စလင်မ်လုံမပျို ကျောင်းသူလေးများ၏ ရမဒွါန်၏ ရိုဇဟ်ကို ကြောက်ရွံ့ပုံကို ကျွန်တော် ကြားဖူးသည်မှာ ကြာပါပြီ။ ယခုညီမလေးနှင့်ကျမှပင် နဖူးတွေ့ဒူးတွေ့ တွေ့ရတော့သည်။ ကျွန်တော် သက်ပြင်းအခါခါချမိသည်။

အနာဂတ်မွတ်စလင်မ်လူငယ်များ၏ မိခင်လောင်းများသည်ယခုကဲ့သို့ မခိုင်လုံသော အကြောင်းပြချက်များဖြင့် ရိုဇဟ်ကို ကြောက်ရွံ့ရှောင်ကွင်းနေလျှင် ကျွန်တော် ရှေ့ဆက် မတွေးရဲတော့။

ကြီးကျယ်ထွတ်မြတ်တော်မူသော အလ္လာဟ် အရှင်မြတ်သည်သာလျှင် အရာရာကို ပြီးမြောက်စေနိုင်တော်မူသောကြောင့်မွတ်စလင်မ်သမီးပျိုများတွင် ရမဒွါန်၏ရိုဇဟ်ကိုချစ်တတ်ကြပါစေဟူ၍ ဆုတောင်းရုံမှတပါး...။

■

Dr. K Zaw ( M.B.,B.S )

# အစ္စလာမ့်သမိုင်းဝင်ဂန္ထဝင်မြောက်ပုဂ္ဂိုလ်များ ၂

# အိမာမ်အအ်ဇာမ် အဘူဟာနီဖဟ်သခင်

ဟာဖိဇ်မုဟမ္မဒ်ရှကီးလ်(မြေနီကုန်း)A.G.T.I(Civil), B.Sc.(Physics)

ကမ္ဘာလောကကြီး၌ များစွာသော ပုဂ္ဂိုလ်များ ပေါ်လာ၍ ပျောက်ကွယ်သွားကြလေပြီ။ မည်သူတို့ ရောက်ရှိလာ၍ မည်သူတို့ပြန်သွားကြသည်ကို ကမ္ဘာကြီးကမှတ်မထားပေ။ သို့သော်ကမ္ဘာရာဇဝင်က အချို့သောပုဂ္ဂိုလ်များ၏ သမိုင်းကြောင်းကို အဘယ်မျှနက်ရှိုင်းစွာမှတ်ကျောက်တင်ထားသနည်းဆိုသော် မိုးနှင့်မြေတို့၏ ပြောင်းလဲမှုများစွာနှင့် ရာသီစက်ဝန်းတို့ အလီလီပြောင်းသွားသော်လည်း ထိုပုဂ္ဂိုလ်များ၏ သမိုင်းကြောင်းတွင် မည်သို့မျှ စွန်းထင်းမှု မရှိသည်သာမက ဟောင်းသည်နှင့် အမျှ ပိုမို၍သာ တောက်ပြောင် ထင်ရှားလာပေသည်။

လွန်ခဲ့သည့်နှစ်ပေါင်း၁၃၀၀ကျော်ခန့် အလျင်ဟစ်ဂျရီ(၈၀)ခုနှစ်တွင် နုအ်မာန်မည်သော အဘူဟာနီဖဟ်ဟူ၍ ကျော်ကြားမည့် ပုဂ္ဂိုလ်တစ်ပါးဖွားမြင်ခဲ့သည်။ နောက်တွင် သူသည်အိမာမေ အအ်ဇမ် (အိမာမ်ချုပ်)ဟု လူသိများခဲ့သည်။ ဆာဗစ်သ်ဗင်န်ဇူသွာဖြစ်သူ သခင်သည် ဖာရစီ (ပါရှန်း) နွယ်ဖွား ဖြစ်သည်။ ဖခင်မှာ ကူဖဟ်မြို့မှ ချမ်းသာ ကြွယ်ဝသော အထည်ကုန်သည် ဖြစ်သည်။ ထိုစဉ်က အစ္စလာမ်နိုင်ငံများတွင် ပြည်တွင်းစစ်လည်း ဖြစ်နေ၊ ဖခင်ကလည်း ကွယ်လွန်သွားပြီ ဖြစ်သောကြောင့် ပညာရေးဘက်တွင် အာရုံမစိုက်နိုင်ခဲ့ရှာပေ။

တစ်နေ့ဈေးသို့သွားနေစဉ် ကူဖဟ် မြို့မှကြီးကျယ်သော မုဟဒ္ဒိဆ်(ဟဒီးဆ်ပါရဂူ)လည်းဖြစ်၊ အာလင်မ်ကြီးတစ်ပါးလည်းဖြစ်သော အိမာမ်ရှိအ်ဗီ၉ ၏အိမ်နားမှ ဖြတ်သန်းသွားရာ အိမာမ်ရှိအ်ဗီ၉က ကျောင်းသားအထင်နှင့် “ဘယ်သွားမလို့လဲ” ဟု မေးမြန်း၏။ သခင်ကြီးက ကုန်သည်တစ်ဦး အမည်ကို ပြောပြရာ အိမာမ်ရှိအ်ဗီ၉က “ကျွန်ုပ်ဆိုလိုသည်မှာ ဤသည်မဟုတ် အသင်မည်သူ့ထံမှ ပညာဆည်းပူးနေကြောင်းကိုသာ သိလို၍ မေးခြင်းဖြစ်သည်” ဟု ပြောဆိုလေသည်။ ဤသို့ပြောဆိုသည်ကိုသခင်ကြား၍ အလွန်ပင်ဝမ်းနည်းပက်လက်ဖြစ်ကာ “မည်သူထံမှာမျှ ဆည်းပူးနိုင်ခြင်းမရှိပါ” ဟု လျှောက်ထားရာသည်။ ထိုအခါအိမာမ်ရှိအ်ဗီ၉က “ကျွန်ုပ်အသင့်ကို ဉာဏ်ထက်သည်ဟုထင်သည်။ အာလင်မ်သာသနာ့ပညာရှင်၏ထိုင်ဝိုင်း၌ထိုင်လော့” ဟု အမိန့်ရှိခဲ့လေသည်။

ထို့နောက်တွင်မှ ပညာအတွက် ကြီးသည် ငယ်သည်မရွေးဘဲ ပညာရမည်ဆိုလျှင် မည်သူ့ထံမှ မဆိုမည်မျှပင်ဝေးလံသော ဒေသသို့မဆို ခရီးဆန့် ခဲ့ကာပညာဆည်းပူးခဲ့သောကြောင့် သခင်ကြီး၏ ဆရာပေါင်းမှာ (၄၀၀၀)ခန့်ရှိသည်ဟုဆို ကြသည်။

## မိဘနှင့်ဆရာအားရိုသေမှု

မိမိဆရာများအား အလွန်ရိုသေလေးစား ခဲ့သည်။ သခင်ကြီး၏ အဓိကဆရာဖြစ်သော ဟမ္မားဒ်ဘင်န်အဗီ ဆုလိုင်မာန်သခင် အသက် ရှင်နေသည့်ကာလတွင် ဆရာ၏အိမ်ဘက်သို့ ခြေပင်မဆန့်တန်းခဲ့ပေ။ ဖခင်ကွယ်လွန်ပြီးနောက် မိခင်ကို အလွန်ပြုစုခဲ့သည်။ မိခင်က မိမိသားကို အာလင်မ်ပညာရှင်ဟုမမှတ်ယူဘဲ မေးမြန်းရန် မတ်စ်အလဟ် များရှိလျှင် အိမာမ်ဆွာဟာစ်ဗ်ကြီး ၏ တပည့်စာရင်းတွင် မဝင်သော ကူဖဟ်မြို့မှ တရားဟောဆရာ အုမရ်ဘင်ဇရ်ကို မေးလေ့ ရှိသည်။ သိချင်သော မတ်စ်အလဟ်ကို အိမာမ်ကြီး မှတဆင့် မေးခိုင်းလေ့ရှိသည်။ အိမာမ်ကြီး ကလည်း အမိန့်နာခံသော အားဖြင့် သွားရောက် မေးမြန်းရာ အုမရ်က ရှက်ကြောက်၍ ဆရာကြီး ရှေ့မှာ ကျွန်တော်ဘာ ဖြေရမလဲဟု လျှောက်လေ့ ရှိသည်။ များသော အားဖြင့် မေးမြန်းသော မတ်စ်အလဟ် ကို အုမရ်က မသိ၍ အိမာမ်ကြီးကို သာဖြေခိုင်း၍ အိမာမ်ကြီး ပေးသောအဖြေကိုပင် ပြန်ပြောစေခဲ့သည်။

## ပညာဆည်းပူးခြင်း

ကိရာအသ်ပညာ၊ ကုရ်အာန်ကျမ်းမြတ် ကို အာဂုံဆောင်ခြင်း၊ အရဗီသဒ္ဒါ၊ အရဗီဘာသာ၊ ကဗျာစပ်ဆိုမှုပညာ၊အကီဒဟ် ယုံကြည်မှုဆိုင်ရာ ပညာ၊ဟဒီးဆ်ပညာနှင့်အစ္စလာမ်ဓမ္မသတ်(ဖိကဟ်) ပညာစသည်တို့ကို နှံ့စပ်စွာသင်ယူ တတ်မြောက် ခဲ့သည်။

အိမာမ်ကြီးထံမှဟဒီးဆ်ပေါင်း(၉၀၀)ကို ဆင့်ပြန်ထားခဲ့သောအိမာမ်အဘူအဗ်ဒ္ဒုရ် ရဟ်မာန် အလ်မုကရီက ဟဒီးဆ်ကို ဆင့်ပြန်လျှင် ကျွန်ုပ်ကို

**وكان اذا حدث عن ابى حنيفة**
**قال حدثنا شاهنشاه**

'ဧကရာဇ်မင်းက ဟဒီးဆ်ဆင့်ပြန်သည်' ဟု ဆိုလေ့ရှိသည်။ ဟဒီးဆ်ပါရဂူကြီးတစ်ပါးက ဘုရင်သာမက ဧကရာဇ်ဟုတင်စားသည်ကို ထောက်ရှုခြင်းဖြင့် အိမာမ်အဘူဟာနီဖဟ် ၏ ဟဒီးဆ် ကျွမ်းကျင်မှု အဆင့်အတန်းကို သိရှိနိုင် သည်။ အလွန်ကျော်ကြားသော **صحاح ستة** ဟဒီးဆ်ကျမ်းကြီး(၆)ကျမ်း၏ အဓိက ရာဝီ ဆင့်ပြန်သူ ဟဒီးဆ်ပါရဂူအိမာမ်မစ်အရ်ဘင် ကုဒါမီ က **طلبت مع ابى حنيفة الحديث فغلبنا** ကျွန်ုပ်သည်ဟဒီးဆ် ပညာရပ်ကို အဘူဟာနီဖဟ် နှင့် အတူဆည်းပူးခဲ့သော်လည်း သူသည် ကျွန်ုပ် တို့ထက်တော်၍ ကျွန်ုပ်တို့ကို လွှမ်းမိုး အနိုင်ယူ ခဲ့သည်ဟု ဝန်ခံထားသည်။ အိမာမ် ဇိုဟ်ဘီက မိမိ၏ **تذكرة الحفاظ** ကျမ်းတွင် အိမာမ်အဘူဟာနီ ဖဟ်ကို ဟဒီးဆ်၏ ဟာဖိဇ်များတွင် ရေးသားခဲ့ သည်။ **حافظ الحديث**(ဟဒီးဆ်၏ ဟာဖိဇ်) ဆို သည်မှာ ဟဒီးဆ်ပေါင်း တစ်သိန်း အာဂုံဆောင် ထားသူကို ခေါ်သည်။

## ဖိကဟ်ပညာ၌ အိမာမ်ကြီး၏ အဆင့်အတန်း

ဖိကဟ်ဓမ္မသတ်ပညာရပ်နှင့် ကျမ်းစာအုပ်များတွင် ကဏ္ဍအလိုက်ခေါင်းစဉ်ရေး၍ အခန်း ဖွဲ့ခြင်းတို့ကို အိမာမ် အဗူဟနီဖဟ်က စတင်၍ ကြံစည်တီထွင်ရေးသားခဲ့သည်။အိမာမ်ရှာဖေအီ ၎ က "အိမာမ်မာလစ်ကဲ ၎အား အိမာမ်အဗူဟနီဖာဟ်၎ကို မြင်ဖူးသလား" ဟုမေးရာ အိမာမ်မာလစ်ကဲက "ဟုတ်ကဲ့ မြင်ဖူးပါသည်၊အကယ်၍ ဤတိုင်ကို ရွှေဟု ပြောလိုက်လျှင် တိုင်ကိုရွှေ ဖြစ်ကြောင်း အထောက်အထားများဖြင့် တင်ပြရာ၌ အောင်မြင်သောသူဖြစ်သည်ဟု ဝန်ခံထားသည်။

အိမာမ်အဗူဟနီဖာဟ်၎၏ ဖိကဟ်ဓမ္မသတ်များနှင့် ဓမ္မသတ်မူဥပဒေများကို အိမာမ်ကြီးတစ်ဦးတည်းက ဆုံးဖြတ်ထားခြင်းမဟုတ် အတိုင်ပင်ခံအဖွဲ့ဖြင့် ဆုံးဖြတ်ထားခြင်းဖြစ်သည်။ ထိုအဖွဲ့တွင် တစ်ခါတစ်ရံ လူပေါင်း(၄၀) ခန့် ပါဝင်သည်။

ထိုပါဝင်သော ပုဂ္ဂိုလ်များမှာလည်း ထိုခေတ်အခါက ကုရ်အာန်၊ ဟဒီးဆ်၊ ဖိကဟ် ပညာရပ်စသည်တို့၌ တဘက်ကမ်းခတ်ကျွမ်းကျင်သောသူများဖြစ်သည်။

## ဖြတ်ထိုးဉာဏ်

လူတစ်ဦးက ဒေါသထွက်နေချိန်၌ မိမိဇနီးအား "အလ္လာဟ့်ကစမ်၊ မင်းငါ့ကိုစကားမပြောသမျှ ငါမင်းကိုစကားမပြောဘူး" ဟုဆိုရာ ဇနီးကလည်း ဒေါသဖြင့် "အလ္လာဟ့်ကစမ်၊ ရှင်ကျွန်မကို စကားမပြောမချင်း ကျွန်မလည်း ရှင်နဲ့ စကားမပြောဘူး" ဟု ပြန်ပြောလေသည်။ ဒေါသထွက်နေ၍သာနှစ်ဦးသားကစမ်ကြိမ်ဆိုခဲ့သော်လည်း နောက်ပိုင်းဒုက္ခတွေ့တော့၏။ သူဆင်းရဲဖြစ်၍ ကစမ်၏လျော်ကြေး(ကဖ်ဖာရဟ်)ပေးရန်မတတ်နိုင်ပေ။ ဟဇရတ်စွဖ်ယောင်န် စောင်ရီ ၎ကို မေးမြန်းရာ ကဖ်ဖာရာဟ်ပေးရမည်ဟုပြန်ဖြေသည်။ အိမာမ်အဗူဟနီဖာဟ်၎ကို မေးမြန်းရာ "ကဖ်ဖာရဟ်ပေးရန်မလို၊ ပျော်ရွှင်စွာစကားသွားပြော" ဟုဆိုရာ စွဖ်ယောင်န်စောင်ရီ၎က စိတ်ဆိုးတော့သည်။ ထိုအခါ အိမာမ်ကြီးက ထိုပုဂ္ဂိုလ်ကိုခေါ်၍ ဖြစ်ကြောင်း ကုန်စင်ကို ပြန်ပြောစေ၏။ အိမာမ်ကြီးက "ခင်ပွန်းမှကစမ်ကျိန်ဆိုပြီးနောက် ဇနီးက ကစမ်ကျိန်ဆိုခဲ့၏၊ ဇနီးသည်၏ ကစမ်ကျိန်ဆိုမှုမှာ ခင်ပွန်းနှင့်စကားပြောခြင်းပင်မဟုတ်လော" ဟု ရှင်းပြလေသည်။

လူတစ်ဦးက "ကျွန်တော်သည် မိမိငွေကိုတစ်နေရာ၌ ဝှက်ထား၍ ယခု ထိုနေရာကို မမှတ်မိတော့ပါ၊ မည်သို့ရှာဖွေရမည်နည်း" ဟု မေးမြန်းလေသည်။ အိမာမ်ကြီးက "ဤသည်မှာ ဖိကဟ်နှင့်မဆိုင်၍ ကျွန်ုပ်မသိပါ" ဟုပြန်ဖြေသည်။ ထိုသူက အထပ်ထပ်မေးမြန်းလေသဖြင့် အိမာမ်ကြီးက "ယနေ့ညတစ်ညလုံး နမာဇ်ဖတ်ပါ" ဟုဆိုလိုက်သည်။ ထိုသူသည် ညတွင် နမာဇ် စတင်ဖတ်ရာ များမကြာမီမှာပင် ပစ္စည်းထားခဲ့သော နေရာကို သတိရလာသည်။ နံနက်တွင် ဝမ်းသာအားရနှင့် ဖြစ်ကြောင်းကုန်စင်ကိုလျှောက်တင်ရာ အိမာန်ကြီးက "အသင် တစ်ညလုံးနမာဇ် ဖတ်မည်ကို ရှိုင်တွာန် မည်သို့ သည်းခံနိုင်မည်နည်း၊ သတိရသွားသော်လည်း အသင့်အနေနှင့် ထိုတစ်ညလုံး နမာဇ်

ဖတ်သင့်သည်'' ဟု ဆိုးမလေသည်။

အိမာမ်ကြီးသည် ရုပ်ရည်ချောမောလှပသူ၊ ဝတ်ကောင်းစားလှဝတ်ဆင်သူ၊ အဖိုးတန်သော အမွှေးအကြိုင်ကို သုံးစွဲသူ၊ ကောင်းသော ထိုင်ခိုင်းများတွင်သာ ထိုင်သောသူ၊ အလွန်တရာ ရက်ရောသောသူ၊ မိမိညီနောင်များ၏ ဒုက္ခကို မျှဝေခံစား၍ ကူညီသူ ဖြစ်သည်။ မနိမ့်မမြင့် သောအရပ်ရှိသူဖြစ်သည်။ စကားပြောဆိုရာတွင် အလွန်ချိုသာနူးညံ့သော စကားမျိုးကိုသာ ဆိုတတ် လေ့ရှိသည်။ အိမာမ် အဘူဟနီဖာဟ်ᨆတွင် လောဘစိတ် လုံးဝမရှိပေ၊ အလွန်တရာသစ္စာ၊ သမာဓိနှင့် ပြည့်စုံသူဖြစ်သည်၊ စေးနည်းတွန့်တိုမှု မရှိ၊ ရက်ရောလှသူဖြစ်သည်။ ဘာသာရေးလေးစားပြီး တစ်ညလုံး အိဗာဒသ် တရားအားထုတ်သည်၊ နေ့တွင် ရိုဇဟ် ဥပုသ်စောင့်ထိန်းခဲ့သည်။နှစ်(၄၀) တိုင်ညများတွင် အိပ်စက်နားနေခြင်းမပြုဘဲ အိဗာဒသ်၌သာ မွေ့လျော်ခဲ့သည်။စွန္နသ်တော်ကိုလိုက်နာသောအားဖြင့် နေ့လယ်အချိန်တွင်ခေတ္တအနားယူ(ကိုင်လူလဟ်) လုပ်လေ့ရှိသည်။ ဤသည်တို့ကို ကြည့်ခြင်းအားဖြင့် အိမာမ်ကြီးသည် စံပြကုန်သည်ကြီးဖြစ်ရုံသာမက ကြံ့ကြံ့ခိုင်သော တရားအားထုတ်သူ အာလင်မ်လည်း ဖြစ်သည်။

ဖိုသွိုင်လ်ဘင်န်အယားဇ်ᨆသခင်က ဤသို့ အမိန့်ရှိသည်–

"အိမာမ် အဘူဟနီဖာဟ်ᨆသည် အလွန် ထက်မြက်သော ဖကီးဟ် (ဖိကဟ်ပညာရှင်)၊ အလွန် ချမ်းသာကြွယ်ဝသူ၊ အလွန်ရက်ရောသူ၊ စာပေလေ့လာရာ၌ ဝါသနာထုံလွန်သူ၊ တရားအားထုတ်မှု၌ မွေ့လျော်သူ၊ ဆိတ်ဆိတ်နေလေ့ရှိသူ၊ အမှန်တရားကိုအခြေပြု၍ ဓမ္မသတ်ဖြေကြားသူ၊ ဘုရင်စည်းစိမ်ကို စက်ဆုတ်ရွံ့ရှာသူဖြစ်သည်''

## ကွယ်လွန်ခြင်း

မန်စူးရ်ဘုရင်က နိုင်ငံတော်တရားသူကြီးချုပ်တာဝန်ကို ခန့်အပ်ရာ အိမာမ်ကြီးက လက်မခံငြင်းဆန်လိုက်၏၊ ဘုရင်က အကျပ်ကိုင်သော်လည်း ငြင်းဆန်မြဲ ငြင်းဆန်ခဲ့သောကြောင့် ထောင်နန်းစံရသည်။ ဘုရင်က ရာထူးကို လက်ခံလျှင် အကျဉ်းမှလွှတ်မည်ဟု အကြိမ်ကြိမ် လူလွှတ်၍ ဆွဲဆောင်သော်လည်း လက်မခံသဖြင့် ဈေးတွင် ကြေညာမောင်းခတ်ကာ နေ့စဉ် ကြိမ်ဒဏ် အချက်တစ်ရာရိုက်ခဲ့သည်။ ရိုက်ချက်ပြင်း၍ သွေးများ ခြေအထိ စီးကျခဲ့သည်။ အသက်ဆက်နိုင်ရုံမျှသော အစားအစာအနည်းငယ်ကိုသာ ကျွေးခဲ့သည်။ အိမာမ်ကြီးက အလ္လာဟ်အရှင်မြတ် ထံ တော်တွင် ငိုယို၍ဆုမွန်ကောင်းတောင်းခံရာငါးရက်လွန်သော နေ့တွင် ကွယ်လွန်ခဲ့ရှာသည်။ ကွယ်လွန်တော့မည်ကို ရိပ်စားမိ၍ အလ္လာဟ်အရှင်မြတ် ရှေ့တော်မှောက်တွင် စဂျ်ဒဟ်ဦးချ၍ ရှဟီးဒ် ဖြစ်ခဲ့ ရသည်။ ဟစ်ဂျ်ရီ ၁၅၀ ခု၊ ရဂျဗ်လ သက်တော် ၇၀ အရွယ်တွင် ဤမမြဲသောလောကမှ ထာဝစဉ်ဖြစ်သော အာခိရသ်သို့ ခရီးနှင်ခဲ့သည်။ လူများလွန်း၍ ဂျနာဇဟ်နမာဇ်ကို ၆ ကြိမ်တိုင်တိုင် ဖတ်ခဲ့ရသည်။

■

ဟာဖိဇ် မုဟမ္မဒ် ရကီးလ် (မြေနီကုန်း)
A.G.T.I.(Civil)., B.Sc.(Physics)

# လမြတ်ရမဒွါန်၏ရည်ရွယ်ချက်

မော်လာနာ အိုက်ယူးဗ် (မြေနီကုန်း)

အိဗာဒသ်ခဝပ်ကိုးကွယ်မှုသည် အစ္စလာမ်သာသနာတော်တွင် အရေးပါသော ကဏ္ဍတစ်ရပ် ဖြစ်သည်။ အိဗာဒသ်သည် လူသား၏ စိတ်နှလုံးကို သာယာချမ်းမြေ့သည့် ဆေးဝါးတစ်လက် ဖြစ်သည်။ အိဗာ ဒသ်ကို ပီပီပြင်ပြင် ဆောက်တည်သွားပါက စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် တည်ငြိမ်အေးချမ်းမှုရရှိလာမည်မှာ မလွဲ ကေန်ပင်ဖြစ်သည်။

ဥပမာ–

أَلَا بِذِكْرِ اللّٰهِ تَطْمَئِنُّ الْقُلُوْب

'အလ္လာဟ်အရှင်မြတ်ကို အောက်မေ့သတိရခြင်း၊ တစ်နည်းဆိုရသော် ခဝပ်မှုပြုခြင်းဖြင့် စိတ်နှလုံးသားများကို တည်ငြိမ်အေးချမ်းသွားစေလေသည်'

လမြတ်ရမဒွါန်တွင် စောင့်ထိန်းရသည့်အထူးအိဗာဒသ်မှာ ရိုဇဟ်ပင် ဖြစ်သည်။ ရမဒွါန်လမှအပ ကျန် ၁၁ လတွင် လူသားသည် အိဘာဒသ်ခဝပ်မှုကဏ္ဍဘက်သို့ အာရုံစူးစိုက်မှု နည်းပါးလေ့ရှိပြီး လောကီရေးရာကိစ္စများတွင်သာ မွေ့လျော်နေတတ်သောကြောင့် ခဝပ်မှုကဏ္ဍ လျော့နည်းကာ မိမိ၏ဖန်ဆင်းရှင်ကိုပင် မေ့လျော့နေတတ်သည်။

ထို့ကြောင့်ပင် နေ့စဉ်နှင့်အမျှ စိတ်မချမ်းသာ၊ စိတ်အာဟာရမပြည့်၊ စိတ်ဓာတ် ကြံ့ခိုင် ဖွံ့ဖြိုးမှုမရှိတော့ဘဲ ဝိညာဉ်ပိုင်းဆိုင်ရာ အင်အားများ လျော့နည်းလာပြီး နောက်ဆုံးတွင် အီမာန်မလှတော့သည့် ဘဝသို့ရောက်ရှိသွားရတော့သည်။

၁၁ လလုံး ရုပ်ပိုင်းဆိုင်ရာ အာဟာရ ရရှိနေပြီး ရုပ်ဖွံ့ဖြိုးတိုးတက်နေသော်လည်း နာမ်ပိုင်းဆိုင်ရာ အာဟာရယုတ်လျော့နေသောကြောင့် ရုပ်နာမ်နှစ်ပါး မျှမျှတတ အာဟာရ ရရှိစေရန် လေ့ကျင့်ပျိုးထောင်ပေးသည့်အနေနှင့် ရမဒွါန်လမြတ်ကိုအလ္လာဟ်အရှင်မြတ်က ချီးမြှင့်ပေးသနားတော်မူ ထားခြင်းဖြစ်သည်။ ထိုသို့လေ့ကျင့် ပျိုးထောင်ရင်း အာဟာရဓာတ်မျှတမှု ရရှိသွား သောနေ့ကို အီးဒ်ဟူ၍ ဖန်ဆင်းရှင် အလ္လာဟ်က သတ်မှတ်ပေးတော်မူထားသည်။

ရမဒွါန်လမြတ်တွင် ရိုဇဟ် စောင့်ထိန်းခြင်း၊ သရာဝီဟ်နမာဇ် ဆောက်တည်ခြင်းတို့အပြင် အခြားနဖိလ်နမာဇ်များကိုလည်း ဂရုတစိုက်ဝတ်ပြုရမည်။ ထို့အပြင် ကုရ်အာန်ကျမ်းမြတ် ရွတ်ဖတ်ခြင်း၊ ဇိကရ်ရိစိပ်ခြင်း၊ အလှူအတန်းပြုလုပ်ခြင်း စသည့် ကောင်းမှုများကို များမြောင်စွာဆောက်တည်ရမည်။ တစ်ဖက်မှ အလ္လာဟ့်ဝတ္တရားများ ကျေပွန်သကဲ့သို့ ကျန်တစ်ဖက်၌ အဖန်ဆင်းခံတို့၏ဝတ္တရားများကိုလည်း ကျေပွန်ရမည်။ ဟုကူကွလ်အိဘာဒ် ဘန်ဒဟ်၏ဝတ္တရား မကျေပွန်ဘဲ နဖိလ်ဆောက်တည်ခြင်းကို ရှရီအသ် တရားတော်က ခွင့်မပြု။ ဥပမာ – အစေခံ (သို့မဟုတ်) ဝန်ထမ်းတစ်ဦးသည် ၎င်း၏တာဝန်ဝတ္တရား ပျက်ကွက်ပြီး နဖိလ်အိဗာဒသ် ဆောက်တည်ခြင်း။

ရမဒွါန်လ၏ အဓိကပဓာနကျသော အချက်မှာ အခြားသောလများတွင် နေ့အခါ စားသောက်ခွင့်ရှိသော်လည်း ရမဒွါန်လတွင်မူ စားသောက်ခြင်းကို နေ့အခါ၌ လုံးဝစွန့်လွှတ်ထားရ၏။ ဖန်ဆင်းခံအဖို့ ဟလာလ်ပိုင်သောအရာကို စွန့်လွှတ်ရသကဲ့သို့ မုသားပြောဆိုခြင်း၊ အတင်းပြောခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ မလိုအပ်ဘဲ ဒေါသအလွန်အကျွံထွက်ခြင်းစသည့် အစဉ်မပြုပိုင်သော ဟရာမ်အရာများကိုလည်း မပြုလုပ်မိစေရန် အထူးရှောင်ကြဉ်ရသည်။ သို့မှသာ ဝိညာဉ်ဖွံ့ဖြိုးစေသော အိဗာဒသ် အာဟာရဓာတ် ပြည့်ဖြိုးလာပေမည်။

ရမဒွါန်လမြတ်တွင် လူသားသည် မျက်စိ၊ နှုတ်လျှာ၊ နား၊ ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးကို ဂုနာအကုသိုလ်မှ ရှောင်ကြဉ်ရန် အထူးဂရုစိုက်

ထိန်းသိမ်းရမည်။ ထာဝစဉ် အရှင့်အမိန့်နာခံရင်းပင် ဘဝကို ကုန်ဆုံးစေရမည်။ "လမြတ်ရမဒွါန်သည် လူတို့၏ ဒုက္ခကို ငြိမ်းအေးစေရန် ကူညီရမည့်လဖြစ်သည်" ဟု တမန်တော်မြတ် ﷺ ကမိန့်တော်မူထားသည်။ ရမဒွါန်လတွင် တမန်တော်မြတ် ﷺသည် ကောင်းမှုအလှူဒါနများကို များပြောင်စွာ ပြုလုပ်တော်မူခဲ့သောကြောင့် ရမဒွါန်လတွင် အလှူဒါနပြုခြင်းနှင့် တစ်ဦးကို တစ်ဦး ရိုင်းပင်းကူညီခြင်းသည် တမန်တော်မြတ် ﷺ၏ စွန္နတ်ကျင့်စဉ် ဓလေ့တော်ပင် ဖြစ်သည်။

အချုပ်ဆိုရသော် လမြတ်ရမဒွါန်သည် သင်ခန်းစာတစ်ခုပမာ ဖြစ်သည်။ ထိုသင်တန်း၏ ရည်ရွယ်ချက်မှာ လူသားနှင့် ဖန်ဆင်းရှင်၏ ဆက်သွယ်မှု ခိုင်မြဲစေရေးနှင့် အရာရာတွင် ဖန်ဆင်းရှင်ကို အားထားမှုရရှိစေရေးဖြစ်သည်။ သင်တန်းတွင် သင်တန်းစည်းကမ်းများကို ပြည့်ပြည့်ဝဝ လိုက်နာခဲ့ပြီး ကြိုးပမ်းအားထုတ်ခဲ့လျှင် မကောင်းမှုရှောင်၊ ကောင်းမှုဆောင်လိုသည့် စိတ်ဓာတ်များ ပေါ်ထွန်းလာမည်။ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့စိတ် ဖြစ်ပေါ်လာမည်။ နောင်တမလွန်ခရီးအတွက် ရတက်မအေးဖြစ်မည်။ ဤသည်ကိုပင် သက္ကဝါဟု ခေါ်ဆိုသည်။

ကျမ်းမြတ်ကုရ်အာန်တွင် လမြတ်ရမဒွါန်၏ ရည်ရွယ်ချက်ကို အလ္လာဟ်အရှင်မြတ်က ဤသို့ မိန့်တော်မူခဲ့သည်။

يَاۤيُّهَا الَّذِيْنَ اٰمَنُوْا كُتِبَ عَلَيْكُمُ الصِّيَامُ كَمَا

كُتِبَ عَلَى الَّذِيْنَ مِنْ قَبْلِكُمْ لَعَلَّكُمْ تَتَّقُوْنَ

'အို–မုအ်မင်န်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်အရှင်မြတ်သည် အသင်တို့ထက် အလျင် ရှိခဲ့ကြကုန်သောသူတို့ (ရှေးယခင် အွမ္မသ်များ) အပေါ် ရိုဇဟ်ဥပုသ် ဆောက်တည်ရန် ပြဋ္ဌာန်းတော်မူသကဲ့သို့ အသင်တို့ အပေါ်၌လည်း ရိုဇဟ်ဥပုသ်ဆောက်တည်ရန် အမိန့်တော်ကို ပြဋ္ဌာန်းအတည်ပြုတော်မူပေပြီ၊ သို့မှသာ အသင်တို့သည် သက္ကဝါတရားလက်ကိုင်ပြုသူများ ဖြစ်ကြတန်ရာ၏''

ရမဒွါန်လ၏ သက္ကဝါ သင်တန်းတွင် ကောင်းမွန်စွာ နေထိုင်ခဲ့သူနှင့် စပ်လျဉ်းပြီး တမန်တော်မြတ် ﷺ က...

'လမြတ်ရမဒွါန်ကို အေးချမ်းသာယာစွာဖြင့် ကုန်ဆုံးစေနိုင်ခဲ့သူသည် တစ်နှစ်ပတ်လုံးကို အေးချမ်းသာယာစွာ ကုန်ဆုံးနိုင်လိမ့်မည်'

ဟု လမ်းညွှန်တော်မူထားသောကြောင့် အေးချမ်းသာယာမှုကို လိုလားသူတိုင်းသည် နှစ်စဉ်ကျရောက်သော လမြတ်ရမဒွါန်ကို ဝမ်းပန်းတသာ ကြိုဆိုကာ တာဝန်ကျေကြရမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**အို–အလ္လာဟ်အရှင်မြတ်၊**
**စာရှုသူအပေါင်းနှင့် စာရေးသူကိုပါ**
**လမြတ်ရမဒွါန်၏ အေးချမ်းသာယာမှု**
**ချီးမြှင့်တော်မူပါ။**
**(အာမီးန်)**

မှဖ်သီ သကီးဆပ်၏တရားတော်မှ မှီးသည်။

မော်လာနာ အိုက်ယူးဗ် (မြေနီကုန်း)

အလ်မအာရစ်ဖ် ဘာသာပြန်ကဏ္ဍ

# မိုးရေပေါက်တွင်ရှိနေသည့် အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာများ

**Signs of Allah In the Rain**

by Harun Yayah

ဟာဂျီယူစွဖ်မာမ်ဆား B .E (C ivil)

ဘာသာပြန်ဆိုသည်။

မိုးရေသည် မြေပြင်ပေါ်ရှိ သက်ရှိသတ္တဝါများ အသက်ရှင်ရေးအတွက် အလွန်အရေးပါ အရာရောက်သည့် အရာဝတ္ထုများအနက် တစ်ခု ဖြစ်သည်၊ အရပ်ဒေသတစ်ခု ထာဝစဉ် ရှင်သန် စိမ်းလန်းစိုပြေရေးအတွက် မိုးရေသည် မရှိမဖြစ် လိုအပ်သည်။ လူသတ္တဝါများအပါအဝင် အသက် ရှင်သန်လျက်ရှိသော အရာဝတ္ထုများအားလုံး အတွက် မိုးရေသည် အရေးကြီးဆုံး၊ အလိုအပ်ဆုံး ဖြစ်ကြောင်းကိုကုရ်အာန်ကျမ်းမြတ်၏အာယသ်တော် များတွင် အမျိုးမျိုး ဖော်ဆောင်ထားသည်။ ထို့ပြင် မိုးရေတစ်ပေါက်ဖြစ်မြောက်လာရခြင်း၏ အခြေခံ ကျသောအကြောင်းအချက်များ၊ မိုးရေ၏ အချိုး အစားနှင့်အကျိုးပေးများကိုပါ ကုရ်အာန်ကျမ်းမြတ် က ရှင်းလင်းပီပြင်စွာသိမြင်စေသည်။ မဖြစ်နိုင်ဟု ဆိုသော အကြောင်း အချက်များ၊ မရှိနိုင်ဆိုသော အမှန်သဘောတရားများကိုကုရ်အာန်ကျမ်းမြတ် တွင်ပင် အလ္လာဟ်အရှင်မြတ်က ဖွင့်ဆိုမိန့် ကြား အသိပေးတော်မူထားသေးသည်။

မိုးပေါက်၏အကြောင်းကို ကုရ်အာန်ကျမ်း တော်မြတ်တွင် ဤသို့ဤပုံ ရှင်းလင်းမိန့်ဆိုချက် များအပေါ် ကျွန်ုပ်တို့ လေ့လာသုံးသပ် ကြည့်ကြ ပါစို့။

## မိုးရေစက်၏ အချိုးအစား

وَالَّذِي نَزَّلَ مِنَ السَّمَاءِ مَاءً بِقَدَرٍ

ထိုမှတစ်ပါး အကြင်အရှင်မြတ်ပင်။ ထို အရှင် မြတ်သည် မိုးကောင်းကင်မှ မိုးရေကို အတိုင်း အတာအချိန်အဆနှင့် ရွာသွန်းစေတော်မူခဲ့၏။

ကုရ်အာန် (၄၃ း ၁၁)

"အကယ်၍အရှင်မြတ်၏အတိုင်းအတာအချိန် အဆမရှိခဲ့လျှင် ရေသည် ကမ္ဘာမြေကြီးပေါ်သို့ အရှိန်ပြင်းစွာဖြင့် ထိခိုက်စေသောကြောင့် ကြီး ကျယ်သော ပျက်စီးမှုကိုဖြစ်စေသည်" ဟု မိန့် ကြား သတိပေးထားသည်။ အကယ်၍ မိုးရေသည် အထက်ပါ ပုံစံအတိုင်း ရွာချခဲ့ပါက လယ်ယာ၊ ကိုင်းကျွန်းများ ပျက်စီးသွားမည်သာ ဖြစ်သည်။ လူနေဒေသ၊ အိမ်ခြေများသာမက အစီးအနင်း များတို့ပါ ပျက်စီးသွားပေမည်။ သတိကြီးစွာ မ ထားရှိက လမ်းလျှောက်သွားလာရန်ပင် တတ်စွမ်း နိုင်မည် မဟုတ်တော့ပေ၊ ထိုအတွက် အချက်မှာ ၁၂၀၀ မီတာအမြင့်တွင်ရှိသော တိမ်များကို သုံးသပ် စိစစ်တွက်ချက်ထားခြင်းသာ ဖြစ်သည်။ အမြင့် မီတာ ၁၀၀၀၀ တွင်ရှိနေသော မိုးတိမ်တို့မှ ပုံမှန် ရွာကျလာသော မိုးရေပေါက်တစ်ခုသည် ပျက်စီး စေနိုင်သော အရှိန်အဟုန်အဖြစ်သို့ မလွဲမသွေ ရောက်ရှိသွားရသည်။ အထက်ပါ တွက်ချက်မှု သည် ရွာချသည့် မိုးရေစက် တိုင်းအတွက် မဟုတ်ပေ။ မည်မျှအမြင့်မှဖြစ်စေ မိုးရွာချခြင်းမှာ

အရေးပါသော ကိစ္စတစ်ရပ် မဟုတ်။ ရွာချလာသော မိုးရေစက်များသည် မြေကြီးနှင့် ထိတွေ့မိသည့်အခါတွင် ၎င်း၏ ပျမ်းမျှအရှိန်နှုန်းမှာ တစ်နာရီလျှင် ၈ မှ ၁၀ ကီလိုမီတာသာ ဖြစ်သည်။ ဤသည်ကား မိုးရေစက်များတွင် ထူးခြားသောအသွင်ဖြစ်ပေါ်လာခြင်းမျှသာဖြစ်ပြီး ထိုထူးခြားသော အသွင်သည် လေထုနှင့်ထိခိုက်သည့် အကျိုးကို ဖြစ်ပေါ်စေသည်။ မိုးရေစက်များသည် တစ်စုံတစ်ခုသော အရှိန်နှုန်း အတိုင်းအတာသို့ ရောက်ရှိသောအခါ ထူးခြားသော အသွင်က အရှိန်အဟုန်ကို တားမြစ်လိုက်သည်။ **(ထိုနည်းစနစ်ကို အခြေခံကာ လေထီးကို တီထွင်ကြခြင်း ဖြစ်သည်။)**

## မိုးရေဖြစ်ပေါ်လာပုံ

မိုးရေဖြစ်ပေါ်လာရခြင်းအကြောင်းသည် လူတို့အဖို့ နှစ်ပေါင်းများစွာကပင် ကြီးကျယ်သောလျှို့ဝှက်ဆန်းကြယ်သည့် ပြဿနာတစ်ရပ် အနေဖြင့်ရှိခဲ့သည်။ လေထုကိုတိုင်းတာတွက်စစ်သည့် ရေဒါများ ဆန်းသစ်စွာ တီထွင်ပြီးနောက် မည်သည့်အဆင့်၊ မည်သည့်အမြင့်များတွင် မိုးရေ ဖြစ်ပေါ်လာရကြောင်းကို သိမြင်နိုင်ခဲ့ကြသည်။ မိုးရေသည် အဆင့်သုံးဆင့်ဖြင့် ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ ပထမအဆင့်မှာ မိုးရေဖြစ်စေမည့် ကုန်ကြမ်းပစ္စည်းများသည် လေထုအတွင်းသို့ လွင့်တက်သွားပြီးနောက် တိမ်များဖြစ်ပေါ်လာရသည်။ နောက်ဆုံးတွင် မိုးရေစက်များ ဖြစ်ထွန်းလာသည်။ ဤအဆင့် သုံးဆင့်ကို ကျမ်းမြတ်ကုရ်အာန်တွင် ရှင်းလင်းဖွင့်ဆိုထားပြီးဖြစ်သည်။ **ရာစုပေါင်းများစွာကပင် မိုးရေဖြစ်ပေါ်လာရခြင်း၏ အ**ကြောင်းရင်းကို ကုရ်အာန်ကျမ်းမြတ်တွင် တိကျပြတ်သားစွာ ဖော်ပြထားသည်။

လေများကိုဖန်ဆင်းသူမှာ ဝါအလ္လာဟ်အရှင်မြတ်သာလျှင်ဖြစ်သည်၊ ထိုလေများဖြင့် တိမ်များကို အပေါ်သို့ မြှင့်တင်ပေးသည်၊ ဝါအလ္လာဟ်အရှင်မြတ်၏ ဆန္ဒသဘောတော်အတိုင်း တိမ်များသည် အာကာသ ကောင်းကင်ထဲတွင် ပျံ့နှံ့ရသည်။ ၎င်းအပြင် တိမ်များအတွင်းမှ မိုးရေစက်များ ယိုစီးလာသည်ကို သင်တို့မြင်တွေ့ရသည့်တိုင်အောင် တိမ်များကို အစအနများဖြစ်အောင် ခွဲစိပ်လိုက်သည်၊ ထိုမိုးရေစက်များကို အလ္လာဟ်အရှင်မြတ်၏တာဝန် ထမ်းဆောင်ကျေပွန်ကြသူများထံသို့ ရောက်ရှိစေတော်မူသောအခါ ၎င်းတို့သည် ပျော်ရွှင်စွာ သောက်သုံးကြသည်ကို အလ္လာဟ်အရှင်မြတ်သည်ပင် တွေ့မြင်နေတော်မူသည်။

(စူရဟ်ရွှမ်- ၄၈)

အထက်ပါအာယသ်တော်တွင် ဖော်ပြထားသော အဆင့်သုံးဆင့်ကို လေ့လာကြည့်က ဤသို့ သိမြင်ရပေမည်။

ပထမအဆင့်

**လေများကို ဖန်ဆင်းသူမှာ**
**အလ္လာဟ်အရှင်မြတ်သာလျှင် ဖြစ်သည်။**

သမုဒ္ဒရာထဲတွင် ရှိနေသော ရေမြှုပ်များမှ မရေမတွက်နိုင်လောက်သော ရေပူပေါင်းကလေးများကို အဆက်မပြတ် ဖြစ်ထွန်းပေါက်ကွဲစေပြီးနောက် ရေမှုန်ရေမွှားများ ဖြစ်စေလျက် အာကာသကောင်းကင်သို့ လွင့်တက်စေလိုက်သည်။ ဆားဓာတ်ပြည့်ဝနေသော ရေမှုန်၊ ရေမွှားများသည် လေ၏သယ်ဆောင်မှုကို ခံယူကြကာ လေထုကို

ဖြတ်၍ အထက်သို့ ရွေ့လျား သွားကြသည်။ အေရိုးဆိုးလ် (AEROSOLS) ဟု ခေါ်သော ရေမှုန်ရေမွှားတို့သည် မိမိပတ်ဝန်းကျင်မှ ရေခိုးရေငွေ့များကို စုစည်းကာ တိမ်များအသွင် ဖြစ်စေသည်။ တစ်ဖန် ပင်လယ်ပြင်များမှ အပေါ်သို့ သေးငယ်သော ရေစက်များကဲ့သို့ ပျံတက်ကြသည်။ ထိုသို့ဖြစ်ပေါ်သော နည်းလမ်းကို ရေထောင်ချောက် (WATER TRAP) ဟု ခေါ်သည်။

ဒုတိယအဆင့်

**ထိုအတူ လေများကလည်း တိမ်များကို မြှင့်တင်ပေးသည်။ အလ္လာဟ်အရှင်မြတ်သည် မိမိ၏သဘောဆန္ဒတော်အတိုင်း တိမ်များကို အာကာသကောင်းကင်ထဲတွင် ပျံ့နှံ့စေတော်မူပြီးနောက် အပိုင်း၊ အစအနများအဖြစ် ခွဲစိပ်လိုက်သည်။**

မိုးရေငွေ့များမှ တိမ်များ အသွင်ဖြစ်ပေါ်လာစေသည်။ မိုးရေငွေ့များသည် ပြောင်လက်နေသော ဆားပွင့်များ(သို့မဟုတ်) ဖုန်မှုန့်များအဖြစ်သို့ လေထုထဲတွင် ပြောင်းလဲဖြစ်ပေါ်ရသည်။ တိမ်ထဲရှိ ရေစက်များသည် အလွန် သေးငယ်လှပြီး ၀.၀၁ နှင့်၀.၀၂ မီလီမီတာအတွင်း အချင်းဝက်ခန့်သာ ရှိသည်။ လေထုထဲတွင် တိမ်များအသွင် ဆောင်ယူကာ အာကာသကောင်းကင်တစ်ပြင်လုံးကို ပျံ့နှံ့စေသည်။ ထိုသို့ဖြင့် အာကာသကောင်းကင်ပြင်တွင် တိမ်များ ဖုံးလွှမ်းစေသည်။

တတိယအဆင့်

**(အာကာသကောင်းကင်မှ ပြိုကျလာသော မိုးရေစက်များကို မြင်တွေ့ကြသည့်တိုင်အောင်)**

ပြောင်လက်နေသော ဆားပွင့်များနှင့် ဖုန်မှုန့်များကို ဝန်းရံလျက်ရှိသော ရေမှုန်ရေမွှားများသည် ထူထဲလာပြီး မိုးရေစက်အသွင်သို့ ရောက်စေရသောကြောင့် မိုးရေစက်များသည် လေထုထက် ပို၍လေးလံလာပြီး မိုးအဖြစ် ရွာရတော့သည်။

ထိုဖြစ်စဉ်အဆင့်ဆင့်တွင် မိုးရေဖြစ်ပေါ်လာရသည့် အဆင့်တိုင်းကို ကုရ်အာန်ကျမ်းမြတ်တွင် ဖော်ပြထားပြီး ဖြစ်သည်။ ထို့အပြင် ဖော်ပြပါ အဆင့်များကို အစီအစဉ်အလိုက်ဖော်ပြရခြင်း အကြောင်းကိုလည်း ကုရ်အာန်ကျမ်းတော်မြတ်တွင်ပင် ရှင်းလင်းဖော်ပြထားသေးသည်။ ဤကမ္ဘာကြီးတွင် အခြားအခြား များပြားလှသော သဘာဝပေး အရာဝတ္ထုများ ဖြစ်ပေါ်လာရသကဲ့သို့ ထိုသဘာဝကပင် ဖြစ်ပျက်စေသည့် အရာဝတ္ထုများ၏အကြောင်းကို တိကျပီပြင်စွာရှင်းလင်းဖော်ပြထားသည်ကိုလည်း ကုရ်အာန်ကျမ်းမြတ်တွင်သာ တွေ့ရပေသည်။ ထိုဖြစ်စဉ်ဖြစ်ရပ်များနှင့် ထိုသို့သော ဖြစ်စဉ်ဖြစ်ရပ်တိုင်းကို သိပ္ပံပညာအားဖြင့် မသိ၊ မရှိသေးမီ ရာစုများစွာကပင် ကုရ်အာန်ကျမ်းမြတ်က ဖော်ထုတ်ကြေညာခဲ့ပြီးဖြစ်သည်။

<u>မရဏာလွှင်ပြင်သို့ အသက်ပေးသွင်းခြင်း</u>

(မရဏာလွှင်ပြင်သို့ အသက်ပေးသွင်းခြင်း ) ဟူသော ခေါင်းစဉ်ဖြင့် မိုးရေဖြစ်ပေါ်လာရခြင်းအကြောင်းကို ကုရ်အာန်ကျမ်းမြတ်၏ များစွာသော အာယသ်တော်များက ကျွန်ုပ်တို့အား အသိတရား နှိုးစမ်းရေးဘက်သို့ ဤကဲ့သို့ ဆွဲဆောင်ထားသည်။

ကြည်လင် သန့်ရှင်းသောရေကို အာကာသကောင်းကင်မှ ငါအရှင်ပေးပို့ခဲ့သည်၊ ထိုသို့ပေးပို့

ခြင်းဖြင့် မရဏာလွင်ပြင်ကို အသက်သွင်း ဖန်ဆင်းခဲ့သော မြောက်မြားစွာသော ကျွဲ၊ နွား၊ တိရစ္ဆာန်နှင့် လူသတ္တဝါတို့၏ ရေငတ်မွတ်ခြင်းဘေးကို ချေဖျက်ပေးနိုင်ခဲ့သည်။

(စူရဟ်ရွမ်အားလ်ဖာကွန်–၄၈၊ ၄၉)

မိုးရေသည် မြေကြီးပေါ်သို့ သက်ဆင်းကာ ရေဖြည့်တင်းပေးသည့်အပြင် မိုးရေတွင် မြေသြဇာအစွမ်းလည်းရှိနေသည်၊ပင်လယ်ပြင်များမှ ရေခိုးရေငွေ့အဖြစ်သို့ ဖြစ်ပေါ်စေပြီးနောက် မိုးတိမ်များသို့ ထိရောက်စေသော မိုးရေစက်တို့တွင် မရဏာလွင်ပြင်အား အသက်ပေးသွင်းနိုင်သော အရေးကြီးသည့် အရာဝတ္ထုများ ရှိနေစေသည်၊ အသက်သွင်းပေးသော ထိုမိုးရေပေါက်များကို မျက်နှာပြင်တင်းမာစေသော ရေပေါက်များဟု ခေါ်ဆိုသည်၊ ပင်လယ်မျက်နှာပြင် အပေါ်လွှာတွင် ဖြစ်ထွန်းနေသော မျက်နှာပြင်ကို တင်းမာစေသော မိုးရေစက်များကို ဇီဝဗေဒသိပ္ပံပညာရှင်များက သေးငယ်သော အလွှာဟုခေါ်ကြသည်။ မီလီမီတာ ၁ဝပုံ ၁ပုံထက် ပါးလွှာသော ထိုအလွှာထဲတွင် ပင်လယ်ဒိုက်ပင်များနှင့် ရေထဲတွင် ကူးသန်းသွားလာ လျက်ရှိသော သတ္တဝါငယ်ကလေးများတို့၏ အညစ်အကြေးများမှဖြစ်ပေါ်လာသော ဒြပ်စင် အကြွင်းအကျန်များစွာတို့ ရှိနေသည်။ ထိုအကြွင်း အကျန်များသည် မိမိတို့သဘာဝအလျောက် ရွေးချယ်စုဆောင်းထားခြင်းကြောင့် ပင်လယ်ပြင်တွင်များစွာ ရှားပါးသောပစ္စည်းများဖြစ်သည့် မီးစုန်းဓာတ်၊ မဂ္ဂနီဆီယမ်၊ ပိုတက်ဆီယမ်၊ လေးလံသော ဓာတ်သတ္တုများဖြစ်သည့် ကြေးနီ၊ သွပ်၊ ငွေဖြူနှင့် ခဲတို့ကို ဖြစ်ပေါ်စေသည်။ မြေဆီသြဇာနှင့် ပြည့်နှက်လျက်ရှိသော ရေစက်များသည် လေ၏ ပင့်ဆောင်မှုကြောင့် အာကာသကောင်းကင်ပြင်သို့ မြင့်တက်သွားပြီးနောက် မကြာမီမှာပင် မိုးရေစက်များအသွင်ဆောင်ကာ မြေကြီးပေါ်သို့ ကျဆင်းလာသည်။ ဤကမ္ဘာမြေကြီးပေါ်ရှိ သစ်စေ့များနှင့် အပင်ငယ်များတို့သည် မိမိတို့ ရှင်သန် ကြီးထွားရန်အတွက် မိုးရေစက်များထဲမှ ဆားဓာတ်များနှင့် အခြားဓာတ်ပစ္စည်းများကို ရရှိကြသည်။

မိုးရေနှင့်အတူ ရွာချလာသော ဆားများသည် ကယ်လစီယမ်၊ မဂ္ဂနီဆီယမ်၊ ပိုတက်စီယမ်တို့ ပါဝင်သော ဓာတ်မြေသြဇာ၊ မြေဆီများကို တိုးပွားစေမည့် ဓာတ်မြေသြဇာတို့၏ ဒြပ်စင်များ ဖြစ်သည်။ အေရိုဆိုးလ် (AEROSOLS) အမျိုး အစားတွင်တွေ့ရှိရသော လေးလံသော ဓာတ်သတ္တုများသည် တစ်နည်းတစ်လမ်းအားဖြင့် အပင်ငယ်များဖြစ်ထွန်းရှင်သန် ကြီးထွားနိုင်ရန်အတွက် မြေဆီကို တိုးပွားစေသည့် အခြားအရာဝတ္ထုများ ဖြစ်သည်။ ပင်လယ်မှ မူလဖြစ်ပေါ်လာသော အေရိုဆိုးလ် (AEROSOLS)တို့၏ အကူအညီဖြင့် သစ်တောများသည် တိုးတက်ကြီးပွားလာသည်။ ဤနည်းဖြင့် တန်ချိန် ၁၅ဝ သန်း ရှိသော ဓာတ်မြေသြဇာများသည် နှစ်စဉ်မြေကြီး၏ မျက်နှာပြင်အားလုံးသို့ ကျဆင်းသည်။ ယနေ့ခေတ်သိပ္ပံပညာဖြင့် ဖော်ထုတ်နိုင်သော စိတ်ဝင်စားစရာကောင်းသော အမှန်တရား အချက်အလက်များမှာ လွန်ခဲ့သော ရာစုပေါင်းများစွာကပင် ကျမ်းတော်မြတ်ကုရ်အာန်တွင် ဖော်ပြခဲ့သောအချက်များသာလျှင် ဖြစ်သည်။

ဟာဂျီယူစွဖ်မာမ်ဆား B.E. (Civil)

QUR'AN WINS
HEART OF
U.S PROFESSOR
BY
AMMAR BAKKAR, ARAB NEWS

ကျမ်းမြတ်ကုရ်အာန်၏
# လင်းရောင်လမ်းပြမှုကို
နှလုံးသားဖြင့်လက်ခံခဲ့သော
# အမေရိကန်ပါမောက္ခတစ်ဦး

**မုဟမ္မဒ်ဟာစံ**

ဒေါက်တာ ဂျက်ဖရီလန်းဂ်သည် အမေရိကန်ပြည်ထောင်စုရှိ ကြီးမားကျော်ကြားလှသည့် တက္ကသိုလ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် ကင်းဆက်တက္ကသိုလ်မှ တွဲဖက်သင်္ချာ ပါမောက္ခ တစ်ဦးဖြစ်သည်။ သူ့အား ကွန်နက်တီကယ် ပြည်နယ်၊ ဘရစ်ချ်ပို့တ်မြို့ရှိ ရိုမန်ကက်သလစ် ဘာသာဝင် မိသားစုမှ ၁၉၅၄ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် မွေးဖွားခဲ့ပြီး အရွယ်ငယ်စဉ်ကပင် သူသည် ဘာသာရေးရာများတွင် စူးစမ်းလေ့လာမှုများ ပြုခဲ့ပေသည်။ အသက် ၁၈ နှစ် အရွယ်အထိ သူသည် ကက်သလစ်ဘာသာရေးကျောင်းများတွင် နေထိုင်ကြီးပြင်းရခဲ့ပြီး ထိုကျောင်းများတွင် ဘုရားသခင် အကြောင်းနှင့် ခရစ်ယာန် ဘာသာရေးရာများကို စူးစမ်းလေ့လာရာတွင် သူ၏များစွာသော စောကြောမေးမြန်းမှုများအတွက် ကွဲပြားရှင်းလင်းသည့် အဖြေများ မရရှိခဲ့ပါဟု နောင်တွင် အစ္စလာမ် ဘာသာကို လက်ခံခဲ့ရသည့်အကြောင်း ပြန်ပြောင်းပြောဆိုရာတွင် လန်းဂ်က ထည့်သွင်း ပြောကြားခဲ့သည်။

'၁၉၆၀ နဲ့ ၁၉၇၀ ပြည့်နှစ် အစောပိုင်း ကာလတွေဆီ ကကလေးအများစုလိုပဲ၊ ကျွန်တော်လည်း အဲဒီခေတ်အခါသမယက ကျွန်တော်တို့စံပြုပြီး တန်ဖိုးထားကြတဲ့ နိုင်ငံရေးတွေ၊ လူမှုရေးရာတွေနဲ့ ဘာသာရေးရာတွေမှာ စောကြော မေးမြန်းမှုတွေ လုပ်တော့တာပေါ့ဗျာ"

ဟု လန်းဂ်က ပြောသည်။

"ကျွန်တော်ဟာ ကက်သလစ်ဘုရားရှိခိုးကျောင်းအပါအဝင် ခရစ်ယာန် လူ့အဖွဲ့အစည်းတစ်ခုလုံးက စံပြုတန်ဖိုးထားတဲ့ အယူအဆ ဓလေ့ထုံးတမ်းတွေအားလုံးကို ဆန့်ကျင်ခဲ့ပါတယ်"

ဟုလည်း သူက ဆိုသည်။ အသက် ၁၈ နှစ်ပြည့်သည့် အရွယ်ရောက်ချိန်မှာတော့ သူသည် ဘာသာမဲ့ဝါဒီတစ်ဦးအဖြစ်သို့ လုံးလုံးလျားလျား ရောက်ရှိခဲ့ပေသည်။ ထိုကာလများဆီက သူ၏ စိတ်ထဲတွင် ဘုရားသခင်ဆိုတာ အမှန်တကယ်ရှိပြီး သူဟာ ဝေနေယျအားလုံးအပေါ်မှာ ချစ်ခြင်းမေတ္တာနဲ့ ကရုဏာတော်ထားရှိတယ်ဆိုရင် ကမ္ဘာလောကကြီးမှာ ဘာလို့များ ဒုက္ခဝေဒနာတွေ ပင်လယ်ဝေနေရတာလဲ..၊ ဒီလို လူသားတွေ ခါးစည်းခံနေရအောင် သူက ဘာလို့များ ဖန်ဆင်းထားတာလဲ.. ဟူသည့် မေးခွန်းများ ဝိရောဓိဖြစ်လျက် ရှိနေခဲ့ပေသည်။ ဆန်ဖရန်စစ္စကိုတက္ကသိုလ်

၌ သင်္ချာကထိကပေါက်စအဖြစ် ရောက်ရှိသွားချိန်မှာတော့ လန်းဂ်သည် သူရှာဖွေနေသည့် ဘုရားသခင်အစစ်အမှန်တည်ရှိပါသည်ဆိုသော ဘာသာတရားကို တွေ့ရှိခဲ့လေ၏။ ဤအချက်ကို တက္ကသိုလ်တွင် သူဆုံတွေ့ရသည့် မွတ်စလင်မ် သူငယ်ချင်းအနည်းစုက ရှင်းလင်း ပြသခဲ့ခြင်းပင်ဖြစ်သည်။

"ကျွန်တော်တို့အချင်းချင်း ဘာသာတရားရေးရာ နီးနှောပြောဆိုကြတယ်… ကျွန်တော့်ရင်ထဲမှာ အမြစ်တွယ်နေတဲ့ မေးခွန်းတွေကို သူတို့ကို မေးကြည့်တဲ့အခါ သူတို့က ဂရုတစိုက်နဲ့ သေချာစေ့စပ်စွာစဉ်းစားပြီး ရှင်းလင်းဖြေကြားတာ တွေ့ရတော့ ကျွန်တော် တကယ့်ကိုပဲ အံ့ဩမိတယ်ဗျာ"

ဟု လန်းဂ်က ပြောပြသည်။ ဒေါက်တာလန်းဂ်သည် မင်းစိုးရာဇာအသွင်ရှိပြီး စာသင်ခန်းထဲသို့ လျှောက်လှမ်းလာသည်နှင့် ခန်းမအတွင်းရှိသူအားလုံးက ငေးမောကြည့်ရလောက်အောင် ဆွဲဆောင်မှုအပြည့်ရှိသည့် မာမွတ်ကာဒယ်လ်ဆိုသူ ဆော်ဒီအာရေဗျနိုင်ငံမှ ကျောင်းသားတစ်ဦးနှင့် တွေ့ဆုံ သိကျွမ်းခဲ့ပါသည်။ လန်းဂ်က သူ့အား ဆေးပညာ သုတေသနဆိုင်ရာ မေးခွန်းတစ်ခုကို မေးကြည့်သည့်အခါ ကာဒယ်လ်က ယုံကြည်စိတ်ချမှုအပြည့်ဖြင့် တိကျမှန်ကန်သည့် အင်္ဂလိပ်စကားကို သုံးပြီး ပြန်လည်ဖြေကြားခဲ့ပေသည်။ တက္ကသိုလ်ရှိရာ ဆန်ဖရန်စစ္စကိုမြို့၏ မြို့တော်ဝန်၊ ရဲမှူးကြီး နှင့် အလွှာအသီးသီးကလူများအားလုံးပင် ကာဒယ်လ်ကို ရင်းနှီးကြလေ၏။ ထိုမှ လန်းဂ်နှင့် ကာဒယ်လ်တို့ ဆရာတပည့်နှစ်ဦးသည် အပေါ်ယံ ရွှေမှုန်ကြဲထားသည့် 'သရုပ်သ ဏ္ဍာန်ပျော်ရွှင် ရယ်မောသံများသာ အတိရှိပြီး သရုပ်မှန် ငြိမ်းချမ်းပျော်ရွှင်မှုကင်းမဲ့သော' နေရာများသို့ အတူတကွ သွားရောက်ခဲ့ကြသည်။ သို့နှင့် ထိုသို့သော လှည့်ပတ်သွားလာမှုများပြုပြီးနောက် မမျှော်လင့်ဘဲ လန်းဂ်သည် ကာဒယ်လ်ထံမှ ကျမ်းတော်မြတ်ကုရ်အာန်တစ်အုပ်နှင့် အစ္စလာမ်ဘာသာရေးရာစာအုပ်အချို့ကို ရရှိခဲ့သည်။ လန်းဂ်သည် ကျမ်းမြတ်ကုရ်အာန်ကို မိမိဖာသာ ဖတ်ရှုလေ့လာပြီး တက္ကသိုလ်ပရဝုဏ်အတွင်းရှိ ကျောင်းသားများ ပြုလုပ်ထားသော နမာဇ်ဝတ်ပြုဆောင်သို့ သွားရောက် လေ့လာခဲ့သည်။ အစ၌ သူသည် အခြေခံ အကြောင်းအရာများကိုပင် ကြိုးစားအားထုတ်ပြီး လေ့လာမှုနည်းသောကြောင့် လက်လျှော့ခဲ့ရပေသော်လည်း မကြာသောကာလအတွင်းမှာပင် ကျမ်းမြတ်ကုရ်အာန်ဖတ်ရွတ်ခြင်းကြောင့် ယင်းကျမ်းတော်မြတ်၏ နူရ်တော်အမိသဟဲဖြင့် ဘာသာတရားရေးရာများကို အောင်မြင်စွာ လေ့လာနိုင်ခဲ့သည်။ ကျမ်းမြတ်ကုရ်အာန်၏ပထမ (စူရာဟ်)ကဏ္ဍနှစ်ခုမှာပင် အံ့ဩဖွယ်ရာအဖြစ် သူလိုလားသိရှိ တတ်မြောက်ချင်သော ဘာသာတရားကို ရှာဖွေတွေ့ရှိခဲ့ပေသည်။ သူက..

"ပန်းချီပညာရှင်တွေဟာ သူတို့ ဆေးစက်ချလိုက်တာနဲ့ သင့်မျက်လုံးတွေကို ရုပ်လုံးပေါ်လာတဲ့အထိ ကြည့်ချင်စိတ်ပေါ်လာအောင် အရောင်တွေနဲ့ဆေးချယ်ပြီး ဆွဲငင်ခေါ်ဆောင်သွားနိုင်ပေမယ့် ဘယ်ကျမ်းရှင်ကများ သင့်ရဲ့ နေ့တစ်ရက် ကြုံတွေ့ရမယ့် အလှည့်အပြောင်း၊ အတက်အကျတွေကို ကြိုတင်သိရှိပြီး သူစီရင်တဲ့ကျမ်းမှာ ရေးသွင်းထားနိုင်မှာမို့လို့လဲ၊ ညစဉ်ပဲ ကျွန်တော်ဟာ စိတ်ကူးနဲ့ မေးခွန်းပုံစံတွေ ထုတ်လို ထုတ်၊ ချေပချက်တွေကို စီရင်လို စီရင်ပြုပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် နောက်

မနက်ကျတော့ အဲဒီဟာတွေရဲ့ အဖြေကို တွေ့ရတော့တာပဲဗျ..၊ ကုရ်အာန်ကျမ်းမြတ်ရဲ့အရှင်ဟာ ကျွန်တော့်ရဲ့ တင်ကြိုစိတ်ကူးတွေကိုသိရှိပြီး အဲဒီ စောဒကအတွက် တိကျတဲ့အဖြေတွေကို ဝါကျတွေ အလိုက် အချိန်ကိုက် စီစဉ်ရေးသားထားပြီး ကျွန်တော့်အနေနဲ့ ကျမ်းကို ရှေ့ဆက်ဖတ်ဖြစ်အောင် နှိုးဆော်နေသလားလို့ ကျွန်တော်ထင်မိပါတယ်ဗျာ၊ အဲဒီကျမ်းမြတ်ရဲ့ စာမျက်နှာတွေထဲမှာပဲ ကျွန်တော့်ကိုယ်ကျွန်တော် ရှာဖွေတွေ့ရှိသွားတော့တယ်။''

လန်းဂ်သည် နေ့စဉ် နမာဇ်ငါးကြိမ်ဝတ်ပြုမှုကို ပုံမှန်ပြုလုပ်လေ့ရှိပြီး၊ နာမ်ပိုင်းဆိုင်ရာ ကျေနပ်နှစ်သိမ့်မှုကိုလည်း အပြည့်အဝ ခံစားရရှိပေသည်။ အစ္စလာမ်ဘာသာတွင် အရုဏ်မကျင်းမီ ဝတ်ပြုရသော ဖဂျ်ရ်နမာဇ်ဝတ်ပြုချိန်သည် ကျက်သရေမင်္ဂလာအတိရှိပြီး လှုပ်ရှားသက်ဝင်နေသည့် ဝတ်ရွတ်စဉ်များဖြင့် ငြိမ်းချမ်းသာယာမှုအဖြာဖြာ ဝေဆာလျက်ရှိသည်ဟူ၍ သူ့အနေဖြင့် ခံစား သိရှိရလေ၏။

"ဖဂျ်ရ်နမာဇ်ဝတ်ပြုချိန်မှာ ကျွန်တော်တို့ဟာ ဒီလောကီဘုံကနေ အခိုက် အတန့်အားဖြင့် လွတ်မြောက်သွားပြီး ကောင်းကင်က စေတမန်တွေနဲ့ အတူ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်တွေကို နေမပြူခင် မြွက်ဟနေကြသလိုပါပဲဗျာ''

ဟု လည်း သူက ပြောသည်။ သူ့အတွက် အစိမ်းသက်သက်ဖြစ်သည့် အရဗီဘာသာဖြင့် ကျမ်းမြတ်ကုရ်အာန် ကို ဖတ်ရွတ်သရဇ္ဈာယ်ရာတွင် ကျမ်းတော်မြတ်က ဘယ်လိုနည်းနဲ့များ သူ၏ စိတ်အစဉ်ကို ဖမ်းစားနိုင်ရပါသနည်း ဟူသော မေးခွန်းကို သူက...

"(ငိုကြွေးနေတဲ့) ကလေးငယ်တစ်ယောက်ဟာ သူ့မိခင်ရဲ့ချော့မြူတဲ့စကားရပ်လေးတွေနဲ့ ဘာကြောင့်များ (အငိုတိတ်ပြီး) ငြိမ်ဆိတ်ချမ်းမြေ့သွားရတာလဲ (ကျွန်တော်လဲ အဲဒီလိုပါပဲ)''

ဟူ၍ တုံ့ပြန်ဖြေကြားလေ၏။

"အကျပ်အတည်း ဆိုက်ရောက်နေတဲ့ အချိန်တွေမှာ ကျမ်းမြတ်ကုရ်အာန်ကို ဖတ်ရွတ်တဲ့အခါ **ကျမ်းမြတ်ကုရ်အာန်ရဲ့ ဗရကသ်မင်္ဂလာကြောင့် အခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့ အင်အားတွေနဲ့ စိတ်ငြိမ်းချမ်းသက်သာရာရမှုတွေကို ရရှိပါတယ်''**

ဟုလည်း သူကဆိုသည်။ ထိုမှတစ်ဆင့် ရှေ့ဆက်ပြီး အီမာန်စွဲမြဲယုံကြည်မှုက လန်းဂ်၏ နှလုံးသားပိုင်းဆိုင်ရာ တိုးတက်ခိုင်မာမှုကို လက်တွေ့ကျကျ အကောင်အထည်ဖော်ပေးသည့် ပဋ္ဌိဇိဝ ပစ္စည်း သဖွယ်ဖြစ်ခဲ့လေသည်။ အခြားတစ်ဖက်မှာလည်း လန်းဂ်သည် သင်္ချာဘာသာရပ် သင်ကြားပြသမှုဖြင့် အသက်မွေးဝမ်းကျောင်းပြုရင်း တိုးတက်မှုများကို ရှာဖွေလေ့လာမှု ပြုခဲ့သည်။ သူသည် ပါဂျူးတက္ကသိုလ်မှ သင်္ချာဘာသာရပ်နှင့် ပတ်သက်ပြီး မဟာသိပ္ပံဘွဲ့နှင့် ပါရဂူဘွဲ့များကို ဆွတ်ခူးနိုင်ခဲ့လေသည်။ သူ့အနေဖြင့် သင်္ချာဘာသာရပ်ကို အမြဲတစေ စိတ်ဝင်စားမှုရှိပြီး ပုံသေနည်းအသစ်များကို ရှာဖွေလေ့လာမှုကလည်း သူ၏စိတ်ကို လှုပ်ရှားစေခဲ့ပါသည်ဟု လန်းဂ်က ဆိုသည်။ သင်္ချာဘာသာရပ်နှင့် ပတ်သက်ပြီး သူကဤသို့ပြောသည်။

"သင်္ချာဘာသာဟာ ယုတ္တိကျတယ်၊ ဒီဘာသာရပ်မှာ အကောင်အထည်ရှိတဲ့ ရလဒ်တွေ ပေါ်ထွက်လာစေဖို့ အသေးစိတ်ပြီး စနစ်ကျတဲ့ အချက်

အလက်တွေကို ထည့်သွင်းထားတာ တွေ့ရတယ်၊ ဒီဘာသာရပ်မှာ စိတ်ဝင်စားမှုကြီးမားတဲ့အတွက် အကောင်အထည်ရယ်လို့ ရေရာသေချာမှုမရှိတဲ့ အကြောင်းအရာတွေဟာ ကျွန်တော့်ရဲ့ အတွင်းစိတ်မှာ စွဲလမ်းမှုမဖြစ်ဘဲ ပျောက်ကွယ်သွားစေတော့တာပဲ''

'ဘာသာတရားအများစုသည် စိတ်နှလုံးသားအတွင်းမှ ယုံကြည်မှုဖြင့် လက်ခံရသည်သာ ဖြစ်သောကြောင့် ရုပ်ဝတ္ထုဆိုင်ရာ စံနှုန်းသတ်မှတ်ပြီး တန်ဖိုးထားတတ်သော တွေးခေါ်ယူဆချက်များကိုသာ လက်ခံတတ်သည့် စိတ်မျိုးရှိ သူတစ်ဦးအဖို့ ဘာသာတရားတစ်ရပ်ကို သက်ဝင် ယုံကြည်ရာတွင် အခက်တွေ့စေပါသည်ဟု သူက ပြောသည်။ မွတ်စလင်မ်များ၏ ဘာသာတရားကမူ လူသားများ၏ စောဒကတက်မှု၊ ကျိုးကြောင်း ဆင်ခြင်တွေးခေါ်တတ်မှုများကို ရှင်းလင်း ပြတ်သားစွာ ဖြေဆိုထားပါသည်'ဟုလည်း သူကဆိုသည်။ တက္ကသိုလ် မဟာဌာနရှိ မွတ်စလင်မ် ကျောင်းသားများအသင်းတွင် အကြံပေးအဖြစ် ဆောင်ရွက်ရင်း ကျောင်းသားများနှင့် ယင်းတို့၏တက္ကသိုလ်များအကြား၌ သူသည် တစ်ဖက်နှင့် တစ်ဖက် လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသူအဖြစ် တစ်စတစ်စရောက်ရှိလာသည်ဟု လန်းဂ်ကိုယ်တိုင်က ဆိုလေသည်။ သူသည် အစ္စလာမ်ဘာသာတရားရေးရာများပို့ချမှုကိုလည်း သက်ဆိုင်ရာ တက္ကသိုလ်တာဝန်ရှိ ပုဂ္ဂိုလ်များထံမှ ခွင့်ပြုမိန့်ရရှိထားပေသည်။

'မွတ်စလင်မ်ကျောင်းသားများအသင်းမှာ အကြံပေးအဖြစ် ရပ်တည်နေရခြင်းရဲ့ အဓိက ရည်ရွယ်ချက်ကတော့ အဲဒီမွတ်စလင်မ်ကျောင်းသားတွေရဲ့ လိုအပ်ချက်တွေကို တောင်းဆိုတဲ့နေရာမှာ အမေရိကန်ယဉ်ကျေးမှုနဲ့ လိုက်လျောညီထွေမှုရှိအောင်၊ ပြီးတော့ တက္ကသိုလ်ရဲ့ထုံးနည်းတွေကလည်း တွေးခေါ်ထင်မြင်ယူဆချက်တွေ မှန်ကန်တည့်မတ်သွားစေဖို့ ဆွေးနွေးညှိနှိုင်းမှုတွေ လုပ်ခွင့်ရလို့ ကြည်နူးဝမ်းမြောက်မိပါတယ်''

ဟု သူက ဆိုသည်။ လန်းဂ်သည် ရေခါးဟူသော ဆော်ဒီဖွား မွတ်စလင်မ်အမျိုးသမီးတစ်ဦးနှင့် လွန်ခဲ့သော ၁၂ နှစ်က လက်ထပ်ခဲ့သည်။ လန်းဂ်သည် အမေရိကန် မွတ်စလင်မ် အသိုင်းအဝိုင်းတွင် နာမည်ကျော်ကြား လူကြိုက်များလှသည်။ "အမေရိကန်သို့ အစ္စလာမ်ဘာသာ ရောက်ရှိလာပုံ" ဟူသော စာအုပ်သည် သူ၏ နာမည်ကျော် စာအုပ်များထဲမှ တစ်အုပ် အပါအဝင်ဖြစ်သည်။ ယင်းစာအုပ်တွင် ဒေါက်တာလန်းဂ်အနေဖြင့် စာဖတ်သူများအား သူကိုယ်တိုင် စစ်မှန်သည့် ဘာသာတရားကို ရှာဖွေရာ၌ စိတ်နှလုံးသားအတွင်းမှ လင်းဝင်းသော အသိဉာဏ်စေစားမှုကြောင့် ဘာသာတရား၏ နက်နဲမှုများကို ထိုးထွင်းသိမြင်လာပုံများနှင့် အစ္စလာမ်ဘာသာကို သက်ဝင်ယုံကြည်ရာမှ အသိတရားများ တိုးတက် ဖွံ့ဖြိုးလာပုံများကိုပါ ဖော်ပြရေးသားထားပေသည်။

■

**Qur'an Wins Heart of US Professor**

By Ammar Bakkar, Arab News

ကို ပြန်ဆိုသည်။

မု ဟ မ္မ ဒ် ဟ စ်

# ဂျဟန္နမ်မှလွတ်မြောက်လိုက

အလ်ဟားဂ်ျ မော်လာနာ အရှ်ရဖ် အလီ (မိုးယ်ကျဗလီ)

-ဇွဟ်ရ်မတိုင်မီ (၄)ရကအသ်၊ ဇွဟ်ရ်ပြီး (၄)ရကအသ်(စွန္နသ်၊ နဖိလ်) အစဉ်အမြဲဖတ်လျှင်… (သိရ်မိဇီ)

-နံနက်၊ ညနေ (ဖဂျရ်ပြီး၊ မဂ်ရစ်ဗ်ပြီး) ကို

اَللّٰهُمَّ اَجِرْنِىْ مِنَ النَّارِ

(၇)ကြိမ်စီဖတ်လျှင်………………….
(ပြည့်ဝသောလွတ်ငြိမ်းချမ်းသာမှုရရှိမည်)

-နာမကျန်းစဉ် အောက်ပါကလေမဟ်များကို ဖတ်နေပါလျက် ယင်းရောဂါနှင့်ပင် ကွယ်လွန်သွားလျှင်…

لَا اِلٰهَ اِلَّا اللّٰهُ وَاللّٰهُ اَكْبَرُ

لَا اِلٰهَ اِلَّا اللّٰهُ وَحْدَهٗ

لَا اِلٰهَ اِلَّا اللّٰهُ وَحْدَهٗ لَا شَرِيْكَ لَهٗ

لَا اِلٰهَ اِلَّا اللّٰهُ لَهُ الْمُلْكُ وَلَهُ الْحَمْدُ

لَا اِلٰهَ اِلَّا اللّٰهُ وَلَا حَوْلَ وَلَا قُوَّةَ اِلَّا بِاللّٰهِ

(ဟိစ္စ်နိဟစ္စီးန်)အကြိမ်တစ်ထောင်ရွတ်လျှင်… (သွိဗ်ရာနီ)

سُبْحَانَ اللّٰهِ وَبِحَمْدِهٖ

-လေးကြိမ်ဖတ်လျှင်

لَا اِلٰهَ اِلَّا اللّٰهُ وَاللّٰهُ اَكْبَرُ

-နမာဇ်အတွင်း၌ဖြစ်စေ၊ နမာဇ်အပြင်၌ဖြစ်စေ ရုရဟ်အစ်ခ်လာစ္စ် အကြိမ်တစ်ရာဖတ်လျှင်… (ကန်ဇုလ်အွမ္မာလ်)

-ဒရူဒ်ရှရီးဖ် အကြိမ်(၁၀၀)နေ့စဉ်ဖတ်လျှင်… (ဖာဇာအိလိဒရူဒ်)

-ရက်(၄၀)တိုင်တိုင် သပ်က်ဗီရေအ္ဂူလာနှင့်တကွ ဂျမာအသ်နမားဇ်ဖတ်လျှင်… (မွန်သခဗ်)

–ဂျူမှအဟ်နမာဇ်ဆောက်တည်ရန်ခြေလျင်လျှောက်သွားလျှင်...

–ဖဂျရ်နမာဇ်ဖတ်ပြီး နေထွက်သည်အထိ ဇိကိရ်တွင် မွေ့လျော်၍ အချိန်တန်ပြီးနောက် အိရှ်ရာက် ဖတ်လိုက်လျှင်... (မွန်သခဗ်)

سُبْحَانَ اللّٰهِ اَلْحَمْدُ لِلّٰهِ

لَا اِلٰهَ اِلَّا اللّٰهُ وَاللّٰهُ اَكْبَرُ

اَللّٰهُمَّ اِنِّىْ اَصْبَحْتُ اُشْهِدُكَ وَاُشْهِدُ حَمَلَةَ

عَرْشِكَ وَمَلَائِكَتَكَ وَجَمِيْعَ خَلْقِكَ اَنَّكَ

اَنْتَ اللّٰهُ لَا اِلٰهَ اِلَّا اَنْتَ وَاَنَّ مُحَمَّدًا عَبْدُكَ

وَرَسُوْلُكَ

(၄)ကြိမ်စီ နံနက်ညနေဖတ်လျှင်...

–နေမထွက်မီဖဂျရ်နမာဇ်၊ နေမဝင်မီ အဆွရ် နမာဇ်ဖတ်လျှင်...

–ငါးကြိမ်နမာဇ်ကို အချိန်၊ ဝုဇူ၊ ရကူ၊ စဂျ်ဒဟ် တိကျစွာဝတ်ပြုလျှင်... (မွန်သခဗ်)

–ကလေမာရှဟာဒသ်ကို များပြောင်စွာ တည်ငြိမ်သောစိတ်ထားဖြင့် မြတ်နိုးမှုနှင့်တကွ ရွတ်ဖတ်လျှင်... (မွန်သခဗ်)

اَللّٰهُمَّ صَلِّ عَلٰى رُوْحِ مُحَمَّدٍ فِى الْاَرْوَاحِ وَعَلٰى

جَسَدِهٖ فِى الْاَجْسَادِ وَعَلٰى قَبْرِهٖ فِى الْقُبُوْرِ

ဤဒရူဒ်ကိုရွတ်ဖတ်လျှင်...(အဆ်စွလားသုဝါစ် စလာမ်)

– အလ္လာဟ့်လမ်းနှင့် ဂျဟန္နမ်မီးငွေ့ မရောထွေးနိုင်... (ဗုခါရီ)

–နလုံးသားတွင်ဖြူမှန်မှုသာ အီမာန်ရှိသူက ကလေမဟ်တော်ကိုဖတ်လိုက်လျှင် (ဟိဗ္ဗနိဟဇ္ဗီးန်)

–အလ္လာဟ်အရှင်မြတ်အား ကြောက်အား ပိုကာ မျက်ရည်ကျလျှင်... (သိရ်မိဇီ)

– အရှင်မြတ်၏ ကျေနပ်မှုကို ရယူလိုစိတ်ဖြင့်

لَا اِلٰهَ اِلَّا اللّٰهُ

ကိုရွတ်ဖတ်လျှင်... (ဖဇာအိလိဇိကိရ်)

–အလ္လာဟ်နှင့် ဖရိရှ်သဟ်များမှအပ မည်သူမျှ မမြင်နိုင်သောနေရာ၌ တစ်ကိုယ်တည်း နှစ်ရကအသ် နမာဇ်ဖတ်လျှင်...(ဖဇာအိလိနမာဇ်)

–တစ်ရက်တာ အိအ်သိကာဖ်သည် ဂျဟန္နမ်နှင့် ကျုံးကြီးသုံးကျုံးမျှ ဝေးကွာစေ၏။(ဖဇာအိလိရမဒွါန်) (မှတ်ချက်– ကျုံးကြီးတစ်ကျုံးသည် မိုးနှင့် မြေအမျှထက် ကျယ်ဝန်း၏။)

–ခိုင်ရားသ်၊ ဆွဒကဟ် (စွံပလွံသီး တစ်ဖွံ့မျှဖြစ်စေ) ပေးလှူလျှင်...

–ရိဇဟ်သည် ဂျဟန္နမ်မှ ကာကွယ်သော ဒိုင်းဖြစ်သည်။

–ရမဒွါန်လမြတ်တွင် အစေခံ၏တာဝန်ကို ပေါ့ပါးစေလိုက်လျှင်...

–တစ်ရက်တာရိုဇဟ်သည် ဂျဟန္နမ်မှ နှစ် (၇၀)မျှ ဝေးကွာစေသည်။

–ဆဝါးဗ်အကျိုး မျှော်ကိုးကာ ဝဇူ ပြု၍ လူမမာ သွားမေးလျှင်...

–ကွယ်လွန်ပြီးဖြစ်သည့်မိဘများအဖို့ ဟဂ်ျပြု ပေးလျှင်...

–အကျိုးဆဝါးဗ်ကိုရည်စူးလျက် (၇)နှစ်တာ မျှ အဇာန်ဆိုခဲ့လျှင်... (မိရှ်ကာသ်)

– မပ်စ်ဂျိဒိနဗဝီတွင် ဖရ်ဇ် နမာဇ်အကြိမ် လေးဆယ်ကို မပျက်မကွက် ဖတ်လျှင်...

– ညစဉ် စူရဟ် သဗာရ ကလ္လဇီ ဖတ်လျှင်...

– ကျမ်းတော်မြတ်ကို အလွတ်ကျက်မှတ် အာဂုံဆောင်ထားပြီးဖြစ်လျှင်...

– အလ္လာဟ်အရှင်မြတ် ကိုကြောက်အားပိုကာ ငိုယိုလျှင်၊ အရှင်မြတ်လမ်းတော်တွင် နိုးကြားခဲ့ရလျှင်၊ သူစိမ်းအမျိုးသမီးကိုမျက်နှာလွှဲခဲ့လျှင်၊ အလ္လာဟ်အရှင်မြတ်၏လမ်း၌ မျက်လုံးပျက်စီး ရလျှင်...

–ရိုဇဟ်ထားသူဝါဖြေရန်အတွက် စီစဉ် ပေး လျှင်...

–ဇိက်ရ်သည် အယောင်ဆောင်မှုမှ ကင်းဝေး စေကာရှိုင်တွာန်မိစ္ဆာကောင်၏စက်ကွင်းမှ အကာ အကွယ်ရစေပြီး ဂျဟန္နမ်ငရဲမီးမှ လွတ်မြောက်စေ သည်။

– ဟာဂျီများအရဖဟ်သို့ လေးစားရိုကျိုးစွာ ရောက်သွားလျှင်...

–မိမိအတွက်ဖြစ်စေ၊အခြားသူအတွက်ဖြစ်စေ ကလေမဟ်တော်ကို (၇)သောင်းဖတ်ထားလျှင်

–ခန္ဒာကိုယ်၏အချိုးအဆစ်နှင့်အမျှ တတိယ ကလေမဟ်နှင့်အစ္စသိဂ်ဖ္ဖာရ်ဖတ်လျှင်၊လမ်းမှ ဆူး ညှောင့်များကို ဖယ်ရှားလျှင်၊ကောင်းရာညွှန်ကြား၊ မကောင်းရာမြစ်တားလျှင်...

–အတင်းပြောသူအားနှုတ်ပိတ်စေကာ ဂုနဟ် မှတားမြစ်ထားလိုက်လျှင်...

ဟဒီးဆ်ကျမ်း အစောင်စောင်တို့မှ ကောက် နုတ်တင်ပြသည်။

**သတိ**။ ။ ဂျန္နသ်သုခဘုံတွင် ကြေကွဲဝမ်း နည်းဘွယ်ရာဟူ၍မရှိသော်လည်း မိမိ၏လူ့ဘဝ သက်တမ်းတွင် အလွယ်တကူ ဆောက်တည်နိုင် သော သာမန် အမလ်ကို လစ်လျူရှုထား ခဲ့သော အချိန်အတွက်နှမြောတသဖြစ်ရကာ ရင်ထုမနာ ကြေကွဲဝမ်းနည်းရပေမည်။

"အထက်ပါအဆိုအမိန့်များကို
မပျက် မကွက်နာယူကျင့်နိုင်သည့်
သောင်ဖ်ဖီးက် ချီးမြှင့်တော်မူပါစေ"

**အလ်ဟားဂျ် မော်လာနာ အရှ်ရပ်ဖ် အလီ (မိုးယ်ကျုပလီ)**

CHO BROS.
CB
TRAVELS&TOURS

# CHO BROTHERS
TRAVELS & TOURS CO., LTD.

# ဟဂ်ျနှင့်အွမ္မရဟ်ခရီးစဉ်

ဟာဂျီ အိပ်ရာဟီးမ်(ဒ)ဟာဂျီချိုနှင့် ဟာဂျီဖရီကာသ်(ဒ)ဟာဂျီဦးကိုကို
တို့ဦးစီးပြီး နှစ်စဉ်နှစ်တိုင်း
ဟာဂျီများ၏ စိတ်ချမ်းသာမှု အပြည့်အဝရရှိစေရန်
စျေးနှုန်းအသက်သာဆုံးထား၍
အထူးတာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါသည်။

- ပြည်တွင်း၌ရှိစဉ် ဟဂ်ျခရီးစဉ်ထွက်ခွာရန်အတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးခြင်း။
- ဝန်ကောက်မြို့၌ ဟဂ်ျဗီဇာ၊ မိုအ်လင်မ်ကြေး၊ တည်းခိုရေး၊ လေဆိပ်-မြို့တွင်း အသွားအပြန် ကြိုပို့ကားများ စီစဉ်ပေးခြင်း။
- ဟဂ်ျခရီးစဉ်တစ်လျှောက် ဟဂ်ျနှင့်သက်ဆိုင်သော ကျင့်စဉ်ကျင့်ရပ်များကို ဝါရင့်ဟာဂျီများနှင့် အာလင်မ်ပညာရှင်များက သင်ကြားပို့ချပေးပါမည်။

- မက္ကာရှေ့မြို့တော်တွင် ကအ်ဗဟ်ကျောင်းတော်နှင့်အနီးဆုံးနေရာတွင် တည်းခိုစေပြီး အွမ္မရဟ်ကို ဝါရင့်ဟာဂျီများမှ အတူတကွ ပြုလုပ်ပေးမည်။
- မက္ကာရှေ့မြို့တော်ရှိ သမိုင်းဝင်နေရာများ၊ မဒီနာရှေ့မြို့တော်ရှိ သမိုင်းဝင် နေရာများသို့ လိုက်ပါပို့ဆောင်ပေးပါမည်။
- ဟဂ်ျခရီးစဉ်ပြီးဆုံးသောအခါ ဂျစ်ဒါမြို့ရှိ ဟဒေရသ် ဟဝါဟဝါ(အ)ထံသို့ ဇေယာရသ်ပြုသွားခြင်း၊ ပင်လယ်နီကမ်းခြေနှင့် မြို့တွင်းလိုက်လံပြသခြင်း များ ဆောင်ရွက်ပေးပါမည်။

ဆက်သွယ်ရန် -

အမှတ် ၈၊ အခန်း (၆-အေ)၊ သုံးမြှောင့်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၀၇၆၄။
Fax: 0951-290764, E-mail: cbthetoo@myanmar.com.mm

ကင်ဆာကာကွယ်ဆေးမြစ်စုံ

# သမားတော်
## ကာယသုခဆေး

ပျောက်ကင်းသောရောဂါများ - ကင်ဆာ၊ ဆီးချို၊ သွေးချို၊ ကျောက်ကပ်၊ နှလုံးသွေးကြောကျဉ်း၊ ဒူလာ၊ လေးဘက်နာ၊ မျက်စိမှုန်၊ အာရုံကြော၊ အကြောတက်၊ အဆီကျ၊ အိပ်မပျော်ခြင်း၊ နာစေး၊ အဆုတ်၊ ရင်ကျပ်၊ ခေါင်းကိုက်၊ ခြေပူ၊ လက်ပူ၊ ဆီးပူ၊ လူကြီးဖောယောင်၊ သားအိမ်ရောဂါ၊ သားအိမ်အားနည်းခြင်း၊ အဖြူဆင်းခြင်း၊ အသားအရေခြောက်ကပ်ခြင်း၊ ဝဲယားနာ၊ သွေးသန့်စေခြင်း၊ မိုက်အောင့်၊ လေထိုး၊ ဝမ်းချုပ်ခြင်း၊ ယောက်ျား/မိန်းမ နုပျိုအားတိုးစေခြင်း။

ပင်ရင်း - အမှတ် (၂၃)၊ ဦးအောင်မြတ်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

တမန်တော်မြတ် ﷺ က

"ရမဒွါန်လမြတ်တွင် ဂျန္နတ်သုခဘုံ၏ တံခါးများ
ဖွင့်ထားပြီး ရှိင်တွာန်မိစ္ဆာကောင်၏ ခြေများကို
သံကြိုးများဖြင့် ချုပ်နှောင်ထား၏။
အကြွယ်မှ ကောင်းကင်တမန်တစ်ပါးက
အို-ကောင်းမှုကုသိုလ်ပွားများလိုသူတို့၊
ရှေ့သို့တိုးလော့။
အို-အကုသိုလ်ဒုစရိုက်ကျူးလွန်သူတို့၊
နောက်သို့ဆုတ်ကြလော့ဟု အသံပြု၏"
ဟု မိန့်တော်မူခဲ့သည်။
(ဗုခါရီ၊ မွတ်စလင်မ်၊ သိရ်မိဇီ၊ အိဗ်နုမာဂျာကျမ်းများ)